# ဗုဒ္ဓ

နှင့်

# လောကဓံ

ဦးအောင်သန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အောင်ဗောဓိ
စာအုပ်အမှတ်စဉ်
(၂၆)

# ဗုဒ္ဓ

နှင့်

# လောကဓံ

(လူမှုအသုံးချပညာကျမ်း)

ဦးအောင်သန်း
(ပြုစုသည်)

ဖြန့်ချိရေး
**အောင်ဗောဓိ**
**စာပေထုတ်ဝေဖြန့်ချိရေး**
အမှတ် ၁၁၅/၃၁ လမ်း ရန်ကုန်။

အောင်ဗောဓိ စာပေတိုက်မှထုတ်ဝေဖြန့်ချိလျက်ရှိသော

## လူကောင်းဖြစ်ချင်တဲ့သူတွေအတွက်

၁။ ဗုဒ္ဓ၏လောကအမြင်
၂။ ဗုဒ္ဓ၏လောကီလောကုတ္တရာအမြင်နှင့်ကျင့်စဉ်
၃။ ဗုဒ္ဓ၏လူနေမှုအမြင်
၄။ ဗုဒ္ဓဟောပြသောလူ့ကျင့်ဝတ်များ
၅။ ဗုဒ္ဓဟောပြသောသံယောဇဉ်ဖြတ်နည်း
၆။ ဗုဒ္ဓ၏အမြင်နှင့်အကျင့် (ပထမတွဲမှ အဋ္ဌမတွဲအထိ)
၇။ မေတ္တာဟူသည်
၈။ စိတ်ချမ်းသာချင်သလား
စိတ်ငြိမ်းချမ်းချင်သလား

## လူတော်ဖြစ်ချင်သူများအတွက်

၁။ လူတန်းစေ့ရေး
၂။ လူလိုလူ
၃။ ကိုယ်ရည်ကိုယ်သွေးထက်မြက်ရေး
၄။ ဗုဒ္ဓ၏လူနေမှုအမြင်
၅။ စိတ်၊ ဆန္ဒ၊ ဘဝ
၆။ ဗုဒ္ဓ၏ဒဿနအမြင်
၇။ ဗုဒ္ဓနှင့်လောကဓံ

**အောင်ဗောဓိ**
**စာပေထုတ်ဝေဖြန့်ချိရေး**

အမှတ် ၁၁၅ / ပထမထပ်(ယာ) ၃၁ လမ်း (အလယ်) ရန်ကုန်။

# ဗုဒ္ဓနှင့် လောကဓံ

နေ့စွဲ ........................

မှန်မြတ်သောမေတ္တာဖြင့်

........................................

........................................အတွက်

........................................

........................................

မေတ္တာလက်ဆောင်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုမိန့်အမှတ် (၉၀)
မျက်နှာဖုံးခွင့်ပြုမိန့်အမှတ် (၃၃၀)

ပထမအကြိမ်
အုပ်ရေ ၁၀၀၀
၁၉၈၆ ခု ဖေဖော်ဝါရီလ

မျက်နှာဖုံးရိုက် - ကဝိရတနာ
မျက်နှာဖုံးပန်းချီ - ငြိမ်းပိုက်
စာအုပ်ချုပ် - မိဘမေတ္တာ
တန်ဖိုး - (နှစ်ဆယ့်ငါးကျပ်)

ထုတ်ဝေသူ
ဦးအောင်သန်း (၀၂၇၉၆) အောင်ဗောဓိစာပေတိုက်
အမှတ် ၁၁၅ /၃၁၊ လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်
၂၀၄၊ လမ်း ၃၀ ရန်ကုန်မြို့။ (ဖုန်း ၈၂၇၈၉)

ပါဝင်တဲ့အခန်းများ

## လာဘ်ရပုံ


၁။ မြတ်စွာဘုရား ဝေဠုဝန်ကျောင်း အလှူခံရပုံ ၂၄
၂။ မြတ်စွာဘုရားကို ဝေသာလီပြည်ကညော့်ခံကြိုဆိုကြပုံ ၄၀
၃။ မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း အလှူခံပုံ ၇၂
၄။ မြတ်စွာဘုရား ဇေတဝန်ကျောင်း အလှူခံပုံ ၈၀


## လာဘ်မရပုံ


၁။ မြတ်စွာဘုရား လာဘ်မရပုံ ၁၂၄
၂။ မြတ်စွာဘုရား ဆွမ်းမရပုံ ၁၃၉


## အခြေအရံများခြင်း


၁။ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ကြွရောက်ပုံ ၁၄၁
၂။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ပြန်ကြွလာပုံ ၁၆၃
၃။ မြတ်စွာဘုရား ပါဝါမြို့က ကုသိနာရုံသို့ အသွားခရီး ၁၈၀

## အခြေအရံမရှိခြင်း


၁။ မြတ်စွာဘုရားတပါးတည်း ခရီးသွားရပုံ ၁၈၃
၂။ မြတ်စွာဘုရား ဗောဓိညောင်ပင်ရင်းမှ
မိဂဒါဝုန်သို့ ခရီး ၁၈၇
၃။ မြတ်စွာဘုရားက နာဂသမာလထေရ်လမ်းခွဲပြီး
အထားခံရပုံ ၁၈၈
၄။ မြတ်စွာဘုရားကို မေဃိယမထေရ် စွန့်ခွာသွားပုံ ၁၉၁
၅။ မြတ်စွာဘုရား ပါလိလေယျတောသို့ တပါးတည်း
ကြွရောက်ပုံ ၁၉၅


## ချီးကျူးဂုဏ်ပြု ချီးမြှင့်ခံရပုံ


၁။ အရှင်သာရိပုတ္တရာရဲ့ ချီးကျူးခံရပုံ ၂၂၃
၂။ သိကြားမင်းရဲ့ ချီးကျူးပြောဆိုခံရပုံ ၂၃၄


## ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ခံရပုံ


၁။ ခေါင်းတုံးနဲ့သူယုတ်လို့ အပြောခံရပုံ ၂၄၀
၂။ ငါလို အလုပ်လုပ်စားပါလားလို့ အပြောခံရပုံ ၂၄၂
၃။ တညတည်းခိုဖို့ ခွင့်မပြုနိုင်ဘူးလို့ အပြောခံရပုံ ၂၄၄
၄။ ဟန်အမူအရာနဲ့ရော စကားလုံးနဲ့ပါ ရိုင်းပျစွာ
အပြုခံရပုံ ၂၅၁
၅။ သုနက္ခတ္တရဲ့ အစွန့်ပစ်ခံရပုံ ၂၅၄
၆။ လမ်းမဖယ်ပေးနိုင်ဘူးလို့ အပြောခံရပုံ ၂၅၅

၇။ မကျေနပ်ဘူးလို့ အပြောခံရပုံ ၂၅၇
၈။ လှည့်ပတ်ပြောဆိုတတ်တယ်လို့ အပြောခံရပုံ ၂၆၁
၉။ ကောသလမင်းရဲ့ နှိမ့်ချအပြောခံရပုံ ၂၆၃
၁၀။ ဘန္ဒိယလို့ ခေါ်တဲ့ လိစ္ဆဝီမင်းတပါးရဲ့ နှိမ့်ချ
ပြောဆိုခံရပုံ ၂၆၆
၁၁။ ဒဏ္ဍပါဏိမင်းရဲ့ မထေမဲ့မြင်ပြုခံရပုံ ၂၆၈
၁၂။ ဘာရဒွါဇပုဏ္ဏားရဲ့ ကြမ်းတမ်းတဲ့စကားလုံးတွေနဲ့
အဆဲခံရပုံ ၂၇၁
၁၃။ အဂ္ဂိကဘာရဒွါဇပုဏ္ဏားရဲ့ ကြက်သရေမရှိတဲ့
သူယုတ်မာလို့ အပြောခံရပုံ ၂၇၃
၁၄။ မာဂဏ္ဍိယပရိဗိုဇ်က အညွန့်တုံးတဲ့ ရဟန်းလို့
အပြောခံရပုံ ၂၇၄
၁၅။ မျိုးပွားအောင် ပြုလုပ်တဲ့သူ
လင်မဲ့သားမဲ့အောင်ပြုလုပ်တဲ့သူလို့ အပြောခံရပုံ ၂၇၆
၁၆။ နွားကန်းမကြီးနဲ့တူတယ်
ပရိသတ်ထဲဝင်ဆံ့တဲ့သူ မဟုတ်ဘူး
ပရိသတ်နဲ့စကားပြောခံတဲ့သူ မဟုတ်ဘူးလို့
အပြောခံရပုံ ၂၈၁
၁၇။ အက္ကောသကဘာရဒွါဇပုဏ္ဏားရဲ့ အဆဲခံရပုံ ၂၈၅
၁၈။ ရသတဏှာအားကြီးလှပါလားလို့ အပြောခံရပုံ ၂၆၈
၁၉။ ဆောက်ရေကလေးတောင် စေတနာမရှိကြပုံ ၂၈၇
၂၀။ ဝေရဉ္ဇပုဏ္ဏားကြီးရဲ့ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်
ခံရပုံ ၂၉၁

၂၁။ စိဥ္စမာနရဲ့ သိက္ခာအချခံရပုံ ၃၀၂
၂၂။ သုန္ဒရိပရိဗိုဇ်မကို သတ်တယ်လို့ အစွပ်စွဲခံရပုံ ၃၁၆
၂၃။ မာဂဏ္ဍီတပည့်တွေရဲ့ အဆဲခံရပုံ ၃၂၂
**ချမ်းသာတဲ့လောကဓံ**
၁ ။ချမ်းသာတဲ့ခံစားမှု (၂)မျိုး ၃၃၄
၂။ ချမ်းသာမှုနဲ့ ပတ်သက်လို့ ၃၃၉
၃။ ချမ်းသာတဲ့အဆင့် (၁၀) ဆင့် ၃၄၁
၄။ လောကဓံဆိုတာ ၃၄၆
၅။ နိဗ္ဗာန်(၂)မျိုး ၃၅၃
**ဆင်းရဲတဲ့လောကဓံ**
၁။ ခံစားမှု(၃)မျိုး ၃၅၆
၂။ ကိုယ်အပင်ပန်းခံရပုံ ၃၇၈
၃။ ခါးညောင်းတယ်လို့ ပြောပုံ ၃၇၉
၄။ ကျောက်တုံးနဲ့ လှိမ့်ချပြီးလုပ်ကြံခံရပုံ ၃၈၃
၅။ မြတ်စွာဘုရား
သေလုမြောပါး ဝေဒနာခံစားရပုံ ၃၈၄
၆။ မြတ်စွာဘုရား
သွေးဝမ်းကျရောဂါနဲ့ ပရိနိဗ္ဗာန်စံဝင်ရပုံ ၃၈၉
၇။ မြတ်စွာဘုရား
ကိုယ်အပင်ပန်းခံရခြင်း ၃၉၀
၈။ မြတ်စွာဘုရား
ကိုယ်ပင်ပန်းဆင်းရဲ ခံစားရပုံ ၃၉၁
၉။ မြတ်စွာဘုရား
ကိုယ်အပင်ပန်းခံရပုံ ၃၉၈

## စာရေးသူရဲ့ဆန္ဒ

လောကဓံ ဆိုတဲ့ ဝေါဟာရဟာ၊ လောကဓမ္မဆိုတဲ့ ပါဠိ ဝေါဟာရက ဆင်းသက်လာတဲ့ ဝေါဟာရဖြစ်ပါတယ်။ ပါဠိ ဝေါဟာရ ဖြစ်တဲ့၊ လောကဓမ္မ ဝေါဟာရဟာ၊ လောက ဆိုတဲ့ ဝေါဟာရနဲ့ ဓမ္မ ဆိုတဲ့ ဝေါဟာရနှစ်လုံးကို ပေါင်းစပ် ထားတဲ့ ဝေါဟာရဖြစ်ပါတယ်၊ လောက ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်က ဖြစ်ခြင်း၊ ပျက်ခြင်း ဖြစ်ပါတယ်။ ဓမ္မ ဆိုတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ်က သူ့သဘောကို သူဆောင်နေတဲ့ သဘာဝ ဖြစ်ပါတယ်။

လောကသုံးမျိုး ရှိပါတယ်။

ပထမတမျိုးက၊ သတ္တလောက ဖြစ်ပါတယ်၊ သတ္တလောက ဆိုတာ၊ အသက်ရှိတဲ့ သတ္တဝါတွေ ဖြစ်ပျက်နေကြတဲ့ သဘာဝ ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

ဒုတိယတမျိုးက၊ ဩကာသ လောကဖြစ်ပါတယ်၊ဩကာသလောကဆိုတာ၊ သက်မဲ့ အရာဝတ္ထုတွေ ဖြစ်ပျက်နေတဲ့သဘာဝ ဖြစ်ပါတယ်။

တတိယတမျိုးက၊ သင်္ခါရလောကဖြစ်ပါတယ်၊သင်္ခါရလောကဆိုတာ၊ ဖြစ်ပေါ်လာကြ၊ တည်မြဲနေကြ၊ ပြောင်းလဲ သွားကြတဲ့ သဘာဝဖြစ်ပါတယ်။

''လောကဓမ္မ''ဆိုတဲ့ ဝေါဟာရမှာ အသုံးပြုထားတဲ့ ''လောက''ဆိုတာ၊ သတ္တဝါတွေကို ရည်ညွှန်းပါတယ်။ 'ဓမ္မ' ဆိုတဲ့ ဝေါဟာရက ဆင်းသက်လာတဲ့ ''ဓ''ဆိုတာ၊ သူ့သဘောကို သူဆောင်ပြီး ဖြစ်ပေါ်နေကြ တည်မြဲနေကြ ပြောင်းလဲသွားကြတဲ့ အဖြစ်အပျက် သဘာဝ တရားကြီးဖြစ်ပါတယ်။

အဲဒါကြောင့်

လောက ဆိုတဲ့ ဝေါဟာရနဲ့ ဓမ္မ ဆိုတဲ့ ဝေါဟာရ နှစ်လုံးကို ပေါင်းစပ်ထားတဲ့၊ လောကဓမ္မ ဆိုတဲ့ ပါဠိ ဝေါဟာရက ဆင်းသက်လာတဲ့၊ ''လောကဓံ'' ဆိုတဲ့ ဝေါဟာရ ရဲ့ အဓိပ္ပာယ်က၊ အသက်ရှိတဲ့ သတ္တဝါတိုင်း၊ မရှောင်သွဲနိုင်တဲ့၊ ရှောင်သွဲလို့မရနိုင်တဲ့ သူ့သဘောကို သူဆောင်ပြီး ဖြစ်ပေါ်လာနေကြ တည်မြဲနေကြ ပြောင်းလဲသွား နေကြတဲ့ သဘောဝ တရားကြီးလို့ ဖွင့်ဆိုကြပါတယ်။

ဒါကို တနည်းအားဖြင့် တင်ပြရယင်၊

လောကဓံ ဆိုတာ တခြားမဟုတ်ပါဘူး။

ကိုယ်က နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ နှစ်သက်တဲ့ အကြောင်းတရားနဲ့ ရင်ဆိုင် တွေ့ကြုံ ခံစားရတဲ့အခါ၊ နှစ်သက်တဲ့ ဘဝကို ခံစားရမယ်၊ ကိုယ်က မနှစ်သက်တဲ့ အကြောင်းတရားတွေနဲ့ ရင်ဆိုင် တွေ့ကြုံ ခံစားရတဲ့အခါ၊ မနှစ်သက်တဲ့ဘဝကို ခံစားရမယ်။

ကိုယ်တွေ့ လက်တွေ့ ရင်ဆိုင် တွေ့ကြုံ ခံစားရတဲ့ အကြောင်းတရားတွေနဲ့ ကင်းပြီ (သို့မဟုတ်) ကိုယ် တကယ်ရင်ဆိုင် တွေ့ကြုံ ခံစားနေရတဲ့အကြောင်းတရားတွေနဲ့ ဆန့်ကျင်ပြီး၊ ကိုယ်က နှစ်သက်တာကို ခံစားချင်ပေမယ့်လည်း ခံစားရဖို့အကြောင်း မတိုက်ဆိုင် မဆုံဆည်း မပေါင်းစပ်ယင် ခံစားခွင့် မရှိဘူး၊ မခံစားရနိုင်ဘူး။ ကိုယ်က မနှစ်သက်တာကို၊ မခံစားချင်ပေမယ့်လည်း၊ ခံစားရဖို့ အကြောင်းတရားတွေနဲ့ ရင်ဆိုင်တွေ့ကြုံတိုက်ဆိုင်ဆုံဆည်းပေါင်းစပ်လာယင် ခံစားရမှာပဲ။

ဒီသဘော သဘာဝတွေဟာ၊ အသက်ရှင်နေကြတဲ့ သတ္တဝါတိုင်း၊ လွှဲရှောင်လို့ မရနိုင်တဲ့ မလွဲမသွေ ရင်ဆိုင် တွေ့ကြုံ ခံစားကြရမယ့် သဘာဝ တရားကြီး ဖြစ်ပါတယ်။

လောကမှာ၊
သတ္တဝါတိုင်း မရှောင်လွှဲနိုင်တဲ့၊
သတ္တဝါတိုင်း မကင်းနိုင်တဲ့၊

(အောင်ဗောဓိစာပေ)

သတ္တဝါတိုင်း ရင်ဆိုင် တွေ့ကြုံ ခံစားကြရမယ့် လောကဓံ (၈)မျိုးတောင် ရှိပါတယ်၊

အဲဒီ(၈)မျိုးက၊ တခြား မဟုတ်ပါဘူး။

(၁)လာဘ်ရခြင်း (၂)လာဘ် မရခြင်း (၃)ကိုယ့်ကိုကူညီမည့်သူ ရှိခြင်း၊ (၄) ကိုယ့်ကို ကူညီမည့်သူမရှိခြင်း၊ (၅)ကိုယ်ဟာ ကောင်းကြောင်း အပြောခံရခြင်း (၆)ကိုယ်ဟာ မကောင်းကြောင်းအပြောခံရခြင်း၊ (၇)စိတ်ချမ်းသာရခြင်းနဲ့ (၈)စိတ်ဆင်းရဲရခြင်းတွေ ဖြစ်ကြပါတယ်။

ဒီလောကဓံ (၈)မျိုးထဲက၊

၁။ လာဘ်ရခြင်းနဲ့ လာဘ်မရခြင်း၊ (လာဘော၊ အလာဘော)

၂။ အခြွေအရံ များပြီး၊ ကိုယ့်ကို ကူညီမည့်သူ ရှိခြင်းနဲ့ အခြွေအရံ မရှိတဲ့အတွက် ကိုယ့်ကို ကူညီမည့်သူ မရှိခြင်း၊ (ယသော၊ အယသော)

၃။ ကိုယ်ဟာ ကောင်းကြောင်းအပြောခံရခြင်းနဲ့ ကိုယ်ဟာ မကောင်းကြောင်း အပြောခံရခြင်း၊ (နိန္ဒာ၊ ပသံသာနဲ့)

၄။ စိတ်ချမ်းသာရခြင်းနဲ့ စိတ်ဆင်းရဲခြင်း(သုခံ၊ ဒုက္ခံ) (၄)မျိုး(၄)စုံ တွဲရှိကြပါတယ်။

(အောင်ဗောဓိစာပေ)

ဒီလောကဓံ (၈)မျိုးထဲက—

(၁) လာဘ်ရခြင်း (၂) ကိုယ့်ကို ကူညီမည့်သူ ရှိခြင်း (၃)ကိုယ်ဟာ ကောင်းကြောင်း အပြောခံရခြင်း (၄) စိတ်ချမ်းသာ ရခြင်းတွေ ဖြစ်ကြတဲ့၊ လောကဓံ (၄)မျိုးဟာ၊ **ကောင်းတဲ့လောကဓံတွေ ဖြစ်ကြပါတယ်။**

(၁)လာဘ်မရခြင်း (၂)ကိုယ့်ကို ကူညီမည့်သူ မရှိခြင်း (၃)ကိုယ်ဟာ မကောင်းကြောင်း အပြောခံရခြင်းနဲ့(၄) စိတ်ဆင်းရဲရခြင်း တွေ ဖြစ်ကြတဲ့၊ လောကဓံ (၄) မျိုး ဟာ၊ **မကောင်းတဲ့လောကဓံတွေ ဖြစ်ကြပါတယ်၊**

လူတိုင်း၊ ဒီ ကောင်းတဲ့ လောကဓံ (၄)မျိုးနဲ့ မကောင်းတဲ့ လောကဓံ (၄)မျိုး ဖြစ်ကြတဲ့ လောကဓံ (၈)မျိုးထဲက လောကဓံ တမျိုးမျိုးနဲ့ ရင်ဆိုင် တွေ့ကြုံ ခံစား၊ နေကြရ ပါတယ်၊ ဘယ်လောကဓံ ဘမျိုးမျိုးနဲ့မှ ရင်ဆိုင် မတွေ့ကြုံ မခံစားရပဲ၊ လောကဓံ ဟူသမျှနဲ့ လုံးဝ ကင်းလွတ်နေ တဲ့ သူရယ်လို့ မရှိပါဘူး။

ဒီနေရာမှာ စကားကိုချန်ပြီးပြောရမယ့် အချက်တချက် ရှိပါတယ်။

အဲဒါက၊

ဘုရားနဲ့ ရဟန္တာပုဂ္ဂိုလ်တွေဟာ လောကဓံကို မခံစားကြရပါဘူး။

သုဝဏ္ဏသုနာရေးဦးစီးဌာန
(အောင်ဗောဓိစာပေ)
စာကြည့်တိုက်
၁၇၄၉၇ ကမ္ဘာအေး၊ရန်ကုန်

ဘာဖြစ်လို့လဲဆိုတော့

အဲဒါ တခြားကြောင့် မဟုတ်ပါဘူး။

ဘုရားနဲ့ ရဟန္တာတွေကလွဲတဲ့၊

အရိယာအနွယ်ဝင်၊ သောတာပန်ပုဂ္ဂိုလ်တွေ၊ သကဒါဂါမ် ပုဂ္ဂိုလ်တွေနဲ့ အနာဂါမ် ပုဂ္ဂိုလ်တွေ အပါအဝင်၊ အရိယာ မဟုတ်ကြသေးတဲ့ ပုထုဇဉ်၊

ကျွန်တော်တို့ ခင်ဗျားတို့ဟာ၊

(က) ကောင်းတဲ့သောတာရုံတွေနဲ့ ရင်ဆိုင် တွေ့ကြုံ ခံစား ရတဲ့အခါ၊ နှစ်သက်တတ်ကြတယ်၊ ကျေနပ်တတ် ကြတယ်၊ ဝမ်းမြောက်တတ်ကြတယ်၊ ကြည်နူးတတ် ကြတယ်၊ စိတ်ချမ်းသာတတ် ကြတယ်၊ ဒါပေမယ့် ဒီနေရာမှာ ကိုယ်ဟာ ကိုယ့်ရဲ့ ခံစားမှုတွေကို ခံ စားရနေရခိုက်မှာသာ ခံစားနေပြီး၊ ခံစားနေရတဲ့ အာရုံနဲ့ ကင်းပြတ်သွားတဲ့ အချိန် မှာ ကိုယ့် ရဲ့ စောစောက အာရုံကို မစွဲလမ်းဘော့ပဲ အာရုံ အ သစ်နဲ့ပဲ ခံစားနေရတဲ့ ခံစားမှု အချိန်မှာ ခံစားဖို့ပဲ သို့သော်လည်း အဲဒီ လောကနဲ့ မရပ်လိုက်ကြဘူး၊ ကိုယ်နှစ်သက်တဲ့၊ ကိုယ်ကျေနပ်တဲ့၊ ကိုယ်ဝမ်းသာ တဲ့၊ ကိုယ်ကြည်နူးတဲ့၊ ကိုယ်စိတ်ချမ်းသာတဲ့အာရုံ ကို စွဲလမ်းတဲ့ စိတ်နဲ့ ခံစားနေတတ်ကြတယ်။

(အောင်ဗောဓိစာပေ)

(ခ) "မကောင်းတဲ့ လောကဓံ"တွေနဲ့ ရင်ဆိုင်တွေ့ကြုံ ခံစားကြရတဲ့အခါ၊ မနှစ်သက်ကြတော့ဘူး၊ မကျေနပ်တတ်ဘူး၊ စိတ်ဆိုးတတ်တယ်၊ ဒေါသ ဖြစ်တတ်တယ်၊ စိတ်ချမ်းသာဘူး၊ "ဒီနေရာမှာ လည်း စောစောကကျွန်တော် တင်ပြခဲ့သလိုပါပဲ ဒီလောက် နဲ့ မရပ်ကြ ပါဘူး၊ ကိုယ် မနှစ်သက်တဲ့၊ ကိုယ် မကျေနပ်တဲ့၊ ကိုယ်စိတ်ဆိုးတဲ့ ကိုယ်ဒေါသဖြစ်တဲ့ ကိုယ်စိတ် မချမ်းသာတဲ့ အာရုံကို စွဲလမ်းတဲ့ စိတ် နဲ့ ခံစားနေတတ်ကြပါတယ်။

အခုလို ဖြစ်ရတာတွေဟာ တခြားကြောင့် မဟုတ်ဘူး။

ဘုရားနဲ့ရဟန္တာပုဂ္ဂိုလ် မဟုတ်ကြသေးတဲ့၊

အရိယာနွယ်ဝင်၊ သောတာပန် ပုဂ္ဂိုလ်တွေ၊ သကဒါဂါမ် ပုဂ္ဂိုလ်တွေနဲ့ အနာဂါမ် တွေ အပါအဝင် ကျွန်တော် တို့၊ ခင်ဗျားတို့ဟာ၊

လောကဓံနဲ့ ရင်ဆိုင် တွေ့ကြုံ ခံစားကြရတဲ့အခါ၊

**လောကဓံဆိုတာ၊**

၁။ အကြောင်းတိုက်ဆိုင် ဆုံဆည်းပေါင်းစပ်လို့ ဖြစ်ပေါ် တဲ့အခြေအနေမျှသာ ဖြစ်တယ်။

(အောင်ဗေဒိစာပေ)

၂။ အဲဒီအကြောင်း၊
တိုက်ဆိုင် ဆုံဆည်းကြ ပေါင်းစပ်မှုတွေဟာ၊ မပြောင်း မယ့် ပုံစံမျိုးနဲ့ ဖြစ်ပေါ်နေကြတာ မဟုတ်ကြဘူး။

၃။ အခုလိုအကြောင်းတိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှုတွေ ဟာ၊ အခိုက်အတန့်မျှသာ ဖြစ်တယ် ယာယီအခြေအ နေမျှသာ ဖြစ်တယ်၊ ခေတ္တမျှ ခဏလေး မျှသာ ဖြစ် တယ်၊ အခုလို ဖြစ်ပေါ်လာစရာအကြောင်း တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်နေတုန်းသာ ဖြစ်တယ်။

၄။ ဒီလောကကြီးဟာ၊ အခုလို ဖြစ်နိုင်ဖို့ လိုအပ်တဲ့ အ ကြောင်းတရားတွေထဲက၊ အကြောင်း တကြောင်း ကြောင်း ပြောင်းလဲသွားရင်၊ အခု ဖြစ်ပေါ်နေတဲ့ အခြေအနေ နောက် တခြား အခြေအနေတမျိုး တ မည် ပြောင်းလဲသွားနိုင်တယ်။

၅။ အကြောင်းတရားတွေ၊ တိုက်ဆိုင်၊ ဆုံဆည်း၊ ပေါင်းစပ် လို့ ဖြစ်ပေါ်လာတဲ့ အခြေအနေကို၊ မပြောင်းလဲသွား ပါစေနဲ့၊ ဒီအတိုင်းပဲ ရှိနေပါစေ၊ ဖြစ်ပါနေစေလို့ ဆန္ဒနဲ့ ပြဋ္ဌာန်းထားလို့ မရနိုင်ဘူး။

၆။ အကြောင်းတရားတွေ၊ တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ် လို့ ဖြစ်ပေါ်စပ်လို့ ဖြစ်ပေါ် ခံစားရတဲ့ ခံစားမှုအ

ပေါ်မှာ၊ မပြောင်းလဲသွားနိုင်တဲ့ တရားမဟုတ်ဘူး၊ အချိန်ကာလ နေရာဒေသနဲ့ တိုက်ဆိုင် ပေါင်းစပ်မှု အခြေအနေ ပြောင်းလဲသွားယင် ခံစားမှု အခြေ အနေ တရပ်လုံး ပြောင်းလဲသွားနိုင်တာကိုမသိလို့ ကိုယ့်ရဲ့ဆန္ဒကို ဦးစားပေးပြီး စိတ် တပ်ခက်စွဲသမ်းနေယင် အဲဒီအသိဟာ မှားတယ်၊ အဲဒီအမြင်ဟာ မှားတယ်၊ အဲဒီအယူဟာ မှားတယ်။

၇။ အခုလို ကိုယ်ရင်ဆိုင်တွေ့ကြုံ ခံစားနေရတဲ့ ခံစားမှုအပေါ်မှာ အသိမှားနေယင် ဖြစ်စေ အမြင်မှားနေယင် ဖြစ်စေ အယူမှားနေယင် ဖြစ်စေ ကိုယ်ရဲ့ အသိမှား အမြင်မှား အယူမှားတွေကြောင့် ပထမ စိတ်ဆင်းရဲ ခံစားရမယ်။ ပြီးနောက် ကိုယ် အပင်ပန်းခံစားရမယ် ဆိုတာတွေကို တကယ် မသိလို့သာ ဖြစ်တယ် သိပါတယ်ဆိုယင် ကိုယ်ဟာ သိသာသိကယ်။

လောကဓံ ကိုယ် ခံစားနေရတဲ့ လောကဓံ အပေါ် စွဲ လမ်းနေတဲ့ ကိုယ့်ရဲ့ အတိတ်က ခံစားရတဲ့ ဘဝ အပေါ် စွဲလမ်းနေဘဲ့ အစွဲက လွတ်မြောက်အောင် မပြုကျင့်နိုင်လို့သာဖြစ်တယ်။ ဆိုတာကို မသိလို့သာ ဖြစ်ပါတယ်။

အဲဒါကြောင့်

စိတ်ဆင်းရဲမှု ခံစားရမှာ ကိုယ်ပင်ပန်းမှု ခံစားရမှာ တွေကို မခံစားစေချင်ယင် လောကဓံရဲ့ သဘာဝကို သိအောင် လေ့

(အောင်ဗောဓိစာပေ)

လာရပါမယ်။ သို့ယင် လောကဓံကို မခံစားရအောင် ကိုယ်ဟာကိုယ်ရဲ့ခံစားမှုအပေါ် အစွဲကို ဖြတ်ပါဖြုတ်ပါ စိတ်ဆင်းရဲရမှာ ကိုယ်ပင်ပန်း နေရမှာကို မကြောက်လို့ စိတ်ဆင်းရဲရမှာ ကိုယ်ပင်ပန်းနေရမှာကို ခံစားချင်တယ်ဆိုယင်တော့ ကိုယ်မခံစားနေရတဲ့ဘဝကို ကိုယ်ခံစားချင်တဲ့ ဆန္ဒနဲ့ စွဲလမ်းချင်သလို စွဲလမ်းနေပြီး၊ လောကဓံရဲ့ သားကောင်ဘဝနဲ့ လောကဓံရဲ့ အကျိုးကို ခံစားရုံပါပဲ။

မေတ္တာစေတနာဖြင့်

(အောင်သန်း)

# လာဘ်ရပုံ

## မြတ်စွာဘုရား
## ဝေဠုဝန်ကျောင်းအလှူခံရပုံ

မြတ်စွာဘုရားဟာ၊ ဘုရားအဖြစ်ကို ရရှိပြီးလို့၊ နှစ်လပြည့်ဖို့ တရက်အလိုမှာ၊ ဘုရားအဖြစ်ကို ရရှိရောက်ရှိတဲ့ နေရာဖြစ်တဲ့ ဗောဓိညောင်ပင်ကနေ၊ ပဉ္စဝဂ္ဂီ(၅)ဦးကို တရားဦးဟောကြားဖို့၊ ဗာရာဏသီမြို့အနီးမှာ ရှိတဲ့ မိဂဒါဝုန် တောသို့ ကြွသွားပါတယ်။

အဲဒီ မိဂဒါဝုန်တောမှာ၊

ပဉ္စဝဂ္ဂီ(၅)ဦးကို၊ ဓမ္မစကြာ တရားဦးနဲ့ အနတ္တလက္ခဏာသုတ်ကို ဟောပြီး

(အောင်ဗောဓိစာပေ)

အဲဒီ မိဂဒါဝုန်တောမှာ ပထမ ဝါဆို ဝါကပ်တော် မူပါတယ်။

ကျ။ အခုလို ဝါဆိုဝါကပ်နေစဉ်၊ ယသ သူဌေးသားနဲ့ သူငယ်ချင်းတွေကို ရဟန်းပြုပေးပါတယ်။

ခ။ ဝါကျွတ်တဲ့အခါ၊

မိဂဒါဝုန်တောကနေ၊ဥရုဝေလကိုအသွား၊ လမ်းခရီးမှာဘဒ္ဒိယမင်းသား(၃၀)ကိုရဟန်းပြုပေးပါတယ်။

ဂ။ အဲဒီနောက်၊

ဥရုဝေလတောမှာ ဥရုဝေလ ကဿပ ကြီးမှူးတဲ့ ရသေ့ ညီနောင် သုံးယောက်နဲ့၊ နောက်ပါရသေ့ တထောင်ကို၊ ရဟန်း ပြုပေးပါတယ်။

မြတ်စွာဘုရားဟာ၊

ဥရုဝေလ ကဿပ ရသေ့ညီနောင် သုံးယောက်နဲ့ နောက်ပါရသေ့ တထောင်ကို ရဟန်းပြုပေးပြီးနောက်၊

အဲဒီ ရဟန်းတထောင်နဲ့အတူ၊

သိဒ္ဓတ္ထမင်းသားဘဝက၊ ရဟန်းထွက်လာရ၊ ရာဇဂြိုဟ်ပြည်ကို ရောက်လာတုန်းက၊

ရာဇဂြိုဟ်ပြည်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးက၊

သိဒ္ဓတ္ထရဟန်းကို၊

အရှင်ဟာ၊ ဘုရားဖြစ်မှာပါ၊ တကယ်လို့၊ ဘုရားဖြစ်လာယင် တပည့်တော်ရဲ့နိုင်ငံ ဒီရာဇဂြိုဟ်ပြည်ကို ပထမဆုံး ကြွခဲ့ပါလို့ ဖိတ်

ကြားတာကို လက်ခံခဲ့တဲ့ ကတိအတိုင်း၊ မြတ်စွာဘုရား ဟာ၊ ရာဇဂြိုဟ်ပြည် ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးထံ ကြွရောက်လာပါတယ်။

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတထောင် ရာဇဂြိုဟ်ပြည်သို့ ကြွအလာ၊

အဲဒီအချိန်တုန်းက၊

ရာဇဂြိုဟ်ပြည် အနီးမှာ၊ ထန်းပင်ပျို ဥယျာဉ် တခုရှိပါတယ်။

အဲဒီ ထန်းပင်ပျို ဥယျာဉ်ထဲမှာ၊ ပညောင်ပင်ကြီး တပင် ရှိပါတယ်၊ အဲဒီ ညောင်ပင်ကြီးရဲ့ ခြေရင်း အရိပ်မှာ၊ မြတ် စွာဘုရားဟာ၊ နောက်ပါ ရဟန်းတထောင်နဲ့ အတူ၊ သီတင်းသုံး နေတော်မူပါတယ်။

မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန္တာတထောင်၊ ရာဇဂြိုဟ်မြို့ အနီးမှာရှိတဲ့ ထန်းပင်ပျို ဥယျာဉ်အတွင်းက၊ ပညောင်ပင်ကြီး ရဲ့အောက်မှာ၊ သီတင်းသုံး နေကြကြောင်း၊ သတင်းစကားကို၊ ရာဇဂြိုဟ်ပြည်ရှင်၊ ဘုရင် ဗိမ္ဗိသာရ မင်းကြီး ကြားသိတဲ့ အခါ၊

ဗိမ္ဗိသာရ မင်းကြီးဟာ၊

မဂဓတိုင်းသား၊ ရာဇဂြိုဟ်ပြည်မှာ နေထိုင်နေကြတဲ့၊ ပညာ ရှိပုဏ္ဏားတွေ၊ သဌေးတွေ၊ သူကြွယ်တွေ စုစုပေါင်း တသိန်း နှစ်သောင်းကို ခြံရံပြီး မြတ်စွာဘုရား နဲ့ ရဟန္တာ တ ထောင် သီတင်းသုံးနေကြတဲ့ ထန်းပင်ပျို ဥယျာဉ်သို့ လာရောက် ကြ ပါတယ်။

(အောင်ဗောဓိစာပေ)

ဗိမ္ဗိသာရ မင်းကြီးနဲ့ မဂဓတိုင်းသား၊ ရာဇဂြိုဟ် ပြည်မှာ နေထိုင်နေကြတဲ့၊ ပညာရှိ ပုဏ္ဏားတွေ၊ သူဌေးတွေ၊ သူကြွယ်တွေ၊ မြတ်စွာဘုရားထံမှောက် ရောက်ကြတဲ့အခါ၊ ဗိမ္ဗိသာရ မင်းကြီးနဲ့၊ ပညာရှိပုဏ္ဏားတွေ၊ သူဌေးတွေ၊ သူကြွယ်တွေ စတဲ့ ပရိသတ်ကြီးက၊ ပထမဆုံး၊ မြတ်စွာဘုရားနဲ့ ရဟန္တာတထောင်ကို ရိုသေလေးစားစွာ မြတ်နိုးတဲ့စိတ်နဲ့ ရှိခိုးကြပါတယ်။

အဲဒီနောက်၊
ဗိမ္ဗိသာရမင်းကြီးနဲ့၊
ပညာရှိပုဏ္ဏား သူဌေး သူကြွယ်တွေဟာ၊
မြတ်စွာဘုရားနဲ့ အလွန်ဝေးလွန်းတဲ့အရပ်၊
မြတ်စွာဘုရားနဲ့ အလွန်နီးလွန်းတဲ့ အရပ်၊
မြတ်စွာဘုရားရဲ့ အရှေ့တည့်တည့်အရပ်၊
မြတ်စွာဘုရားရဲ့ အနောက်တည့်တည့်အရပ်၊
မြတ်စွာဘုရား သီတင်းသုံးနေတဲ့ အရပ်ထက် မြင့်တဲ့ မောက်တဲ့အရပ်နဲ့၊

မြတ်စွာဘုရားရဲ့ လေညာအရပ် ဖြစ်တဲ့၊ သူတို့အနေနဲ့ မနေအပ်တဲ့၊ အပြစ်ခြောက်ပါး ကင်းဝေးလွတ်မြောက်ရာ နေရာအရပ်တွေမှာ၊ အသီးသီး နေရာယူပြီး ထိုင်ကြပါတယ်။

အခုလို အသီးသီးနေရာယူပြီးကြတာနဲ့ တပြိုင်တည်း၊
ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို၊
ဘုန်းတော်ကြီးမြတ်သောမူလှသောမြတ်စွာဘုရား၊
(အောင်ဗောဓိစာပေ)

အကျွန်ုပ်ဟာ၊ မြတ်စွာဘုရားကို လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို လည်းကောင်း၊ မြတ်စွာဘုရားရဲ့ တပည့် ရဟန်း သံဃာတော် များကို လည်းကောင်း ကိုးကွယ်ရာ၊ အားထားရာ၊ ပုန်းအောင်းရာ အဖြစ် လည်းကောင်း၊ အသိမှတ်ပြုပြီး၊ ဆည်းကပ်ပါတယ် ဘုရားလို့ ပထမဦးဆုံး လျှောက်တင်ပါတယ်။

အဲဒီနောက်၊
ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို ဆက်ပြီး၊
ဘုန်းတော်ကြီးမြတ်တော်မူ လှသော မြတ်စွာဘုရား၊
အရှင်ဘုရားက အကျွန်ုပ်ကို၊
ဒီနေ့ကစပြီး အသက်ရှည်သမျှ ကာလပတ်လုံး၊

၁။ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ၊
၂။ မြတ်စွာဘုရားရဲ့ တရားတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သူ၊
၃။ မြတ်စွာဘုရားရဲ့ တပည့် ရဟန်း သံဃာတော်များကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ ဖြစ်တဲ့ သရဏဂုံ တည်သူ၊ ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား လို့ လျှောက်တင်ပါတယ်။

အခုလို လျှောက်တင်ပြီးနောက်၊
ဗိမ္ဗိသာရမင်းကြီးဟာ မြတ်စွာဘုရားကို ဆက်ပြီး၊
ဘုန်းတော်ကြီး မြတ်တော်မူလှသော မြတ်စွာဘုရား၊

(အောင်ဗေဒါဓိစာပေ)

မနက်ဖြန်၊ တပည့်တော်အတွက် ကောင်းမှုကုသိုလ် ရစေခြင်း အလို့ငှာ အရှင်ဘုရားနဲ့ဝကွ၊ နောက်ပါ ရဟန်း သံဃာတော်မြတ် အပေါင်း၊ တပည့်တော် ကပ်လှူ ပူဇော်လိုတဲ့ ဆွမ်းကို သည်းခံပြီး သာယာတော်မူပါဘုရားလို့ လျှောက်တင် ပင့်ဖိတ်ပါတယ်။

မြတ်စွာဘုရားဟာ၊

ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွမ်းပင့်ဖိတ်မှုကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်ပါတယ်၊

ဗိမ္ဗိသာရမင်းကြီး ဟာ

သူ့ရဲ့ဆွမ်းပင့်ဖိတ်မှုကို မြတ်စွာဘုရားက လက်ခံတော်မူလိုက်ကြောင်းကို သိလိုက်တာနဲ့ တပြိုင်တည်း မြတ်စွာဘုရားကို ရှိသေ လေးစားစွာ ရှိခိုးပြီး ထိုင်ရာမှ ထလျက် ညာရှိပဏ္ဏားတွေ သဌေးတွေ သူကြွယ်တွေနဲ့အတူ နန်းတော်သို့ ပြန်ကြွသွားပါတယ်။

ဗိမ္ဗိသာရ မင်းကြီးဟာ

အဲဒီနေ့ည တညလုံး

မြတ်စွာဘုရားက သူ့ရဲ့ ဆွမ်းပင့်ဖိတ်မှုကို၊ လက်ခံလိုက်တဲ့အတွက် အလွန်ဝမ်းသာရလွန်းလို့ အိပ်လို့တောင် မပျော်နိုင်ရှာပါဘူး။

(အောင်ဗောဓိစာပေ)

အဲဒီညက တညလုံး မြတ်စွာဘုရားက
သူဟာ
မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးမြင်ရလို့ကြောင့် တကြောင်း
မြတ်စွာဘုရားက သူ့ရဲ့ ဆွမ်းပင့်ဖိတ်မှုကို လက်ခံလိုက်လို့
ကြောင့်တကြောင်း

သူဟာ မနက်ဖြန်နံနက်မှာ မြတ်စွာဘုရား အမှူးပြု တဲ့ နောက်ပါ ရဟန္တာတထောင်ကို ဆွမ်းကပ်လှူရတော့မှာကြောင့် တကြောင်း စတဲ့အကြောင်းတွေကြောင့်သူရဲ့ ဝမ်းသာရေတွေ ကိုထပ်ပြန်တလဲလဲ တွေးယင်း ဝမ်းသာ အားရ ကြည်နူးရွှင်လန်း လို့ အိပ်လို့တောင် ပျော်ရှာပါဘူး။

နောက်တနေ့နံနက် မိုးလင်းတဲ့အခါ
ဗိမ္ဗိသာရမင်းကြီး စီစဉ်ထားတဲ့အတိုင်း
ရာဇဂြိုဟ်ပြည်ရဲ့ နန်းတော်ကြီးထဲမှာ နန်းတော်သူ နန်း တော်သားတွေဟာ ကိုယ်ရဲ့တာဝန် အသီးသီး ဖြစ်ကြ တဲ့ အင်မတန် ကောင်းမြတ်လှတဲ့ စားစရာ သောက်စရာတွေကို စနစ်တကျနဲ့ ကောင်းမြတ်အောင် စီမံ ချက်ပြုတ် ပြင်ဆင် ခင်းကျင်းတဲ့ အလုပ်တွေနဲ့ လှုပ်ရှားကြနေပါတယ်။

မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန္တာ တထောင်ကို ဆွမ်း ကပ်လှူဖို့အဘက်ဘက်က အစစ အရာရာ အဆင်သင့်ဖြစ်တဲ့အခါ
ဗိမ္ဗိသာရမင်းကြီးဟာ
မင်းချင်းတယောက်ကို ခေါ်ယူပြီး
(အောင်ဗောဓိစာပေ)

ဆွမ်းဘုဉ်းပေးရန် အသင့် စီရင် ပြင်ဆင်ပြီး ဖြစ်ပါတယ်။

ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါ ဘုရားလို့ မြတ်စွာဘုရားနဲ့ ရဟန္တာ တထောင်ကို လျှောက်တင်ဖို့ စေလွှတ်လိုက်ပါတယ်။

အဲဒီအချိန်တုန်းက

ရာဇဂြိုဟ်ပြည်ရဲ့ မြို့တွင်းမှာ နေထိုင်ကြတဲ့သူပေါင်း (ကိုး) ကုဋေရှိပါတယ်၊ ရာဇဂြိုဟ်မြို့ရဲ့ မြို့ပြင်မှာ နေထိုင်ကြတဲ့ သူပေါင်း (ကိုး)ကုဋေရှိပါတယ်။

အဲဒါကြောင့်

အဲဒီအချိန်တုန်းက ရာဇဂြိုဟ်ပြည်ရဲ့ မြို့တွင်း မြို့ပြင် နှစ်နေရာပေါင်းမှာ နေထိုင်နေကြတဲ့ ပြည်သူပြည်သားပေါင်း (၁၈) ကုဋေ နေထိုင်လျက် ရှိကြပါတယ်။

မြတ်စွာဘုရား'နဲ့ နောက်ပါ ရဟန္တာ တထောင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီး ရဲ့ ရွှေနန်းတော်သို့ ဆွမ်းစားကြွလာတော်မူခါနီးမှာ မြတ်စွာဘုရားကို ဖူးမြင်ပြီးကြတဲ့ သူတွေရော မဖူးမြင်ကြသေးတဲ့ သူတွေပါ ရာဇဂြိုဟ်ပြည်ရဲ့ မြို့တွင်း မြို့ပြင်က ပရိသတ်ပေါင်း တဆယ့်ရှစ်ကုဋေမျှသော ရာဇဂြိုဟ် ပြည်သူ ပြည်သား လူအများဟာ မြတ်စွာဘုရား'နဲ့ နောက်ပါ ရဟန္တာ တထောင် သီတင်း သုံးနေတော်မူကြတဲ့ ဝေဠုဝန်ကျောင်းတော်သို့ ဘုရားနဲ့ နောက်ပါ ရဟန္တာ တထောင်ကို ဖူးမြင်ချင်ကြသလို အဲဒီနေ့ နံနက် အစောကြီးကပင် ကိုယ့်ရဲ့ နေရပ် အသီးသီးက ထွက်လာကြပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားနဲ့ ရဟန္တာ တထောင် သီတင်းသုံးနေကြရာ ထန်းပင်ပျို ဥယျာဉ်သို့ အစုလိုက် အအုပ်လိုက် သွားကြတဲ့ လူအုပ်ကြီးဟာ သုံးဂါဝုတ်သောက် ကျယ်တဲ့ လမ်းမကြီး မဆံ့နိုင်လောက်အောင် ပြည့်လျှံပြီး လမ်းခရီး တလျှောက်မှာ တလှုပ်လှုပ် တရွရွနဲ့ သွားနေကြတဲ့ လူအုပ်ကြီးဟာ မျက်စိတဆုံးပါပဲ။

ထန်းပင်ပျိုဥယျာဉ်ကြီး တခုလုံးထဲမှာလည်း ကြက်ပျံမကျဆိုတာလို နေရာအကြား အလပ် မရှိအောင် လူတွေနဲ့ ပြည့်ကျပ်နေကြပါတယ်။

ရာဇဂြိုဟ် ပြည်သူပြည်သား အပေါင်းဟာ

၁။ သုံးဆယ့်နှစ်ပါးသော မဟာလက္ခဏာတော်ကြီး
၂။ ရှစ်ဆယ်သော လက္ခဏာတော်ငယ်
၃။ (၁၀၈) ပါးသော စက်လက္ခဏာတော် အပြည့်အစုံနဲ့
၄။ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးလျက် အလွန်တင့်တယ် လှန်းလှတဲ့ မြတ်စွာဘုရားကို မြင်တွေ့ ဖူးမြော်ကြရပါတယ်။

အဲဒီအချိန်တုန်းက

မြတ်စွာဘုရားကို ဖူးမြင်ကြရတဲ့ သူတွေဟာ မြတ်စွာဘုရားရဲ့ တင့်တယ်မှုကို မြင်တွေ့ ဖူးမြော်ကြရတာကို အားရ တင်းတိမ် ရောင့်ရဲတယ်ရယ်လို့ မရှိနိုင်အောင် ခံစားကြရပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီတုန်းက

ထန်းပင်ပျို ဥယျာဉ်တခုလုံးနဲ့

ထန်းပင်ပျို ဥယျာဉ်ကနေ ရာဇဂြိုဟ်ပြည်ထဲမှာ ရှိနေတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့နန်းတော်သို့တိုင် အောင် လမ်းခရီးတလျှောက် လုံးမှာ မြတ်စွာဘုရားနဲ့ ရဟန္တာတတော်ကို ဖူးမြင် ကြ တဲ့ ပြည်သူပြည်သားတွေနဲ့ ပြည့်ကျပ်နေလို့ ရဟန်းတော် တပါး သာ ကြွသွားနိုင်လောက်ရုံ နေရာတောင် မရှိသလောက် ဖြစ်နေ ပါတယ်။

အခုလို ဟာအုန်းအုန်း ထရှုံးရှုံးနဲ့

မြတ်စွာ ဘုရားနဲ့ ရဟန္တာတတော်ကို သူ့ထက်ငါ ဖူးမြင် ချင်ကြလွန်းလို့ တယောက်နဲ့တယောက် တိုးဝှေ့နေကြတဲ့ လူ ထု ပရိသတ်ကြီးကို တွေ့မြင်တဲ့အခါ ဒီအတိုင်းဆိုယင် မြတ်စွာ ဘုရားနဲ့ နောက်ပါ ရဟန္တာများဟာ ရာဇဂြိုဟ် ပြည်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီးရဲ့ ငင့်ဖိတ်တဲ့ ဆွမ်းစားကြွဖို့ သိပ်ပြီး လွယ်ကူ မှာ မဟုတ်ဘူးလို့ စဉ်းစားမိတဲ့အတွက်

သိကြားမင်းဟာ

သူ့ကိုယ်သူ လုလင်ပျိုအသွင် ဖန်ဆင်းပြီး

မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ ဘွားကနဲ ပေါ် လာ ပါတယ်။

အဲဒီနောက်

လုလင်ပျိုဟန် ဖန်ဆင်းထားတဲ့ သိကြားမင်းက

(အောင်ပေါဓိစာပေ)

ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်ကို ထုတ်ဖော် ချီးမွမ်းတဲ့စကားတွေကို မြွက်ကြား ကျူးရင့်ပြီး သူ့ ရဲ့ တန်ခိုးနဲ့ မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန္တာတထောင် ကြွချီလောက်တဲ့ လမ်းနေရာကို ပြုလုပ်ဖန်ဆင်းပြီး သူ့ကိုယ်သူလည်း နိဗ္ဗာန်ဆော် လုလင်ပျို အသွင်နဲ့ မြတ်စွာဘုရား နဲ့ ရဟန္တာတထောင် ကြွသွားနိုင်အောင် သိကြားမင်း ကိုယ်တိုင် ရှေ့က လမ်းရှင်းပေးပြီး ရာဇဂြိုဟ်ပြည်တွင်းရှိ ဗိမ္ဗိသာရမင်းကြီး ဆွမ်းပင့်ဖိတ်ရာ နန်းတော်ဆီသို့ ဆွမ်းစားကြွတော်မူပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ

မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန္တာတထောင်ကို သူ့ရဲ့ ရွှေနန်းတော်ကြီးသို့ ပင့်ဖိတ်ပြီး ကောင်းမြတ်လှတဲ့ ဟင်းလျာ ခဲဖွယ်ဘောဇဉ်တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ လက်ထိ လက်ရောက် စေတနာ ထက်သန်စွာနဲ့ စိတ်အား ကြည်ဖြူ ရွှင်လန်း စင်ကြယ် သန့်ရှင်းစွာ ဆက်ကပ် လှူဒါန်း ကျွေးမွေးပြုစု ပါတယ်။

မြတ်စွာဘုရားနဲ့ ရဟန္တာတထောင် ဆွမ်းစားပြီးနောက် မြတ်စွာဘုရားနဲ့ နောက်ပါရဟန္တာနေရာယူပြီးကြတဲ့အခါ ဗိမ္ဗိသာရ မင်းကြီးနဲ့အတူ

ပညာရှိပုဏ္ဏား သဌေး သူကြွယ် ပရိသတ် အပေါင်းဟာ ကိုယ့်ထက် ပညာကြီးမြင့်တဲ့သူတွေ ကိုယ့်ထက် အကျင့်မြတ်တဲ့သူတွေ ကိုယ့်ထက် အသက်ကြီးတဲ့သူတွေနဲ့ ကိုယ့် ထက် ဝါကြီးတဲ့ သူတွေနဲ့ဆက်ဆံတဲ့ နေရာမှာ ကိုယ့် အနေနဲ့ မနေအပ်တဲ့ နေရာတွေ ဖြစ်ကြတဲ့။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားနဲ့ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့နီးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားနဲ့အနောက်တည့်တည့်အရပ်
မြတ်စွာဘုရား သီတင်းသုံးနေတဲ့ နေရာထက် မြင့်မောက်
တဲ့အရပ်နဲ့

မြတ်စွာဘုရား သီတင်းသုံးနေတဲ့ လေညာ အရပ် စတဲ့ အရပ်(၆)ရပ်ကလွတ်တဲ့နေရာအသီးသီးမှာ နေရာယူကြပါတယ်။

ပညာရှိပုဏ္ဏားတွေ သူဌေးတွေ သူကြွယ်တွေနဲ့
နန်းတွင်းသူ နန်းတွင်းသားတွေ အားလုံး ကိုယ် နေရမယ့် နေရာအသီးသီးမှာ နေရာယူထားကြပြီးတဲ့အခါ

ဗိမ္ဗိသာရမင်းကြီးဟာ
မြတ်စွာဘုရားအပေါ်မှာ မှန်ကန်ပြီး စင်ကြယ် ဖြူစင် သန့်ရှင်း၊ ရှင်လန်းတဲ့ ဝေဒနာ စိတ်ထက်သန်လှတဲ့အတွက် မြတ်စွာဘုရားနဲ့ ရဟန္တာများ ရာဇဂြိုဟ်ပြည် အနီးမှာ အချိန်ကြာကြာ သက်တောင့် သက်သာ သီတင်းသုံး နေထိုင်နိုင်ကြ ရအောင် မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်း သံဃာတော် မြတ် များ သီတင်းသုံး နေထိုင်နိုင်ကြဖို့ ကျောင်းဝင်း နဲ့ ကျောင်းများ ဆောက်လုပ် လှူဒါန်းချင်တဲ့အတွက်

မြို့ရွာနဲ့မဝေးကွာလွန်းတဲ့အရပ်လည်းဖြစ်
မြို့ရွာနဲ့မနီးကပ်လွန်းတဲ့ အရပ်လည်းဖြစ်
(အောင်ဗောဓိစာပေ)

သွားရေးလာရေးသည်း လွယ်ကူမှု ရှိတဲ့အရပ်လည်းဖြစ်
အချိန်အခါမရွေး သွားလာနိုင်တဲ့ အရပ်လည်းဖြစ်
အာရုံငါးပါးမှ ဆိပ်ငြိမ်တဲ့ အရပ်လည်းဖြစ်တဲ့ မြတ်စွာဘုရား နှစ်သက်လက်ခံနိုင်မယ့် သူပိုင်တဲ့ ဝေဠုဝန် ဥယျာဉ်ကို မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်း သံဃာ အပေါင်း အား စွန့်လွှတ် လှူဒါန်းမယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီး

ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို
ဘုန်းတော်ကြီး မြတ်တော်မူလှသော မြတ်စွာ ဘုရား
အကျွန်ုပ်မှာ ဥယျာဉ်တခု ရှိပါတယ်ဘုရား
အဲဒီဥယျာဉ်ကို ဝေဠုဝန်ဥယျာဉ်လို့ ခေါ်ပါတယ် ဘုရား

အဲဒီ ဝေဠုဝန် ဥယျာဉ်ဟာ
မြို့ရွာနဲ့ မဝေးကွာလွန်းတဲ့အရပ်လည်းဖြစ်
မြို့ရွာနဲ့ မနီးကပ်လွန်းတဲ့အရပ်လည်းဖြစ်
သွားရေး လာရေးလည်း လွယ်ကူမှုရှိတဲ့ အရပ်လည်းဖြစ်
အချိန်အခါမရွေး သွားလာနိုင်တဲ့ အရပ်လည်းဖြစ်
အာရုံငါးပါးမှ ဆိပ်ငြိမ်တဲ့ အရပ်လည်း ဖြစ်ပါတယ် ဘုရား အဲဒီအရပ်ဟာ ဒ ရှင်ဘုရားနှစ်သက်မယ့်အရပ် ဖြစ်ပါလိမ့်မယ်ဘုရား။

ကျွန်ုပ်ဟာ
အဲဒီ ဝေဠုဝန်ဥယျာဉ်ကြီးကို
(အောင်ဗောဓိစာပေ)

မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်း သံဃာအပေါင်း သီတင်းသုံး နေထိုင်နိုင်ရန်အတွက် ကျောင်းဝင်း နဲ့ ကျောင်း များဆောက်လုပ်ပြီးလှူဒါန်းလိုပါတယ်ဘုရား။

အကျွန်ုပ်အဖို့ ကောင်းမှုကုသိုလ် ဖြစ်စေသောငှာ အရှင်ဘုရား ကအကျွန်ုပ်ရဲ့ အလှူကိုလက်ခံတော်မူပါဘုရားလို့ လျှောက်တင်ပါတယ်။

အခုလို လျှောက်တင်တဲ့အခါ
မြတ်စွာဘုရားဟာ
ဗိမ္ဗိသာရမင်းကြီးရဲ့ လျှောက်တင်တဲ့အမှုကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူပါတယ်။

မြတ်စွာဘုရားဟာ
သူ့ရဲ့ အလှူကို လက်ခံကြောင်း သိတဲ့အခါ
ဗိမ္ဗိသာရမင်းကြီးဟာ သူ့ရဲ့အနီးမှာ အသင့်ရှိနေတဲ့ ရွှေခရားကိုကိုင်ပြီး သူပိုင် ဝေဠုဝန်ဥယျာဉ်ကို ရေစက်သွန်းချပြီး မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်းသံဃာတော် အရှင်မြတ်များကို လှူဒါန်းလိုက်ပါတယ်။

ဒါဟာ မြတ်စွာဘုရား အနေနဲ့ လာဘ်ရခြင်း တွေထဲက ထင်ရှားတဲ့ လာဘ်ရခြင်းတခုဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

# မြတ်စွာဘုရားကို
# ဝေသာလီပြည်က ဧည့်ခံကြိုဆိုကြပုံ

တချိန်က ဝေသာလီပြည်ဟာ ရာဇဂြိုဟ်ပြည်ကြီး လိုပဲ အင်မတန် စည်ကားလွန်းလှတဲ့ ပြည်ကြီးတပြည် ဖြစ်ခဲ့ဖူးပါတယ်။ နောင်အခါမှာ ဝေသာလီပြည်က ပြည်သူပြည်သားတွေဟာ၊ ကိုယ်စီ စောင့်ထိန်း ပြုကျင့် လုပ်ကိုင် ဆောင်ရွက် ကြရ မယ့်။ "အပရိဟာနိယတရား" လို့ ခေါ်ကြတဲ့ တိုးတက် ကြီး ပွား ချမ်းသာကြောင်း တရားတွေ ဖြစ်ကြတဲ့

၁။ အရေးအကြောင်းရှိတိုင်း စုဝေးတိုင်ပင်ခြင်း။
၂။ အများသဘောတူ ဆုံးဖြတ်ပြီး ပြုလုပ်ခြင်း။
၃။ အစဉ်အလာကို လေးစားစွာ လိုက်နာ ပြုလုပ်ခြင်း။
၄။ အသက်ကြီးသူ အတွေ့အကြုံရှိသူ ပညာရှိသူတွေရဲ့ အကြံကို လက်ခံ စဉ်းစားခြင်း။

(အောင်ဗောဓိစာပေ)

၅။ ကိုယ်ကျင့်တရားကို စောင့်ထိန်းကြခြင်း။
၆။ သက်ဆိုင်ရာနတ်တွေကို လေးစားပူဇော်ပသခြင်းနဲ့
၇။ သူတော်ကောင်းများ သူမြတ်များ ရဟန်းများကို လှူဒါန်း ပူဇော် ဆည်းကပ်ခြင်း စတဲ့ ကျင့်ဝတ်ကောင်းတွေကို အစဉ်တစိုက် စောင့်ထိန်းဖို့ ပျက်ပြားလာကြပါတယ်။

ဝေသာလီပြည်သားတွေ ကိုယ်စီ စောင့်ထိန်း ပြုကျင့်ရမယ့် ဖေါ်ပြခဲ့တဲ့ ဘိုးဘေး ကြီးပွားချမ်းသာကြောင်းတရားတွေကို မလိုက်နာ မပြုကျင့် မစောင့်ထိန်းကြပဲ တဦးချင်း အသီးသီး တစတစ လိုက်နာ ပြုကျင့် စောင့်ထိန်းမှု ပျက်လာတဲ့ အချိန်ကစပြီး ဝေသာလီပြည်မှာ တစတစ မိုးခေါင်စ ပြုလာပါတယ်။

မိုးခေါင်တယ်ဆိုယင်ပဲ
သီးနှံတွေ အထွက် လျော့နည်းလာပါတယ်၊
တချိန်ထက်တချိန် သီးနှံတွေ အထွက်လျော့နည်းလာကြလို့၊
ဝေသာလီ ပြည်သူပြည်သားတွေအဖို့ အစာရေစာ လျော့နည်း၊ ငတ်မွတ် ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီး ဆိုက်ရောက်ပါတယ်။

အခုလို တကြိမ်ထက်တကြိမ် အစာရေစာ လျော့ပါး ငတ်မွတ် ခေါင်းပါးလာတဲ့ ဘေးဆိုးကြီးနဲ့ ကြုံတွေ့လာရတဲ့အတွက် ဝေသာလီ ပြည်သူပြည်သားတွေ အဘော်များများ အစာရေစာ လျော့နည်း ငတ်မွတ် ခေါင်းပါးတဲ့ ဘေးဆိုးကြီးရဲ့ ဒဏ်ကြောင့် လူမှုဒုက္ခဘေးဆိုးတွေ ကျရောက်လာကြပါတယ်။

(အောင်ဗေဒစာပေ)

ဒီ ဒုက္ခရောက်ကြရဘဲ့ သူတွေထဲမှာ
တချို့ အစာရေစာ ငတ်မွတ်ခေါင်းပါးလို့ သေကြရတယ်၊
တချို့ စီးပွားရေး အခြေခံတွေ ပျက်သွားကြပါတယ်၊
တချို့ လူနေမှု အခြေအနေတွေ ပျက်သွားကြပါတယ်၊
အဲဒီ ဘေးဆိုးကြီးကြောင့်

ဝေသာလီ ပြည်သူပြည်သားတွေဟာ ဘယ်လောက်အထိတောင် အခြေအနေဆိုးတွေနဲ့ တွေ့ကြုံကြရသလဲဆိုယင် အဲဒီတုန်းက အစာရေစာ ငတ်မွတ် ခေါင်းပါးမှုကြောင့် သေသွားကြရတဲ့ သူတွေဟာ တယောက်ပြီးတယောက် ဆက်တိုက်လိုလို ပုံမှန်ဖြစ်နေလို့ သင်္ဂြိုဟ်ဖို့တောင် အချိန် မရနိုင်လောက်အောင် တယောက်နဲ့တယောက် ဆက်တိုက် တဖုတ်ဖုတ်နဲ့ သောက်သောက်လဲ သေလိုက်ကြတာ ဟိုနေရာမှာလည်း သူသေကောင်တွေ ဒီနေရာမှာလည်း သူသေကောင်တွေ အသုဘ လိုက်ပို့မယ့် သူတွေတောင် မရှိသလောက် ဖြစ်လာကြပါတယ်။

အဲဒါကြောင့်

ပုံမှန်အတိုင်း လူသေကောင်တွေကို သေသေချာချာမြေမှာ မြှုပ်ပြီး မသင်္ဂြိုဟ်နိုင်ကြလောက်တဲ့ အထိပါပဲ၊ ဖြစ်ကတတ်ဆန်း နီးရာ မြေချိုင့်တွေ ချုံ့ဖုတ်တွေထဲမှာ ဟိုပစ်ဒီပစ်နဲ့ ပစ်ထားရတဲ့ အခြေအနေမျိုး အထိရောက်လာကြပါတယ်။

အဲဒါကြောင့်

ဖြစ်ကတတ်ဆန်း စွန့်ပစ်ထားတဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့တွေကို အစွဲပြုပြီး သရဲတစ္ဆေတွေ ဘီလူးတွေ အစ ရှိတဲ့

မကောင်းဝါးတွေ မြို့ပြင်က သင်္ချိုင်းကနေ မြို့တွင်းကစိတ်ဓာတ် အင်အား ယိုယွင်း ပျက်ပြား အားငယ် ချောက်ချား နေကြတဲ့ ဝေသာလီ ပြည်သူပြည်သားတွေကို ပူးကပ်ပြီး ဝေသာလီပြည် အတွင်းကို တစတစ ဝင်ရောက်လာကြပါတယ်။

(၁)မကောင်းဆိုးဝါးတွေ ဝေသာလီပြည်ထဲ ဝင်ရောက်လာကြတဲ့ဘေး

(၂)အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ဘေး

(၃)တယောက်ပြီးတယောက် ဆက်တိုက်လိုလို သေဆုံးကြတဲ့ဘေးနဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့ခံနေ ကြရတဲ့ ဘေးတွေကြောင့် စိတ်ဓာတ် ယိုယွင်း ပျက်ပြားအားငယ် ချောက်ချားနေကြတဲ့ သူတွေနဲ့ စိတ်ဓာတ် အားငယ်နေကြတဲ့ သူတွေကို နည်းအမျိုးမျိုးနဲ့ ပူးကပ် ခြောက်လှန့် နှိပ်စက်လာကြတဲ့အတွက် ဝေသာလီပြည်အတွင်းက ပြည်သူပြည်သားတွေ တပူပေါ် နှစ်ပူဆင့်တာလို မြွေပူရာ ကင်းမှောက်ဆိုတဲ့ စကားလို စိတ်မချမ်းသာရေးတွေ စိတ်ဆင်းရဲစရာတွေ တဆင့်ထက်တဆင့် တိုးတိုး ခံစားလာရတဲ့ ဒုက္ခဘေး၊ ကိုယ်ပင်ပန်း နွမ်းနယ် ရတဲ့ ဒုက္ခဘေးစတဲ့ ဒုက္ခဘေးအမျိုးမျိုးနဲ့တွေကြုံ ခံစားရပါတယ်။

အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ဘေး လူတွေတယောက်ပြီးတယောက် ဆက်တိုက်လိုလို အဆက်မပြတ် သေနေကြရတဲ့ဘေးနဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့ကို အခြေပြုပြီး ဝင်ရောက်လာတဲ့ သရဲတွေ သဘက်တွေကြောင့် စိတ်ဓာတ်ပျက်ပြားနေကြတဲ့အချိန်မှာ ဘီလူးတွေက ထပ်ဆင့် ခြောက် လှန့် နှိပ်

စက်လာကြတဲ့အတွက် ဝေသာလီ ပြည်သူပြည်သားတွေ ထပ်ပြီး သေကြရပြန်ပါတယ်။

လူသေကောင်တွေကို မြေမှာ သေသေသပ်သပ် မမြှုပ် နိုင်ကြပဲ သေသေသပ်သပ် မီးမသင်္ဂြိုဟ်နိုင်ကြပဲ မြေမို့ ချိုင့်ဝှမ်းတွေ ချုံဖုတ်တွေ စတဲ့ နေရာတွေမှာ ဟိုပစ် ဒီပစ် စွန့်ပစ်ထားခဲ့ကြတဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့တွေကြောင့် ယဉ်းနာလို့ ခေါ်တဲ့ ရောဂါဆိုး တမျိုး ထပ်တိုး ဖြစ်ပေါ် ရင်ဆိုင်ခံစား လာကြရ ပြန်ပါတယ်။

ဝေသာလီပြည်အတွင်းမှာ

(၁)အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ဘေး

(၂)တယောက်ပြီးတယောက် ဆက်တိုက် လိုလို သေဆုံးနေကြရတဲ့ဘေး

(၃)ဘီလူး သရဲ အစရှိတဲ့ မကောင်း ဆိုး ဝါး တွေ ရဲ့ ခြောက်လှန့်ခံရတဲ့ ဘေးနဲ့

(၄)ယဉ်းနာလို့ ခေါ်တဲ့ ရောဂါမျိုး စွဲကပ်ခံစားရတဲ့ ဘေးတွေနဲ့ ရင်ဆိုင်တွေ့ကြုံ ခံစား လာကြရတဲ့ အတွက် ဝေသာလီ ပြည်သူပြည်သားတွေဟာ အားကိုးရာမဲ့ရတဲ့ သူတွေလို ဖြစ်လာပါတယ်။

ဝေသာလီ ပြည်သူပြည်သားတွေဟာ၊

အဲဒီဘေးဆိုး အပေါင်းက ကင်းလွတ်မြောက်အောင် ဘယ်လိုမှ တဦးချင်း အနေနဲ့ မစွမ်းဆောင်နိုင်ကြပါဘူး။

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်
ဝေသာလီပြည်သူပြည်သားတွေဟာ
ဝေသာလီပြည်ရှင် ဘုရင်မင်းမြတ်ထံ သွားရောက်ကြပြီး
မင်းကြီးကို
မြတ်သောမင်းကြီး
ဒီ ဝေသာလီပြည်အရပ်မှာ
အစာရေစာ ခေါင်းပါး ငတ်မွတ်တဲ့ဘေး
လူတွေ တယောက်ပြီး တယောက် ဆက်တိုက် လိုလို
သေဆုံးနေကြရတဲ့ဘေး
ယဉ်နာ ရောဂါ ကျရောက်တဲ့ဘေးနဲ့
ဘီလူး သရဲတွေရဲ့ ခြောက်လှန့်ခံရတဲ့ဘေးစတဲ့ ဘေး
ကြီး သုံးခု ဖြစ်ပွားနေကြပါတယ်။

အရှင်မင်းကြီး ရှေးအထက် မင်း ခုနစ်ဆက် တိုင်အောင်
ဒီခုလို ဘေးဆိုးကြီးတွေ မဖြစ်ပွားခဲ့ဖူးပါဘူး အခုအခါ
အရှင်မင်းမြတ်တို့ တရားမစောင့်ကြလို့သာ အခုလို ဘေးဆိုး
ကြီးများ ဖြစ်ပွားကျရောက်လာကြရတာ ဖြစ်ပါတယ်ဘုရားလို့
လျှောက်တင်ကြပါတယ်။

ဝေသာလီ ပြည်သူပြည်သားတွေရဲ့ အခုလို စွပ်စွဲတဲ့စကား
ကို ကြားရတဲ့အခါ
ဝေသာလီပြည့်ရှင် ဘုရင်မင်းမြတ်ဟာ ဝေသာလီ ပြည်သူ
ပြည်သား အပေါင်းကို တရားလွှတ်ရုံးမှာ စုရုံး စည်းဝေးစေ
ကြပြီး ပြည်သူပြည်သားတွေရဲ့ ရှေ့မှောက်မှာ သူ့ရဲ့ကိုယ်ကျင့်

တရား ပျက်စီးမှုကြောင့် တိုင်းပြည်မှာ ပြည်သူပြည်သားတွေ ဘေးဒုက္ခ များစွာနဲ့ ရင်ဆိုင်တွေ့ကြုံ ခံစားနေကြရပါတယ်ဆိုတဲ့ စွပ်စွဲချက်ကို အစစ်ဆေးခံတဲ့ အနေနဲ့

အို ပြည်သူအပေါင်းတို့

ငါရဲ့ တရားမစောင့်တဲ့ အချက်တွေကို စိစစ်ကြပါလို့ မိန့်ကြား ခွင့်ပြုတော်မူပါတယ်။

ဝေသာလီ ပြည်သူပြည်သားတွေဟာ ဝေသာလီ ပြည်ရှင်ဘုရင်မင်းမြတ်ရဲ့ နေ့စဉ်လုပ်ငန်း အချပ်ရပ်ကို စိစစ်ကြပါတယ်။ အခုလို စိစစ်တဲ့ အခါ မင်းကြီးမှာ အနည်းငယ် စိုးစဉ်းမျှပင် အပြစ်ခတွေ့မမြင်ကြရပါဘူး။

အဲဒါကြောင့်

ဝေသာလီ ပြည်သူပြည်သားတွေဟာ

သူတို့အချင်းချင်း ငါတို့ရဲ့ပြည်မှာ အခု ဖြစ်ပွား ဆိုက်ရောက်နေကြတဲ့ ဘေးဆိုးကြီးတွေကို ဘယ်လို ပပျောက်သွားအောင် လုပ်ကြမလဲလို့ အကြံပြု တင်ပြဖို့ တိုင်ပင်ကြပါတယ်။

အဲဒီနောက်

ဝေသာလီ ပြည်သူပြည်သားတွေဟာ

ပြည်သူလူထု အစည်းအဝေးကြီးတခုကို ခေါ်ယူ ကျင်းပကြပါတယ်၊

အဲဒီအစည်းအဝေးကြီးမှာ

တချို့က နတ်တွေကို ဗလိနတ်စာတွေ ကြွေးပြီး တောင်းပန်ပြောဆိုဖို့ အကြံပြုကြပါတယ်။

(အောင်ဗောဓိစာပေ)

တချို့က ပူရဏဿပ မက္ခလိဂေါသာလ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယနသဉ္စယဗေလဋ္ဌပုတ္တနဲ့ နိဂဏ္ဌနာဋပုတ္တ အစရှိတဲ့ တိတ္ထိဆရာကြီး ခြောက်ဦးကို ဖိတ်ပင့်ပြီး အဲဒီဆရာကြီးတွေရဲ့ ဩဝါဒကို ခံယူကြမယ်။ အဲဒီ ဆရာကြီးတွေ ဝေသာလီပြည်ထဲကို ဝင်လာကြ ရုံနဲ့ အခု ဝေသာလီပြည်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဘေးဆိုးကြီးတွေဟာ သူ့အလိုလို ပျောက်ကွယ်သွားကြလိမ့်မယ်လို့ ပြောဆို အကြံပြုကြ ပါတယ်။

တချို့က အို အချင်တို့ လောက မှာမြတ်စွာဘုရားသခင် ပွင့်ထွန်းတော် မူနေတယ်၊ အဲဒီ မြတ်စွာဘုရား ဟာ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းရဲ့ အစီးအပွားဖြစ်စိမ့်သောငှာ တရားဟောပြနေတယ်၊ အဲဒီ မြတ်စွာဘုရားဟာ ဘုန်းတန်ခိုး အင်မတန် ကြီးမား မြင့်မြတ်တဲ့တော် မူတယ်၊ အဲဒီ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ငါတို့နေရာ ဝေသာလီပြည်သို့ ကြွရောက်လာယင် အခု ငါတို့ ရင်ဆိုင် တွေ့ကြုံခံစားနေရတဲ့ ဘေးဆိုးခပ်သိမ်းကကင်းငြိမ်းပြီး စိတ်အေးချမ်း ကိုယ်ငြိမ်းချမ်းမှုကို ခံစားရလိမ့်မယ်လို့ ပြောဆိုကြပါတယ်။

## အဲဒီ ပြည်သူ အစည်းအဝေးကြီးမှာ ပြည်သူတွေ တင်ပြကြတဲ့ အကြံပေးချက်တွေ

(အောင်ဗောဓိစာပေ)

ပြောဆိုတင်ပြချက်တွေ

တောင်းခံ အဆိုပြုချက်တွေထဲက မြတ်စွာဘုရားကိုင့်ဖိတ်ဖို့ အဆိုပြုလာကြတဲ့ အဆိုပြုချက်တွေကို ထောက်ခံပြီး အမြန်ဆုံး သွားရောက် ပင့်ဖိတ်ဖို့ တိုက်တွန်းကြတဲ့ သူတွေက များတဲ့ အတွက် အစည်းအဝေး တက်ရောက်ကြတဲ့ လူအများရဲ့ ဆန္ဒ အရ အဲဒီ လူထုအစည်းအဝေးကြီးက မြတ်စွာဘုရားကို ဝေသာလီပြည်သို့ ကြွရောက်လာအောင် ပင့်ဖိတ်ဖို့ အများသဘော တူ ဆုံးဖြတ်လိုက်ကြပါတယ်။

အဲဒီနောက်
အဲဒီအစည်းအဝေးကြီးက
အနုအငါ

က။ မြတ်စွာဘုရားကိုယ်တော်မြတ် အဘယ် အရပ် မှာ သီတင်းသုံးနေတော်မူသလဲ။

ခ။ မြတ်စွာဘုရားကို ငါတို့က ပင့်လျှောက် လျှောက်မူ ကြွရောက်လာပါမည်လား ရှိတော်မူမလားလို့ ယုံမှား သံသယ ရှိတဲ့ စကားမျိုးတွေနဲ့ တချို့က ပြောလာ ကြတဲ့အခါ

ဉာဏ်ပညာ အမြော်အမြင် ရှိကြတဲ့သူတွေက
မြတ်စွာဘုရားဟာ
သတ္တဝါတွေကို ဘယ်လိုသနားတော်မူတယ်။
အဲဒါကြောင့်

(အောင်ဗောဓိစာပေ)

ဘယ်လို စောင့်ရှောက် ပေးတော်မူဘယ် မြတ်စွာဘုရားဟာ အခုအခါ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံး နေတော် မူဆဲ ရှိနေ တယ် အဲဒီ မြတ်စွာဘုရားကို ဗိမ္ဗိသာရ မင်းကြီးက ပစ္စည်း လေးပါးနဲ့ အဘက်ဘက်က လိုသေးတယ်ရယ်လို့ မရှိရအောင်၊ ပြုစုနေဆဲဖြစ်ပါတယ်။

အဲဒါကြောင့်

ဗိမ္ဗိသာရ မင်းကြီး ကသာ မြတ်စွာဘုရား ရှင် ကြွ သာရန် အခွင့်ကို မပေး ယင်သာ ရှိမယ်လို့ တင်ပြကြပါတယ်။

ဒီ လူထု အစည်းအဝေးကြီးက ကိုယ်စားလှယ်တွေရဲ့ တင်ပြ ခဲ့တာင်းဆိုချက်တွေကိုအတည်ပြု စုစည်းကြပြီးဒီလူထုအစည်း အဝေးကြီးကနေ

ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးကခွင့်ပြုနိုင်လောက် အောင် အကြောင်းနဲ့အကျိုး ဆက်စပ်ပြောဆို ပန်ကြားသိစေနိုင် တဲ့ ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီးနဲ့ အကျွမ်းတဝင် ခင်မင် ရင်းနှီးတဲ့မဟာလိမ်းလျှာခေါ်တဲ့လိစ္ဆဝီမင်းနဲ့အပြောအဆိုစကား အရာမှာ ကျွမ်းကျင်လိမ္မာလှနိုင်လှတဲ့ စကားအရာမှာ တတ်သိ လိမ္မာလှနိုင်လှတဲ့ ပုရောဟိတ်ဆရာ ပုဏ္ဏားတဦးကို ရွေးချယ်ပြီး လက်ဆောင်တွေ အပြည့်အစုံနဲ့ နောက်ပါ စစ်သည်ဗိုလ်ပါတွေ အစုံနဲ့ အတူ မြတ်စွာဘုရား သီတင်းသုံးနေထိုင်ရာ ရာဇဂြိုဟ်ပြည် အနီးရှိ ဝေဠုဝန်စံကျောင်းတော်သို့ စေလွှတ်လိုက်ပါတယ်။

(အောင်ဗောဓိစာပေ)

မဟာလိမင်းနဲ့ ပုရောဟိတ်ပုဏ္ဏားဟာ လက်ဆောင်ပစ္စည်းတွေကို ယူဆောင်ပြီး ရာဇဂြိုဟ်ပြည် ရှင် ဘုရင်ဗိမ္ဗိသာရမင်းဆီကို ပထမဦးဆုံး သွားကြပါတယ်။

ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းထံ ရောက်ကြတဲ့အခါ

ဝေသာလီပြည်ရှင် ဘုရင်မင်းမြတ်နဲ့ ဝေသာလီ ပြည်သူပြည်သားတွေက ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကို ဗိမ္ဗိသာရမင်းကြီးထံ ပေးအပ်ကြပြီး ဝေသာလီမင်းတွေက မေတ္တာရပ်ခံတဲ့ စကားနဲ့ ဝေသာလီ ပြည်သူ ပြည်သားတွေရဲ့ အခြေအနေတွေကို တင်ပြလျှောက်ထားယင်း သူတို့လာခဲ့ကြတဲ့ ခရီးရဲ့ ရည်ရွယ်ချက်နဲ့ ဝေသာလီပြည်မှာဖြစ်နေတဲ့အကြောင်း ဖြစ်ရပ် အလုံးစုံကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထား ပြောကြား သိစေကြပါတယ်။

အဲဒီနောက်

မဟာလိမင်းနဲ့ ပုရောဟိတ်ပုဏ္ဏားတို့က ဗိမ္ဗိသာရမင်းကြီးကို

မြတ်သောမင်းကြီး

မြတ်စွာဘုရားရှင်ကို အကျွန်ုပ်နေထိုင်ရာ ဝေသာလီပြည်သို့ ပင့်ဆောင်ပေးစေချင်တယ်လို့ မေတ္တာရပ်ခံတဲ့စကား ပြောကြပါတယ်။

အခုလို ပြောဆိုပြီး မေတ္တာရပ်ခံ လျှောက် ထား တဲ့ အခါ ဗိမ္ဗိသာရမင်းကြီးက ဝေသာလီပြည်က ကိုယ်စားလှယ် တွေရဲ့ ပြောဆို မေတ္တာရပ်ခံချက်ကို လက်မခံပဲ အမောင်တို့ မြတ်စွာ

ဘုရားရှင်က လိုက်ပါကြလို မကြွလိုကို သိအောင် ပထမ ဦးဆုံး စုံစမ်းကြပါအုံးလို့ မိန့်ကြားပါတယ်။

အဲဒါကြောင့်

ဝေသာလီမှ ကိုယ်စားလှယ်တွေဟာ မြတ်စွာဘုရားသီတင်းသုံးနေတော်မူတဲ့ ဝေဠုဝန်စံကျောင်းတိုက်သို့ သွားရောက်ငင် လျှိုးရှိခိုးကြပြီး သူတို့အနေနဲ့ မနေအပ်တဲ့ အပြစ်လွတ်ရာအပြင် ကင်းရာအရပ် အသီးသီးမှ ထိုင်ကြလျက်

မြတ်စွာဘုရားကို

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

တပည့်တော်တို့ နေထိုင်ရာ ဝေသာလီပြည် အရပ်မှာ

၁။ အစာရေစာ ငတ်မွတ်တဲ့ဘေး

၂။ တယောက်ပြီးတယောက် ဆက်တိုက်လိုလို သေဆုံးနေကြတဲ့ဘေး

၃။ ယဉ်နာ ရောဂါကျရောက်တဲ့ဘေး

၄။ ဘီလူးသရဲတွေ အမျိုးမျိုးပူးကပ် ခြောက်လှန့်ခံရတဲ့ဘေး တဲ့ ဘေးဆိုးကြီး လေးမျိုးတို့ ကျရောက် လွှမ်းမိုးနှိပ်စက်ခံကြရပါတယ်ဘုရား

မြတ်စွာဘုရားက

တပည့်တော်တို့ ဝေသာလီ ပြည်သူပြည်သားတွေ ခံစားနေကြရတဲ့ လူမှုဒုက္ခတွေကို သနားသဖြင့် ကြွလာတော် မူပါယင် အကျွန်ုပ်တို့ရဲ့ ဝေသာလီပြည်သူပြည်သားတွေအဖို့မှာ ချမ်းသာမှု ရကြပါလိမ့်မယ် ဘုရားလို့ လျှောက်တင်ကြပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ
ဝေသာလီပြည်သို့ ကြွရောက်သင့် မသင့်ကို ဆင်ခြင်စဉ်းစား တော်မူပါတယ်။

မြတ်စွာဘုရားဟာ ဝေသာလီပြည်မှာ ငါဘုရား ရတနသုတ်ကို ဟောကြားယင် ယခုလို ဟောကြားတဲ့ အစောင့်အရှောက် အရံအဘားဟာ စကြာဝဠာ တိုက်ပေါင်း ကုဋေတသိန်း တိုင်အောင် ပျံ့နှံ့ သွားလိမ့်မယ် ရတနသုတ် တရားကိုဟောကြားလို့ ပြီးဆုံးတဲ့အခါ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင် သစ္စာလေးပါး တရားကိုသိမြင်ကြပြီး ကျွတ်တန်းဝင်ကြလိမ့်မယ် လို့ သိမြင်တော်မူတဲ့အတွက် ဝေသာလီပြည်သား ကိုယ်စားလှယ် နှစ်ဦးရဲ့ လျှောက်ထားချင့်ဖိတ်ချက်ကို လက်ခံလိုက် ပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ
မြတ်စွာဘုရားက ဝေသာလီပြည်သို့ကြွရောက်ရန်ပင့်လျှောက်ချက်ကို လက်ခံတော်မူလိုက်ကြောင်း သတင်းစကား ကြားသိသောအခါ

မြတ်စွာဘုရားရှင်ဟာ

ဝေသာလီပြည်သို့ ကြွရောက်ဖို့ လက်ခံတော် မူလိုက်ပြီ လို ရာဇဂြိုဟ်ပြည်အတွင်းမှာ ကြွေးကြော် စေပြီးနောက် မြတ်စွာ ဘုရားရှင်ထံတော်မှောက်သို့ အလျင်အမြန် သွားရောက်ချဉ်းကပ် ပြီး

(အောင်ပေါ်ခိုင်စာပေ)

မြတ်စွာဘုရားကို
ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

ဝေသာလီပြည်သို့ ရောက်တော်မူရန် လက်ခံတော်မူလိုက်ပါ သလားလို့ မေးလျှောက်ပါတယ် မြတ်စွာဘုရားရှင်က အေး ငါဘုရားလက်ခံလိုက်တယ် မြတ်သောမင်းကြီးလို့ မြတ်စွာဘုရား က ပြန်ကြားမိန့်ဆိုတော်မူတဲ့အခါ

ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို
ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား
ဒီလိုဆိုယင်

အရှင်ဘုရား ကြွတော်မူမယ့်လမ်းခရီးကို စီမံမှုပြုပြင် ပြင်ဆင် ပေးပါရစေဘုရား။

တပည့်တော်ဟာ အရှင်ဘုရားကြွရောက်မယ့် လမ်းခရီး ကို ပြုပြင် ပြင်ဆင်လို့ မပြီးသေးမီ ဝေသာလီပြည်သို့ ကြွရောက်မယ့် လုပ်ငန်းကို မစပါနဲ့အုံးဘုရား

အရှင်ဘုရား ကြွသွားမယ့် လမ်းခရီးကို အမြန်ဆုံး ပြုပြင် ပြင်ဆင် ပေးပါ့မယ်ဘုရား ပြုပြင်ပြင်ဆင်ပြီး အချိန်ထိ စောင့် ဆိုင်းငံ့သင့်တော်မူပါအုံးဘုရားလို့ ဘောင်းပန် လျှောက်ထား ပါတယ်။

အခုလို လျှောက်တင်ပြီး
ဗိမ္ဗိသာရမင်းကြီးဟာ

(အောင်မောဓိစာပေ)

ရာဇဂြိုဟ်ပြည်ကနေ ဝေသာလီပြည်ကိုအသွား လမ်းခရီး တလျှောက် သူ့အနေနဲ့ တာဝန်ရှိတဲ့ ရာဇဂြိုဟ်ပြည် အနီးရှိ မြတ်စွာဘုရားနဲ့ စံကျောင်းတော် ဝေဠုဝန်ကျောင်းကနေ ရာဇဂြိုဟ်ပြည်နဲ့ ဂင်္ဂါမြစ်ဆိပ် အကြား ငါးယူဇနာ အလျား ရှည်တဲ့ မြေလမ်းခရီးကို မြတ်စွာဘုရားနဲ့ ရဟန္တာ ငါးရာ ခြေကျင်လျှောက်လို့ အဆင်ပြေအောင်

ဒီခေတ်အခေါ်နဲ့ တင်ပြရယင်

လူထု လှုပ်ရှားမှုပုံစံမျိုးနဲ့ ဒလျင်အမြန် ပြုလုပ်ပြီ ပြင်ဆင်ကြပါတယ်။

အဲဒီနောက်

ခရီးအကွာ တယူဇနာရောက်တိုင်း ရောက်တိုင်းမှာ မြတ်စွာဘုရားနဲ့ ရဟန်းငါးရာ အနားယူ သီတင်းသုံးကြဖို့ စံကျောင်းတော် တဆောင်ကျစီကို ဆောက်လုပ်ပေးပါတယ်။

မြတ်စွာဘုရား ကြွသွားမယ့် လမ်းရေးကို ပြုပြင် ပြုလုပ် ပြင်ဆင်ပြီး မြတ်စွာဘုရားနဲ့ ရဟန္တာငါးရာအတွက် အဘက်ဘက်က အစစအရေးရာ အဆင်ပြေစေဖို့ စီစဉ်ပြုလုပ်ပြီးတဲ့ အခါ မြတ်စွာဘုရားထံ သွားရောက်ကြပြီး မြတ်စွာဘုရားကို အရှင်ဘုရားရဲ့ ဝေသာလီပြည်သို့ခရီးကို ကြွရောက်တော်မူလိုက ကြွရောက်နိုင်ပြီ ဖြစ်ကြောင်း လျှောက်တင်ပါတယ်။

ဒီတော့မှ

မြတ်စွာဘုရားဟာ

နောက်ပါရဟန်းတော်မြတ်ငါးရာကိုခြံရံပြီး

ရာဇဂြိုဟ်ပြည်ကနေ ဝေသာလီပြည်သို့ ခရီးကို စတင် ကြွတော်မူပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ

ငါးယူဇနာ ခရီးကွာဝေးတဲ့ မြတ်စွာဘုရားရဲ့ စံ ကျောင်းတော် ဝေဠုဝန်ကျောင်းနဲ့ ရာဇဂြိုဟ်ပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းသို့ သွားတဲ့ လမ်းခရီးကို အဆင်းငါးမျိုးရှိတဲ့ ပန်းတွေနဲ့ ပုဆစ်ဒူး မြုပ်လုမျှ ကြဲဖြန့်စေပြီး လမ်းရဲ့ တဖက် တချက်မှာ တံခွန်တွေ ကုက္ကားတွေ ရေအပြည့်တည့်ထားတဲ့ရေအိုးတွေငှက်ပျောပင်ရှည်တွေ စိုက်ထောင် တည်ထားစေလျက် မြတ်စွာဘုရားရှင်အတွက် ထီးဖြူတော် လက်ဝဲဘက်က တလက် လက်ယာဘက်က တလက် ပေါင်း ထီးဖြူတော်နှစ်လက်နဲ့ လည်းကောင်း ရဟန်း တော်မြတ်များအတွက် တပါးစီ တပါးစီအတွက် ထီးဖြူတော် တလက်စီ တလက်စီနဲ့ လည်းကောင်း ဆောင်းမိုးကာစေပြီး မင်းပရိသတ် ဗိုလ်ပါပရိသတ် အခြံအရံပေါင်းနဲ့တကွ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်မှုကို ပြုလျက် စံကျောင်းတော် တဆောင် တဆောင်မှာ မြတ်စွာဘုရားရှင်ကို ခရီးအပန်းဖြေနားနေတော် မူစေပြီး မြတ်စွာဘုရားနဲ့ ရဟန္တာငါးရာ အပန်းဖြေရာ နေရာ တိုင်းမှာ လိုတယ်ရယ်လို့ မရှိရစေတဲ့ ပြည့်စုံတဲ့ အလှူကြီးများ ကို ပေးလှူပြုလုပ်ပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအလှူပွဲကြီးဟာ

အင်မတန်ကြီးကျယ်ပြီး

အင်မတန်ခမ်းနားလှတဲ့ အလှူပွဲကြီးဖြစ်ပါတယ်၊

မြတ်စွာဘုရား‌ရဲ့ ဝေသာလီပြည်သို့ ကြွသွားတဲ့ လမ်းခရီးတစိတ် တဒေသဖြစ်တဲ့ မြတ်စွာဘုရားရဲ့ စံကျောင်းတော် ဖြစ် တဲ့ ဝေဠုဝန်ကျောင်းတော်နဲ့ ရာဇဂြိုဟ်ပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ဟာ ငါးယူဇနာ ကွာဝေးပါတယ်။

အဲဒါကြောင့်

မြတ်စွာဘုရားဟာ

ဝေဠုဝန်ကျောင်းတော်က ထွက်လာလို့ ငါးရက် ကြာမှ ရာဇဂြိုဟ်ပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းကို ရောက်တော်မူပါတယ်။

မြတ်စွာဘုရားနဲ့ ရဟန္တာငါးရာ ဂင်္ဂါမြစ်ဆိပ်ကမ်းကို ရောက်လာကြတဲ့ အခါ

ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး ဟာ ဝေသာလီပြည်က မင်းတွေထံ မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာ ကြွလာကြပြီ မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ်ငါးရာကြွရောက်ကြမယ့် လမ်းခရီးကို အဘက်ဘက်က အဆင်ပြေအောင် ပြုပြင် ပြုလုပ် ပြင်ဆင်ကြတော့လို့ မင်းချင်းတွေကို မိန့်ကြားစေလွှတ်ပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီနောက်

ဗိမ္ဗိသာရမင်းကြီးက ဆက်ပြီး

မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်တွေအဖို့ အခက်တခဲမရှိ ရအောင် အဆင်ပြေပြေ ခရီးဦးကြိုဆိုနိုင်ကြအောင် ခရီးကြိုဆိုကြဖို့ သတင်းပေးလိုက်ပါတယ်။

ဝေသာလီပြည်သို့သတင်းစကားပါးလိုက်ပြီး

ဗိမ္ဗိသာရမင်းကြီးဟာ

မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ်ငါးရာ ရာဇဂြိုဟ်ပြည်ကနေ ဝေသာလီပြည်ကို ရေလမ်းခရီးနဲ့ ဆက်လက် ကြွချီနိုင်ဖို့ လှေကြီးနှစ်စင်းကို ဆက်စပ်ပြီး လှေဖောင်ကြီးတစင်း ပြုလုပ်ပါတယ်၊ ဒီလှေကြီးနှစ်စင်းကို စပ်ထားတဲ့ လှေဖောင်ကြီး အပေါ်မှာ အင်မတန်လှပတဲ့ မဏ္ဍပ်ကြီးတဆောင်ကို ဆောက်လုပ်ကြပါတယ်။

အဲဒီနောက်

အဲဒီမဏ္ဍပ်ကြီးကို ပန်းဆိုင်းတွေနဲ့ ဆိုင်းပြီး အင်မတန် လှပအောင် တန်ဆာတွေနဲ့ ဆင်ပါတယ်။ မြတ်စွာဘုရားသီတင်းသုံးနေတော်မူမယ့် ပလ္လင်ကိုလည်း ရတနာ မျိုးစုံနဲ့ တန့်တယ်အောင် တန်ဆာဆင်ကြပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ

လှေဖောင်ကို သူ့စိတ်ကြိုက်ပြုလုပ် တန်ဆာဆင်ပြီးတဲ့အခါ မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန္တာတွေကို လှေဖောင်ပေါ် သို့ ကြွရောက် နေရာယူဖို့ ပင့်ဖိတ်ပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားနဲ့ သံဃာတော်တွေ လှေဖောင်ပေါ်ကိုရောက်ပြီး မြတ်စွာဘုရားက ရတနာပစ္စည်းတွေနဲ့ တန်ဆာဆင်ထားတဲ့ ပလ္လင်ပေါ်မှာ ထိုင်ပါတယ်။ ကျန်တဲ့ ရဟန်းတော်မြတ်ငါးရာဟာ သင့်ရာနေရာအသီးသီးမှာ နေရာ ယူထိုင်ပြီး ကြတဲ့ အခါ ရတနာ လှေဖောင်ကြီးကို ရာဇဂြိုဟ်ပြည်ရဲ့ မြစ်ဆိပ်ကမ်းကစပြီး ထွက်ခွာကြပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ

မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာ ဝေသာလီပြည်သို့ ကြွသွားတဲ့လှေဖောင်ကို မြစ်ဆိပ်ကခွာပေးတဲ့ လူထုကြီးထဲမှာ ကိုယ်တိုင်ပါဝင်ပြီး ကိုယ်တော်တိုင် ရေထဲသို့ ဆင်းပြီး သူ ရဲ့ လည်ပင်းကို ရေထိတဲ့နေရာအထိ ရောက်အောင် လှေဖောင်ကြီးကိုဆွဲပြီး မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်မြတ် ငါးရာ ကို လိုက်ပို့ပါတယ်။

လိုက်ပို့တဲ့နောက်ဆုံးနေရာကို ရောက်တဲ့အခါ

ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

ရှင်တော်မြတ်ဘုရား ဝေသာလီပြည်ကနေ ရာဇဂြိုဟ်ပြည်သို့ ပြန်မကြွလာမချင်း တပည့်တော်ဟာ ဒီ ဂင်္ဂါမြစ်ဆိပ်ကမ်းပေါ်ကနေ အရှင်ဘုရားကို တမ်းတပြီး စောင့်မြော်နေပါမယ်ဘုရား လို့ လက်အုပ်ချီပြီး လျှောက်တင်လိုက်ပါသေးတယ်။

(အောင်ဗောဓိစာပေ)

ရာဇဂြိုဟ်ပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းကနေ

ဝေသာလီပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းအထိ ရေလမ်းခရီးဟာ ဘယူဇနာမျှသာ ကွာဝေးပါတယ်၊ ဒီခရီးတယူဇနာအတွင်းမှာ အင်မတန် တန်ခိုးကြီးတဲ့နတ်တွေ ဗြဟ္မာတွေနဲ့ ဦးဆောင်ကြ တဲ့ နတ်ပရိသတ် ဗြဟ္မာပရိသတ်တွေက ရေပြင်ပေါ်ကနေ မြတ်စွာ ဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာကို ပူဇော်ကြပါတယ်။ ဂင်္ဂါ မြစ်ထဲမှာ နေကြတဲ့ ကမ္ဗလနဂါးမင်းကြီးနဲ့ အဿရကနဂါး မင်းတွေ အမူးပြုတဲ့နဂါးတွေက မြတ်စွာဘုရားနဲ့ရဟန်းသံဃာ တော်မြတ် ငါးရာကို ရေပြင်ပေါ်ကနေ အကြီးအကျယ်ပူဇော် ကြပါတယ်။

ဒီလိုနဲ့

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းသံဃာတွေ လိုက်ပါသွား တဲ့ ရဟန်း လှေဖောင်ကြီးဟာ ရာဇဂြိုဟ်ပြည် ရဲ့ နယ်နိမိတ်ကို ဖြတ်အကျော် ရေလမ်းခရီးတယူဇနာခရီးအလွန် ဝေသာလီ ပြည်ရဲ့ နယ်နိမိတ်ထဲကို ဝင်ရောက်သွားတဲ့အခါ ဝေသာလီပြည် လိစ္ဆဝီမင်းတွေကလဲ ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရ မင်းကြီး လိုပဲ လည်ပင်းကို ရေထိတဲ့ နေရာအထိရောက်အောင် ရေထဲကိုဆင်း လာကြပြီး မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်မြတ် ငါးရာကို ခရီးဦး ကြိုကြပါတယ်။

မြတ်စွာဘုရား စီးနင်းလိုက်ပါလာတဲ့ ရတနာလှေဖောင်ကြီး ဝေသာလီပြည်ဘက် ဂင်္ဂါမြစ် ဆိပ်ကမ်းကို ဆိုက်ရောက်တယ်ဆို

ယင်ပဲ အရပ်လေးမျက်နှာမှာ ဝင်ဂျုန်းဂျုန်းနဲ့ ထစ်ချုန်းပြီး လျှပ်စစ်လျှပ်ပန်းတွေ ရှက်သန်းထွက်ပေါ်လာကြပြီး ကောင်း ကင်တပြင်လုံး အပြည့်အမိုက် မှောင်အတိဖြစ်အောင် ညိုမှောင် တဲ့ မိုးတိမ်တောင် တိမ်လိပ်တွေ ဝဲရိုင်ရိုပ်တက်လာကြပြီး ဝေသာလီပြည်အပေါ် မိုးကြီး သည်းထန်စွာ စဘောင်ရွာသွန်းချ ပါတယ်။

အဲဒီမိုးကြီးထဲမှာ
မိုးရေတွေအများကြီး ပါလာကြပါတယ်
မြတ်စွာဘုရားဟာ

သူစီးလာတဲ့ ရတနာဒလှေဖောင်ပေါ်ကနေ သူရဲ့ ပထမ လက်ျာခြေတော်ကို ဝေသာလီပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်း မြေ ပေါ်သို့ ချလိုက်တာနဲ့တပြိုင်နက်ပဲ ပေါက္ခရဝဿမိုးကြီး ရွာ သွန်းချပါတယ်။

"ပေါက္ခရဝဿမိုး"ဆိုတာ တခြားမဟုတ်ပါဘူး

မိုးဆိုတာ သူ့ရဲ့ သဘာဝအတိုင်း မိုးရေတွေ ရွာချလိုက် တာပဲ အဲဒီ မိုးရွာချတဲ့ နယ်နိမိတ်အတွင်းမှာ အဘား အကွယ် မပါယင် မိုးရေ စိုမှာပဲ ဒီပေါက္ခရဝဿမိုး ဆိုတာကတော့ အဲဒီမိုးမျိုး မဟုတ်ဘူး ဒီပေါက္ခရဝဿမိုးဟာ မိုးရေ စွတ်ချင် တဲ့ သူတွေကိုသာ မိုးရေတွေ စိုစွတ်ကြပြီး မစိုစွတ်ချင်ကြတဲ့ သူတွေကို မိုးရေတပေါက်မှ မစိုစွတ်တဲ့မိုး ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

စောစောက ရှာချလိုင်တဲ့မိုးကြီးနဲ့
ပေါက္ခရဝဿမိုးထဲမှာ ပါလာတဲ့ မိုးရေတွေဟာ
ဝေသာလီပြည်တပြည်လုံးမှ

အချို့နေရာတွေမှာ ပုဆစ်ဒူးဝန်းနစ်မြုပ်လုမျှ
အချို့နေရာတွေမှာ ပေါင်လည်နစ်မြုပ်လုမျှ
အချို့နေရာတွေမှာ ခါးနစ်မြုပ်လုမျှ
တချို့နေရာတွေမှာ လည်ချိုနစ်မြုပ်လုမျှ မိုးရေအယဉ်ကြီး တသွင်သွင်စီးသွားကြပါတယ်။

အဲဒီမိုးရေအယဉ်ထဲမှာ
ဝေသာလီပြည်ကြီးမှာ နစ်မြုပ်နှံ့ မီးမသင်္ဂြိုဟ်နိုင်ပဲ ချိုင့်တွေ ချုံတွေက သူသေကောင်ပုပ်တွေကို ဂင်္ဂါမြစ်အတွင်းသို့ သယ်ဆောင်တိုက်မျောသွားကြပါတယ် အဲဒါကြောင့် မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ်များ ဝေသာလီပြည်တွင်းသို့ မဝင်ရောက်လာမီ ဝေသာလီပြည် မြေတပြင်တခုလုံးဟာ ဝေသာလီပြည်မှာ ဘေးဆိုးကြီးတွေ မကျရောက်မီတုန်းကလိုပဲ သန့်ရှင်း စင်ကြယ်သွားပါတယ်။

ဝေသာလီပြည်က လိစ္ဆဝီမင်းတွေဟာ
မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ်ငါးရာ ဝေသာလီပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းကို ရောက်လာကြကြောင်း သတင်းစကားကြားသိရတဲ့အခါ ငါတို့ဟာ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာ

ဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာကို ခရီးဦးကြို ပူဇော်မှု ကို ပြုလိုက်တာထက် ပိုပြီး ကြီးကျယ်ခမ်းနားတဲ့ အခမ်းအနားတွေ နဲ့ မြတ်စွာဘုရားနဲ့ ရဟန်းတော် မြတ်များ ကြွရောက်ကြမယ့် လမ်းခရီးကို ပြုပြင် ပြုလုပ် ပြင်ဆင်ကြပါတယ်။

အဲဒီနောက်

လမ်းခရီးကို လုပတဲ့တန်ဆာတွေဆင်ကြပါတယ်

ဝေသာလီပြည်နဲ့ ဝေသာလီပြည်ရဲ့ ဂင်္ဂါမြစ်ကမ်းရဲ့ အကြား မြေလမ်းခရီးဟာ သုံးယူဇနာ အလျား ရှည်ပါတယ်၊ အဲဒီမြေပြင် လမ်းခရီးကို ခြေကျင်လျှောက်လို့ကောင်းအောင် မြေပြင် အနေအထား ညီညွတ် ပြေပြစ်အောင် ပြုပြင် ပြုလုပ် ပြင်ဆင်ကြပြီး မြတ်စွာဘုရား အတွက် ဗယ်ဘက် က ထီးဖြူ တော်နှစ်လက် ညာဘက်မှာ ထီးဖြူတော် နှစ်လက် ပေါင်းထီးဖြူတော် လေးလက် ကျန် ရဟန်းတော် တပါးတပါးစီအတွက် ထီးဖြူတော် ဗယ်ဘက်ကတလက် ညာဘက်ကတလက် ပေါင်း ထီးဖြူနှစ်လက်စီနဲ့ ဆောင်မိုးလိုက်ပါစေဖို့ စီမံကြပြီး ခရီးဦး ကြိုတဲ့ ပူဇော်ပွဲသဘင် ပွဲကြီးကို ဆင်ယင်ကျင်းပ ပြုလုပ် လျက် မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ်များရှိရာ ဝေသာလီပြည်ရဲ့ ဂင်္ဂါမြစ်ဆိပ်ကမ်းသို့ လာရောက်ကြကာ မြတ်စွာဘုရားရှင် နဲ့ ရဟန်းတော်မြတ် ငါးရာကို ကြိုဆိုဖို့စောင့်မျှော်နေကြပါတယ်။

ဝိဇ္ဇာလီမင်းတွေဟာ

(အောင်ဗောဓိစာပေ)

ဒီ သုံးယူဇနာမျှရှည်လျားတဲ့ မြေလမ်းခရီး တလျှောက်လုံးမှာ ရာဇဂြိုဟ်ပြည် ရှင် ဘုရင်ဗိမ္ဗိသာရ မင်းလိုပဲ တယူဇနာတိုင်း တယူဇနာတိုင်းမှာ မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာ အနားယူဖို့ စံကျောင်း တဆောင်စီ ဆောက်လုပ်ပြီး တရက် တယူဇနာနှုန်းနဲ့ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း တော်မြတ် ငါးရာ ကြွရောက်စေပါတယ်။

နားတော့ စခမ်းတိုင်းမှာ
ရာဇဂြိုဟ်ပြည်တုန်းကလိုပဲ
အင်မတန်ကြီးကျယ်ခမ်းလှတဲ့ အလှူပွဲကြီး တွေကို ပြုလုပ်ပေးကြပါတယ်

မြတ်စွာဘုရားနဲ့ ရဟန်းတော်တွေ ကြွရောက်တဲ့ လမ်းခရီးဟာ ရာဇဂြိုဟ်ပြည်ကနေ ရာဇဂြိုဟ်မြစ်ဆိပ်ကို ကြွလာတုန်းက ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာကို ခရီးဦးကြိုဆိုတာထက် နှစ်ဆ ပိုပြီး ကြီးကျယ်ခမ်းနားတဲ့ အခမ်းအနားနဲ့ ကြိုဆိုကြပါတယ်။

အဲဒီပူဇော်ပွဲကို
တန်ခိုးအင်မတန်ကြီးတဲ့ နတ်တွေ
နတ်မင်းတွေရဲ့ဘုရင်သိကြားမင်းနဲ့
ဗြဟ္မာတွေ ကြွရောက်လာကြတဲ့ အတွက် ဝေသာလီပြည်ကို စောင့်ရှောက်နေကြတဲ့ မြေဘုတ်ဘီလူး တွေ သရဲတွေ တစ္ဆေတွေ ဟာ ပြည်နိုင်ငံမှ လွတ်မယ်ဆိုတဲ့ သဘောမျိုးနဲ့ လွတ်ရာသို့ သူထက်ငါ ဦးအောင် အဘင်းတိုးဝေ့ပြီး ထွက်ပြေးသွားကြပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရား ဝေသာလီပြည်တံခါးဝကို ရောက်လာတဲ့ အခါ မြတ်စွာဘုရားဟာ ချက်ချင်း မြို့တွင်းသို့ မဝင်ရောက် သေးပဲ အဲဒီတံခါးအဝမှ ခေတ္တရပ်တော်မူပြီး။

အရှင် အာနန္ဒာ မထေရ်ကို

ချစ်သား အာနန္ဒာ ဒီရတနသုတ္တန်ကို သင်ချစ်သား သင်ယူပြီး ဗလိနတ်စာ ပူဇော်ဖွယ်ရာ တွေကို အသီးသီး ယူဆောင်လျက် လိစ္ဆဝီမင်းသားတွေနဲ့ အတူ ဝေသာလီပြည်ရဲ့ တံတိုင်းသုံးထပ်အကြားမှာ လှည့်လည်ပြီး ပရိတ်အရံအတားကို ပြုလုပ်ရမယ်လို့ မိန့်ကြားပြီး ရတနသုတ္တန် ကို ဟောကြား သင်ပြပေးပါတယ်။

မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်မြတ်များ ဝေသာလီပြည်သို့ ဆိုက်ရောက်တော်မူတဲ့ နေ့မှာပင် ဝေသာလီပြည်တံခါးမှ ဘေး ကြီးသုံးပါးကို ပယ်ရှားနိုင်အောင် ဟောကြားတော်မူတဲ့ ရတနသုတ်ကို သင်ယူပြီး

အရှင် အာနန္ဒာမထေရ်ဟာ

ညဦးမှစပြီး တညလုံး

ပရိတ်အရံအတား အလို့ငှာ နှုတ်က ဌာန်ကရိုဏ်း ပီသစွာ မြတ်စွာဘုရား သင်ပြပေးလိုက်တဲ့ အတိုင်း ရွတ်ဆိုတော်မူလျက် မြတ်စွာဘုရားရဲ့ ကျောက်သပိတ်တော်နဲ့ ရေအပြည့် တည် ယူထားတဲ့ ပရိတ်ရေတွေကို ဝေသာလီပြည် တံတိုင်းသုံးထပ်

အကြားမှာလှည့်လည်ပြီး ပရိတ်အိုးရေစင်ကို ရှင်အာနန္ဒာမထေရ်မြတ်က ပက်ဖျန်းပါတယ်။ ပရိတ်ရေစင် ရေပေါက်များ ကျဲဖျန်းတော်မူလျက် နေရာအနှံ့ လှည့်လည်တော်မူပါတယ်။

အရှင် အာနန္ဒာမထေရ်မြတ်က

“ယံ ကိဉ္စိ ဝိတ္တံ”လို့ ပရိတ်တော်ရဲ့ ပထမဂါထာ ပုဒ်ကို စပြီး ရွတ်လိုက်တာနဲ့ တပြိုင်တည်း ဝေသာလီပြည် အတွင်းက ကြိုတင်ပြီး မထွက်ပြေး မတိမ်းရှောင်ကြဘဲ အမှိုက်ပုံတွေ နံရံကြားတွေမှာ မှီတွယ် ကပ်ရပ်နေကြတဲ့ ဘီလူး သရဲ သဘက် ဘုတ် ပြိတ္တာ တစ္ဆေတွေဟာ မြို့တံခါး လေးပေါက် ကနေသူ့ထက်ငါလုပြီးထွက်ပြေးတိမ်းရှောင် သွားကြပါတယ်။

ဝေသာလီပြည်ထဲက ထွက်ပြေးတိမ်းရှောင်လာတဲ့ သရဲဘီလူး၊ သဘက် ပြိတ္တာ တစ္ဆေတွေဟာ တံခါး လေး ပေါက် ကနေ ထွက်ပြေးရမှာ တံခါးပေါက် မဆံ့လို့ တချို့က တံတိုင်းကို ချိုးဖျက်ပြီး တိမ်းရှောင်သွားကြပါတယ်။

ဘီလူး သဘက် ဘုတ် ပြိတ္တာ တစ္ဆေတွေ ထွက်ပြေးတိမ်းရှောင်သွားကြတဲ့အခါ

လူတွေရဲ့ကိုယ်မှာ အနာရောဂါတွေ ပျောက်ကင်းသွားကြလို့ စိတ်အားငယ်မှုတွေ စိတ်ချောက်ချားမှုတွေ ငြိမ်းအေး ပျောက်ကွယ်သွားကြပါတယ်။

(အောင်ဗောဓိစာပေ)

ဝေသာလီပြည်သူပြည်သား လူအများဟာ

သူတို့ရဲ့ အိမ်အသီးသီးက ထွက်လာကြပြီး ပန်းတွေ အမွှေးနံ့သာတွေ စတဲ့အရာတွေနဲ့ အရှင် အာနန္ဒာမထေရ်ကို ပူဇော်ကြပါတယ်။

ဝေသာလီပြည်က မင်းတွေနဲ့တကွ

ဝေသာလီပြည်သူပြည်သားတွေဟာ မြို့တော်ရဲ့ အလယ်မှာရှိတဲ့ လွှတ်ရုံးခန်းမဆောင်ကို ပန်းမျိုးစုံ နံ့သာမျိုးစုံနဲ့ အထုံအခိုး မွှမ်းမံ လိမ်းကျံကြပါတယ် ဗိမာန်မျက်နှာများကို သန့်ရှင်းကြပါတယ် တန်ဆာမျိုးစုံဆင်ယင်ကြပါတယ် အဲဒီနောက် အဲဒီခန်းမဆောင်မှာ မြတ်စွာဘုရား နေထိုင်ရာ ဗုဒ္ဓါသန မမှုပလ္လင်ကို ခင်းထားကြပြီး မြတ်စွာဘုရားကို ပင့်ဆောင်ခဲ့ကြ ပါတယ်။

မြတ်စွာဘုရားဟာ

မြို့လယ်က လွှတ်ရုံးခန်းမဆောင်မင်းကွန်းသို့ကြွဝင်လာတော်မူပြီး ခင်းထားတဲ့ မြတ်စွာဘုရား ထိုင်ရမယ့် သီးခြားနေရာမှာ ထိုင်နေတော်မူပါတယ် ရှင်အာနန္ဒာနဲ့ ရဟန်းသံဃာများလည်း သူတို့ရဲ့ အလုပ်တာဝန် ပြီးဆုံးတဲ့အခါ မြတ်စွာဘုရား ရှိရာ သို့ လိုက်ပါလာကြပါတယ်။

လိစ္ဆဝီမင်းသားတွေ တိုင်းသူပြည်သားတွေဟာ သူတို့ နဲ့ သင့်ရာနေရာ အသီးသီးမှာ ထိုင်နေကြပါတယ် သိကြားမင်း

(အောင်ဗောဓိစာပေ)

နတ်မင်း စတုမဟာရာဇ်နဲ့ တာဝတိံသာနတ်ရွာက နတ်ပရိသတ်တွေ ရောက်လာကြပါတယ်။

အရှင်အာနန္ဒာမထေရ်ဟာ

ဝေသာလီတပြည်လုံးကို လှည့်လည်တော်မူပြီး ပရိတ် အရံအတားကို ပြုတော်မူပြီးတဲ့အခါ ဝေသာလီ ပြည်သူပြည်သား လူအများနဲ့အတူ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဝေသာလီပြည်ရဲ့ အလယ်မှာရှိတဲ့ လွှတ်ရုံးခန်းမဆောင်သို့ ကြွလာတော်မူလာပြီး သူ့အနေနဲ့ မနေအပ်တဲ့ အပြစ်ကင်းရာအရပ်နေရာမှာ ထိုင်နေတော်မူပါတယ်။

အဲဒီပရိသတ်အစည်းအဝေးကြီးမှာ
မြတ်စွာဘုရားက
လူတွေ နတ်တွေနဲ့ ဗြဟ္မာတွေကို ရတနသုတ် ဟောကြားတော်မူပါတယ်
မြတ်စွာဘုရား ဝေသာလီပြည်မှာ (၇)ရက် သီတင်းသုံး နေထိုင်တော်မူပြီးနောက်

လိစ္ဆဝီမင်းအပေါင်းကို
ငါတို့သွားမယ်လို့ ခွင့်ပန်စကား မိန့်ကြားပါတယ်
လိစ္ဆဝီမင်းတွေဟာ မြတ်စွာဘုရားနဲ့ ရဟန်းတော် များ ဝေသာလီပြည်သို့ ကြွရောက်လာစဉ်က ဗိမ္ဗိသာရမင်းကြီး က မြတ်စွာဘုရားကို ကြိုဆိုတာထက် နှစ်ဆလွန်တဲ့ ပူဇော်သက္ကာရ

မှုပြုပြီး အပြန်မှာ မြတ်စွာဘုရားအပေါ်မှာ သဒ္ဓါ စိတ် များလွန်းလှတဲ့အတွက် ဝေသာလီပြည်က ရာဇဂြိုဟ်ပြည်ကို အပြန်မှာ မြတ်စွာဘုရား ကြွလာတုန်းကထက် နှစ်ဆတိုးပြီး ခမ်းနားလှတဲ့ အစီအစဉ်တွေနဲ့ ပြန်ပို့ပါတယ်။

အပြန်ခရီး သုံးယူဇနာကို သုံးရက်ခရီးနဲ့ မြတ်စွာဘုရား ကို ဂင်္ဂါမြစ်ဆိပ်သို့အရောက် ပြန်လည် လိုက်ပို့ ဆောင်ရွက်ကြ ပါတယ်။

ဂင်္ဂါမြစ်မှာနေထိုင်ကြတဲ့နဂါးမင်းတွေဟာ

သူတွေဟာ မြတ်စွာဘုရားကို အင်မတန်ကြီးကျယ်တဲ့ပူဇော်ပွဲကြီးကို ပြုလုပ်ကြနေတယ် ငါတို့ ဘာဖြစ်လို့ သူတို့ လိုက်မပြုလုပ်နိုင်ကြဲရမှာလဲ ပြုလုပ်နိုင်ကြရမှာပေါ့ ကြံစည်တိုင်ပင်ကြပြီး ရွှေလှေ ငွေလှေ ပတ္တမြားလှေတွေကို ဖန်ဆင်းကြပြီး အဲဒီ ရွှေလှေ ငွေလှေ ပတ္တမြားလှေတွေမှာ ရွှေပလ္လင် ငွေပလ္လင်တွေကို ခင်းထားကြပြီး ဂင်္ဂါမြစ်ရေတပြင်လုံးကို အဆင်းငါးမျိုးနဲ့ ဖုံးလွှမ်းတန်ဆာ ဆင်ကြပြီး နောက်။

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

တပည့်တော်တို့ကို သနားသဖြင့် ချီးမြှောက်တော်မူပါဘုရား လို့ မြတ်စွာဘုရားကို လျှောက်ထား တောင်းပန် ကြပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားလည်း

နဂါးမင်းတွေလျှောက်ထားတောင်းပန်ချက်ကို လက်ခံတော်မူပြီး နဂါးမင်းတို့ ဖန်ဆင်းထားတဲ့ ရတနာ လှေတော်ပေါ်သို့ တက်ရောက်တော်မူပါတယ် ရဟန်းတော်မြတ် ငါးရာတို့လည်း ရတနာလှေ ငါးရာထက်သို့ အသီးသီး တက်စီးတော်မူကြပါတယ် နဂါးမင်းတွေဟာ မြတ်စွာဘုရားနဲ့ အတူ ရဟန်းသံဃာတော်နဲ့တကွ နဂါးပြည်သို့ ပင့်ဆောင်သွားကြပါတယ်။

နဂါးဘုံဗိမာန်မှာ

မြတ်စွာဘုရားက ညဥ့်သုံးယံပတ်လုံး နဂါးပရိသတ်ကို တရားဟောတော်မူပါတယ် နောက်တနေ့မှာ နဂါးမင်း တွေဟာ နတ်မှာဖြစ်တဲ့ စားစရာ သောက်စရာတွေနဲ့ မြတ်စွာဘုရား အမှူးရှိတဲ့ ရဟန်းသံဃာတော်တွေကို အကြီးအကျယ် လှူဒါန်း ပြုစုကြပါတယ်။

အဲဒီအလှူပွဲကြီးမှာ

မြတ်စွာဘုရားက နဂါးမင်းရဲ့ အလှူကို အနုမောဒနာတရား ချီးမြှင့်ပြီး နဂါးပြည်မှ ပြန်လည် ထွက်ကြွတော်မူခဲ့ပါတယ်။

ဘုမ္မစိုးနတ်တွေကလည်း

လူတွေ နဂါးတွေက မြတ်စွာဘုရားကို ကြီးစွာသော ပူဇော် သက္ကာရမှုကိုပြုကြတယ် ငါတို့လည်း ဘာဖြစ်လို့ သူတို့လို မပြုလုပ်

နိုင်ကြရမှာလဲပြုလုပ်ကြမယ်လို့ သူတို့အချင်းချင်းစုပေါင်းကြံစည် တိုင်ပင်ကြပြီး တောအုပ် သစ်ပင် တောင် စတဲ့ အလှန်အလှန် ကောင်းမွန်တဲ့ ထီးတွေကို ရိုက်ထောင် လှူဒါန်းပြီး ပူဇော်ကြပါ တယ် ဒီနည်းအတိုင်း အထနိဋ္ဌ ဖြူဟာပြည်တိုင်အောင် မြတ်စွာ ဘုရားနဲ့ ရဟန်းတော်မြတ် ငါးရာကို ကြီးစွာသော ပူဇော်သက္ကာ ရမှုဖြင့် ပူဇော်ကြပါတယ်။

ဗိမ္ဗိသာရမင်းတရားသည်း လိစ္ဆဝီမင်းတို့က မြတ်စွာဘုရားပြန် ကြွတော်မူသောအခါ ပြုလုပ်လိုက်ကြတဲ့ ပူဇော် သက္ကာရထက် နှစ်ဆကြီးကျယ် ခမ်းနားတဲ့ ပူဇော်ပွဲကြီးကို ပြုလုပ်ပြီး မြတ်စွာ ဘုရားနဲ့ ရဟန်းတော်မြတ်ငါးရာကို ပူဇော်ကာ ရှေးဆိုအပ်ပြီး နည်းအတိုင်း ငါးရက်ခရီးနဲ့ မြတ်စွာဘုရားနဲ့ ရဟန်းတော်မြတ် များကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ အရောက် ပင့်ဆောင်ကြပါတယ်။

ဒါဟာ

မြတ်စွာဘုရား လာဘ်တွေနဲ့ ပူဇော်ခံရတဲ့ ဖြစ်ရပ်တွေ ထဲက ထင်ရှားတဲ့ ဖြစ်ရပ်တခု ဖြစ်ပါတယ်။

(အောင်ဖော်မိစာပေ)

## မြတ်စွာဘုရား
## ပုဗ္ဗာရုံကျောင်း အလှူခံရပုံ

အင်္ဂတိုင်း ဘဒ္ဒိယမြို့မှာ မနုဍ္ဍယလို့ခေါ်တဲ့ သူဌေးကြီးတဦး ရှိပါတယ် အဲဒီသူဌေးကြီးရဲ့ ကတော်က သုမနဒေဝီ ဖြစ်ပါတယ်။ သူဌေး ဇနီးမောင်နှံမှာ ဝိသာခါလို့ ခေါ်တဲ့ သမီး တယောက် ရှိပါတယ် မြတ်စွာဘုရား အင်္ဂတိုင်းထဲက ဘဒ္ဒိယမြို့ကို ကြွရောက်လာစဉ်က မနုဍ္ဍယရဲ့ ဖခင် ဝိသာခါရဲ့ အဖိုးဖြစ်တဲ့ သူဌေးကြီး မေဏ္ဍကဟာ အမျိုးသမီး(၅၀၀)ခြံရံပြီး မြတ်စွာဘုရား ကြွလာတာကို ကြိုဆိုပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအချိန်တုန်းက
ဝိသာခါဟာ(၇)နှစ်အရွယ်သာ ရှိပါသေးတယ်

ဝိသာခါရဲ့အဖိုး သဌေးကြီး မေဏ္ဍကဟာ အချုံးသမီး (၅၀၀)ခြံရံပြီး မြတ်စွာဘုရားကို ကြိုဆိုပွဲမှာ သူ့ရဲ့မြေးမကလေး ဝိသာခါကို ခေါ်လာပါတယ် အဲဒီကြိုဆိုပွဲမှာ မြတ်စွာဘုရားက အနုံမောဒနာတရားဟောကြားပါတတ်။

ဝိသာခါဟာ

အဲဒီကြိုဆိုပွဲမှာ မြတ်စွာဘုရား ဟောကြားတဲ့အနုံမောဒနာတရားကို နာကြားရတဲ့အတွက် အဲဒီ နေရာမှာပဲ သောတာပန်ဖြစ်သွားပါတယ်။

သဌေးကြီး မေဏ္ဍကဟာ

မြတ်စွာဘုရားနဲ့ နောက်ပါ သံဃာတော်များကို နောက်နေ့နံနက် သူ့ရဲ့အိမ်သို့ ဆွမ်းစားပင့်ဖိတ်ပါတယ်။

နောက်နေ့နံနက် မြတ်စွာဘုရားနဲ့နောက်ပါသံဃာ(၁၂၅၀) သဌေးကြီးရဲ့အိမ်သို့ ကြွရောက် ဆွမ်းဘုဉ်းပေးပြီးတဲ့ အချိန်မှာ မြတ်စွာဘုရားဟာ အလှူနဲ့ ပတ်သက်တဲ့ အနုမောဒနာ တရားဟောကြားပါတယ် ဒီအကြိမ်မှာ မြတ်စွာဘုရားရဲ့ အနုမောဒနာတရားကို နာကြားကြရတဲ့အတွက်ကျန်တဲ့ဝိသာခါရဲ့အဘွားဖြစ်တဲ့ စန္ဒပဒုမာနဲ့ဝိသာခါရဲ့ မိဘ နှစ်ပါးဖြစ်ကြတဲ့ ဓနဥ္စယနဲ့

သုမနဒေဝီအပါအဝင် ကျွန်ုပ်တို့ပါ သောတာပန်ဖြစ်သွားကြပါတယ်။

ဝိသာခါ(၁၆)နှစ်အရွယ် ရောက်လာတဲ့အခါ

သာဝတ္ထိမြို့က မိဂါရလို့ခေါ်တဲ့ သဌေးကြီးရဲ့သား ပုဏ္ဏဝဍ္ဎနလုလင်နဲ့ ဝိသာခါတို့ နှစ်ဦးနှင့်ဖက် မိဘများရဲ့ သဘောတူ ခွင့်ပြုချက်အရ လက်ထပ်လိုက်ပါတယ်။

အဲဒီလက်ထပ်ပွဲမှာ

ဝိသာခါရဲ့ဖခင် သဌေးကြီး ဓနဉ္စယဟာ

သူ့ရဲ့သမီး ဝိသာခါအတွက် မဟာလတာလို့ခေါ်တဲ့ ရွှေအလေးချိန်(၅၀) ဝိသာခါအပေါ်မှာ အင်မတန် အဖိုးတန်တဲ့ ရတနာတွေနဲ့ တန်ဆာဆင်ထားတဲ့ ဝတ်ရုံတခု ပြုလုပ်ပါတယ် အဲဒီဝတ်ရုံကို ရွှေပန်းထိမ်လုပ်သား (၅၀၀) (၄) လ အချိန်ယူပြီး ပြုလုပ်ရပါတယ် ပြုလုပ်ခ တသိန်းပေးရပါတယ်။

ရွှေခင်ပိဿာ (၅၀) အပေါ်မှာ စိန်က ငါးကွန်းစား ပုလဲ (၁၁)ကွန်းစား သန္တာ(၂၂)ကွန်းစား ပတ္တမြား (၃၃)ကွန်းစားနဲ့ တခြားအင်မတန် အဖိုးတန်တဲ့ ရတနာ (၇)ပါးနဲ့ တန်ဆာဆင်ပြီး ပြုလုပ်ထားတဲ့ တန်ဆာဖြစ်ပါတယ် အဲဒီတန်ဆာဟာ (၉)ကုဋေတန်ပါတယ်။

ဝိသာခါရဲ့ဖခင် ဓနဉ္စယသဌေးကြီးဟာ ဝိသာခါကို အဲဒီ (၉)ကုဋေတန်တဲ့ ဝတ်ရုံ ပေးလိုက်ပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအပြင်
သဒ္ဓေးကြီးဟာ
သူ့သမီးအတွက်

၁။ ငွေလှည်းအစီး(၅၀၀)
၂။ အဝတ်အထည်လှည်းအစီး(၅၀၀)
၃။ ထောပတ်ဆီဆန်လှည်းအစီး(၅၁၀)
၄။ အဖော်သတို့သမီး(၂၀၀၀)
၅။ အလုပ်အကျွေးကျွန်မ(၁၅၀၀)
၆။ နွားထီးနွားမ(၇)သိန်း (၂)သောင်း
၇။ ရေချိုမှုန့်ဖိုး(၅၄)မျိုးသောပစ္စည်းကိုပေးလိုက်ပါတယ်။

အဲဒီအပြင်
ဖခင်သဒ္ဓေးကြီးဟာ
သူ့သမီးဝိသာခါကို ဩဝါဒ(၁၀)မျိုး ပေးလိုက်ပါသေးတယ်

သဒ္ဓေးကိုယ်စား ဝိသာခါကိုအကြံပေးဖို့ ပုဂ္ဂိုလ်(၈)ဦး ကိုလည်း ထည့်ပေးလိုက်တယ်။

တနေ့မှာ

ဝိသာခါရဲ့ ယောက္ခမတွေဟာ တက္ကဒွန်း(၅၀၀) ကို နို့ဆွမ်း ကျွေးပါတယ် အဲဒီနို့ဆွမ်းကျွေးတဲ့အလှူပွဲကို ဝိသာခါ

မတက်ရောက်ပါဘူး အလှူပွဲကို ဝိသာခါ မတက်ရောက်တဲ့ အတွက် ဝိသာခါရဲ့ ယောက္ခမက ဝိသာခါကို မကျေနပ်ပါဘူး အခုလို အတောအတွင်း ဝိသာခါရဲ့ ယောက္ခမဟာ မြတ်စွာဘုရားရဲ့ တပည့်ရဟန်း သံဃာတပါးကို အကျန်ပစ္စည်းကို ဆွမ်းအဖြစ် လောင်းလှူတဲ့အတွက် ဝိသာခါက သူမရဲ့ယောက္ခမကို မကျေနပ်ပါဘူး။

ဒီလိုနဲ့ ယောက္ခမက တက္ကတွန်းတွေကိုကိုးကွယ်လို့ ချွေးမက မြတ်စွာဘုရားကို ကိုးကွယ်လို့ ဆိုတဲ့ အယူမတူမှုကို အခြေခံပြီး ယောက္ခမနဲ့ ချွေးမ သဘောထား ကွဲလွဲနေကြပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး

တနေ့မှာ

ယောက္ခမက သူ့ရဲ့ချွေးမ ဝိသာခါကို သူ့ရဲ့အိမ်က နှင်ချပါတယ်။

ဒီအရေးအခင်းကြောင့်

ဝိသာခါရဲ့ အစောင့်အရှောက်အဖြစ် သဌေးကြီး က ထည့်ပေးလိုက်တဲ့ပုဂ္ဂိုလ်(၈)ဦးဟာ ယောက္ခမနဲ့ ချွေးမသဘောထား မတိုက်ဆိုင်လို့ ဖြစ်ပေါ်တဲ့ ပြဿနာထဲ ကြားကဝင်ပြီး ဖျန်ဖြေပေးလိုက်ကြမှ ယောက္ခမနဲ့ ချွေးမရဲ့အရေးအခင်း ပြဿနာဟာ ပြေလည်သွားကြပါတယ်။

(အောင်သောဒိသာသ)

အဲဒီအချိန်မှာ

ဝိသာခါရဲ့ယောက္ခမဟာ သူ့မှားကြောင်း ဝန်ခံပြီး နောင် မြတ်စွာဘုရားနဲ့ သံဃာတော်များနဲ့ ပတ်သက်ပြီး ဝိသာခါပြု လိုရာပြုနိုင်တယ် သူဘာမှဝင်မစွက်တော့ဘူး ဘာမှလည်း ဝင် မပြောတော့ပါဘူးလို့ ဝန်ခံခွင့်ပြုပါတယ်။

တနေ့မှာ

ဝိသာခါဟာ မြတ်စွာဘုရားကို ဆွမ်းဆက်ကပ်ပါတယ်
အဲဒီဆွမ်းကပ်ပွဲသို့ဝိသာခါဟာ သူမရဲ့ယောက္ခမနှစ်ယောက် စလုံးကို တက်ရောက်ဖို့ဖိတ်ကြားပါတယ် ဝိသာခါရဲ့ယောက္ခမ နှစ်ယောက်စလုံး ဝိသာခါရဲ့ ဆွမ်းကပ်တဲ့ အလှူပွဲကို တက် ရောက်ကြပြီး မြတ်စွာဘုရားရဲ့ အနုဒ္ဓမ္မာဒေသနာတရားကို နာကြား ရတဲ့အခါ သောတာပန် ဖြစ်သွားကြပါတယ်။

တနေ့မှာ
ဝိသာခါဟာ နံ့သာ(၁၆)မျိုးနဲ့ ရေချိုးပြီး
မြတ်စွာဘုရားကို ရိုရိုသေသေ ရှိခိုးပါတယ်
အဲဒီနောက်
ဝိသာခါဟာ

မြတ်စွာဘုရားရဲ့အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားရဲ့အနောက်တည့်တည့်အရပ်
(အောင်ဗေဒါစာပေ)

မြတ်စွာဘုရားနဲ့ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့နီးလွန်းတဲ့အရပ်
မြတ်စွာဘုရားထက်မြင့်မောက်တဲ့အရပ်နဲ့
မြတ်စွာဘုရားရဲ့လေညာအရပ် စတဲ့ အပြစ် ဖြစ်နိုင်တဲ့ အပြစ်ခကင်းတဲ့ အချပ် (၆)ချပ်က ကင်းဝေး လွတ်မြောက်တဲ့အရပ်ကနေပြီး

မြတ်စွာဘုရာ ထံမှ

၁။ ညွှတ်သည်ရဟန်းများ
၂။ ခရီးသွား ရဟန်းများ
၃။ သူနာရဟန်းများ
၄။ သူနာပြုရဟန်းများအမြဲဆွမ်းကပ်ခွင့်ပြုရန်
၅။ ယာဂု
၆။ ဆေးအမြဲလှူခွင့်ပြုရန်
၇။ ရဟန်းမများအားရေသနုပ်
၈။ ရဟန်းယောကျ်ားများ အား မိုးရေခံ သင်္ကန်း အမြဲလှူနိုင်ရန် လှုပိုင်ခွင့်တော်ပြုပါတယ်။

မြတ်စွာဘုရားက ဝိသာခါရဲ့ တောင်းတဲ့ဆု ပြည့်စုံစေ လို့ ခွင့်ပြုပါတယ်

အဲဒီနောက်

ဝိသာခါဟာ

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်အရ

မြတ်စွာဘုရားနဲ့ သံဃာတော်များအတွက်

(က) ကိုးကုဋေတန်တဲ့မြေပေါ်မှာ

(ခ) ကိုးကုဋေတန်တဲ့

၁။ ဘုံ(၇)ဆင့်ရှိပြီး
အထက်မှာအခန်း(၅၀၀)
လေးထပ်မှာအခန်း(၅၀၀)ရှိတဲ့
ပင်မကျောင်းနဲ့

၂။ အဲဒီပင်မကျောင်းပတ်ပတ်လည်မှာ
ကမ္မဋ္ဌာန်းကျောင်း(၅၀၀)နဲ့

၃။ ဇရပ်တန်ဆောင်း(၅၀၀)ပါဝင်တဲ့
ပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်ပြီး၊

(ဂ) ကိုးကုဋေအကုန်အကျခံတဲ့ (၄)လကျော်ကြာတဲ့ ပုဗ္ဗာရုံကျောင်း ရေစက်ချ အလှူပွဲကြီးကို ပြုလုပ်လှူဒါန်းပါတယ်။

ဒါဟာ

မြတ်စွာဘုရား လာဘ်ရခြင်းတွေထဲက ထင်ရှားတဲ့ ဖြစ်ရပ်တခု ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

၃၉

# မြတ်စွာဘုရား
# ဇေတဝန်ကျောင်း အလှူခံရပုံ

တချိန်တုန်းက သာဝတ္ထိပြည်မှာ အနာထပိဏ်လို့ ခေါ်တဲ့ သဌေးကြီး တဦးရှိပါတယ် အဲဒီသဌေးကြီးမှာ နှမတယောက် ရှိပါတယ် အဲဒီနှမရဲ့ယောကျ်ားဟာ ရာဇဂြိုဟ်ပြည်ကသဌေး တဦး ဖြစ်ပါတယ် ရာဇဂြိုဟ်ပြည်က သဌေးကြီးမှာလည်း နှမတယောက် ရှိပါတယ် အဲဒီနှမရဲ့ယောကျ်ားဟာ သာဝတ္ထိပြည်က အနာထပိဏ်သဌေး ဖြစ်ပါတယ်။

အဲဒါကြောင့်

ရာဇဂြိုဟ်က သဌေးနဲ့ သာဝတ္ထိပြည်က အနာထပိဏ် သဌေးကြီးဟာ မောင်လည် နှမလည်တွေ ဖြစ်ကြပါတယ်။

(အောင်ဗောဓိစာပေ)

ဒီသဘောတရားကြီးနှစ်ခုဟာ ရာဇဂြိုဟ်ပြည်က ထွက်တဲ့ကုန်ပစ္စည်း တွေနဲ့ သာဝတ္ထိပြည်က ထွက်တဲ့ပစ္စည်းတွေကို ဖလှယ်ရောင်း ဝယ်နေကြသူတွေ ဖြစ်ကြပါတယ်။

ရာဇဂြိုဟ်ပြည်က သဘောဟာ ရာဇဂြိုဟ်ပြည်ကထွက်တဲ့ ကုန် ပစ္စည်းတွေကို လှည်းငါးရာနဲ့ သယ်ဆောင်သွားပြီး သာဝတ္ထိ ပြည်ကို လာရောက်တဲ့ အခါတိုင်း သာဝတ္ထိပြည်ကို မရောက်မီ တယူဇနာအလိုရှိ အရောက်မှာ သူ သာဝတ္ထိပြည်သို့ကုန်ရောင်း ဖို့ လာရောက်ကြောင်းကို သာဝတ္ထိပြည်ကသဘောကြီး အနာထ ပိဏ်ထံကို ကြိုတင် သတင်းကြားပို့ပါတယ်။

အနာထပိဏ်သဘောကြီးဟာ

ရာဇဂြိုဟ်ပြည်က သာဝတ္ထိပြည်ကို ကုန်သွားရောင်းတဲ့သဘော ကို သွားရောက် ခရီးဦးကြိုဆိုပြီး အထူး ဧည့်ခံ ကျွေးမွေး မှု ပြု စုပါတယ်။ အဲဒီနောက် ယာဉ်တစီးတည်းရဲ့အပေါ်မှာ သဘော ကြီးနှစ်ဦးအတူစီးပြီး သာဝတ္ထိမြို့ထဲကို ဝင်လာကြပါတယ်။

သာဝတ္ထိပြည်ကိုရောက်တဲ့အခါ

ရာဇဂြိုဟ်သဘောဟာ သူ သယ်ယူဆောင်လာတဲ့ ကုန်ပစ္စည်း တွေကို ရောင်းပါတယ် ရောင်းလို့မကုန်ပဲ ကျန်နေတဲ့ကုန်ပစ္စည်း တွေကို သူ့နှမရဲ့အိမ်မှာအပ်ထားခဲ့ပြီး ပြန်သွားပါတယ်။
အခုလိုပဲ
အနာထပိဏ်သဘောဟာလည်း

သာဝတ္ထိပြည်က ထွက်တဲ့ ကုန်ပစ္စည်းတွေကို ဝယ် ယူပြီး ရာဇဂြိုဟ်ပြည်သို့ ကုန်ရောင်းသွားတဲ့ အခါ သာဝတ္ထိပြည်က သဌေးကြီးကလည်း ရာဇဂြိုဟ်ပြည်ကို ရောက်ဖို့ တယူဇနာအလို ခရီးအရောက်မှာ သူ ရာဇဂြိုဟ်ပြည်ကို ကုန်ရောင်း လာရောက် ကြောင်း သတင်းပို့လိုက်တဲ့အခါ ရာဇဂြိုဟ်ပြည်က သဌေးကြီး ကလည်း သာဝတ္ထိပြည်က သဌေးလိုပဲ ရာဇဂြိုဟ်ပြည်ကိုရောက် ဖို့ တယူဇနာအလိုကနေ လာရောက် ကြိုဆိုပါတယ်။

ဒီလိုနေလာလိုက်ကြတာ

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ ဒုတိယဝါဆိုပြီးတဲ့ နှစ်မှာ အနာထပိဏ်သဌေးဟာ သူ့ရဲ့ သာဝတ္ထိပြည်က ထွက်တဲ့ကုန် ပစ္စည်းတွေကို ဝယ်ယူပြီး လှည်းအစီးငါးရာနဲ့ တင် ဆောင် လျက် ရာဇဂြိုဟ်ပြည်သို့ ကုန်ရောင်းခရီး ထွက်ခဲ့ပါတယ်။

ထုံးစံအတိုင်း

ရာဇဂြိုဟ်ပြည်ကို မရောက်မီ တယူဇနာအလိုအရပ်ကို ရောက် တဲ့အခါ အနာထပိဏ်သဌေးကြီးဟာ သူလာကြောင်းကို ရာဇ ဂြိုဟ်ပြည်က သဌေးကြီးဆီကို သဘင်းစကားပါးတဲ့ သဝဏ်လွှာ အပို့ လွှတ်လိုက်ပါတယ်။

သာဝတ္ထိပြည်က အနာထပိဏ်သဌေးဟာ စေလွှတ်လိုက်တဲ့ သူဟာ ရာဇဂြိုဟ်သဌေးကြီး ဆီကို ရောက်လာပြီး အနာထပိဏ် သဌေးပါးလိုက်တဲ့ သတင်းလွှာကို ပေးအပ်ပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအချိန်မှာ

ရာဇဂြိုဟ်ပြည်ကသဌေးကြီးဟာ

အနာထပိဏ်သဌေးစေလွှတ် ပေးပို့လိုက်တဲ့ သတင်း စကားတွေကို နားမထောင်နိုင်ပဲ၊

၁။ မြတ်စွာဘုရား ရဲ့ တရားကို နာဖို့ မြတ်စွာ ဘုရား သီတင်းသုံးနေတော်မူတဲ့ တောရကျောင်းကို သွား ရောက် တရားနာပြီး

၂။ မြတ်စွာဘုရားအမှူးပြုတဲ့ရဟန်းသံဃာတွေကို မနက် ဖြန် တပည့်ဘော်ရဲ့အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွ ရောက်ကြပါလို့ တောင်းပန် ပင့်ဖိတ်ခဲ့ ပြီး ဖြစ်တဲ့ အတွက်

၂။ မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတော်တွေ သူရဲ့အိမ်သို့ ဆွမ်းစားကြွလာကြတဲ့ အခါ မြတ်စွာ ဘုရားနဲ့ နောက်ပါရဟန်းသံဃာတော်တွေအတွက် ဆွမ်းကိစ္စ အရပ်ရပ် အဆင်သင့်ဖြစ်အောင် စီမံ ပြု လုပ်နေပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

အခုပင် ငါ့ကိုလာပြီး ခရီးကြိုဆိုမှု ပြုလိမ့်နိုး ပြုလိမ့် နိုး အောက်မေ့ယင်း ခရီးစဉ်အတိုင်း လာခဲ့ရာ ဒီလိုနဲ့ ရာဇဂြိုဟ် သဌေးရဲ့ အိမ်တံခါးဝကို ရောက်လာတဲ့တိုင်အောင် ဘယ်သူမှ

(အောင်ဗောဓိစာပေ)

သူ့ကိုလာရောက် မကြိုဆိုကြရုံမက သဌေးကြီးရဲ့ခြံဝ အိမ်စသို့ ရောက်လာတဲ့တိုင်အောင် ဘယ်သူမှ အိမ်ကထွက်လာပြီး သဌေး ကြီးရဲ့ ကလေးတွေ ကျန်းမာကြပါရဲ့လား လမ်းခရီးမှာ မပင် ပန်းပဲ ချမ်းသာခဲ့ပါရဲ့လား စတဲ့ ခရီးဦးကြိုတဲ့ နှုတ်ခွန်းဆက် စကားပြောကြားမယ့်သူ တဦးတယောက်ကိုမှ မတွေ့မြင် ရပါ ဘူး။

ဒီလိုနဲ့
အနာထပိဏ်သဌေးကြီးဟာ
လှည်းပေါ်ကဆင်းပြီး အိမ်ထဲကိုဝင်သွားတော့မှ
ရာဇဂြိုဟ်သဌေးကြီးက အနာထပိဏ်သဌေးကြီးကို

ခါတိုင်းလိုပဲ ဝမ်းမြောက်ဝမ်းသာနဲ့ နှုတ်ခွန်းဆက်တဲ့စကား ပြောကြားပါတယ်၊

အဲဒီနောက်

သဌေးကြီးဟာ သူ့ရဲ့ကျွန်တွေနဲ့အလုပ်သမားတွေကို

အချင်းတို့ မနက်ဖြန်နံနက် စောစောထပြီး ယာဂုကိုကျိုကြ ထမင်းချက်ကြ ဟင်းတွေပြည့်စုံအောင် စီမံကြ လက်သုတ်တွေ ဟင်းလျာတွေကို ပြည့်စုံအောင် စီမံကြလို့ အမိန့်ပေးပြီး သာ ဝတ္ထုပြည့်က သဌေးကြီးကို ဧည့်ခံဖို့ထက် မနက်ဖြန် ဆွမ်း ကပ်ရမယ့်အလုပ်ကိုသာ ဦးစားပေးပြီး စီမံ ပြုလုပ် နေတာကို တွေ့ရပါတယ်။

(အောင်ဗောဓိစာပေ)

ရာဇဂြိုဟ်ပြည်က သဌေးကြီးဟာ ခါတိုင်းလို မဟုတ်ပဲ အရေးကြီးတဲ့ကိစ္စတခုနဲ့ ပတ်သက်ပြီး အလုပ်များနေပုံရတဲ့အတွက် အနာထပိဏ်သဌေးကြီးရဲ့ စိတ်မှာ

ဒီသဌေးကြီးဟာ ရှေးအခါက ငါလာယင် သူ့ရဲ့လုပ်လက်စအလုပ်တွေကို ခေတ္တရပ်ထားလိုက်ပြီး ငါနဲ့အတူ ဝမ်းမြောက်ဝမ်းသာစရာ စကားတွေကိုသာ ပြောကြားတယ် အခုအဲဒီလို မဟုတ်ဘူး ဒီတခါ သဌေးကြီးဟာ ပူပင်တဲ့စိတ်တွေနဲ့ သူ့ရဲ့ ကျေးကျွန်တွေနဲ့ အလုပ်သမားတွေကို

အချင်းတို့ မနက်ဖြန် နံနက် စောစောထပြီး ယာဂုကျိုကြ ထမင်းချက်ကြ ဟင်းတွေ ပြည့်စုံအောင်စီမံကြ လက်သုတ်တွေ ဟင်းချိုတွေစတဲ့ စားစရာ သောက်စရာတွေကို ပြည့်စုံ အောင် စီမံကြလို့ အမိန့်ပေးနေတယ်။

အခုလိုပြုလုပ်နေတာကိုမြင်တော့

ရာဇဂြိုဟ်သဌေးကြီးဟာ

(၁) သူ့သမီးအတွက် မင်္ဂလာပွဲပြုလုပ်နေတာလား

(၂) သူ့သားအတွက် မင်္ဂလာပွဲပြုလုပ်နေတာလား

(၃) ဗိမ္ဗိသာရမင်းကြီးကို နောက်ပါစစ်သည် ဗိုလ်ပါတွေနဲ့အတူ မနက်ဖြန်ထမင်းစားဖို့ ဖိတ်ထား လို့လား၊

**(အောင်ဗောဓိစာပေ)**

(၄) အလှူပွဲတခုခု ပြုလုပ်ဖို့လားဆိုတာကို မဝေခွဲနိုင်တဲ့အတွက်

အနာထပိဏ်သဌေးကြီးက ရာဇဂြိုဟ်သဌေးကြီးကို

သဌေးကြီး

အခုသဌေးကြီး အလုပ်များနေတာဟာ

( ) သင်ရဲ့သမီးမင်္ဂလာပွဲအတွက်ပြုလုပ်နေတာလား

(၂) သင်ရဲ့သားမင်္ဂလာပွဲအတွက်ပြုလုပ်နေတာလား

(၃) ဗိမ္ဗိသာရမင်းကြီးကို နောက်ပါစစ်သည်ဗိုလ်ပါတွေနဲ့အတူ မနက်ဖြန်ထမင်းစားဖို့ ဖိတ်ထားလို့လား၊

(၄) အလှူပွဲတခုခုပြုလုပ်ဖို့လားလို့ မေးပါတယ်

အခုလိုမေးတဲ့အတွက်

ရာဇဂြိုဟ်သဌေးကြီးက အနာထပိဏ်သဌေးကြီးကို

ကျွန်ုပ်မှာ

(၁) သမီးမင်္ဂလာပွဲအတွက် အလုပ်များနေတာလည်းမဟုတ်ပါဘူး

(၂) သားမင်္ဂလာပွဲအတွက် အလုပ်များ နေတာလည်းမဟုတ်ပါဘူး

(၃) ဗိမ္ဗိသာရမင်းကြီးနဲ့ နောက်ပါစစ်သည်ဗိုလ်ပါတွေကို ထမင်းကျွေးဖို့ပြင်ဆင်နေတာတွေလည်းမဟုတ်ပါဘူး။

(အောင်ဗောဓိစာပေ)

မနက်ဖြန် ကျွန်တော်ရဲ့ အိမ်မှာ ဆွမ်းလာစားဖို့ ပင့်ဖိတ်ထားတဲ့ မြတ်စွာဘုရား အမှူးပြုတဲ့နောက် ပါ ရဟန်းသံဃာတော်မြတ်တွေကို ဆွမ်းကျွေးဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်လို့ ပြန်ဖြေပါတယ်။

ရာဇဂြိုဟ်သဌေးကြီးရဲ့ နှုတ်က အားရပါးရ ပြောလိုက်တဲ့ ''မြတ်စွာဘုရား''ဆိုတဲ့ အသံကို ကြားလိုက်ရတဲ့အခါ အနာထပိဏ်သဌေးကြီးဟာ ရုတ်တရက် ခုဒ္ဒိကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိဥဗ္ဗေဂါပီတိဖရဏာပီတိဆိုတဲ့ ပီတိငါးမျိုးကို ရရှိခံစားရပါတယ်။

အနာထပိဏ်သဌေးကြီးဟာ ရာဇဂြိုဟ်သဌေးကြီးကို

သဌေးကြီး

သင်ဟာ''မြတ်စွာဘုရား''လို့ ပြောလိုက်သလားလို့ပြန်မေး ပါတယ် ရာဇဂြိုဟ်သဌေးကလည်း အနာထပိဏ်သဌေးကြီး ကို သဌေးကြီး ကျွန်ုပ်က မြတ်စွာဘုရား လို့ ပြောလိုက်ပါတယ် လို့ ပြန်ဖြေပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

သူ့ရဲ့နားထဲမှာ ကြားလိုက်ရတဲ့ မြတ်စွာဘုရားဆိုတဲ့စကား လုံးဟာ မြတ်စွာဘုရားဆိုတာ ပိုပြီး သေချာအောင် သုံးကြိမ် တိုင်တိုင် ထပ်ထပ်ပြီး မေးပါတယ်။

မေးတိုင်း မေးတိုင်း

(အောင်ဗောဓိစာပေ)

ရာဇဂြိုဟ်သဌေးကြီးက အနာထပိဏ်သဌေးကြီးကို

မြတ်စွာဘုရားဟုတ်ပါဘယ်လို့ပဲ အတည်ပြုပြီး ပြန်ဖြေ ပါတယ်

အနာထပိဏ်သဌေးကြီးဟာ "မြတ်စွာဘုရား" ဆိုတဲ့ သူကြားတဲ့စကားလုံးဟာ သေချာတဲ့အခါ

အနာထပိဏ်သဌေးကြီးက ရာဇဂြိုဟ်သဌေးကြီးကို

သဌေးကြီး လောကမှာ မြတ်စွာဘုရား မြတ်စွာဘုရားဆိုတဲ့ အသံကို ကြားရခဲပါတယ် သဌေးကြီး အခုအခါမှာ အရဟံ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားကို ဖူးမြင်ရ တော့ မယ် အခုမြတ်စွာဘုရား ဆီကို သွားလို့ရမလားလို့ ရာဇဂြိုဟ် သဌေးကြီးကို မေးပါတယ်။

ရာဇဂြိုဟ်သဌေးကြီးက

မြတ်စွာဘုရား အခု သုသာန်သင်းချိုင်းအနီးမှာရှိတဲ့ သီတ ဝနတောရကျောင်းမှာ သီဘင်းသုံးနေဘော် မူဆဲ ဖြစ်တယ် အခုလို နေဝင်ခါနီးအချိန်မှာ အနာထပိဏ် သဌေးကြီး ဟာ အဲဒီ တောရကျောင်းကို သွားရောက်နိုင်မှာ မဟုတ်ပါဘူးလို့ ထင်လို့

ရာဇဂြိုဟ်သဌေးကြီးက သာဝတ္ထိသဌေးကြီးကို

(အောင်ဗောဓိစာပေ)

သင်္ဘေးကြီး ဒီအချိန်မှာ အရဟာ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားဆီကို သွားရောက် ဖူးမြင်ဖို့ အချိန်မရှိတော့ဘူး မိုးချုပ်နေပြီ မနက်ဖြန် မနက်စောစောကြီး ထသွားပြီး၊ အရဟာ ဂုဏ်ရှင် မြတ်စွာဘုရားကို ဖူးမြင်ပါလားလို့ ပြော ပါတယ်။

အနာထပိဏ်သဌေးကြီးလည်း

ရာဇဂြိုဟ်သဌေးကြီးရဲ့အကြံပေးချက်အရ

မနက်ဖြန်နံနက်ကျတော့မှပဲ အရဟာ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားကို သွားရောက်ဖူးမြင်တော့မယ်လို့ ကြံစည်အောက်မေ့ပြီး မြတ်စွာဘုရားကို အာရုံပြုလျက် အိပ်ပျော်သွားပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

မြတ်စွာဘုရားဆိုတဲ့အသံကိုကြားရတဲ့အချိန်ကစပြီး

ရောင်းဖို့ယူလာတဲ့ သူ့ရဲ့ ကုန်ပစ္စည်းတွေကိုရော သူနဲ့အတူ လိုက်ပါလာကြတဲ့ သူ့ရဲ့အလုပ်သမားတွေကိုပါ စိတ်မဝင်စားတော့ပဲ ညစာကိုလည်းမစားတော့ပဲ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်အပေါ်တက်ပြီး သူ့အတွက် ခင်းထားတဲ့ အိပ်ရာမှာ လျောင်းလျက်နှုတ်က မြတ်စွာဘုရား၊ မြတ်စွာဘုရားလို့ ရွတ်ဆိုပွားများယင်း အိပ်ပျော်သွားပါတယ်။

(အောင်ဗောဓိစာပေ)

အနာထပိဏ်သဌေးကြီးဟာ

ညဥ့်ဦးလွန်လို့ သန်းခေါင်အချိန် ရောက်တဲ့အခါ အိပ်ရာက ရုတ်တရက်ထပြီး မြတ်စွာဘုရားရဲ့ဂုဏ်ကို အဖန်တလဲလဲ ဆင်ခြင်အောက်မေ့စဉ် အနာထပိဏ်သဌေးကြီးဟာ မြတ်စွာဘုရား အပေါ် အလွန်ကြည်ညိုတဲ့စိတ်အဟုန် တဖွားဖွားဖြစ်ပွားလာပြီး အခုလို မြတ်စွာဘုရားဆိုတဲ့ အာရုံတခုဘည်းအပေါ်မှာသာ ကြည်ညိုတဲ့စိတ် ထက်သန်လွန်းလို့ ဖြစ်ပေါ်လာတဲ့ ပီတိကြောင့် ဖြစ်တဲ့ အလင်းရောင်တွေ ပေါ်ထွက်လာပါတယ်။

အဲဒီအလင်းရောင်ဟာ

သူ့ရဲ့ ပတ်ဝန်းကျင်ကိုက အမှောင်ထုကို တောင် ပျောက်ကွယ်စေပါတယ် အဲဒီအလင်းရောင်ဟာ ဆီမီး တထောင် ညှိထွန်းထားသလို လင်းထိန်သွားပါတယ်။

'အနာထပိဏ်သဌေးကြီးဟာ

သူ့ကိုယ်သူ ငါမေ့နေလိုက်တာ ငါ့ရဲ့ကိုယ်က ထွက်လာတဲ့ အလင်းရောင်ကို နေရောင်အောက်မေ့ပြီး ငါမြတ်စွာဘုရား ဆီကိုသွားဖို့မေ့နေလိုက်တာလို့ ပြောပြောဆိုဆိုနဲ့ထပြီး ကောင်းကင်မှာလဝန်းကြီး ထွန်းပနေတာကိုမြင်လိုက်မှ ညဥ့်ဦးယံသာ လွန်ပါသေးလား သန်းခေါင်ယံနဲ့ မိုးသောက်ယံ အချိန်တွေ ကျန်ရှိပါသေးလားလို့ စဉ်းစားဆင်ခြင်မိပြီး တဖန်အိပ်ရာသို့ ဝင်ပြီး ပြန်အိပ်ပါတယ်။

(အောင်ဗောဓိစာပေ)

သန်းခေါင်ယံလွန်တဲ့အချိန်မှာလည်း စောစောကလိုပဲ မိုးလင်းပြီး အောက်မေ့လို့ လန့်နိုးပြန်ပါတယ် နောက်မှ မိုးမလင်းသေးပါလားလို့ သိလို့ အိပ်ရာပြန်ဝင်ပါတယ်၊

ဒီလိုနဲ့ မိုးသောက်ယံအဆုံး မိုးလင်းတဲ့အခါ တိုင်အောင် သုံးကြိမ်တိုင်တိုင် အိပ်ရာက လန့်နိုးခဲ့ပါတယ် မိုးလင်းခါနီး မှာ အိပ်ရာကထလာပြီး လသာဆောင်အပြင်ကို ထွက်လာပြီး အဝင်တံခါးမကြီး အနီးကို ရောက်လာပါတယ်။

အဲဒီအချိန်မှာ

ဘုံခုနစ်ဆင့်ရှိတဲ့ အဝင်တံခါးမများဟာ သူ့ အလိုလိုသာ ပွင့်နေပါတယ်

အနာထပိဏ်သဌေးကြီးဟာ

သူနေတဲ့ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်ကဆင်းလာပြီး မြို့ တွင်းကိုဖြတ်လျက် မြတ်စွာဘုရားရှိရာ သုသာန်အနီးက တော ရကျောင်းဆီကို ဦးတည်လျှောက်လာပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

ရာဇဂြိုဟ်ပြည်ရဲ့ တံခါးမကြီးအနီးကိုရောက်လာတဲ့အခါ မြို့ စောင့်နတ်ဘေဟာ ဒီအနာထပိဏ်သဌေးကြီးဟာ မြတ်စွာဘုရား ကို ပူဇော် လုပ်ကျွေး ဆည်းကပ်ဖို့အကြံနဲ့ ထွက်လာတာ ဖြစ် တယ် ဒီသဌေးကြီးဟာ မြတ်စွာဘုရားကို ဖူးမြင်ရယင် သော

တာပတ္တိဖိုလ် တည်ပြီး ရတနာသုံးပါးကိုအကြည်ညိုဆုံး ပုဂ္ဂိုလ်တွေထဲမှာ အသာဆုံး အမြတ်ဆုံး အလုပ်အကျွေး ဒါယကာ တဦးဖြစ်ပြီး အတုမရှိတဲ့ သံဃာတော်မြတ်များ သီတင်းသုံးနေထိုင်မယ့် ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီး အရပ်လေးမျက်နှာက လာကြသမျှသော အရိယာသံဃာအပေါင်းအတွက် အမြဲတံခါးဖွင့်ထားသူ ဖြစ်လိမ့်မယ် ဓိသဌေးကြီးကို တံခါးကို ပိတ်ထားဖို့ မသင့်လျော်ဘူးလို့ ကြံစည်အောက်မေ့ကြပြီး တံခါးဝသို့ သဌေးကြီး မရောက်လာမီ ကြိုတင်ပြီး မြို့တံခါးမကြီးကို ဖွင့်ထားနှင့်ကြပါတယ်။

အနာထပိဏ်သဌေးကြီး မြို့ကထွက်လာတဲ့အခါ

ရာဇဂြိုဟ်ပြည်ဟာ လူမျိုးပေါင်းများစွာ ရောပြွမ်းပြီး စည်ကားလှတဲ့ မြို့ဖြစ်တယ် မြို့တွင်းမှာကိုးကုဋေ မြို့ပြင်မှာကိုးကုဋေပေါင်း လူဦးရေ တဆယ့်ရှစ်ကုဋေ နေထိုင်နေကြတဲ့မြို့ ဖြစ်ပါတယ်။

အခုလိုအချိန်မတော်ညဥ့်အခါမှာ

သေသွားကြတဲ့လူတွေကို မြို့တံခါးမကြီး ပိတ်ထားလို့ မြို့ပြင်သို့ ထုတ်ဆောင်ပြီး မသဂြိုဟ်နိုင်ကြလို့ မြို့ရိုးအပေါ်ရှိ ပြအိုးမှာရပ်ပြီး မြို့တော်တံခါးအပြင်ဘက်ကို ပစ်ချ ကြတယ် လို့ မြတ်စွာဘုရား မြတ်စွာဘုရားဆိုတဲ့ မြတ်စွာဘုရား အာရုံကနေ

(အောင်ဗောဓိစာပေ)

တခြားအာရုံကို ရောက်သွားတဲ့အတွက် ရုတ်တရက် သူ့ရဲ့ ကိုယ်က ထွက်နေတဲ့အလင်းရောင်တွေ ကွယ် ပျောက် သွားပြီး အမှောင်ထု လွှမ်းခြုံလာပါတယ် ရုတ်တရက် အလင်း၊ ရောင် ပျောက်ကွယ်သွားပြီး မှောင်သွားတဲ့အခါ အနာထပိဏ်သဌေး ကြီးမှာ ကြောက်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ကိုယ် တုန်လှုပ်လာပါတယ် မွေ့ညှင်းရှင်ပျ ကြက်သီ ထလာပါတယ်။

အဲဒါကြောင့်

အနာထပိဏ်သဌေးကြီးဟာ

အဲဒီအရပ်ကနေ ရှေ့ကိုဆက်မသွားပဲ ရင်လိုက်မယ် အလုပ် မှာ အနာထပိဏ်သဌေးကြီးဟာ လောလောလတ်လတ် စွန့်ပစ် ပြီး ဖြေင်တဲ့ သူသေကောင်တနေကို နင်းမိပါတယ် အခြား သူသေကောင်တခုကိုလည်း ခြေဖမိုးနဲ့ တိုက်မိပါတယ်။

အခုလို သူသေကောင်ကို နင်းမိလို့ တိုက်မိတဲ့အခါ ယင် ကောင်တွေ ဝေါကနဲပျံသန်း ရစ်ဝဲလိုက်ကြပါတယ် တခြား သူသေကောင်က ထွက်နေတဲ့ အပုပ်နံ့တွေဟာ သဌေးကြီးရဲ့ နှာခေါင်းအတွင်းသို့ တိုးဝင်လာပါတယ်။

အဲဒါကြောင့်

သဌေးကြီးရဲ့စိတ်ထဲမှာ မြတ်စွာဘုရားအပေါ် ကြည်ညိုတဲ့ အင်အား နည်းသွားပါတယ် အဲဒါကြောင့် သဌေးကြီးရဲ့ကိုယ် က ထွက်နေတဲ့ ပီတိကြောင့် အရောင်တွေ ကွယ်ပျောက် သွား ပြီး မှောင်လွှမ်းလာခြင်း ဖြစ်ပါတယ် အခုလို အမှောင် လွှမ်း

လာတဲ့အတွက် သင်္ဘေးကြီးမှာ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း မွန်းညှင်းကြက်သီး ထခြင်းတွေ ဖြစ်ပေါ် လာပါတယ်။

အဲဒါကြောင့်

သင်္ဘောကြီးဟာ အဲဒီအရပ်က နောက်ပြန်လှည့်ပြီး မြို့တွင်းသို့ ပြန်ဝင်ဖို့ စဉ်းစားလိုက်ပါတယ်။

ဒီအချိန်မှာ

သိဝကလို့ခေါ်တဲ့ နတ်ဘီလူးဟာ ကိုယ်ထင်မပြပဲ သင်္ဘောကြီးကို ရှေ့သို့ဆက်သွားဖို့ ရွှေဆည်းလည်း ကိုလှုပ်သလို အင်မတန်သာယာတဲ့အသံနဲ့

အနာထပိဏ်သင်္ဘောကြီး

က။ မင်းတိုက်စိုးတန် အမျိုးမှန်တဲ့ အဖိုးတန်ဆင်ရတနာ တသိန်းတို့ လည်းကောင်း

ခ။ မင်းထိုက်စိုးဘန် အမျိုးမှန်တဲ့အဖိုးတန်မြင်းရထား တသိန်းတို့သည် လည်းကောင်း

ဂ။ မင်းထိုက်စိုးတန် အမျိုးမှန်တဲ့ အဖိုးတန်အာဇာနီရမြင်းရတနာကတဲ့ ရထားဘသိန်းတို့သည် လည်းကောင်း

ဃ။ ပတ္တမြားနား ချောင်း သွယ်ပျောင်းစုံလင် တန်ဆာဆင်အပ်ကုန်ပြီးသော မင်းတိုက်စိုးတန် အမျိုး မှန်

(အောင်ဗောဓိစာပေ)

တဲ့ အဖိုးတန် သတ္တိသမီးရတနာကညာ တ သိန်း တို့သည် လည်းကောင်း မြတ်စွာဘုရားကို ဖူးမြော်မယ် မြတ်စွာဘုရား၏ တရားတော်ကို နာယူမယ် မြတ်စွာဘုရား၏ ရဟန်းသံဃာတော် မြတ်များကို ပြုစုလုပ်ကျွေးမယ်လို့ ရည်ရွယ်မှန်းထားပြီး မြတ်စွာ ဘုရား သီတင်းသုံးနေတော်မူတဲ့ ကျောင်းတော်သို့ အရောက်သွားမယ့် ယောကျ်ား လူစွမ်းကောင်း၏ ခြေတလှမ်းတလှမ်း ရှေ့သို့ တိုးပြီး လှမ်း နေ တဲ့ စေတနာ၏ နှစ်ရာ့ ငါးဆယ့်ခြောက် စိတ် တ စိတ် လောက်တောင် အဖိုးမတန်ပါဘူး။

အနာထပိဏ်သဌေးကြီး
ရှေ့သို့ဆက်ပြီး တိုးသာသွားပါ
ရှေ့သို့ဆက်ပြီး တိုးသာသွားပါ

သင် သဌေးကြီးအဖို့ ရှေ့သို့ဆက်တိုး သွားခြင်းကသာ ချီး မွမ်းအပ်ပါတယ် မြင့်မြတ်လှပါတယ်နောက်ကိုပြန်လည်တာဟာ မချီးမွမ်းအပ်ပါဘူး မမြင့်မြတ်ပါဘူးလို့ ပြောပါတယ်။

ဧတော့မှ
အနာထပိဏ်သဌေးကြီးဟာ

သူ့ကိုယ်သူ ဒီနေရာမှာ ငါတယောက်တည်းလို့ မှတ် ထင် နေတယ် အခု ငါတယောက်တည်း မဟုတ်လှာ ငါနဲ့နောက်

(အောင်ဗောဓိစာပေ)

လိုက်အဖော်သဟဲတွေ ရှိကြသားပဲ ငါဘာဖြစ်လို့ ကြောက်ရမှာလဲလို့ ဆင်ခြင်ပြီး ရဲရင့်လာပြန်ပါတယ်။

ဒီတော့မှ

သဋ္ဌေးကြီးဟာ

သူ့ရဲ့မူလဂိတ်ထားအတိုင်း မြတ်စွာဘုရားအပေါ်မှာ အင်မတန် ကြည်ညိုတဲ့ သဒ္ဓါတဲ့စိတ်တွေ အစဉ်အတိုင်း ပြန်ဖြစ်ပွားလာပါတယ် သဒ္ဓါစိတ် ဖြစ်ပေါ်လာတဲ့အခါ သဋ္ဌေးကြီး ရဲ့ ကိုယ်ကအလင်းရောင်တွေ ပြန်ထွက်လာပါတယ်။

သဋ္ဌေးကြီးရဲ့ကိုယ်က အလင်းရောင်တွေ ပြန်ထွက်လာတာနဲ့ တပြိုင်တည်း သူ့ရဲ့ ပတ်ဝန်းကျင်က အမှောင်ထုပျောက်ကွယ်သွားပါတယ် အမှောင်ထု ပျောက်ကွယ်သွားတာ နဲ့ သဋ္ဌေးကြီးမှာ ကြောက်တဲ့စိတ် တုန်လှုပ်တဲ့ကိုယ် ကြက်သီး မွေးညှင်းထတဲ့သဏ္ဌာန်တွေလည်း ငြိမ်းအေးသွားကြပါတယ်။

အနာထပိဏ်သဋ္ဌေးကြီးဟာ

ရှေ့သို့တိုးပြီး ခရီးဆက်ခဲ့ပြန်ရာ

ကြောက်ဖွယ်ကောင်းလှတဲ့ သုသာန်လမ်းခရီးတလျှောက်မှာ သူသေကောင် အမျိုးမျိုးကို မြင်ရပြန်ပါတယ် ကြောက် ဖွယ်ကောင်းတဲ့ ခွေးတွေရဲ့အသံကို ကြားရပြန်ပါတယ်။

အဲဒါကြောင့်

(အောင်ဗောဓိစာပေ)

ကြောက်တဲ့စိတ် တဖန် ပြန်ဝင်လာပြီး ဒုတိယအကြိမ်မြောက် ရှေးနည်းအတိုင်း အနာထပိဏ်သဌေးကြီးရဲ့ကိုယ်က ထွက်လာတဲ့ အလင်းရောင်တွေ ပြန်ပြီးပျောက်ကွယ်သွားပါတယ်၊ အဲဒါ အနာထပိဏ်ရဲ့ တော်ဝင်နန်းကျင်မှာ လွှမ်းခြုံလာပြန်ပါတယ်။

ဒီအခါမှာလည်း ရှေးနည်းအတူပါပဲ

သိဝကလို့ခေါ်တဲ့ နတ်ဘီလူးရဲ့ အားပေးစကားပြောကြားပေးမှုကြောင့် ကိုယ်က အလင်းရောင်တွေ ပြန်ထွက်လာလို့ အမှောင်ထု ပျောက်ကွယ်သွားတဲ့အတွက် ရှေးနည်း အတူ ခရီးဆက်ပြီး ရှေ့သို့ တိုးသွားတဲ့အခါ တတိယ အကြိမ်မြောက် ရှေးနည်းအတူ ကိုယ်အလင်းရောင်တွေ ပျောက်ကွယ် သွားပြန်ပါတယ်။

အဲဒီအခါမှာလည်း ရှေးနည်းတူပဲ

သိဝကလို့ခေါ်တဲ့ နတ်ဘီလူးရဲ့ စကားကြောင့် ကိုယ်က အလင်းရောင်တွေ ထွက်လာလို့ အမှောင်ထု ပျောက်ကွယ်သွားတဲ့အခါ ခရီးရှေ့တိုးဆက်ခဲ့ရပြန်ပါတယ်။

ဒီလိုနဲ့
အနာထပိဏ်သဌေးကြီးဟာ
သီတဝနတောအုပ်ကိုရောက်လာပါတယ်၊

အဲဒီအချိန်ဟာ လင်းလုနီးပြီဖြစ်လို့ မြတ်စွာဘုရားဟာ အိပ်ရာကနိုးနေပြီး အပြင်လွင်တီးခေါင်မှာ လူးလာ ခေါက်ပြန် စင်္ကြံတော်လျှောက်နေတော် မူဆဲဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

အနာထပိဏ်သူဌေးကြီးဟာ

မြတ်စွာဘုရားဆီကိုသွားနေယင်း ဒီလောကမှာ ပူရဏကဿပ စတဲ့ တိတ္ထိ ဆရာကြီးတွေဟာ ငါတို့ဟာ ဘုရားတွေ ဖြစ်ကြတယ်လို့ ပြောဆိုကြတယ် ငါဟာ မြတ်စွာဘုရားကိုဖူးမြင်ရတဲ့အခါ ငါဖူးမြင်တဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားအစစ် ဖြစ်တယ်လို့ ဘယ်လိုသိနိုင်ပါမလဲလို့ စဉ်းစားပါတယ်။

အခုလိုစဉ်းစားလိုက်တဲ့အခါ

အနာထပိဏ်သူဌေးကြီးရဲ့စိတ်မှာ

ငါ့ရဲ့ ငယ်နာမည်က သုဒတ္တဖြစ်တယ် ငါ့ရဲ့ ငယ်နာမည်ကို ငါ့ရဲ့မိဘတွေမှတပါး ဘယ်သူမှ မသိကြဘူး အခု ငါ့ကို အနာထပိဏ်လို့ ခေါ်နေကြတာဟာ ငါက ကိုးကွယ်မဲ့နေကြတဲ့ သူတွေကို ထမင်းကျွေးနေလို့ ဖြစ်တယ် အခု ငါမြင်ရတဲ့ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားအစစ်ဆိုယင် ငါ့ရဲ့ ငယ်နာမည်လို့ ခေါ်လိမ့်မယ်လို့ အကြံဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ

အနာထပိဏ်သူဌေးကြီး သူ့ဆီကိုလာနေတာကို အဝေးကြီးကနေမြင်လို့ စင်္ကြံ လျှောက်နေရာကနေ မြတ်စွာဘုရား အတွက် ခင်းထားတဲ့နေရာမှာ ထိုင်ပြီး အနာထပိဏ်သူဌေးကြီး အလာကို စောင့်နေပါတယ် အနာထပိဏ်သူဌေးကြီးအနီးကို ရောက်ရှိလာတဲ့အခါ

မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို

ချစ်သားသုဒတ္တလို့ ခေါ်တော်မူပါတယ်

အနာထပိဏ်သူဌေးကြီးဟာ

ငါ့ကို မြတ်စွာဘုရားဟာ မိဘတွေမှည့်ပေးခဲ့တဲ့ ငါ့ရဲ့နာမည် အရင်းနဲ့ ခေါ်တယ်ဆိုပြီး ဝမ်းမြောက် တက်ကြွတဲ့စိတ်နှလုံးနဲ့ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ပြီး မြတ်စွာဘုရားရဲ့ခြေတော်အစုံမှာ ဦးခေါင်းကိုညွှတ် ဝပ်လျှိုးရှိခိုးပါတယ်။

အဲဒီနောက်

အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားကို

ဘုန်းတော်ကြီး မြတ်တော်မူသော မြတ်စွာဘုရား ၊

အရှင်ဘုရား ချမ်းသာစွာ ကျိန်းစက်တော်မူရပါရဲ့လားဘုရား လို့ လျှောက်ထားမေးမြန်းပါတယ်။

အခုလိုမေးတဲ့အခါ

မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို

အနာထပိဏ်သူဌေး အကြွင်းရဟန္တာ အရှင်မြတ်ဟာ ဝတ္ထုအာရုံကာမဂုဏ်တွေ အပေါ်မှာ တပ်မက်တဲ့ ကိလေသာ အပူမရှိဘူး ကိလေသာအစွဲကြောင့် ခံစားရတဲ့ အပူကင်းဝေး ငြိမ်းအေးတော်မူတယ် ကိလေသာ အဘိသင်္ခါရ ကာမဂုဏ် အစရှိ ဥပဓိတရားတို့မှ ကင်းရှင်းတော်မူတဲ့ ကိလေသာ ပရိနိဗ္ဗာန် ဝင်ချုပ်ငြိမ်း အပူဓာတ်သိမ်းတော်မူပြီးတဲ့ ရဟန္တာ အရှင်မြတ်ဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာအိပ်ရတယ်။

(အောင်ဗောဓိစာပေ)

ဒါယကာ အနာထပိဏ်သဌေး

ရဟန္တာအရှင်မြတ်ဟာ အလုံးစုံသော အာရုံကို လိုက်စားတဲ့ ယာဉ်ကြောအပေါင်းကို ဝေဖြာ(လေး)ပါးနဲ့ အကြွင်းမဲ့ဖြတ်ပြီးပြီ အပူခပ်သိမ်းကို ငြိမ်းဖျောက်ပြီး ကိလေသာ ခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်သို့ အရဟတ္တဖလသမာပတ်စိတ်မြတ်နဲ့ အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန် အထောက်ထောက် မြတ်တော်ခေတ်မူပြီး ကိလေသာ အပူခပ်သိမ်း အေးငြိမ်းတော်မူပြီးဖြစ်လို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ အိပ်ရတယ်။

အခုလို ကိုယ်တော်မြတ်မှာ

ဣရိယာပုထ်(လေး)ပါးနဲ့ ချမ်းသာစွာ နေထိုင်ရတယ် လို့ မိန့်ကြားတော်မူပြီး မြတ်စွာဘုရားဟာ အနာထပိဏ်သဌေးကြီးကို ဝေဖိုလ်ရောက်ကြောင်း ကောင်းမြတ်တဲ့တရား လမ်းစဉ်ဖြစ်တဲ့ (၁) ဒါနကထာ (၂) သီလကထာ (၃) သဂ္ဂကထာ (၄) မဂ္ဂကထာ ကာမာနံအာဒီနဝ နေက္ခမ္မေ အာနိသံသ ကထာ ဒေသနာကို အစဉ်အတိုင်း ဟောကြားတော်မူပြီး အနာထပိဏ် သဌေးကြီးရဲ့ ခက်ထန်တဲ့စိတ် နူးညံ့တဲ့စိတ် ပိတ်ပင်မှု နီဝရဏ ကင်းတဲ့စိတ် တက်ကြွဝမ်းမြောက်တဲ့စိတ် ကြည်လင်တဲ့စိတ် ဖြစ်ပေါ်နေတာကို သိတော်မူတဲ့အခါ

မြတ်စွာဘုရားဟာ အနာထပိဏ်သဌေးကြီးကို

သစ္စာ(၄)ပါးတရား ဟောကြားပြပါတယ် တရားရဲ့အဆုံးမှာ အနာထပိဏ်သဌေးကြီးဟာ သောတာပန် အဖြစ်ကို ရရှိသွားပါတယ်။

(အောင်သောဓိတာပေ)

ဓိအခါ

အနာဂတပိဋကသာသနာကြီးဟာ

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အလွန်နှစ်သက်ဖွယ်ကောင်းလှပါတယ်

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အလွန် နှစ်သက်ဖွယ်ကောင်းလှပါတယ်

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

လောက ဥပမာအားဖြင့် မှောက်ပြီးထားတဲ့ ဝတ္ထုကို လှန်လိုက်ဘိသကဲ့သို့ လည်းကောင်း ဖုံးအုပ်ထားတဲ့အရာဝတ္ထုကို ဖွင့်လှစ်လိုက်ဘိသကဲ့သို့ လည်းကောင်း မျက်စိလည် လမ်းမှားနေတဲ့သူကို လမ်းမှန်ကို ပြောကြားလိုက်ဘိသကဲ့သို့ လည်းကောင်း မျက်စိအမြင်ရှိတဲ့သူဟာ အဆင်းအမျိုးမျိုးကို မြင်ရသလို အမိုက်မှောင်မှာ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသလို မြတ်စွာဘုရားဟာ အကျွန်ုပ်ကို များစွာသောအကြောင်းဖြင့် တရားတော် ကို ထင်ရှားစွာ ဟောပြတော်မူပါတယ်။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အကျွန်ုပ်ဟာမြတ်စွာဘုရားကို လည်းကောင်း

မြတ်စွာဘုရား၏တရားတော်ကိုလည်းကောင်း

မြတ်စွာဘုရား၏တပည့်ရဟန်းသံဃာတော်များကို လည်းကောင်း ကိုးကွယ်ရာ လည်းလျောင်းရာ ပုန်းအောင်း ရာ အမြင်သိမှတ် ဆည်းကပ်ပါတယ်ဘုရား၊

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

(အောင်ဗောဓိစာပေ)

အကျွန်ုပ်ကို ဒီနေ့ ဒီအချိန်ကစပြီး အသက်ရှည်သမျှကာလ ပတ်လုံး သရဏဂုံတည်သူ ဥပါသကာအဖြစ် မှတ်ယူတော်မူပါ ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားပြီး လောကုတ္တရာ သရဏဂုံ ခံယူပြီး။

ဘုန်းတော်ကြီးမြင့်တော်မူသော မြတ်စွာဘုရား

ရှင်တော်ဘုရား မနက်ဖန် ကောင်းမှုကုသိုလ် အလို့ငှာ၊ ရဟန်းသံဃာတော်များနှင့်အတူ တပည့်တော်ရဲ့ ဆွမ်းကို သည်းခံ သာယာတော်မူပါဘုရားလို့ လျှောက်ထားပြီး ဆွမ်းအလှူခံရန် ပင့်ဖိတ်ပါတယ်။

မြတ်စွာဘုရားဟာ

ဆိတ်ဆိတ်နေခြင်း အားဖြင့် အနာထပိဏ်သဌေးကြီးရဲ့ဆွမ်း စားပင့်လျှောက်ချက်ကို လက်ခံထားတော် မူပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

မြတ်စွာဘုရားက သူ့ရဲ့ဆွမ်းပင့်ဖိတ်မှုကို သည်းခံ သာယာ တော်မူတာကို သိတဲ့အခါ နေရာကထပြီး မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး လက်ျာရစ်လှည့်ပြီး သူတည်းခိုနေရာ ရာဇဂြိုဟ် သဌေးကြီးအိမ်သို့ ပြန်သွားပါတယ်။

အနာထပိဏ်သဌေးကြီးက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ကို ဆွမ်းစားပင့်ခဲ့တဲ့ သတင်းစကားဟာ တမုဟုတ်ချင်း ပြန့်နှံ့သွားပြီး ရာဇဂြိုဟ်သဌေးကြီးဟာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို အနာထပိဏ် သဌေးကြီးက မနက်ဖြန်

ကောင်းမှုကုသိုလ်အလှူငွေ ဆွမ်းစားပင့်ခဲ့ပြီဆိုတဲ့ သတင်းစကား ကို ကြားသိတဲ့အခါ။

အနာထပိဏ်သူဌေးကြီး ကို
အို အနာထပိဏ်သူဌေးကြီး

သင်သူဌေးကြီး ဟာ မြတ်စွာဘုရား အမှူးပြုတဲ့ သံဃာတော် မြတ်များကို မနက်ဖြန်ကောင်းမှုကုသိုလ်အလှူငွေ ဆွမ်းစား ပင့် ဖိတ်ခဲ့တယ်ဆိုတဲ့ သတင်းစကားကို ကြားသိရပါတယ် သင် သူဌေးကြီးဟာလည်း ဒီအခန့်မှာ ညှိုးသည့် ဖြစ်နေ ပါတယ် သင်သူဌေးကြီးကို လက်ခံကျွေးမွေး အကူ အညီ ပေးပါရစေ ကျွန်ုပ်ပေးတဲ့ လက်ခံကျွေးနဲ့ သင် သူဌေးကြီးက မြတ်စွာ ဘုရား အမှူးပြုတဲ့ သံဃာတော်တွေကို ဆွမ်းပြုစုဖို့ ဖိတ်မန်စကား ပြောကြားပါတယ်။

အခုလို ပြောတဲ့အခါ

အနာထပိဏ်သူဌေးကြီးက အိုသူဌေးကြီး တော်ပါပြီ ကျွန်ုပ် မှာ လက်ခံကျွေးနဲ့ မြတ်စွာဘုရား အမှူးပြုတဲ့ သံဃာတော် များကို ဆွမ်းပြုစုပါမယ်လို့ ပြန်ကြား ပြောဆိုပါတယ်။

ရာဇဂြိုဟ်ပြည်မှာနေကြတဲ့ ကုန်သည်ကြီးများ အသင်းဝင် သူ ကြွယ်တွေကလည်း ရာဇဂြိုဟ်ယ သူဌေးကြီးလိုပဲ သတင်းစကား ကြားသိကြတဲ့အခါ လက်ခံကျွေး အကူအညီပေးလိုကြောင်း လာရောက်ပြီး ဖိတ်မန်စကား ပြောကြား ကြပါတယ် အခုလို လာပြောတိုင်း ပြောတိုင်း အနာထပိဏ်သူဌေးကြီးက ရှေးနည်းတူ ပြန်ကြား ပြောဆိုပါတယ်။

(အောင်ဗောဓိစာပေ)

ဗိမ္ဗိသာရမင်းဘုရားကြီးလည်း ရာဇဂြိုဟ်သဌေးကြီး နည်းတူ သတင်းစကား ကြားသိရပြီ လက်ခကံကျေး အကူအညီ ပေးလို ကြောင်း ဖိတ်ခန်စကား ပြောကြားပါတယ်။

ဒီအခါမှာလည်း

အနာထပိဏ်သဌေးကြီးဟာ

အရှင်မင်းမြတ်တော်ပါပြီ အကျွန်ုပ်မှာ လက်ခကံကျေး ပေး ရော ရှိပါ၏ အကျွန်ုပ်မှာရှိတဲ့ အဲဒီ လက်ခကံကျေးနဲ့ မြတ်စွာ ဘုရားအမှူးပြုတဲ့ သံဃာတော်များ ဆွမ်းပြုစုလုပ်ကျွေးပါမယ်လို့ ပြန်ကြား ပြောဆိုပါတယ်။

နောက်တနေ့နံနက် ရောက်တဲ့အခါ

အနာထပိဏ် သဌေးကြီးဟာ ယောက်ဖတော်သူ ရာဇဂြိုဟ် သဌေးရဲ့အိမ်မှာ မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာတော်ကို မွန် မြတ်တဲ့ဆွမ်းခဲဘွယ် ဘောဇဥ်နဲ့ ဆက်ကပ် လုပ်ကျွေးပြီး အပြစ် ခြောက်ပါးက လွတ်ပြီး တင့်အပ်လျှောက်ပတ်တဲ့ အရပ်မှာထိုင် လျက်။

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အရှင်ဘုရား ရဟန်းတော်အပေါင်းနဲ့တကွ ဟပည့်တော် တို့ ရဲ့ သာဝတ္ထိပြည်အရပ်မှာ ဝါဆို သီတင်းသုံးရန် သည်းခံ သာယာတော်မူပါ ဘုရားလို့ လျှောက်ထားပါတယ်။

အခုလို လျှောက်တင်တဲ့အခါ

(အောင်ဗေဒစာပေ)

မြတ်စွာဘုရားက အနာထပိဏ်သဌေးကြီးကို

ဒါယကာ အနာထပိဏ်သဌေးကြီး

မြတ်စွာဘုရားများဟာ ဆိတ်ငြိမ်ရာ အရပ်မှာသာ ပျော်ပိုက်တော်မူကြတယ်လို့ မိန့်ကြားပါတယ်။

အခုလို မိန့်ကြားတဲ့အတွက်

အနာထပိဏ်သဌေးကြီးက မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

တပည့်တော် သိပါပြီ ကောင်းတဲ့စကား မိန့်ကြားတော်မူတဲ့ မြတ်စွာဘုရား တပည့်တော်သိပါပြီဘုရားလို့ ပြန်ကြားလျှောက်ထားပါတယ် မြတ်စွာဘုရားဟာ အနာထပိဏ် သဌေးကြီးကို တရားစကား ဟောကြားပြပြီး ကျောင်းတော်သို့ ပြန်ကြွသွားတော်မူပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

မိတ်ဆွေ သူငယ်ချင်း အလွန်ပေါများတဲ့သူ ဖြစ်ပြီး အနာထပိဏ်သဌေးကြီးရဲ့ ပြောစကားကို သူငယ်ချင်း မိတ်ဆွေ က လေးစားရိုသေစွာ နာယူကြပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

ရာဇဂြိုဟ်ပြည်မှာ သူ ပြုလုပ်ဖွယ်ကိစ္စတွေနဲ့ ကုန်ရောင်းဝယ်မှုကိစ္စ အဝဝကို အလျင်အမြန် ပြုလုပ်ပြီးဆုံးအောင် ပြုလုပ်ပြီး သာဝတ္ထိပြည်သို့ ပြန်ခဲ့ပါတယ်။

(အောင်ဗောဓိစာပေ)

အနာထပိဏ်သဌေးကြီးဟာ

ရာဇဂြိုဟ်ပြည်နဲ့ သာဝတ္ထိပြည်ရဲ့ လမ်းခရီးအကြားမှာ နေထိုင်ကြတဲ့လူတွေကို အမောင်တို့ တည်းခိုနားစေဖို့ ကျောင်းတွေ ဥယျာဉ်တွေ ပြုလုပ်ဆောက်တည်ကြ လှူစရာ တမ်းရေတွေ ကို ရှာဖွေစုဆောင်း အသင့်ပြင်ထားကြ

**လောကမှာ မြတ်စွာဘုရား ပွင့်ထွန်းနေတယ်**

မြတ်စွာဘုရားဟာ ငါရဲ့ ပင့်ဖိတ်ချက်အရ အမောင်တို့ရဲ့ နေရာ လမ်းခရီးကနေ ကြွလာလိမ့်မယ်လို့ လမ်းခရီး အကြားမှာ ရှိကြတဲ့ အနာထပိဏ်သဌေးကြီးရဲ့ မိတ်ဆွေ သူငယ်ချင်းတွေဖြစ်ကြတဲ့လူများကို။

(၁) ကိုယ်တိုင်က ငွေကြေးတတ်နိုင်သူများဖြစ်ယင် သဌေးကြီးရဲ့ အကူအညီကို မယူကြပဲ ကိုယ်ရဲ့ ငွေကြေးနဲ့ဥယျာဉ်တွေ ကျောင်းတွေ ပြုလုပ်တည်ဆောက်ကြပြီး လှူဒါန်းစရာတွေကို အဆင်ပြုကြစေပါတယ်။

(၂) ငွေကြေး နည်းပါးတဲ့သူတွေ ငွေကြေး လုံးဝမတတ်နိုင်တဲ့ သူတွေကို အနာထပိဏ်သဌေးကြီးက အကူအညီ ငွေကြေးပေးပါတယ် ။ဲဒီ ငွေတွေနဲ့ ဥယျာဉ်တွေ ကျောင်းတွေ ပြုလုပ်တည်ဆောက်ကြပါတယ် လှူစရာ ဒါနတရားတွေကို အသင့်ပေးကြပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

ငွေအသပြာ ကောဋိန်းနဲ့ တသိန်းတန်တဲ့ သင်္ဂါး အဆောက်အဦးဘဏ္ဍာတွေ အကူအညီပေးပြီး ရာဇဂြိုဟ်နဲ့ သာဝတ္ထိပြည်

(အောင်ဗောဓိစာပေ)

အကြား လေးဆယ့်ငါးယူဇနာ ဝေးကွာတဲ့ လမ်းခရီးမှာ တယူဇနာ တယူဇနာမှာ စံကျောင်းတော် တဆောင် တဆောင် တည်ဆောက်စေခြင်းဖြင့် သာဝတ္ထိပြည်သို့ဆိုက်ရောက်ပါတယ်။

အနာထပိဏ်သဌေးကြီးဟာ
သာဝတ္ထိပြည်ကိုပြန်ရောက်တဲ့အခါ
သာဝတ္ထိပြည်ထက်ဝန်းကျင်မှာ
မြို့ရွာနဲ့မဝေးလွန်းခြင်း
မြို့ရွာနှင့်မနီးကပ်လွန်းခြင်း
သွားလမ်းလာလမ်းနှင့်ပြည့်စုံခြင်း

လူတိုင်းလူတိုင်းအလိုရှိသောအခါ သွားလာဖို့ရန်လွယ်ကူခြင်း အာရုံငါးတန် မြို့သံရွာသံသူသံတို့မှ ဆိတ်ခြင်းအင်္ဂါ (ငါး) ချက်နဲ့ ပြည့်စုံတဲ့အရပ်မှာ မြတ်စွာဘုရား သီတင်းသုံး စံတော်မူပါမလဲလို့ ဆင်ခြင်ကြည့်ရှုတဲ့အခါ အထက်ပါအင်္ဂါ(ငါး)ချက်နဲ့ ပြည့်စုံတဲ့ ဇေတဝန်သာရဲ့ ဥယျာဉ်ကို တွေ့မြင်ပါတယ်။

အဲဒါကြောင့်

အနာထပိဏ် သဌေးကြီး ဟာ ဇေတမင်းသား ထံသို့ သွားရောက်ပြီး အရှင့်သား ကျောင်းတိုက် ဆောက်လုပ်ဖို့ အရှင်သားရဲ့ဥယျာဉ်ကို အကျွန်ုပ်ကို အဖိုးအပြတ် ပေးစေချင်ပါတယ်လို့ အဝယ်စကားပြောပါတယ်။

ဒီအခါ

ဇေတမင်းသားက သဌေးကြီးကို

(အောင်ဗောဓိစာပေ)

ကျွန်ုပ်ရဲ့ဥယျာဉ်ကို မပေးနိုင်ပါလို့ ပြောဆိုယင် ဥယျာဉ်ရဲ့ တန်ဖိုးဖြတ်တဲ့ စကားပြောတာ မဟုတ်ဘူးလို့ အဓိပ္ပာယ်ရပါတယ် အခုတော့ ဇေတမင်းသားက ကျွန်ုပ်ရဲ့ ဥယျာဉ်ကို အသပြာချင်း အစွန်းထိအောင် ခင်းပေးရုံနဲ့ မပေးနိုင်ပါ လို့ ပြောလိုက်တဲ့အတွက် သူ့ရဲ့ဥယျာဉ်ရဲ့ တန်ဖိုးကို ဖြတ် လိုက်ရုံမကဘူး တန်ဖိုးထက် ပိုပေးရမယ်လို့ ပြောရာ ရောက်တယ်လို့ အဓိပ္ပာယ်ရတယ်လို့ သိလိုက်ပါတယ်။

အဲဒါကြောင့်

အနာထပိဏ်သဌေးကြီးက

ဇေတမင်းသားရဲ့စကားကျ အဓိပ္ပာယ်ကို ကောက်ယူပြီး

အရှင့်သား အရှင့်သားဟာ ဇေတဥယျာဉ်ကို ရောင်းဝယ်ဖို့ စကား ကမ်းမိပြီလို့ အရေးဆိုလိုက်ပါတယ် ဇေတ မင်းသားကလည်း သဌေးကြီး ငါဟာ ငါ့ ဥယျာဉ်ကို ရောင်း ဝယ် ဖို့ ကမ်းလှမ်းတဲ့စကား လားလားမျှ မပြောပါလားလို့ ပြန် ပြီး ငြင်းဆိုပါတယ်။

အနာထပိဏ်သဌေးကြီးကလည်း

အရှင့်သား အရှင့်သားဟာ သင်ပိုင်တဲ့ ဥယျာဉ် ကို ရောင်း ဝယ်ဖို့ ကမ်းလှမ်းတဲ့စကား ပြောကြားမိပြီလို့ ပြော ပါ တယ် ဇေတမင်းသားကလည်း ဒါဟာ ငါပိုင် ဥယျာဉ်ကို ရောင်းဝယ် ကမ်းလှမ်းတဲ့စကား လားလားမျှ မပြောခဲ့ဘူးလို့ တဘက် နဲ့ တဘက် အငြင်းပွားပြီး တရားလွှတ်ရုံးသို့ တက်ပြီး တရားသူကြီး အမတ်တွေထံက အဆုံးအဖြတ်ခံကြပါတယ်။

(အောင်ဗောဓိစာပေ)

အခုလို ခံယူကြတဲ့အခါ

တရားသူကြီးဖြစ်တဲ့ အမတ်ဆွေ

အရှင့်သား အရှင့်သားဟာ အသပြာချင်း အစွန်းထိအောင် ခင်းပေးရုံနဲ့လည်း ဆိုတဲ့ မတန်တဲ့ အဖိုးဖြတ်စကား ပြောကြား မိလို အရှင့်သား ပိုင်ဆိုင်တဲ့ ဥယျာဉ်ကို ရောင်းဝယ်ဖို့ ကမ်း လှမ်းတဲ့စကား ပြောကြားပြီလို့ ဆုံးဖြတ်ချက် ချမှတ်ကြပါ တယ် ဒီစကားဟာ အလွန်သိမ်မွေ့တဲ့ လောကီစကား ဖြစ်ပါ တယ် ဉာဏ်ပညာကြီးတဲ့ စဉ်းစား ဆင်ခြင်နိုင်တဲ့ လူနားလည်း ကျေနပ်ကြတဲ့စကား ဖြစ်ပါတယ်။

တရားလွှတ်ရုံးက အနိုင်ရလာတဲ့အခါ

အနာထပိဏ်သဌေးကြီးဟာ

သူ့ရဲ့ ရွှေဒင်္ဂါးတွေကို လှည်းတွေနဲ့ တိုက်ထုတ် ယူလာစေ ပြီး ဇေတမင်းသားရဲ့ ဥယျာဉ်မြေအပြင်ကို အသပြာချင်း အ စွန်းထိအောင် ခင်းစေပါတယ်။

အဲဒီနောက်

ဥယျာဉ်ထဲမှာရှိတဲ့ ခင်းလို့ မဖြစ်နိုင်တဲ့ ရေကန်နေရာ သစ် ပင်နေရာတွေ အတွက်လည်း အဲဒီရေကန် သစ်ပင်တွေရဲ့ အဝန်း အဝိုင်း ပမာဏကို တိုင်းယူပြီး အခြားတနေရာမှာ အဲဒီပမာဏ နဲ့ အညီတဲ့ အသပြာ ရွှေဒင်္ဂါးချင်းအစွန်းချင်း ထိအောင် ပေးခင်း ပါတယ်

ဒီလိုနဲ့

(အောင်ဗောဓိစာပေ)

အနာထပိဏ်သူဌေးကြီးရဲ့ အရေးရှိယင် သုံးစွဲ သိုမှီ သိမ်းဆည်းထားတဲ့ ရွှေဒင်္ဂါးပေါင်း ဆယ့်ရှစ်ကုဋေသော ဥစ္စာတွေကို ကျောင်းတိုက်နေရာ ဝယ်ယူရေးကိစ္စအတွက် အသုံးပြုလိုက်ပါတယ်။

အနာထပိဏ်သူဌေးကြီးဟာ

ပဌမအကြိမ် လှည်းတွေနဲ့ တိုက်ထုတ်ယူလာခဲ့တဲ့ အသပြာတွေနဲ့ ဇေတဝန်ကျောင်းတိုက်နေရာကို အသပြာချင်း အစွန်းချင်း ထိအောင်ခင်းစေရာ များစွာသော ကျောင်းတိုက်နေရာ မြေအပြင်ကို ခင်းမိပြီး တံခါးမုခ်နေရာ အနည်းငယ် မြေကွက် အတွက်သာ အသပြာတွေ လိုနေပါတယ် ဒီအခါ သူဌေးကြီးဟာ သူ့ရဲ့လူတွေကို အခေါင်တို့ သွားကြ ရွှေဒင်္ဂါးတွေကို တိုက်ထုတ် ယူဆောင်ခဲ့ကြ ဒီကျောင်းတိုက် မုခ်နေရာမြေအပြင်ကိုခင်း ကြရအောင်လို့ အမိန့်ပေးလိုက်ပါတယ်။

အခုလို များပြားတဲ့ ဥစ္စာတွေကို စွန့်လွှတ်လှူဒါန်းတဲ့ အနာထပိဏ်သူဌေးကြီးရဲ့ မျက်နှာမှာ တိုးပြီး တိုးပြီးသာ ကြည်လင်နေကြပါတယ် ဒီအခြင်းအရာကို မြင်တဲ့အခါ ဇေတမင်းသားရဲ့ စိတ်ထဲမှာ အနာထပိဏ်သူဌေးကြီး အခုလောက် များပြားတဲ့ ရွှေဒင်္ဂါးတွေကို မျက်နှာအဆင်းကို တိုးပြီးတိုးပြီး ကြည်ကြည်လင်လင်နဲ့ လှူဒါန်းစွန့်လွှတ်မှုပြုလုပ်တော့ မယုတ်ညံ့တဲ့ ကောင်းမှု ဖြစ်လိမ့်မယ်လို့ ကြံစည်စဉ်းစားမိလို့ ဇေတမင်းသားဟာ အနာထပိဏ်သူဌေးကြီးကို တော်ပါတော့ တန်ပါတော့

သဌေးကြီး

အဲဒီနေရာကို မခင်းပါစေနဲ့တော့

အဲဒီနေရာကလေးကို ကျွန်ုပ်ကိုပေးပါ

အဲဒီနေရာကလေးဟာ

ကျွန်ုပ်ရဲ့အလှူဒါနဲ ဖြစ်ပါရစေလို့ တောင်းပန်ပြော ကြား ပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

ဒီ ဇေတမင်းသားဟာ ထင်ရှားကျော်စောတဲ့ လူသိများ၊ သူတယောက် ဖြစ်တယ် ဒီ ဇေတမင်းသားလို ကျော်စော ထ ရှားတဲ့ လူသိများတဲ့ သူတွေ တရားသဖြင့် ဆုံးမရာ မြတ် ဘုရားရဲ့ သာသနာမှာ သဒ္ဓါကြည်ညိုခြင်းဟာ အကျိုးကြီး တယ်လို့ ကြံစည်ပြီး၊ အဲဒီအရပ်ကို ဇေတမင်းသားကို ပေးလ ပါတယ်

ဇေတမင်းသားလည်း အဲဒီမြေနေရာ အရပ်မှာ ဘုံခုနစ်ဆ တဲ့ ကျောင်းတိုက် မုခ်ဦးပြာသာဒ်ကြီးကို တည်ဆောက် လှူဒ ပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

(အောင်ဗောဓိစာပေ)

တခြားအသပြာဆယ့်ရှစ်ကုဋေ အကုန်အကျခံပြီး ဇေတမင်းသားရဲ့ ဥယျာဉ်တော်ထဲမှာ ပယ်သင့်တဲ့ သစ်ပင်တွေကိုပယ် ချန်သင့်တဲ့ သစ်ပင်တွေကို ချန်ပြီး ကျောင်းတိုက်ကြီးမှာ တင့်တယ်အေးမြစွာ မြတ်စွာဘုရား သီတင်းသုံးတော်မူဖို့ ကျောင်းနဲ့ အရံကျောင်းခတ်ကြီးတွေ ခမ်းနားလှတဲ့ ကျောင်းဦး မုခ်ပြာသာဒ်ကြီးတွေ သံဃာတော်တွေ စုဝေးစည်းဝေးရာ တန်ဆောင်းကြီးတွေ မီးတင်းကုပ်တွေ ကုဋီတွေ ဝစ္စကုဋီတွေ မြေစင်္ကြံကြီးတွေ မြစင်္ကြံတွေရဲ့ အမိုးတန်းလျားတွေ အခြား အဆောက်အဦတွေ ရေတွင်းတွေ အဲဒီရေတွင်းတွေအပေါ်မှာ အမိုးအဆောက်အဦတွေ ရေချိုး ဇရပ်တွေ ချေးဇရပ်တွေ ရေကန်တွေ မဏ္ဍပ်တွေ လိုလေသေး မရှိရအောင် သူ့နေရာနဲ့သူ နေသင့်ရာ အဆောက်အဦတွေ ညဉ့်သန့်ရာ အဆောက်အဦတွေ အပြည့်အစုံ ကျောင်းတိုက်ကြီး ဖန်တီးတည်ဆောက်ပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

တဆယ့်ရှစ်ကုဋေသော ရွှေဒင်္ဂါးပြားတွေကို စွန့်လွှတ်လို့ နှလုံးမွေ့လျော်ဖွယ်ရှိတဲ့ ဥယျာဉ်မြေအရပ်မှာ နှလုံးမွေ့လျော်ဖွယ်ရှိတဲ့ ဇေတဝန် ကျောင်းတိုက်ကြီးကို တဆယ့်ရှစ်ကုဋေ အကုန်အကျခံပြီး ဆောက်လုပ်စေပြီး မြတ်စွာဘုရားကြွသောတော်မူပါနဲ့ မြတ်စွာ ဘုရား ထံ တမန်တဦးကို ပင့်လျှောက်ရန် စေလွှတ်လိုက်ပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

တမန်ဖြစ်သူရဲ့ ပင့်လျှောက်တဲ့စကားကို ကြားသိတဲ့အခါ

သာဝတ္ထိပြည်မှာ အရှည်သဖြင့် သီတင်းသုံးနေတော်မူမယ်လို့ ဆုံးဖြတ်ထား လို့ကြောင့် တကြောင်း မြောက်များလှစွာသော လူနတ်ပြဟ္မာ သတ္တဝါများ အကျိုးတရားရရှိရာ သာသနာ့မြေခင်မြေ ဖြစ်နေလို့ကြောင့်တကြောင်း အစရှိအကြောင်းတွေကို ထောက်ပြီး နောက်ပါရဟန်းတော်မြတ်များ ခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းက ထွက်လာခဲ့ပြီး ခရီးလမ်းအကြား ဝယူဇနာနဲ့ တယူဇနာအကြားမှာ အနာထပိဏ်သဌေးကြီး ကြိုတင်စီမံ ဆောက်လုပ်ထားတဲ့ စံကျောင်းတော်တွေမှာ တညဉ့်စီ တညဉ့်စီ တည်းခိုစံနေတော် မူပြီး သာဝတ္ထိပြည်ဘက်သို့ အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလာပါတယ်။

ရာဇဂြိုဟ်ပြည်ကနေ သာဝတ္ထိပြည်ကိုကြွတဲ့ ခရီးအကြားမှာ ဝေသာလီကို ဖြတ်ရပါတယ် မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်က ထွက်ကြွပြီး ဝေသာလီပြည်ကိုရောက်တဲ့အခါ မဟာဝုန်တောမှာရှိတဲ့ ပြာသာဒ်မှာသီတင်းသုံးပါတယ် ဒီအချိန်မှာ မြတ်စွာဘုရားဟာ ဒါယကာတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းအတွက် နဝကမ္မအဝဝကို စီမံနိုင်ခဲ့ စောင့်ရှောက်နိုင်တဲ့ ရဟန်းတပါးပါးကို ဥတ်ကမ္မဝါစာနဲ့ နဝကမ္မ ပေးအပ်ဖို့ သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားဟာ

(အောင်ဗောဓိစာပေ)

ရာဇဂြိုဟ်ပြည်က ထွက်လာပြီး ဝေသာလီပြည် ကို ဖြတ်ခါ၊ ဝေသာလီပြည်ကနေ သာဝတ္ထိပြည်သို့ခရီးဒေသစာရီကြွချီတော်မူလာခဲ့ရာ လမ်းခရီးအကြားမှာ ဆဗ္ဗဂ္ဂိရဟန်းတွေရဲ့ တပည့်တွေက မြတ်စွာဘုရား အမှူးပြုတဲ့ သံဃာတော်တွေရဲ့ အလျင် ဦးအောင် သွားနှင့်ကြပြီး ဒီကျောင်း ဒီနေရာ ဒီအိပ်ရာက ငါ့ဆရာတွေရဲ့ နေရာ စသဖြင့် ကျောင်းအိပ်ရာ နေရာကောင်းတွေကို ရွေးယူသွားနှင့်ကြပါတယ်။

မြတ်စွာဘုရားဟာ

နောက်ပါတပည့် သံဃာတွေနဲ့ ခရီးဒေသစာရီ ကြွချီတော်မူတဲ့အခါ တွေမှာ အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးဟာ ငါကား ပကျော်ရဲ့ အဂ္ဂသာဝကကြီး ဖြစ်တယ်လို့ ကိုယ်လုတ် ရုန်းပြီး တကိုယ်ကောင်း စိတ်ထားနဲ့ ဘုရားရဲ့ အနီးက လိုက်ပါနိုင်ခွင့် ရှိခဲ့မယ့်

အခုလို ပြုလုပ်လေ့ မရှိပဲ

မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ နောက်က လိုက်ပါကြတဲ့ မကျန်းမာကြတဲ့ ရဟန်းတွေ အသက်အရွယ် ကြီးကြ အိုကြတဲ့ ရဟန်းတွေ ချမ်းချမ်းသာသာ လိုက်ပါနိုင်ရေးအတွက် သူကိုယ်တိုင် စီမံ စောင့်ရှောက် ချီးမြှောက် ကူညီပြီး လိုက်ပါတော်မူ ရှိပါတယ်။

အဲဒါကြောင့်

အရှင်သာရိပုတ္တရာမထေရ်ကြီးဟာ

ဂိလာန ရဟန်း သက်ကြီးအရွယ်အိုတဲ့ ရဟန်းတွေကို စောင့်ရှောက်ချီးမြှောက်ကူညီပြီး မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေရဲ့ နောက်ဆုံးက လိုက်ပါခဲ့ရလို့ ဆဗ္ဗဂ္ဂီရဟန်းတွေရဲ့ တပည့်ရဟန်းတွေက သူတို့အတွက်နဲ့ သူတို့ရဲ့ဆရာတွေအတွက် ကျောင်းအိပ်ရာ နေရာတွေကို သိမ်းယူထားပြီး ဖြစ်ကြလို့ နောက်ကျမှ တည်းခိုရာဌာနသို့ ရောက်လာကြတဲ့ မထေရ်မြတ်တွေ အတွက် အိပ်ရာနေရာ မရရှိကြလို့ တညလုံး သစ်ပင်ရင်းမှာ နေထိုင်ကြတဲ့ အကြောင်းကို မြတ်စွာဘုရား ကြားသိတဲ့အခါ

မြတ်စွာဘုရား၊

အခု ငါဘုရားအသက်ထင်ရှား ရှိနေစဉ်ပင် ရဟန်းတွေအချင်းချင်း ရိုသေ ကျိုးနွံမှု မရှိကြပဲ နေထိုင်ကြယင် ငါဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါ ဘယ်လိုလုပ်ကြမလဲလို့ ဆင်ခြင်တော်မူလျက် ခမ္မသံဝေဂ ကြီးစွာရတော်မူပြီး နံနက် မိုးလင်းတဲ့ အခါ ရဟန်းတွေကို စုဝေးစေပြီး၊

မြတ်စွာဘုရားက

ရဟန်းတွေကို

ချစ်သားရဟန်းတို့

ဆဗ္ဗဂ္ဂီ ဂိုဏ်းသား ရဟန်းတွေဟာ အလျင် ရှေးဦးသွားနှင့်ကြပြီး နေရာကောင်းတွေကို မှတ်ယူကြပြီး မထေရ်ကြီး ရဟန်း တို့ရဲ့ အိပ်ရာနေရာများကို မရအောင် တားမြစ်ကြတယ်လို့ ငါ

(အောင်ဗောဓိစာပေ)

ဘုရား ကြားရတဲ့စကား မှန်သလားလို့ မေးပါတယ်၊ ဆဗ္ဗဂ္ဂီ ရဟန်းတွေက ဟုတ်မှန်ကြောင်း ဝန်ခံ ပြန်ကြား လျှောက်ထား ကြတဲ့အခါ မြတ်စွာဘုရားက ဆဗ္ဗဂ္ဂီ ရဟန်းတွေကို ကဲ့ရဲ့ ရှုပ် ချပြီး

မြတ်စွာဘုရားက ရဟန်းတွေကို

ရဟန်းတို့ ဘယ်ရဟန်းဟာ နေရာဦး ရေဦး ဆွမ်းဦး ကိုထိုက် တန်သလဲလို့ မေးပါတယ်။

အခုလို မေးတဲ့အခါ

ရဟန်းတချို့က မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဟာ နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါတယ် ဘုရားလို့ လျှောက်ထားကြပါတယ်။

ရဟန်းတချို့က ပုဏ္ဏားမျိုးမှ ရဟန်းပြုတဲ့ ရဟန်းတွေဟာ နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါ တယ်လို့ လျှောက်ထားကြပါတယ်။

ရဟန်းတချို့က သဌေးမျိုး သူကြွယ်မျိုးက ရဟန်းပြု တဲ့ ရဟန်းဟာ နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်တန်ပါတယ် ဘုရားလို့ လျှောက်ထား ကြပါတယ်။

ရဟန်းတချို့က ဝိနည်းရဟန်းလို့ လျှောက်ပါတယ်

(အောင်ဇေယျာစာပေ)

ရဟန်းတချို့က ဓမ္မကထိက ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က ပထမစျာန်ရတဲ့ ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က ဒုတိယစျာန်ရတဲ့ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က တတိယစျာန်ရတဲ့ရဟန်းလို့လျှောက်ပါတယ်
ရဟန်းတချို့က စတုတ္ထစျာန်ရတဲ့ ရဟန်းကို နေရာဦး ရေဦး ဆွမ်းဦးကိုထိုက်တန်ပါတယ်ဘုရားလို့လျှောက်ထားကြပါတယ်။

ရဟန်းတချို့က သောတာပန်ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က သကဒါဂါမ်ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က အနာဂါမ်ရဟန်းလို့ လျှောက်ပါတယ်
ရဟန်းတချို့က ရဟန္တာလို့ လျှောက်ပါတယ်
ရဟန်းတချို့က မဟာဝိဇ္ဇာရဟန္တာလို့ လျှောက်ပါတယ်

ရဟန်းတချို့က ဆဠဘိညရဟန္တာကိုသာ နေရာဦး ရေဦး ဆွမ်းဦးနဲ့ ထိုက်တန်ပါတယ် ဘုရားလို့ ကိုယ့်အမြင် ကိုယ့်အယူတွေကို ပြောကြား လျှောက်ထားကြပါတယ်။

အခုလို အဖြေအမျိုးမျိုးကို ကြားရတဲ့အခါ
မြတ်စွာဘုရားက ရဟန်းတွေကို
ချစ်သားရဟန်းတို့
ငါဘုရားရဲ့ သာသနာတော်မှာ နေရာဦးကို

၁။ မင်းမျိုးရဟန်းသည်လည်းမရထိုက်ဘူး
၂။ ပုဏ္ဏားမျိုးရဟန်းလည်းမရထိုက်ဘူး
(အောင်ဗောဓိစာပေ)

၃။ သခွေးမျိုး သူကြွယ်မျိုး ရဟန်းလည်းမရထိုက်ဘူး
၄။ ဝိနည်းမိုရ်ရဟန်း သုတ္တန်ဆောင်ရဟန်း အဘိဓမ္မာ ဆောင်ရဟန်း ပထမစျာန် တွေ့ ရဟန်း သောတာပန်ရဟန်း စသူတွေလည်း မရထိုက်ဘူး။

ချစ်သားရဟန်းတို့

ငါဘုရားရဲ့ သာသနာတော်မှာ

ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေ အမှုများကို ပြုရမယ် ထေရ်စဉ် ဝါလိုက် အတိုင်းသာ နေရာဦး ရေဦး ဆွမ်းဦးကို ရခွင့်ရှိတယ်။

ဒီနေရာဦး ရေဦး ဆွမ်းဦး စတဲ့ ကိစ္စမှာ အသက်သိက္ခာ ဝါကြီးခြင်းဟာ ပမာဏဖြစ်တယ် အဲဒါကြောင့် သီတင်းကြီး ဖြစ်တဲ့ ရဟန်းတွေဟာ နေရာဦး ရေဦး ဆွမ်းဦး ထိုက်တန်သူတွေ ဖြစ်ကြတယ်။

ချစ်သားရဟန်းတို့

အခုအခါ သာရိပုတ္တရာဟာ ငါဘုရားရဲ့ လက်ျာရံအဂ္ဂသာဝက ဖြစ်တယ်။ ငါဘုရား ဟောကြားတဲ့ ဓမ္မစက်ကို လည်စေနိုင်တဲ့ သားကြီးဩရသတည်း ဖြစ်တယ်။ ငါဘုရား မရှိတဲ့အခါ ငါဘုရားရဲ့ နေရာကို ဆက်ခံထိုက်တဲ့သူလည်း ဖြစ်တယ် သာရိပုတ္တရာဟာ လွန်ခဲ့တဲ့ ညဉ့်ပတ်လုံး နေရာကို မရရှိပဲ သစ်ပင်ရင်းမှာသာ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့ရတယ်။

(အောင်ဗေဒိစာပေ)

ချစ်သားရဟန်းတို့

အခု ငါဘုရားအသက် ထင်ရှားရှိစဉ်မှာပင် အခုလို မရှိသေးကြ မကျိုးနွံကြယင် ရောက်လာမယ့် နောင်အခါ ငါဘုရား ပရိနိဗ္ဗာန် စံဝင်သွားတဲ့အခါ ဘယ်လိုပြုပြီး နေကြမှာလဲလို့ မိန့်တော်မူပါတယ်။

ရဟန်းတို့ ဝါစဉ်အတိုင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း နေရာဦး နေရာမြတ်ကို ပေးခြင်း ရေဦးကို ပေးခြင်း ဆွမ်းဦးကို ပေးခြင်း ငါဘုရား ခွင့်ပြုတော်မူတယ်လို့ မိန့်ပါတယ်။

တချိန်တည်းမှာပဲ

မြတ်စွာဘုရားက ရဟန်းတွေကို

ရဟန်းတို့ သံဃိကကျောင်း အိပ်ရာ နေရာမှာ ဝါစဉ်အတိုင်း နေထိုင်ခြင်းကို မတားမြစ်ရဘူး တားမြစ်တဲ့ရဟန်းကို ဒုက္ကဋ် အာပတ်သင့်စေလို့ သိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

မြတ်စွာဘုရားဟာ များစွာသော နောက်ပါရဟန်းခြံရံလျက် သာဝတ္ထိပြည်သို့ ခရီးဒေသစာရီ အစဉ်အတိုင်း ကြွချီတော်မူတဲ့အခါ လမ်းခရီးအကြားမှာ နေထိုင်ကြတဲ့ လူများ ဟာ သံဃာတော်တို့ ညီမှု စုဝေးရာအရပ်များကို ပြုတင်စီမံထားရှိနှင့်ကြပါတယ်။

ဆဗ္ဗဂ္ဂီရဟန်းတွေရဲ့ တပည့်ရဟန်းတွေဟာ ရှေးနည်းအတူ နေရာကို ဦးနှင့်ကြလို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ

(အောင်ပေါ်ခိစာပေ)

ရှေးနည်းတူ နောက်ကျလို့နေရာကို မရရှိပဲ သစ်ပင်ရင်းမှာသာ တည့်ဦးသုံး အချိန်ကို ကုန်စေရလို့ မြတ်စွာဘုရားဟာ ဖြစ်ရပ် မှန်ကို စစ်ဆေးမေးမြန်းပြီး ဆဗ္ဗဂ္ဂီရဟန်းတွေကို ကဲ့ရဲ့ရှုတ်ချတော်မူပြီး

မြတ်စွာဘုရားက ရဟန်းတွေကို

သံဃာကို လှူဒါန်းပြီး မဟုတ်သေးစေကာမူ သံဃာကို ရည်ညွှန်းပြီး ပြုလုပ်စီရင်ထားတဲ့ မဏ္ဍပ်စသည်မှာ ဝါစဉ်အတိုင်း နေထိုင်ခြင်းကို မတားမြစ်ရဘူး တားမြစ်တဲ့ ရဟန်းကို ဒုက္ကဋ်အာပတ်သင့်စေလို့ သိက္ခာပုဒ်ပညတ်တော် မူရပြန်ပါတယ်။

ဒီလိုနဲ့

မြတ်စွာဘုရားဟာ

ရာဇဂြိုဟ်ပြည်ကနေ သာဝတ္ထိပြည်ကို ခရီးဒေသစာရီ ကြွချီတော်မူလာရာ သာဝတ္ထိပြည်နယ်အတွင်းသို့ ရောက်ရောက်လာပါတယ်၊ အနာထပိဏ်သူဌေးကြီးလည်း ကျောင်းရေစက်ချ ပူဇော်ပွဲကြီးကို ခမ်းနားကြီးကျယ်စွာ စီရင်ပြီး မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတိုက်သို့ ပင့်ဆောင်ဖို့ အခမ်းအနားတွေကို စီမံပါတယ်။

အနာထပိဏ်သူဌေးကြီးဟာ ပသေနဒီကောသလမင်းကြီးထံသို့ သွားရောက်ပြီး မြတ်သောမင်းကြီး မြတ်စွာဘုရား အကျွန်ုပ်တို့ နေထိုင်ရာ သာဝတ္ထိပြည်သို့ ကြွတော်မူလာပြီ အခု ကြွရောက်လာခြင်းဟာ

ကျွန်တော်တို့အတွက် မင်္ဂလာကြီး ဖြစ်ပါတယ်၊
အရှင်မင်းကြီးအတွက်လည်း မင်္ဂလာကြီး ဖြစ်ပါတယ်၊

အဲဒါကြောင့်

အရှင်မင်းကြီးရဲ့ သမီးတော် သုမနာ မင်းသမီးကို သတို့သမီး ငါးရာနဲ့တကွ ရေပြည့်အိုးနဲ့ နံ့သာ ပန်းမာလ်ကို စွဲကိုင်စေပြီး မြတ်စွာဘုရားကို ကြိုဆိုပင့်ဆောင်ဖို့ လွှတ်တော်မူဖို့ လျှောက်ပါတယ်။

ပသေနဒီ ကောသလမင်းကြီးလည်း

ကောင်းပြီ သူဌေးကြီးလို့ ဝန်ခံစကား ပြောကြားပြီး အနာထပိဏ်သူဌေးကြီးလျှောက်ထားတဲ့အတိုင်း ပြုလုပ်စီမံတော်မူပါတယ်။

သုမနာမင်းသမီးလည်း ခမည်းတော်မင်းကြီး မိန့်ဆိုတော်မူတဲ့အတိုင်း မြတ်စွာဘုရား ထံတော်မှောက်သို့ အဆောင်အယောင် အခမ်းအနားနဲ့ သွားရောက်ကြိုဆိုပြီး မြတ်စွာဘုရားကို ရိုသေမြတ်နိုးစွာ ရှိခိုးပြီး နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ပြီး လျှောက်ပတ်ရာအရပ်မှာ နေပါတယ်။

မြတ်စွာဘုရားဟာ
သုမနာမင်းသမီးကို တရားဟောပါတယ်။

သုမနာမင်းသမီးဟာ မြတ်စွာဘုရားရဲ့ တရားကို နာကြားရလို့နဲ့ အခြံအရံ သတို့သမီး ငါးရာနဲ့အတူ သောတာပတ္တိဖိုလ်

တည်ကြပါတယ်၊ သုမနာမင်းသမီးနှင့်အတူ သတို့သမီးငါးရာ၊ မာတုဂါမ အမျိုးသမီးကြီး ငါးရာ၊ ဥပါသကာ ဒါယကာ ငါးရာတို့လည်း သုမနာမင်းသမီးနဲ့အတူ သောတာပတ္တိဖိုလ် တည်ကြပါတယ်။

အနာထပိဏ် သဌေးကြီးဟာ

သုမနာမင်းသမီးကိုသာ ကောသလမင်းကြီးထံမှ တောင်းပန်ပြီး မြတ်စွာဘုရားကို ကြိုဆိုပင့်ဆောင်စေတာ မဟုတ်သေး၊ သူ့ရဲ့သားကိုလည်း အဆင်းတန်ဆာ အပြည့်အစုံဆင်ယင်စေပြီး အခြားသဌေးသား ငါးရာနဲ့အတူ မြတ်စွာဘုရားကို ကြိုဆို ပင့်ဆောင်ဖို့ စေလွှတ်ပါတယ်။

အနာထပိဏ် သဌေးကြီးရဲ့ သားလည်း ဖခင်သဌေးကြီးရဲ့ အစီအမံအတိုင်း အခြံအရံ သဌေးသား ငါးရာနဲ့အတူ အဆင်း ငါးမျိုးရှိတဲ့ အဝတ်တွေ တပြောင်ပြောင် တောက်ပတဲ့ တံခွန် ငါးရာကို ကိုင်ဆောင်ကြလျက် မြတ်စွာဘုရားရဲ့ရှေ့မှာ နေရာယူပြီး လိုက်ပါပင့်ဆောင်ကြပါတယ်။

သဌေးသားတွေရဲ့နောက်မှ

အနာထပိဏ်သဌေးကြီးရဲ့ သမီးတွေဖြစ်ကြတဲ့ စူဠသုဘဒ္ဒါ တို့ဟာ အခြံအရံ သဌေးသမီးပေါင်း ငါးရာနဲ့ ရေပြည့်အိုးများ ကို ရွက်ဆောင်သယ်ယူပြီး လိုက်ပါ ပင့်ဆောင်ကြပါတယ်။

သဌေးသမီးတွေရဲ့နောက်က

အနာထပိဏ်သဌေးကြီးကတော် ပုညလက္ခဏာဒေဝီဟာ တခြားသဌေးကတော် ငါးရာနဲ့အတူ နံ့သာရေတွေ ထည့်

ထားတဲ့ ရွှေခွက်ငွေခွက်တွေကို ကိုင်ပြီး ပင့်ဆောင်ကြပါတယ်။ သူတို့အားလုံးရဲ့ နောက်မှ အနာထပိဏ်သဌေးကြီးဟာ ကိုယ်တိုင်က အပေါင်းပါ သဌေးငါးရာနဲ့အတူ မြတ်စွာဘုရားကို ခရီးဦးကြို ပင့်ဆောင်ပါတယ်။

မြတ်စွာဘုရားဟာ

ဥပါသကာ ပရိသတ်ကို ရှေ့ကထားပြီး များစွာသော ရဟန်းအပေါင်း ခြံရံလျက် ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်ရောင်ဖြင့် တောတခုကို ရွှေရည်ဖြင့် သွန်းလောင်းအပ်တဲ့ ဆေးဒန်းရွှေဝါရောင်လို ရွှေရောင်အဆင်း ဝါဝင်း တောက်ပြောင်စေလျက် အပိုင်းအခြားမရှိတဲ့ ဘုရားတို့ရဲ့ တင့်တယ်ခြင်းဖြင့်လည်းကောင်း အတုမရှိတဲ့ မြတ်စွာဘုရားရဲ့ အသရေတော်ဖြင့်လည်းကောင်း ဇေတဝန်ကျောင်းတိုက်သို့ ဝင်လာကြပါတယ်။

အနာထပိဏ်သဌေးကြီးဟာ

မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာတော်တွေကို နောက်တနေ့နံနက် သူ့ရဲ့အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွရောက်ဖို့ ရှိသေစွာ ပင့်လျှောက်ပြီး နောက်တနေ့နံနက် သူ့ရဲ့အိမ်မှာ ကောင်းမြတ်တဲ့ စားစရာ သောက်စရာတွေကို စီမံစေပြီး

မြတ်စွာဘုရားကို

ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အရှင်ဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတော်များ အတွက် ဆွမ်းပွဲ ပြင်ပြီးပါပြီဘုရား ဆွမ်းစားနိုင်ရန်အသင့် ဖြစ်နေပါပြီ

(အောင်ဗေဒစာပေ)

ဘုရား အရှင်ဘုရား အလိုတော်အတိုင်း ကြွရောက်ပါဘုရားလို့ လျှောက်ပါတယ်။

မြတ်စွာဘုရားဟာ

နောက်တနေ့ နံနက်အခါမှာ နောက်ပါ ရဟန်းအပေါင်း ခြံရံပြီး အနာထပိဏ်သဌေးကြီးအိမ်သို့ ဆွမ်းစား ကြွရောက်လာပြီး ခင်းထားတဲ့နေရာမှာ ထိုင်ပါတယ်။

အဲဒီနောက်

အနာထပိဏ်သဌေးကြီးဟာ

မြတ်စွာဘုရား အမှူးပြုတဲ့ ရဟန်းသံဃာများကို မွန်မြတ်တဲ့ စားစရာ သောက်စရာ စတဲ့ အစားအစာတွေကို ကိုယ်တိုင်လက်ရောက် ကပ်လှူပြီး

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြက်တော်မူသော မြတ်စွာဘုရား

အကျွန်ုပ် ဒီဇေတဝန်ကျောင်းတော်ကြီး ကို အရှင်ဘုရားအမှူးပြုတဲ့ ရဟန်းသံဃာတော်မြတ်များကို ဘယ်လိုစီမံပြီး လှူဒါန်းရမလဲဘုရားလို့ မေးလျှောက်ပါတယ်။

အခုလိုမေးတဲ့အတွက်

မြတ်စွာဘုရားဟာ အနာထပိဏ်သဌေးကြီးကို

အနာထပိဏ် သဌေးကြီး သင်ဟာ ဒီဇေတဝန်ကျောင်းတိုက်သို့ ရောက်ပြီး ရောက်ဆဲရောက်လတ္တံ့သော အရပ် လေးမျက်နှာက ရောက်ကြတဲ့ ရဟန်းသံဃာတော်တွေအတွက် ရည်ရွယ်ပြီး ပူဇော်လို့ မိန့်တော်မူပါတယ်။

(အောင်ဗောဓိစာပေ)

အနာထပိဏ်သူဌေးကြီးလည်း

မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း ဇေတဝန်ကျောင်း တိုက်ကြီးကို ရဟန်း သံဃာတော်များ အတွက်ကို ရည်ရွယ်ပြီး ရေစက်ချ လှူဒါန်းပါတယ်။

မြတ်စွာဘုရားဟာ

ဇေတဝန်ကျောင်းတိုက်တော်ကို အလှူခံတော်မူပြီး ကျောင်း နဲ့ ပတ်သက်ပြီး စိတ်ကို ဘယ်လိုထားရမယ် နှုတ်ကဘယ်လိုပြော ရမယ် ကိုယ်ကဘယ်လိုပြုလုပ်ဆောင်ရွက်ရမယ်လို့ သင်ပြဆုံးမတဲ့ အနုမောဒနာတရား ဟောကြားပါတယ်။

မြတ်စွာဘုရားဟာ အနာထပိဏ်သူဌေးကြီးကို အခုလိုတရား ဟောကြားပြီး ဇေတဝန်ကျောင်းတိုက်သို့ ပြန်ကြွ သီတင်းသုံး တော်မူပါတယ်။

အနာထပိဏ်သူဌေးကြီးဟာ

ဒုတိယနေ့ကစပြီး ကျောင်းတိုက်လှူဒါန်းတဲ့ ရေစက်ချ အခမ်းအနားကို စတင် ပြုလုပ်ကျင်းပပါတယ် ဝိသာခါ သူဌေး ကတော်ကြီးရဲ့ ပုဗ္ဗာရုံ ကျောင်းတိုက် ရေစက်ချ အောင်ပွဲကြီး ဟာ လေးလကြာမှ ပြီးစီးပါတယ် ဒီ အနာထပိဏ်သူဌေးကြီး ရဲ့ ဇေတဝန်ကျောင်းရေစက်ချတဲ့ အခမ်းအနားကြီးဟာ ကိုးလ ကြာမှ ပြီးစီးပါတယ်။

ကျောင်း ရေစက်ချတဲ့ အခမ်းအနားအတွက် အနာထပိဏ် သူဌေးကြီးဟာ ရွှေဒင်္ဂါး တဆယ့်ရှစ်ကုဋေ အကုန် အကျ ခံပြီး စွန့်ကြဲလှူဒါန်း ပေးကမ်းခဲ့ပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

ဇေတဝန်ကျောင်းတိုက်အတွက်

အနာထပိဏ်သဌေးကြီး၏ စွန့်လှူတဲ့ အလှူတန်ဖိုးမှာ

က။ ဖိုးမြေအဖိုးက တဆယ့်ရှစ်ကုဋေဖြစ်ပါတယ်

ခ။ ကျောင်းတိုက်တည်ဆောက်ရာမှာ တဆယ့်ရှစ် ကုဋေ ဖြစ်ပါတယ်

ဂ။ ကျောင်းတိုက်ရေစက်ချ အခမ်းအနားအတွက် တဆယ့်ရှစ်ကုဋေ ဖြစ်ပါတယ် စုစုပေါင်းရွှေဒင်္ဂါး(ငါးဆယ့်လေး ကုဋေ) အကုန်အကျခံပြီး သာသနာ့ဘောဂ်အတွက် စွန့်ကြဲလှူဒါန်းခဲ့ပါတယ်။

ဒါဟာ

မြတ်စွာဘုရား ရှိတဲ့ လာဘ်တွေထဲက ထင်ရှားတဲ့ လာဘ်မျ ခြင်းတခု ဖြစ်ပါတယ်။

# လာဘ်မရရှိပုံ

မြတ်စွာဘုရား
လာဘ်မရရှိပုံ

ကျွန်တော်တို့ ခင်ဗျားတို့ဟာ ရံဖန်ရံခါ ကိုယ်စားချင်တာကို မစားရတဲ့အခါတို့ ကိုယ်သောက်ချင်တာကို မသောက်ရတဲ့အခါတို့ စားရ သောက်ရ ပြန်တော့လည်း ကိုယ်စားချင်သလောက် မစားရလို့ သောက်ရပြန်တော့လည်း၊ ကိုယ်သောက်ချင်သလောက် မသောက်ရလို့ စိတ် မကျေနပ် ဖြစ်ကြ ဘူး၊ ကျွန်တော်တို့ ခင်ဗျားတို့ မပြောနဲ့, ဒါန ပါရမီ သီလ ပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီစတဲ့ ပါရမီ(၁၀) ပါးကိုလေးသင်္ချေနဲ့ကမ္ဘာတသိန်း ကာလတိုင်ကြာအောင် ပါရမီဖြည့်ဆည်းနိုင်ခဲ့လို့ ဒီဘဝမှာ ဘုန်းတော်အနန္တ ကံတော် အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတဲ့ လူတွေ နတ်

(အောင်ဗောဓိစာပေ)

တွေ ပြဟ္မာတွေနဲ့ လူခင်း နတ်မင်း ပြဟ္မာမင်းတွေရဲ့ ရှိခိုးခြင်း ပူဇော်ခြင်း အထူးကို ခံရတဲ့ 'မြတ်စွာဘုရား တောင် တခါက ဝါတွင်း တဝါတွင်းလုံး အဘက်ဘက်က အကြောင်းမညီညွတ် လို့ ဆွမ်းနှန်မှန် မဘုဉ်းပေးရရုံမက မကြာခဏ မြင်းတွေ ကို ကျွေးဖို့ သယ်ယူသာကြတဲ့ မြင်းကုန်သည်တွေ ပေးလှူလိုက်တဲ့ မုယောဆန်တွေကို အမှုန့်ပြုလုပ်ပြီး ပျားရည်တို့ ထောပတ်တို့ သကာရည်တို့နဲ့ မုန့်သတောပြုလုပ်ပြီး ဆွမ်းအဖြစ် ဆက်ကပ်တဲ့ မုယောဆန် မုန့်ကို ဘုဉ်းပေးခဲ့ရဖူးပါတယ်။

ဒါက ဘာကိုထောက်ပြသလဲဆိုယင်

ကိုယ်စားချင်တာစားရတဲ့ ကိုယ်သောက်ချင်တာသောက် ရတဲ့ ကိုယ်ဝတ်ချင်တာ ဝတ်ရဘဲ့ ကိုယ်သုံးစွဲချင်တာကို သုံး စွဲရဘဲ့ဘဝ လောကဓံဟာ ကျွန်တော်တို့ ခင်ဗျားတို့လို လူသာ မန်တွေလောက်ကို မပြောနဲ့ ဘဝကြီး ဘဝငယ် ဝင်္ဂကြီး ဝင်္ဂငယ် အပေါင်းက လွတ်မြောက်ပြီး ပါပြီဆိုတဲ့ မြတ်စွာဘုရားပင် တွေ ကြုံ ခံစားရဘယ်ဆိုတာကို ထောက်ပြတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားဖြစ်ပုံက ဒီလိုပါ

မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်ပြီးနောက် (၁၁)ဝါ အလွန် (၁၂)ဝါဆိုမယ့် ဝါဆိုချိန် နီးကပ်လာတဲ့ နေ့တနေ့ မှာ မြတ်စွာဘုရားဟာ ဝေရဉ္စမြို့လို့ခေါ်တဲ့ မြို့တမြို့ရဲ့ အနီးမှာ ရှိတဲ့ တမာပင်ကြီးတပင်ရဲ့ အနီးမှာ နောက်ပါရဟန်း(၅၀၀) နဲ့အတူ သီတင်းသုံးနေပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအချိန်တုန်းက

ဝေရဉ္ဇာပြည်မှာ ဝေရဉ္ဇလို့ခေါ်တဲ့ ပုဏ္ဏားကြီး တယောက် ရှိပါတယ် ဝေရဉ္ဇပုဏ္ဏားကြီးဟာ အဲဒီအချိန်တုန်းက မြတ်စွာ ဘုရားရဲ့ ဉာဏ်ပညာ အကျင့်သိက္ခာ သီလသမာဓိရဲ့ အဆင့်အ တန်းနဲ့ မြတ်စွာဘုရားရဲ့ အနေအထား အရပ်ရပ်ကို မသိတဲ့အပြင် မြတ်စွာဘုရားကိုလည်း မလေ့လာ မစုံစမ်းပဲ မြတ်စွာဘုရားအ ပေါ် တဖက်သတ် အမြင်နဲ့ မလိုကြတဲ့သူတွေရဲ့ အပြော အဆို တွေကို ဆုပ်ကိုင်ပြီး မြတ်စွာဘုရားအပေါ် အမြင်မှားပြီး အလွဲတကြီး စိတ်ဆိုးမာန်ဆိုးနဲ့

မြတ်စွာဘုရားဟာ

အသက်ကြီးတဲ့ပုဏ္ဏားကြီးတွေ

အရွယ်အိုတဲ့ပုဏ္ဏားကြီးတွေနဲ့

ရှေ့မီနောက်မီတဲ့ ပုဏ္ဏားကြီးတွေနဲ့ တွေ့ကြုံတဲ့အခါ အဲဒီ အသက်ကြီးတဲ့ ပုဏ္ဏားကြီးတွေ အရွယ်အိုတဲ့ ပုဏ္ဏားကြီး တွေနဲ့ ရှေ့မီနောက်မီတဲ့ ပုဏ္ဏားကြီးတွေကို ရှိလည်းမခိုးဘူး ခရီးဦးလည်း မကြိုဆိုဘူး နေရာပေးချင်းအားဖြင့်လည်း မပိတ် ကြားဘူးလို့ လူယဉ်ကျေးတယောက် အနေနဲ့ ပြုလုပ်သင့် ပြုမူ သင့် ပြုလုပ်အပ် ပြုမူအပ်တဲ့အမူတွေကို မပြုလုပ်ရကောင်းလား ဆိုတဲ့ သဘောနဲ့ ကဲ့ရဲ့ရှုတ်ချတဲ့ အပြစ်တင်တဲ့ စွပ်စွဲချက်တွေနဲ့

(နောက်စာမျက်နှာ)

မြတ်စွာဘုရားကို ပြင်းပြင်းထန်ထန် စကားကို သုံးစွဲပြီး ကဲ့ရဲ့ရှုတ်ချ အပြစ်တင် စွပ်စွဲမိတဲ့အတွက် သူ့အနေနဲ့ မြတ်စွာဘုရားအပေါ်မှာ ပြောမှား ပြုမှားမိတဲ့ နောင်တကြီးစွာ ရရှိခဲ့စားလို့

အခုအခါမှာ

ဝေရဥ္ဇပုဏ္ဏားကြီးဟာ

မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကို အသေအချာပိုင်းခြားထင်ထင် သိမြင်သွားပြီးဖြစ်လို့

ဝေရဥ္ဇပုဏ္ဏားကြီးဟာ

သူ့ရဲ့ မသိမလိမ္မာမှုအရပ်ရပ်ကို ဆုံးပြီး

သူ့ရဲ့ မာန်မာနကို ချိုးနှိမ်နှိမ့်ချသွားတဲ့ သူ့ရဲ့ ကိုယ်နှုတ်နှလုံး သုံးပါးလုံးနဲ့ မြတ်စွာဘုရားကို ရိုသေလေးစားစွာ အကြိမ်များစွာ ငိုခိုးတောင်းပန် ပါတယ်။

အဲဒီနောက်

ဝါဝင်ခါနီး ဝါကပ်ခါနီးအချိန်မှာ

အဲဒီဝေရဥ္ဇပုဏ္ဏားကြီးဟာ

မြတ်စွာဘုရားကို အလွန်ကြည်ညိုလွန်းလှလို့ မြတ်စွာဘုရားဆီကို လာရောက်ပြီး

(အောင်ပေါ်ဝိစာပေ)

မြတ်စွာဘုရားကို

အရှင်ဂေါတမ အရှင်ရဟန်း ဂေါတမဟာ နောက်ပါရဟန်း သံဃာတော်တွေနဲ့အတူ အကျွန်ုပ်ကို ချီးမြှောက်တဲ့ အနေ နဲ့ သည်းခံတော်မူပြီး ဒီဝေရဉ္စာပြည်မှာ ဒီတဝါ ဝါကပ် ဆိုချင်ပါတယ်လို့ တောင်းပန်တဲ့စကားနဲ့ မခံ့တခံ့ အာသနှာ ခံပြီး လျှောက်ထားပါတယ်။

အဲဒီအချိန်တုန်းက

ဝေရဉ္စာပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကို

သူတို့ရဲ့ ဝေရဉ္စာပြည်အရပ်မှာ ဒီတဝါ ဝါကပ်ဝါဆို စေချင်ပါတယ်လို့သာ ဝါကပ်ဆိုဖို့ မြတ်စွာဘုရားအပေါ် အင်မတန် ကြည်ညိုလွန်းတဲ့ ယုံကြည်တဲ့စိတ်နဲ့ မြတ်စွာဘုရား ကို ဂရုဘစိုက် ပင့်ဖိတ်ပါတယ်။

ဒါပေမယ့်

ဒီ ဝေရဉ္စပုဏ္ဏားကြီးဟာ ဝါတွင်းကာလအတွင်းမှာ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်များ သီတင်းသုံးနေထိုင်ဖို့ နေရာထိုင်ခင်းကို မဖန်တီးပေးပါဘူး မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်များ ဆွမ်းအတွက် အဆင်ပြေအောင် လုပ်ဘာတခုမှ တာဝန်မယူလိုက်မိခဲ့ပါဘူး။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

သူ့ရဲ့ နေရေးထိုင်ရေးနဲ့ စားရေး သောက်ရေးကိစ္စကိုရော သူနဲ့ နောက်လိုက် တပည့်ရဟန်းတွေရဲ့ နေရေးထိုင်ရေးနဲ့ စားသောက်ရေးကိစ္စတွေကိုပါ ပြောဆိုလေ့ရှိတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး

အဲဒါကြောင့်

မြတ်စွာဘုရားအား

သူနဲ့ နောက်ပါ ရဟန်းသံဃာတော်များ နေထိုင်သီတင်းသုံးစရာ နေရာနဲ့ ဆွမ်းအဖြစ် ဘုဉ်းပေးဖို့ စားစရာ သောက်စရာတွေကို ဘာမှတာဝန်မယူပေမယ့် ဒီနှစ် ဒီဝါ ဒီဝေရဥ္စာပြည်မှာ ကပ်ဖို့ လျှောက်ထားတောင်းပန်တဲ့ ဝေရဥ္စပုဏ္ဏားကြီးရဲ့စကားကို လက်ခံတော်မူလိုက်ပါတယ်။

ဝေရဥ္စပုဏ္ဏားကြီးဟာ

မြတ်စွာဘုရားက သူ့ရဲ့ တောင်းပန် လျှောက်ထား မှု ကို လက်ခံတော်မူလိုက်တာကို သိတဲ့အခါ သူ့ရဲ့နေရာကထပြီး

မြတ်စွာဘုရားကို

မြတ်စွာဘုရားရဲ့ အရှေ့ဘက်အရပ်
မြတ်စွာဘုရားရဲ့ ညာဘက်အရပ်
မြတ်စွာဘုရားရဲ့ အနောက်ဘက်အရပ်
မြတ်စွာဘုရားရဲ့ ဘယ်ဘက်အရပ်စတဲ့ မြတ်စွာဘုရားရဲ့ အရပ်(၄)ဘက်(၄)မျက်နှာ အသီးသီးသို့ လက်ယာရစ် လှည့်

ပတ်ပြီး အဲဒီအရပ်(၄)မျက်နှာကနေ မြတ်စွာဘုရားကို အလွန်ရှိသေလေးစားစွာ ရှိခိုးပါတယ်။

အဲဒီနောက်

အခုတင်ပြခဲ့တဲ့အတိုင်း

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကို ဖော်ပြခဲ့တဲ့အတိုင်း လက်ျာရစ် သုံးပတ်လှည့်ပြီး လက်အုပ်ကိုဦးခေါင်းအပေါ်မှာ မြှောက်တင်လျက် မြတ်စွာဘုရားကို မြင်တွေ့နေရသလောက် မြတ်စွာဘုရားဘက်သို့သာ မျက်နှာမူပြီး နောက်ဆုတ်သွားပါတယ်။

မြတ်စွာဘုရားကို မမြင်တွေ့ရလောက်တဲ့ ဥပစာအရပ်ကိုလွန်မှ နောက်ဆုံးအနေနဲ့ မြတ်စွာဘုရားကို အားရပါးရ ရှိခိုးပြီး၊ မြတ်စွာဘုရားဆီက လှည့်ပြန်ခဲ့ပါတယ်။

မြတ်စွာဘုရားဟာ

ဒီနေ့ ဒီဝါ ဒီခဝရည္ဇာပြည်အနီးမှာ ရှိတဲ့ တမာပင်ကြီးရဲ့အောက်မှာပဲ နောက်ပါရဟန်း(၅၀၀)နဲ့အတူ ပါကပ်ဆိုတော်မူပါတယ်။

အဲဒီအချိန်တုန်းက

ဝေရည္ဇာပြည်တဝိုက်မှာ မိုးအလွန်ရှားချထားလို့ နေရာတိုင်းလိုလိုမှာ ရေတွေ မြုပ်နေကြတဲ့အတွက် အစားအစာ အလွန်ရှားပါးနေပါတယ်။

(အောင်ပေါ်ငိစာပေ)

အဲဒါကြောင့်

ရဟန်းတော်မြတ်များအဖို့ သပိတ်ကို လက်မှာစွဲကိုင်ပြီး ဝေရဠာမြို့အပြင် အိမ်စဉ်လှည့်လည် ဆွမ်းခံကြပေမယ့် ဆွမ်း မျှ တအောင် မရကြပါဘူး ရဟန်းတော်မြတ်များ အဘွက် နေ့စဉ် မှန်မှန် ဆွမ်းရရေးဟာ အင်မတန် ခက်ခဲနေကြပါတယ်။

ဘယ်လောက်တောင် ခက်ခဲသလဲဆိုယင်

တခါတလေ ဆွမ်းရဖို့ ခဆိုထားနဲ့ ရဟန်းတော်မြတ်များ ဆွမ်းခံလာတဲ့အခါ ကန်တော့ဆွမ်းပါဘုရားလို့ တောင်ကန်တော့ ဆွမ်းပါလို့ လှူမယ့်သူ မရှိပါဘူး။

တဘက်မှာ အဲဒီလောက် အခြေအနေ ဆိုးလှန်း လှပေမယ့် ကျန်တဘက်မှာ

အဲဒီအချိန်တုန်းက

ဝေရဠာပြည်အရပ်မှာ ဥတ္တရာပထရတိုင်းသား မြင်းကုန်သည် တွေ ရောက်နေကြပါတယ် မိုးလေးလ ကာလအတွင်း မိုး အ လွန်များလို့ နေရာတိုင်းလိုလိုမှာ ရေတွေ လွှမ်းနေတဲ့ အတွက် ဥတ္တရာပထရတိုင်းသား မြင်းကုန်သည်တွေဟာ သူတို့ရဲ့ခရီးကို လို သလို မဆက်နိုင်ကြလို့ ဝေရဠာပြည်မှာ တမိုးခိုနေကြရပါတယ်။

အခုလို မိုးခိုနေကြရာမှာ

မြို့ရဲ့ အပြင်ဘက်က ရေမလွှမ်းမယ့် အရပ်မှာ ကိုယ်တိုင် နေ တိုင်ဖို့ အိမ်တွေဆောက် ခြံတွေကို ကာဖို့ တဲတွေ ဆောက်လုပ်

စေပြီး အဲဒီအရပ်ကို မြင်းဝန်းအဖြစ် ကာရံ နေထိုင်နေကြပါ တယ်။

အဲဒီမြင်းကုန်သည်တွေမှာ

သူတို့ရဲ့ လမ်းခရီးအတွင်း သူတို့ရဲ့ မြင်းတွေစားဖို့ ရိက္ခာ အနေနဲ့ မုယောဆန်တွေ ပါလာကြပါတယ်၊ မြင်းကုန်သည် တွေဟာ သူတို့ရဲ့ မုယောဆန်တွေကို အချိန်ကြာကြာခံအောင် အလွယ်တကူ ပိုးမထိုးနိုင်အောင် သူတို့ရဲ့ မုယောဆန်တွေ မှာ ဖွဲ့မပါအောင် ပြုလုပ်ပြီး ပေါင်းထားကြပါတယ်။

ဖွဲ့မပါအောင်ပြုလုပ်ပြီး

ပေါင်းထားတဲ့ မုယောဆန်တွေကို

သူတို့မြင်းတွေအတွက် မြက်မရနိုင်တဲ့ နေရာတွေမှာ သူတို့ရဲ့ မြင်းတွေကို မြက်အစား အစာအဖြစ် ကျွေးဖို့ မြင်းစာ အနေနဲ့ ယူဆောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီမြင်းကုန်သည်တွေဟာ

ဝေရဥ္စာပြည်သားတွေလို ပေးချင် လှူချင်တဲ့စိတ် မခေါင်း ပါးကြပါဘူး ပေးချင်လှူချင်ကြတဲ့ သူတွေ ဖြစ်ကြပါတယ်၊ ဘုရား တရားနဲ့ သံဃာ စတဲ့ ရတနာ သုံးပါးကိုလည်း မြတ်နိုး ကြတဲ့ သူတွေ ဖြစ်ကြပါတယ်။

အဲဒါကြောင့်

(အောင်ဗောဓိစာပေ)

အဲဒီမြင်းကုန်သည်တွေဟာ

နံနက်အခါ သူတို့ရဲ့ ရောင်းဝယ်ရေးကိစ္စ အပါအဝင် သူတို့ရဲ့ ကိုယ်ရေးကိစ္စ အသီးသီးနဲ့ မြို့တွင်းကို ဝင်သွားကြတဲ့ အခါတိုင်းလိုလိုမှာ ရဟန်းတော်မြတ်များ ခုနစ်ပါး တစု ရှစ်ပါးတစု မြို့တွင်းမှ လှည့်လည် ဆွမ်းခံနေကြပေမယ့် ဆွမ်းတစိုးတစိမှ မရရှိကြရုံမကဘူး ကန်တော့ဆွမ်းပါဘုရားလို့တောင် ဝတ္တုပစ္စည်း မပါပဲ ပေးချင် လှူချင်တဲ့ စေတနာကလေးကိုတောင် လောင်းလှူမယ့်သူ တဦးတယောက်ကိုမှ မတွေ့ကြရတဲ့အတွက် သူတို့အချင်းချင်း

အရှင်ကောင်းတွေဟာ

ဒီဝေရဉ္ဇာပြည်ကို အမှီပြုပြီး ဝါကပ်နေတော်မူကြတယ်

ဒီဝေရဉ္ဇာပြည်ဟာ အစာရေစာရှားပါးတဲ့ဘေး ဆိုက်ရောက်နေကြတယ်

အဲဒါကြောင့်

ရဟန်းတော်မြတ်များဟာ

ဆွမ်းတစိုးတစိမျှ မရရှိကြတဲ့အတွက် ဆွမ်းအလုံအလောက်မရကြလို့ ကိုယ်ပင်ပန်းမှု ခံစားနေကြရတယ် ငါတို့လည်း ညွှံ့သည်များ ဖြစ်နေကြတဲ့အတွက် အရှင်ကောင်းတွေအတွက် နေ့စဉ်ရက်ဆက် ယာဂုဆွမ်းကိုလည်းကောင်း နံနက်စာ ဆွမ်းကိုလည်းကောင်း လုံလောက်အောင် ပင့်ဖိတ်ပြီး မလှူဒါန်းနိုင်ကြဘူး။

(အောင်ပေါ်စိစာပေ)

တခုတော့ရှိတယ်

အဲဒါက တခြားမဟုတ်ဘူး

ငါတို့မြင်းတွေအတွက် နံနက်တကြိမ် ညခ့်တကြိမ် တနေ့နှစ်ကြိမ် စားနိုင်ကြဖို့ အစားအစာ အလုံအလောက်ရှိကြတယ်၊ ငါတို့ဟာ မြင်းတကောင်တကောင်စီရဲ့ နံနက်စာထဲက ရဟန်းတော်မြတ် တပါးတပါးကို တစလယ် တစလယ်မျှသော မုယောဆန်ကို လှူဒါန်းရယင် ကောင်းမှာပဲ၊

အခုလို ပူလုပ်လှူဒါန်းရယင်

အရှင်ကောင်းတို့လည်း ဆွမ်းအတွက် စိတ်အပင်ပန်း မခံရတော့ဘူး ကိုယ်ပင်ပန်း မခံရတော့ဘူး၊ ငါတို့ရဲ့ မြင်းတွေလည်း မျှတကြလိမ့်မယ်လို့ ကြံစည်တိုင်ပင်ကြပြီး ရဟန်းတော်မြတ်များထံသို့ သွားရောက်ပါတယ်။

အဲဒီနောက်

မြင်းကုန်သည်တွေဟာ ရဟန်းတော်မြတ်များကို ရဟန်းတော်မြတ်များအပေါ် ထားရှိတဲ့ စေတနာနဲ့ ပူလုပ်လှူဒါန်းပေးကြပေမယ့် အစီအစဉ်ကို လျှောက်တင်ကြပါတယ်။

မြင်းကုန်သည်တွေဟာ ရဟန်းတော်များကို

အရှင်ဘုရားတို့ အရှင်ဘုရားတို့ဟာ တပည့်တော်တို့ထံမှ တစလယ် တစလယ်မျှသော ရိက္ခာ ဖြစ်ကြတဲ့ မုယောဆန်ကို ခံယူ

တော်မူကြပြီး သင့်လျော်သလို ပြုလုပ်သုံးဆောင်တော် မူကြပါဘုရားလို့ တောင်းပန်လျှောက်တင်ကြပါတယ်။

အဲဒီအချိန်ကစပြီး

မြင်းကုန်သည်တွေဟာ သူတို့နေထိုင်ရာ မြင်းဝိုင်း ကို လာရောက် ဆွမ်းခံယူကြတဲ့ ရဟန်းတော်မြတ်များကို နေ့တိုင်း နေ့တိုင်း မှန်မှန်ရဟန်းတပါး၊ တပါးကို တစလယ် တစလယ်မျှစီသော ရိက္ခာမုယောဆန်ကို ပုံမှန်လောင်းလှူကြပါတယ်။

အဲဒီအချိန်ကစပြီး

ရဟန်းတော်မြတ်များဟာ

နံနက်အခါ ပထမဆုံး ဝေရဥ္စာမြို့အတွင်းသို့ ဆွမ်းခံဝင်ကြပါတယ်

မြို့တွင်းသို့ အိမ်စဉ်လှည့်ပြီး ဆွမ်းခံရာမှအပြန် မြို့ပြင်အရပ်မှာ ခေတ္တစခန်းချပြီး ကမိုးတည်းခိုနေကြတဲ့ မြင်းကုန်သည်တွေရဲ့ မြင်းဝိုင်းသို့ ကြွရောက် ဆွမ်းခံကြ ပါတယ်။

မြင်းကုန်သည်တွေဟာ

သူတို့ရဲ့ ဆွမ်းအတွက် ပင့်ဖိတ်ထားတဲ့အတိုင်း ရဟန်းတော်မြတ်တပါးစီ အတွက် တစလယ် တစလယ်စီမျှသော ရိက္ခာမုယောဆန်ကို ပုံမှန်လောင်းလှူကြပါတယ်။

(အောင်မောဝိဇ္ဇာပေ)

ရဟန်းတော်မြတ်များဟာ

မြင်းကုန်သည်တွေထံမှ အလှူခံ ရရှိကြတဲ့ မုယောဆန်တွေကို သူတို့ သိဘင်းသုံးနေကြတဲ့ တမာပင်ရင်းသို့ ဆောင်ယူလာခဲ့ကြပြီး ပေမယ့် ကျောင်းမှာ ယာဂုကျို ဆွမ်းချက်ပေးမယ့် ကပ္ပိယ မရှိကြတဲ့အတွက်ရဟန်းတော်မြတ်များဟာ ကိုယ်တိုင်ကျို ချက်ရန်လည်း မလျောက်ပတ် မအပ်စပ်လို့ ရှစ်ပါးတစု ဆယ်ပါးတစုစီ ပေါင်းစုကြပြီး ဆုံငယ်တွေနဲ့ မုယောဆန်တွေကို ထုထောင်းပြီး ဆွမ်းအဖြစ်နဲ့ ဘုဉ်းပေးကြရပါတယ်။

၃၂

## မြတ်စွာဘုရားဆွမ်းမရပုံ

တနေ့မှာ

မြတ်စွာဘုရားဟာ

အဲ ဒီပဉ္စသာလလို့ ခေါ်တဲ့ ပုဏ္ဏားရွာထဲကိုဝင်ပြီး အိမ်စဉ်လှည့်လည်ဆွမ်းခံပါတယ် အဲဒီရွာထဲက ဘယ်သူ့အိမ် ဘယ်သူတွေကမှ မြတ်စွာဘုရား သူတို့အိမ်ရှေ့မှာ ဆွမ်းခံ လာရပ်တာကို ထွက်ပြီးမလောင်းလှူကြပါဘူး။

အဲဒါကြောင့်

(အောင်ပေါခိစာပေ)

အဲဒီနေ့မှာ မြတ်စွာဘုရားဟာ ဆွမ်းဘုဉ်းပေးဖို့ ဆွမ်းတာ ဇွန်းမျှ မရရှိပဲ ရေဆေးမြဲ တိုင်းသပိတ်နဲ့ပဲ ရွာကပြန်ထွက်လာ ခဲ့ရပါတယ်။

အဲဒီနေ့အဖို့

ဆွမ်းမရခဲ့တဲ့အတွက် မြတ်စွာဘုရားဟာ အာဘာဿရဗြဟ္မာ မဟာဗြဟ္မာကြီးလို ကိုယ့်ရဲ့ဘဝကို ကျေနပ်တဲ့ ပီတိသုခ ဆိုတဲ့ စမ်းမြောက်တဲ့ ချမ်းသာမှုကို ခံစားပြီး တနေ့တာကို ကုန်လွန် စေခဲ့ရဖူးပါတယ်။

ဒါဟာ

မြတ်စွာဘုရား ဆွမ်းမစားရတဲ့နေ့ လာဘ်မရတဲ့အဖြစ်ထဲက ထင်ရှားတဲ့ ဖြစ်ရပ်တခု ဖြစ်ပါတယ်။

(အောင်ပေါ်ဓိစာပေ)

## အခြေအရံပေါ်များခြင်း

## မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွရောက်ပုံ

သိဒ္ဓတ္ထမင်းသားဘဝကနေ ဂေါတမမြတ်စွာဘုရား အဖြစ် သို့ ပြောင်းလဲ ရောက်ရှိလာတဲ့ ဝါဆိုလပြည့်နေ့တနေ့ (၆)လသွန် မြောက်တဲ့ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ပြာသိုလပြည့်ကျော် မှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရ မင်းကြီးက၊ မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော် အရှင်မြတ် များ အတွက်၊ လှူဒါန်းထားတဲ့ ရာဇဂြိုဟ်မြို့အနီးမှာရှိတဲ့ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံး နေထိုင်တော်မူနေစဉ်

နေ့စဉ်နေ့တိုင်းလိုလို

(အောင်ပေါ်ခြောက်)

ပရိသတ်ထဲမှ

တချို့ကို သရဏဂုံသီလ ဆောက်တည်စေခြင်းဖြင့် လည်းကောင်း၊

တချို့ကို ရဟန်းအဖြစ်သို့ ရောက်ရှိစေခြင်းဖြင့် လည်းကောင်း၊

တချို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိစေခြင်းဖြင့် လည်းကောင်း၊ ချီးမြှောက်တော်မူတဲ့

သံသရာထဲက လွတ်မြောက်ရေး တရားသဘင် ပွဲကြီးကို ဆင်ယင်ကျင်းပနေတော်မူပါတယ်။

အဲဒီလို

မြတ်စွာဘုရားဟာ ရှင်ဘုရင်တွေ၊ ပညာရှိပုဏ္ဏားတွေ၊ သူဌေးတွေ၊ သူကြွယ်တွေ၊ ကုန်သည်တွေကအစ အလုပ်သမား လယ်သမား၊ လက်လုပ်လက်စား အပါအဝင် တရားနာပရိသတ်ကို သံသရာဝဋ္ဋဆင်းရဲတောင်အကျင်းက လွတ်မြောက်အောင် ကယ်တင်ပေးနေတဲ့ တရားပွဲကို နေ့စဉ် ပြုလုပ် ဟောကြား ပြသပေးနေတယ်ဆိုတဲ့ သူ့ရဲ့သား ဘုရားရဲ့သတင်းမှန် သတင်းစုံ သတင်းစကားကို ကပိလဝတ်ပြည်ရှင် ယခင် သိဒ္ဓတ္ထမင်းသားရဲ့ ခမည်းတော် သိဒ္ဓတ္ထရဟန်းရဲ့ ခမည်းတော် အခု မြတ်စွာဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိရတဲ့အခါ

အရှင်သုဒ္ဓေါဒနမင်းကြီးဟာ

(အောင်ဗောဓိစာပေ)

ငါရဲ့သားတော်ဟာ ဘုရားဖြစ်ချင်လွန်းလို့ ငါက ခွင့်မပြုမှာကို စိုးရိမ်တဲ့အတွက် ငါရဲ့ နန်းတော်ကနေ ကဏ္ဍကမြင်းနဲ့ အဖော် မောင်ဆံတို့ တိတ်တဆိတ် နေပြည်တော်က ထွက်သွားကြပြီး ဥရုဝေလတောထဲမှာ အလွန်ပြင်းထန်လှတဲ့ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်ကြာအောင် လေ့လာ ပြုကျင့် အားထုတ်ပြီးနောက် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့မှာ တရားအားလုံးကို သိမြင်နိုင်တဲ့ သဗ္ဗညုတ ဉာဏ်ရှင် ဘုရားအဖြစ်သို့ ရောက်ရှိလာတယ်။

ငါရဲ့သား ဘုရားဟာ

ဘုရားအဖြစ်သို့ရောက်ပြီး သတ္တဌာနလို့ ခေါ်တဲ့ တနေရာမှာ (၇) ရက်နှုန်းနဲ့ ဘုရားဖြစ်ခဲ့တဲ့ ဗောဓိပင်အနားမှာ လှည့်လည်ပြီး သီတင်းသုံးနေတယ်၊ ဒီလိုနဲ့ ဘုရားဖြစ်ပြီး နှစ်လ အကြာမှာ ငါ့ရဲ့သား ဘုရားဟာ ဗာရာဏသီပြည်အနီးမှာရှိတဲ့ မိဂဒါဝုန် တောကို ကြွရောက်လာပြီး ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မာကြာတရားဦး ဟောပြတယ်။

အဲဒီနောက်

(၅)ရက်အကြာမှာ အဲဒီပဉ္စဝဂ္ဂီ(၅)ဦးကိုပဲ အနတ္တလက္ခဏာသုတ် ဆက်ပြီး ဟောကြားပြခြင်းဖြင့် အဲဒီပဉ္စဝဂ္ဂီ ငါးဦးစလုံး ရဟန္တာအဖြစ် ပြောင်းလဲသွားကြစေပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီနောက်က

ငါ့ရဲ့သား ဘုရားဟာ

(က) ယသ သဋ္ဌေးသားနဲ့ သူငယ်ချင်း (၅၅)ယောက်ကို လည်းကောင်း၊

(ခ) ကောသလမင်းရဲ့သား ဘဒ္ဒဝဂ္ဂီမင်းသား (၃၀)ကို လည်းကောင်း၊

(ဂ) ဥရုဝေလရသေ့ အမှူးပြုတဲ့ ရသေ့ညီနောင် သုံးယောက်နဲ့ နောက်ပါ ရသေ့ တထောင်ကိုလည်းကောင်း ရဟန်းပြုပေးပြီးနောက်

အခုဆိုယင်

ငါ့ရဲ့သား ဘုရားဟာ

ကောင်းကင်ရဲ့ အလယ်မှာ ကြယ်နက္ခတ်အပေါင်း ခြံရံနေလို့ တင့်တယ်နေတဲ့ လမင်းကြီးကို ရာဇဂြိုဟ်ပြည် အနီးမှာရှိတဲ့ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်း ဆောက်လုပ်ပြီးလှူသွားတဲ့ ဝေဠုဝန်ကျောင်းတိုက်မှာ ရဟန်းသံဃာအပေါင်း ခြံရံလျက် ဖူးလှမ်းမြင်ဖြစ်တဲ့ ဘုရားတို့ရဲ့ ကြက်သရေတော်နဲ့အညီ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲဘေးအပေါင်းက ကင်းဝေးလွတ်မြောက်နိုင်မယ့် တရားတော်တွေကို ဟောပြတော်မူလျက် သိတင်းသုံးနေတော်မူနေတယ်လို့ စဉ်းစားမိတဲ့အတွက်

သုဒ္ဓောဒနမင်းကြီးရဲ့စိတ်ထဲမှာ

(အောင်ပေါ်ပါစေ)

သူရဲ့သား ဘုရားကို

မြင်တွေ့ ဖူးမြော်ချင်တဲ့စိတ် ဖြစ်ပေါ်လာပါတယ်။

အဲဒါကြောင့်

သုဒ္ဓေါဒနမင်းကြီးဟာ သူရဲ့အမတ်တယောက်ကိုခေါ်ယူပြီး အမောင်အမတ် ငါရဲ့သားဘုရားဟာ အခုအခါ ရာဇဂြိုဟ်ပြည်အနီးမှာရှိတဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတယ်၊ သင်ဟာ နောက်ပါ မင်းချင်းယောကျ်ားတထောင်ကို ခေါ်ယူခြံရံစေပြီး အခုချက်ချင်း ရာဇဂြိုဟ်ပြည် အနီးမှာရှိတဲ့ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးနေတဲ့ ငါရဲ့သားဘုရားဆီကိုသွားပါ။

ငါရဲ့သားတော် မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ

သူရဲ့ခမည်းတော်က မြတ်စွာဘုရားကို

ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အရှင်ဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အရှင်ဘုရားကို ဖူးမြော်လိုပါတယ်လို့ ငါ မှာတဲ့အတိုင်း လျှောက်တင်ပြီး ငါရဲ့ သားတော် မြတ်စွာဘုရားနဲ့အတူ နောက်ပါ ရဟန်းတော်မြတ်များကို ဒီကပိလဝတ်ပြည်ကို ပင့်ဆောင်လာခဲ့ပါလို့ အမိန့်တော်မြတ် မှတ်လိုက်တယ်လို့ လျှောက်တင်ပါတယ်လို့ မိန့်ကြားပြီး စေလွှတ်လိုက်ပါတယ်။

(အောင်ပေါ်ခိစာပေ)

အမတ်လည်း သူရဲ့ဘုရင် သုဒ္ဓေါဒနမင်းကြီး မိန့်ကြားတဲ့ စကားကို ဦးခေါင်းဖြင့် ခံယူလျက် ကောင်းပါပြီ အရှင်မင်းကြီး လို့ ဝန်ခံပြီး နောက်ပါ မင်းချင်းယောကျ်ားတထောင်နဲ့ တကွ ကပိလဝတ်ပြည်ကနေ ခရီးယူဇနာ ခြောက်ဆယ် ဝေးကွာတဲ့ ရာဇဂြိုဟ်ပြည်အနီးမှာရှိတဲ့ ဝေဠုဝန်ကျောင်းတော်သို့ ဦးတည် သွားကြပါတယ်။

အမတ်နဲ့ အတူ နောက်ပါ မင်းချင်းယောကျ်ားတွေ မြတ်စွာ ဘုရား သီတင်းသုံးနေတဲ့ ဝေဠုဝန် ကျောင်းတော်ကို သွားကြတဲ့ အခါ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို ရောက်သွား ကြတဲ့အချိန်ဟာ မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်မှာရှိတဲ့ မင်း၊ ပညာရှိပုဏ္ဏား၊ သဌေး၊ သူကြွယ်၊ ကုန်သည်တွေနဲ့ တောင်သူ လယ်သမား၊ အလုပ်သမား (၆၀၀) အပါအဝင် လက်လုပ် လက်စား ပရိသတ်အပေါင်းကို တရား ဟောပြနေတဲ့ အချိန် ဖြစ်ပါတယ်။

အဲဒါကြောင့်

အမတ်နဲ့ အတူ လိုက်ပါလာကြတဲ့ နောက်ပါ မင်းချင်း တထောင်ဟာ မြတ်စွာဘုရားနဲ့ တိုက်ရိုက် သွားရောက်မတွေ့ဆုံ ကြသေးပဲ မြတ်စွာဘုရားရဲ့တရား ဟောလို့ပြီးမယ့် အချိန်ကို စောင့်ယင်း မြတ်စွာဘုရား ဟောကြားပြနေတဲ့ တရားတော်ကို

နာကြားမယ်ဆိုတဲ့ ဆန္ဒနဲ့ သူ့ရဲ့ဘုရင် သုဒ္ဓေါဒနမင်းကြီး စေလွှတ် မှာကြားလိုက်တဲ့ သတင်းစကားရပ်တွေကို မလျှောက် တင်သေးပဲ ခေတ္တနားပြီး မြတ်စွာဘုရား ဟောပြနေတဲ့ တရားကို ပရိသတ်ရဲ့နောက် အစွန်အဖျားမှာ မတ်တတ်ရပ်လျက် နာယူ ပါတယ်။

အဲခုလို နာယူလိုက်ကြရတဲ့အတွက်

အမတ်နဲ့အတူ နောက်ပါ မင်းချင်းတထောင်ဟာ မြတ်စွာ ဘုရား ဟောပြပေးနေတဲ့ တရားတော်ရဲ့ အနက်အဓိပ္ပာယ်ကို ပီပီပြင်ပြင် ကြည်ကြည်လင်လင် သိနားလည်သွားကြတဲ့အတွက် အမတ်မင်းနဲ့အတူ နောက်ပါ မင်းချင်းအားလုံး အရဟတ္တဖိုလ် သို့ ရောက်သွားကြပါတယ်။

အဲဒါကြောင့်

အမတ်နဲ့အတူ နောက်ပါရဟန်းတထောင်လုံးဟာ သူတို့ကို စေလွှတ်လိုက်တဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့စကားကို မြတ်စွာဘုရားထံ မတင်လျှောက်ကြတော့ပဲ သူတို့ရဲ့ဆန္ဒကိုသာ တင်လျှောက်တဲ့ အနေနဲ့

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

တပည့်တော်တို့ ရှင်တော်မြတ်ဘုရားထံမှာ ရဟန်းအဖြစ်ကို ရချင်ပါတယ်ဘုရားလို့ လျှောက်တင်ကြပါတယ်။

(အောင်ဗောဓိစာပေ)

အခုလို လျှောက်တင်ကြတဲ့အတွက်

မြတ်စွာဘုရားက

အမတ်နဲ့ နောက်ပါ မင်းချင်းတထောင်စလုံးကို

ရဟန်းတို့ လာကြလို့ လက်ကိုဆန့်တန်းပြီး ပြောလိုက်တဲ့ တခဏမှာပင် အမတ်နဲ့အတူ နောက်ပါ မင်းချင်းယောကျ်ား တထောင်လုံးဟာ သပိတ်၊ သင်္ကန်း စတဲ့ ပရိက္ခရာ (၈) ပါး အပြည့်အစုံဝတ်ဆင်ပြီးသား အနေအထားနဲ့ သူ့နေရာနဲ့သူ အရှိန်သင့် အဆင်သင့် ရဟန်းသင်္ကန်းဝတ်ဆင်ပြီးသား ဝါတော် (၆၀) ဆယ်၊ သက်တော် (၈၀) ရှိပြီးဖြစ်ကြတဲ့ မထေရ်ကြီး တွေလို အင်မတန်မှ တည်ငြိမ်တဲ့ ဣန္ဒြေတွေနဲ့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြလျက် ရဟန်းပြုပြီးသားတွေ ဖြစ်သွားကြ ပါတယ်။

သုဒ္ဓေါဒနမင်းကြီးလည်း

(က) သူ စေလွှတ်လိုက်တဲ့ အမတ်နဲ့ နောက်ပါ မင်းချင်း တထောင် ပြန်ရောက် လာကြရမယ့် အချိန်မှာ ပြန်မရောက် လာကြလို့ကြောင့် တကြောင်း

(ခ) သူ စေလွှတ်လိုက်တဲ့ သူ့ရဲ့သား ဘုရားနဲ့ ပတ်သက်ပြီး နောက်ထပ် ဘာသတင်းစကား ထူးမှ ပြန်မကြားရလို့ကြောင့် တကြောင်း

(အောင်ဗောဓိစာပေ)

(ဂ) သူ စေလွှတ်လိုက်တဲ့ အမတ်နဲ့ မင်းချင်းတထောင် ဘယ်လို ဖြစ်ကြပါလိမ့်လို့ သိချင်လာသော ကြောင့်တကြောင်း စတဲ့အကြောင်းတွေကြောင့် နောက်ထပ် အမတ်တယောက်ကို ခေါ်ယူပြီး ရှေးနည်းအတူ သူရဲ့သား ဘုရားဆီကို သွား ရောက်ပင့်ဆောင်ဖို့ ထပ်ပြီး မှာကြား ဘာဝန် ပေးစေလွှတ်ပြီး သားဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတော်များကို ပင့်ဆောင်လာခဲ့ကြ ဖို့ စေလွှတ်လိုက်ပြန်ပါတယ်။

အဲဒီအမတ်လည်း

ရှေ့အမတ်နည်းတူပဲ

ရာဇဂြိုဟ်ပြည်အနီးမှာရှိတဲ့ ဝေဠုဝန် ကျောင်းတော်ကို သွားရောက်ကြပါတယ်၊ သူတို့ ဝေဠုဝန်ကျောင်းကို ရောက် သွားကြတဲ့ အချိန်ကလည်း အရင်အသုတ် ရောက်သွားကြ တုန်းကလိုပဲ မြတ်စွာဘုရားက တရားနာပရိသတ်ကို တရားဟော ပြနေတဲ့အချိန် ဖြစ်နေပါတယ်။

အဲဒါကြောင့်

အမတ်နဲ့ နောက်ပါမင်းချင်း တထောင်စလုံးဟာ စော စောက အမတ်လိုပဲ မြတ်စွာဘုရားနဲ့ ချက်ချင်းဝင်ရောက်ပြီး

(အောင်ဗောဓိစာပေ)

သူတို့ရဲ့ဘုရင် သုဒ္ဓေါဒနမင်းကြီး မှာလိုက်တဲ့ စကားတွေကို တိုက်ရိုက်မလျှောက်တင်သေးပဲ အမတ်ဟာ သူ့ရဲ့ နောက်ပါ မင်းချင်းယောကျ်ား တထောင်နဲ့အတူ မြတ်စွာဘုရား ဟောကြားပြနေတဲ့ တရားတော်ကို နာယူလိုက်ကြတဲ့အခါ ဒီ အမတ်နဲ့ နောက်ပါ မင်းချင်း တထောင်လည်း စောစောက အမတ်နဲ့ မင်းချင်းတွေလိုပဲ ရဟန္တာတွေဖြစ်သွားကြပြီး စောစောကလိုပဲ သူတို့ရဲ့ တောင်းဆိုမှုအရ မြတ်စွာဘုရားက ဧဟိဘိက္ခုရဟန်းလို့ ခေါ်လိုက်တာနဲ့တပြိုင်တည်း စောစောကလိုပဲ သကင်္န်းဝတ်ဆင်ပြီး ပရိက္ခရာ (၈) ပါး အပြည့်အစုံနဲ့ ...က်တော် (၈၀) ဝါတော် (၆၀) ရပြီးကြတဲ့ ရဟန်းကြီးတွေလို အင်မတန်မှ တည်ငြိမ်တဲ့ ဣန္ဒြေရှိကြတဲ့ ရဟန်းအဖြစ်သို့ ရောက်သွားကြပါတယ်။

---

အဲဒါကြောင့်

ဒီအမတ်နဲ့ မင်းချင်းတွေကလည်း သုဒ္ဓေါဒနမင်းကြီး စေလွှတ်လိုက်တဲ့ သတင်းစကားကို မြတ်စွာဘုရားထံ မလျှောက်ကြတော့ပဲ အရဟတ္တဖိုလ် ချမ်းသာနဲ့သာ မွေ့လျော်နေကြပါတော့တယ်။

သုဒ္ဓေါဒနမင်းကြီးဟာ

ဒုတိယအကြိမ် သူ စေလွှတ်လိုက်တဲ့ အမတ်နဲ့ နောက်ပါ မင်းချင်း တထောင်လည်း ရှေးနည်းတူ ပြန်ရောက်လာချိန်

(အောင်ဗောဓိစာပေ)

တန်ပေးမယ့် ပြန်မရောက်လာကြဲရုံမက သူ စေလွှတ်လိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးလည်း ဘာသတင်းမှ မကြားသိရတဲ့အတွက် တတိယအကြိမ်မြောက် အမတ်တယောက်နဲ့ အတူ နောက်ပါ မင်းချင်းယောကျ်ားတထောင် လိုက်ပါ ခြံရံစေပြီး သူ့ရဲ့သား ဘုရားရှိရာ ရာဇဂြိုဟ်ပြည် မြို့အနီးမှာရှိတဲ့ ဝေဠုဝန်ကျောင်းတော်သို့ စေလွှတ်ပြန်ပါတယ်။

ဒီအကြိမ်မှာလည်း

စောစောကလိုပဲ

ဘာသတင်းမှ ပြန်မကြားရပါဘူး။

သုဒ္ဓေါဒနမင်းကြီးဟာ

ဒီလိုနဲ့ အမတ်တထောင်ကို နောက်ပါ မင်းချင်းယောကျ်ားတထောင်စီ ခြံရံလိုက်ပါစေပြီး (၉၉) ကြိမ်တိုင် တိုင်အောင် စေလွှတ်ပေးမယ့် အမတ် (၉) ယောက်နဲ့ နောက်ပါ မင်းချင်းယောကျ်ား (၉) ယောက်စလုံး မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်ကို နာကြားကြရပြီး ရဟန္တာချည်း ဖြစ်သွားကြရုံမက အဲဒီအမတ်နဲ့ မင်းချင်းယောကျ်ားတွေရဲ့ တောင်းဆိုမှုအရ မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်လိုက်လို့ ရဟန်းချည်းဖြစ်သွားကြတဲ့အတွက် ရဟန္တာဖြစ်သွားကြရတဲ့ ရဟန္တာတွေကလည်း သုဒ္ဓေါဒနမင်းကြီး စေလွှတ်လိုက်တဲ့ "ရည်ရွယ်ချက် သတင်းစကားကို မြတ်စွာဘုရားထံ ဘယ်သူကမှ မတင်လျှောက်ကြ၊ မင်းကြီးထံကိုလည်း ဘာသတင်းစကားမှ မပြန်ကြားကြပဲ

အခရဟတ္တဖိုလ် ချမ်းသာနဲ့သာ မွေ့လျော် နေထိုင်သွားတော်မူကြတဲ့ အတွက်

သုဒ္ဓေါဒနမင်းကြီးဟာ

(၁၀)ကြိမ်မြောက် သူရဲ့သား မြတ်စွာဘုရားကို ပင့်ဆောင်ဖို့ ဘယ်သူ့ကို ဦးဆောင်ပြီး အမတ်အဖြစ်ခန့်အပ်ပြီး စေလွှတ်ရယင် ကောင်းမလဲဟု ကြည့်တဲ့အခါ ကာဠုဒါယီအမတ်ကို မြင်တော်မူပါတယ်။

အဲဒီအချိန်တုန်းက

ကာဠုဒါယီအမတ်ဟာ

(က) သုဒ္ဓေါဒနမင်းကြီးရဲ့ မင်းမှုကိစ္စအဝဝကို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရတဲ့ အတွေ့တွေ့အမှုဆောင်အမတ် ဖြစ်ပါတယ်။

(ခ) ထီးချေ နန်းချေ အခါစမှာ စိတ်ပျုံ့ညည်းရတဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့ လူယုံတော် ဖြစ်ပါတယ်။

(ဂ) မြတ်စွာဘုရားနဲ့ အသွန်းအမင်း အကျွမ်းဝင်တဲ့ သူလည်း ဖြစ်ပါတယ်။

(ဃ) မြတ်စွာဘုရားနဲ့ တနေ့တည်း ဖွားမြင်တဲ့ ဖွားဖက်တော်လည်း ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

(င) အလောင်းမင်းသားနဲ့ ကစားဖက်သည်းဖြစ်
အလောင်းမင်းသားနဲ့ ချစ်ခင်ရင်းနှီး ရင်းတဲ့
သူငယ်ချင်းလည်း ဖြစ်ပါတယ်။

အဲဒါကြောင့်

သုဒ္ဓေါဒနမင်းကြီးဟာ

ကာဠုဒါယီအမတ်ကို ခေါ်ပြီး

ချစ်သားကာဠုဒါယီ

ငါဟာ ငါရဲ့ သားတော် ဘုရားကို ဖူးမြင်ချင်လွန်းလို့ အမတ်တယောက်ကို နောက်ပါ မင်းချင်းယောကျ်ား တထောင်စီနဲ့ အမတ် (၉) ယောက်ကို နောက်ပါ မင်းချင်း (၉) ထောင် လိုက်ပါခြံရံစေပြီး (၉) ကြိမ်တိုင်အောင် ငါရဲ့သား ဘုရားကို ငါ ဖူးမြင်ချင်တယ်လို့ လျှောက်ထားပြီး ပင့်ခေါ်ခဲ့ဖို့ စေလွှတ်လိုက်ပေမယ့် ငါ စေလွှတ်လိုက်တဲ့ အမတ်တွေရော နောက်ပါ မင်းချင်းတွေပါ တဦးတယောက်မှ ငါ့ဆီကို ဘာ သတင်းစကားမှ ပြန်ကြားတဲ့သူ မရှိခဲ့ဘူး။

ချစ်သား ကာဠုဒါယီ

ငါ အသက်ရှင်စဉ်မှာပင် ငါရဲ့သားတော်ဘုရားကို ဖူးမြင်ချင်တယ်

(အောင်ဗောဓိစာပေ)

သင်ဟာ ငါ့ကို ငါရဲ့သား ဘုရားကို မြင်ဖူးရအောင် ရှက်ဆောင်ပေးနိုင်ပါ့မလားလို့ မေးပါတယ်။

အခုလို မေးတဲ့အခါ

ကာဠုဒါယီအမတ်က သူ့ရဲ့ဘုရင် သုဒ္ဓေါဒနမင်းကြီးကို

အရှင်မင်းမြတ် အကျွန်ုပ်သာ ရဟန်းပြုခွင့် ရမယ်ဆိုယင် အရှင်မင်းကြီးကို အရှင်မင်းရဲ့သားတော် ဘုရားကို ဖူးမြင်ရအောင် ရှက်ဆောင်ပေးနိုင်ပါလိမ့်မယ်လို့ ပြန်ကြားလျှောက်တင်ပါတယ်။

ဒီစကားကို ကြားရတဲ့အခါ

သုဒ္ဓေါဒန မင်းကြီးက ကာဠုဒါယီအမတ်ကို

ချစ်သား ကာဠုဒါယီ

သင် ချစ်သားအလိုကျ ရဟန်းပြုခွင့်ပေးပါတယ်

သင် ရဟန်းပြုပြီးယင်ဖြစ်စေ၊ ရဟန်းမပြုရသေးပဲ နေနေရစဉ်ဖြစ်စေ၊ ငါ့ကို ငါရဲ့သားတော် ဘုရားကို ဖူးမြင်ရအောင်သာ ရှက်ဆောင်ပေးပါလို့ မိန့်ကြားတော်မူပါတယ်။

ကာဠုဒါယီအမတ်ဟာ

မင်းကြီးက သူရဲ့အလိုကို ခွင့်ပြုတော်မူတဲ့အတွက်

သူ့ရဲ့ဘုရင် သုဒ္ဓေါဒနမင်းကြီးကို ကောင်းပါပြီ အရှင်မင်းကြီးလို့ ဝန်ခံပြီး နောက်ပါ မင်းချင်းယောကျ်ားဘထောင်

(အောင်ဗောဓိစာပေ)

ခြံရံလျက် သုဒ္ဓေါဒနမင်းကြီးက သူ့ရဲ့သားတော် ဘုရားထံ မှာကြားလိုက်တဲ့သတင်းစကားကို ယူဆောင်ပြီး မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ရာဇဂြိုဟ်ပြည် မြို့အနီးမှာရှိတဲ့ဝေဠုဝန် ကျောင်းတော်သို့ သွားရောက်ကြပါတယ်။

ကာဠုဒါယီ အမတ်နဲ့ နောက်ပါ မင်းချင်းတထောင် ရာဇဂြိုဟ်ပြည် မြို့အနီးမှာရှိတဲ့ မြတ်စွာဘုရား သီတင်းသုံးနေ တော်မူတဲ့ ဝေဠုဝန် ကျောင်းတော်ကို ရောက်သွားကြတဲ့ အချိန်ဟာ မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်က တရားနာ ပရိသတ်ကို တရားဟောပြနေတဲ့အချိန် ဖြစ်ပါတယ်။

အဲဒါကြောင့်

ကာဠုဒါယီအမတ်ဟာ

သူ့ရဲ့ နောက်ပါ မင်းချင်းယောကျ်ား တထောင်နဲ့အတူ မြတ်စွာဘုရားထံ တိုက်ရိုက် သွားရောက်မတွေ့ရသေးပဲ မြတ်စွာ ဘုရားရဲ့တရားကို နာကြားနေကြတဲ့ ပရိသတ်ရဲ့ အနောက်ဆုံး အစွန်အဖျားမှာ မတ်တတ်ရပ်လျက် မြတ်စွာဘုရား ဟောပြနေတဲ့ တရားတော်ကို နာကြားကြပါတယ်။

ကာဠုဒါယီ အမတ်နဲ့ နောက်ပါ မင်းချင်းယောကျ်ား တထောင်ဟာ မြတ်စွာဘုရားရဲ့ တရားကို နာကြားသိမြင်ရလို့ အရဟတ္တဖိုလ်ချမ်းသာကို ရရှိ ခံစားလိုက်ကြရပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

ကာဠုဒါယီ အမတ်နဲ့ နောက်ပါ မင်းချင်းယောကျ်ား တထောင်ဟာ မြတ်စွာဘုရားထံမှာ ရဟန်းပြုခွင့် တောင်းတဲ့ အခါ မြတ်စွာဘုရားက ကာဠုဒါယီအမတ်နဲ့ နောက်ပါ မင်းချင်းတထောင်ရဲ့ လျှောက်တင်မှုကို ခွင့်ပြုပြီး ရဟန်း လာလော့လို့ ဧဟိဘိက္ခုလို့ ခေါ်လိုက်တာနဲ့ တပြိုင်တည်း ရှေ့နည်းတူ ကာဠုဒါယီအမတ်နဲ့ နောက်ပါ မင်းချင်းတထောင် သင်္ကန်း၊ သပိတ် စတဲ့ ပရိက္ခရာ(၈)ပါး အပြည့်အစုံ ဝတ်ဆင်ပြီးသား သက်တော်(၈၁) ဝါတော်(၆၀)ရပြီးကြတဲ့ ရဟန်း တော်ကြီးတွေလို အင်မတန်တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ မြတ်စွာဘုရားကို ရှိခိုးနေကြတဲ့အသွင် ပြောင်းသွားကြပါတယ်။

ကာဠုဒါယီအမတ်ဟာ

လူဘဝကနေ ရဟန်းဘဝကို ပြောင်းလဲသွားပေမယ့် စော စောက စေလွှတ်ခံရတဲ့ အမတ်(၉)ယောက်လို သုဒ္ဓေါဒန မင်းကြီးရဲ့ သူ့သားဘုရားထံ လျှောက်တင်ပေးရမယ့် စကား ရပ်တွေကို မစွန့်လွှတ်လိုက်ပဲ သုဒ္ဓေါဒနမင်းကြီးက မြတ်စွာ ဘုရားထံ စေလွှတ်လိုက်တဲ့ လုပ်ငန်းရဲ့ ရည်ရွယ်ချက်နဲ့ မှာ ကြားလိုက်တဲ့ စကားရပ်တွေကို ဝင်လျှောက်ဖို့ အခွင့်အခါကို စောင့်နေပါတယ်။

(အောင်ဗောဓိစာပေ)

ဒီလိုနဲ့

မြတ်စွာဘုရားထံ တင်လျှောက်ဖို့ အခွင့်အခါရတဲ့အခါ
အဲဒီအခွင့်အခါကို စောင့်နေတဲ့
ကာဠုဒါယီမထေရ်ဟာ
မြတ်စွာဘုရားကို

တပေါင်းလပြည့်နေ့ဟာ

ဟေမန္တရဲ့ဆောင်းဥတုလွန်မြောက်ခဲ့ပြီ၊ ဝသန္တနွေဦးပေါက်အချိန်သို့ ရောက်လာပြီ၊ ဘောင်သူ လယ်သမား တွေလည်း ကောက်ပဲသီးနှံကို သူတို့ရဲ့ လယ်ယာကနေ ထုတ်နုတ်သိမ်းဆည်းပြီး ဖြစ်ကြလို့ ခရီးသွားလာရေး လွယ်ကူသွားပါပြီ ခရီးတည်ရာအရပ်သို့ ခရီးလမ်းပွင့်နေကြပြီ။

ခရီးသွားရမယ့် မြေပြင်ဟာလည်း

စိုပြည်စိမ်းလန်းတဲ့ မြက်တွေနဲ့ ဖုံးလွှမ်းနေတဲ့အပြင် ပတ်ဝန်းကျင် တောအုပ်အပေါင်းမှာလည်း ရွက်ဟောင်းတွေကို စွန့်ပစ်ပြီး အရွက်သစ် လဲလှယ်နေကြလို့ အင်မတန် တင့်တယ်နေကြတယ်။

ရာသီအားဖြင့်ကလည်း မပူလွန်း မအေးလွန်းပါ

ဒီအချိန်ဟာ ကိုယ်သွားလိုတဲ့ လမ်းခရီးကိုသွားလို့ အင်မတန်ကောင်းတဲ့ အချိန်ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

သူရဲ့ ဆွေတော် မျိုးတော်များကို ချီးမြှောက်ဖို့အတွက် ကြွရောက်ဖို့ အချိန်တန်ပြီလို့ ဆင်ခြင်ကြံစည်ပြီး

ကာဠုဒါယီမထေရ်ဟာ မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်ပါတယ်။

မြတ်စွာဘုရားထံရောက်တဲ့အခါ

ကာဠုဒါယီမထေရ်က မြတ်စွာဘုရားကို

ဂါထာပေါင်း(၆၄)ဂါထာနဲ့

မြတ်စွာဘုရားကို

ကပိလဝတ် နေပြည်တော်သို့ ကြွရောက်တော်မူဖို့ အချိန်အခါအားဖြင့် သင့်လျော်လျောက်ပတ်ကြောင်း ကြွရောက်မယ့် ခရီးလမ်းနဲ့ အနေအထား ရာသီဥတုမျှတ သာယာပုံတွေကို ချီးမွမ်း တင်လျှောက်ပါတယ်။

ကာဠုဒါယီမထေရ်ဟာ မြတ်စွာဘုရားကို

ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံထင်ရှားတဲ့ မြတ်ဘုရား

ဆောင်းနှောင်းနွေဦး ဒီအခါ ထူးဟာ ဖွားရပ်ဌာန ပြည်ကပ္ပသို့ နှင်လီစက်ဝန်းကိုယ်တော် လှမ်းတော်မူရန် သျော်ကန် လျှောက်ပတ် ကောင်းမြတ်တဲ့ အချိန်ပါဘုရားလို့ တင်လျှောက်ပါတယ်။

(အောင်ဗောဓိစာပေ)

အခုလို လျှောက်တဲ့အခါ
မြတ်စွာဘုရားက ကာဠုဒါယီမထေရ်ကို

ချစ်သားကာဠုဒါယီ

သင်ချစ်သားဟာ ဘာဖြစ်လို့ အခုလို ချိုမြိန်သာယာလှတဲ့ အသံနဲ့ ကပိလဝတ်ပြည်သို့ ကြွရောက်ဖို့ ချီးမွမ်းတဲ့စကား တင်လျှောက်ပြောဆိုရသလဲလို့ မေးတော်မူပါတယ်။

ဒီအခါ ကာဠုဒါယီမထေရ်ကို
ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား
အရှင်ဘုရားကို အရှင်ဘုရားနှင့် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးက ဖူးမြော်လိုလှပါပြီ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်မှု ပြုတော်မူပါဘုရားလို့ လျှောက်တင်ပါတယ်။

အဲဒါကြောင့်

မြတ်စွာဘုရားက ကာဠုမထေရ်ကို
ချစ်သားကာဠုဒါယီ ကောင်းပြီလို့ ဝန်ခံပြီး
ငါဘုရား ဆွေတော်မျိုးတော်တွေကို ချီးမြှောက်မှုပြုမယ်
ငါဘုရား ကပိလဝတ်ပြည်ကို ကြွမယ်လို့ ရဟန်းသံဃာ အပေါင်းကို စေလွှတ်ကြားလိုက်၊ ရဟန်းတွေဟာ ခရီးသွားရဟန်းတို့ ပြုကျင့်ရမယ့် ဝတ္တရား အစုစုကို ပြုကြလိမ့်မယ် လို့ မိန့်ကြားတော်မူပါတယ်။

(အောင်ဗောဓိစာပေ)

ကာဠုဒါယီမထေရ်ဟာ
ကောင်းပါပြီ ရှင်တော်ဘုရားလို့ ဝန်ခံပြီး ရဟန္တာမထေရ် နှစ်သောင်းကို မြတ်စွာဘုရားရဲ့အမိန့်နဲ့ ခရီးသွားဖို့ ပြင်ကြဖို့ လျှောက်ပါတယ်။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်
တပေါင်းလပြည့်ကျော် ( . )ရက်နေ့မှာ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်များ ခြံရံပြီး ရာဇဂြိုဟ်ပြည်အနီး မှာရှိတဲ့ ဝေဠုဝန်ကျောင်းတော်ကနေ ခရီးယူဇနာ (၆၀) ကွာဝေးတဲ့ ကပိလဝတ်ပြည်သို့ ကြွတော်မူပါတယ်။
မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်းတွေဟာ တနေ့ တယူဇနာ နှုန်းနဲ့ ခရီးကြွသွားတော် မူကြပါတယ် ရာဇဂြိုဟ်ပြည်နဲ့ ကပိလဝတ်ပြည်ဟာ ယူဇနာ(၆၀) ကွာဝေးလို့ တနေ့တယူဇ ကြွသွားကြတဲ့အတွက် ရာဇဂြိုဟ်ပြည်က ကပိလဝတ်နေပြည်တော်ကို နှစ်လကြာမှ ရောက်ကြပါတယ်။

မြတ်စွာဘုရားဟာ
နောက်ပါရဟန္တာပေါင်း နှစ်သောင်းတို့ ခြံရံလျက် တနေ့ တယူဇနာနှုန်းကျ ကြွချီတော်မူခဲ့ရာ ရက်ပေါင်း ခြောက်ဆယ် (နှစ်လတိတိအကြာ) မဟာသက္ကရာဇ် (၁၀၄)ခုနှစ်၊ ကဆုန်လ ပြည့်ကျော်(၁)ရက်နေ့မှာ ယူဇနာ(၆၀)ဝေးကွာတဲ့ ကပိလဝတ် နေပြည်တော်သို့ ကောင်းစွာ ဆိုက်ရောက်တော် မူကြပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်မြတ်များ ကပိလဝတ် နေပြည်တော်ကို ရောက်လာကြတဲ့အခါ မြတ်စွာဘုရား နဲ့ နောက်ပါ ရဟန်းတော်မြတ်များသီတင်းသုံးနေထိုင်ကြဖို့နဲ့ ဆွေတော်မျိုးတော်များက မြတ်စွာဘုရားကို ဖူးမြော်ကြဖို့ သက်နှန်းနဲ့ ဆွမ်း ကျောင်း ဆေးဝါး ကိစ္စ အရပ်ရပ်ကို ပြည့်စုံအောင် ဆောင်ရွက်ဖို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမှူးပြုတဲ့ သာကီဝင်မင်းအပေါင်းဟာ အစည်းအဝေး ပြုလုပ်ကြပါတယ်။

**အဲဒီအစည်းအဝေးက**

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်မြတ်များ သီတင်းသုံး နေထိုင်ဖို့

(၁) မနေ့လျှော်ဖွယ်အရိပ်ရှိတဲ့

(၂) ရေစမ်းနဲ့လည်းပြည့်စုံတဲ့

(၃) မြို့နယ်မဝေးလွန်း မနီးလွန်းတဲ့

(၄) သွားလမ်းလာလမ်းနဲ့လည်းပြည့်စုံတဲ့

(၅) အလိုရှိတိုင်း သွားရောက်လို့ လွယ်ကူတဲ့

(၆) ဆိတ်လည်း ဆိတ်ငြိမ်တဲ့ ဘုရားရှင်တို့ နှစ်သက်တဲ့ အင်္ဂါရပ်နဲ့လည်း ပြည့်စုံတဲ့ နိဂြောဓသာကီဝင်မင်း သားပိုင်တဲ့ ဥယျာဉ်ကို တညီတညွတ် တည်း သဘောတူ ရွေးချယ်တဲ့ ဆုံးဖြတ်ချက်ကို ဆုံး ဖြတ် သတ်မှတ် အတည်ပြုကြပါတယ်။

**အဲဒီနောက်**

အဲဒီဥယျာဉ်မှာ ပြုပြင်ဖွယ်ရာကိစ္စအဝဝကို ပြုပြင် ပေးပါတယ်

(အောင်ဗောဓိစာပေ)

သာကီဝင်မင်းတွေလည်း ကိုယ်စီကိုယ်ငှ နံ့သာပန်း တို့ကို လက်စွဲကြလျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုမှု ပြုလုပ်ကြပြီး နိဂြောဓာရုံဥယျာဉ်သို့ရောက်တဲ့အခါ မြတ်စွာဘုရားဟာ ရဟန္တာ ပေါင်း နှစ်သောင်း ခြံရံလျက် သာကီဝင်မင်းတို့ ကြိုတင် စီစဉ် ခင်းထားတဲ့ မြတ်စွာဘုရားနေရာ ဗုဒ္ဓါသနမွေပလ္လင်မှာ ထိုင် နေတော်မူပါတယ်။

အဲဒီတုန်းက မြတ်စွာဘုရားဟာ ကောင်းတဲ့လောကဓံ ဖြစ်တဲ့ အခြေအရံတွေ အပြည့်အစုံနဲ့ နေထိုင် သွားလာ နေရတဲ့ အချိန် ကာလ ဖြစ်ပါတယ်။

အဲဒီတုန်းက

မြတ်စွာဘုရားဟာ အခြေအရံ အပြည့်အစုံနဲ့ နေထိုင် သွား လာနေရတဲ့ အချိန်ဖြစ်လို့

မြတ်စွာဘုရားဟာ

အခုလို အခြေအရံတွေ အပြည့်အစုံနဲ့ နေထိုင်သွားလာရတဲ့ အဖြစ်ဟာ ဒီတခါပဲလားလို့ မေးယင် မဟုတ်သေးပါဘူး လို့ ဖြေရမယ်

ဘာဖြစ်လို့လဲဆိုယင်

မြတ်စွာဘုရားဟာ

အခုလို အခြေအရံတွေနဲ့ နေထိုင်သွားလာနေရတဲ့အခါတွေ လည်း ရှိကြပါသေးတယ် အဲဒီဖြစ်ရပ်တွေထဲက ထင်ရှားတဲ့ဖြစ် ရပ်တခုက

(အောင်ဗေဒမိစာပေ)

## မြတ်စွာဘုရား

## တာဝတိံသာနတ်ပြည်က ပြန်ကြွလာပုံ

မြတ်စွာဘုရားဟာ (၇)ဝါမြောက် ဝါကို လူ့ပြည်မှာ ဝါကပ်ဆိုခြင်းမပြုလုပ်ပါဘူး အဲဒီ(၇)ဝါမြောက် ဝါကို မြတ်စွာဘုရားဟာ တာဝတိံသာနတ်ပြည် မှာ ဝါကပ်ဆိုတော် မူပါတယ်။

မြတ်စွာဘုရားဟာ (၇)ဝါမြောက် ဝါကို တာဝတိံသာနတ်ပြည်မှာ ဝါကပ်ဆိုတဲ့ အဲဒီဝါ တဝါတွင်းလုံး အခါ မယ်တော်မိနတ်သား (သန္တုသိတနတ်သား) အမှူးပြုတဲ့ စကြဝဠာ

(အောင်ဗောဓိစာပေ)

ပေါင်း တိုက်တသောင်းက ရောက်ရှိလာကြတဲ့ နတ်ဗြဟ္မာပရိသတ်ကို။

(၁) ကောင်းတဲ့ကုသိုလ်တရား

(၂) မကောင်းတဲ့အကုသိုလ်တရားနဲ့

(၃) ကောင်းတဲ့ကုသိုလ်တရားလည်းမဟုတ်မကောင်းတဲ့အကုသိုလ်တရားလည်း မဟုတ်တဲ့ကောင်းတဲ့တရား မကောင်းတဲ့တရားအပေါင်းက လွတ်မြောက်တဲ့ အဗျာကတာ တရား အစရှိတဲ့ အင်မတန် မှန်ကန် တိကျလှတဲ့ အဘိဓမ္မာတရားတော်မြတ်ကို ဝါခေါင်လ တော်သလင်းလ သီတင်းကျွတ်လတွေ ဖြစ်ကြတဲ့ ဝါတွင်း (၃)လပတ်လုံး နေ့ရောည ပါ အ ဆက် မပြတ်ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရားဟာ

အဘိဓမ္မာတရား ဟောကြားနေတော်မူယင်းကပင်

လူ့ပြည်လောကက အချိန်ကာလကို ဆင်ခြင် ကြည့်ရှုတော်မူပါတယ်

မြတ်စွာဘုရားဟာ

ဆွမ်းခံဖို့အချိန် ကျရောက်တဲ့အခါ

နိမ္မိတ ရုပ်ပွား ကိုယ်မှ ဖန်ဆင်းတော်မူပြီး နိမ္မိတ ရုပ်ပွားက သက်နိုးကိုင်ပုံ သပိတ်ကိုင်ပုံ အသံပြုပုံ အသွင်အပြင် အလုံးစုံကို ငါဘုရားနဲ့ ထပ်တူ ညီစေပြီး အခုလောက် အချိန်အတော

အစွမ်း အခုလောက် အတိုင်းအရှည်ရှိတဲ့ တရားကို ငါရဲ့ကိုယ်စား ဟောကြားရစ်စေသားလို့ အမိန့်ရှိပြီး သပိတ်နဲ့ သင်္ကန်းကိုယူလျက် အနောတတ်အိုင်သို့ ကြွသွားတော်မူပါတယ်

မြတ်စွာဘုရားအစစ်က ရုပ်ပွားတော်ထားခဲ့ပြီး ဟောပြလက်စ တရားကို အစဉ်မပျက် မပြတ်အောင် ဆက်လက် ဟောကြားစေခဲ့တာကို သာမန်နတ်တွေ သာမန်ဗြဟ္မာတွေ မသိကြပါဘူး အင်မတန် တန်ခိုးကြီးတဲ့ နတ်တွေ ဗြဟ္မာတွေသာ သိကြပါတယ်

အနောတတ်အိုင်မှာ

မြတ်စွာဘုရားရဲ့ တာဝတိံသာ နတ်ပြည်မှာ ပြုလုပ်တဲ့ တရားပွဲကို ရောက်ရောက်ကြပဲ ကျန်ရစ်ခဲ့ကြတဲ့ နတ်တွေက မြတ်စွာဘုရားကို ကွမ်းရိုးဒန်ပူကို ဆက်ကပ်ကြပါတယ်

မြတ်စွာဘုရားဟာ

နတ်တွေဆက်ကပ်တဲ့ဒန်ပူကိုအသုံးပြုပြီး အနောတတ်အိုင် မှာ ရေချိုးပါတယ်

ရေချိုးပြီးတဲ့အခါ

ကိုယ်တော်ကို သုတ်သင်ပြီး ဆေးဒန်းမြင်းသီသော ကျောက်ဖျာပေါ်မှာ ရပ်တော်မူလျက် နှင်းဆပ်သင်္ကန်းကို ဝတ်ရုံတော်မူပြီး မြတ်စွာဘုရား ဘုရားဖြစ်စ သတ္တဌာနစံတော်မူစဉ်က သတ္တမသတ္တာဟ ဖြစ်တဲ့ လင်းလွန်း ပင်နှင်းမှာ သီတင်းသုံးနေတော်မူစဉ်တုန်း စတုမဟာရာဇ်နတ်မင်းကြီး လေးပါး လာရောက်လှူဒါန်းဆက်ကပ်ထားတဲ့ ကျောက်ညို သပိတ် (၄)လုံးကို ဆင့်ထပ်ပြီး တလုံးတည်း ဖြစ်စေချင်လို့ အနားသေးရစ် ဖြစ်ရှိတဲ့၊

တလုံးတည်းသော ကျောက်ညိုသပိတ်ကို ယူတော်မူပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါတယ်။

မြောက်ကျွန်းမှာ ဆွမ်းခံယူတော်မူခဲ့ပြီးနောက်
အနောက်တတ်အိုင်ရဲ့ ဆိပ်ကမ်းသာမှာထိုင်ပြီး ဆွမ်းဘုဉ်းပေးပါတယ်

အဲဒီနောက်
မြတ်စွာဘုရားဟာ
စန္ဒကူးတောကို ကြွသွားပြီး
အဲဒီစန္ဒကူးတောမှာ ခေတ္တအနားယူပါတယ်
အဲဒီအချိန်မှာ
မြတ်စွာဘုရားရဲ့ လယ်ယာတော်ရံ တပည့် အဂ္ဂသာဝကကြီး ဖြစ်တဲ့ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ မထေရ်ဟာ မြတ်စွာဘုရား အနားယူနေတဲ့ စန္ဒကူးတောသို့ လိုက်သွားပြီး မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ် ပြုပေးပါတယ်။

အဲဒီနောက်
ရှင်သာရိပုတ္တရာမထေရ်ဟာ
သူ့အနေတတ် မနေအပ်တဲ့
မြတ်စွာဘုရားနဲ့ အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားရဲ့အနောက်တည့်တည့်အရပ်
မြတ်စွာဘုရားနဲ့ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့နီးလွန်းတဲ့အရပ်
(အောင်ဗောဓိစာပေ)

မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ အရပ် တွေ့မြင့်မောက်တဲ့အရပ်နဲ့

မြတ်စွာဘုရား သီတင်းသုံးနေတဲ့ အရပ်ရဲ့ လေညာအရပ်စတဲ့ အရပ် (၆) ရပ်က ထိုင်ပြီး မြတ်စွာဘုရား ဘာမိန့်ကြားမလဲလို့ မြတ်စွာဘုရားထံ က မိန့်ကြားမည့် စကားကို စောင့်မျှော် နားထောင်နေပါတယ်။

အဲဒီအချိန်မှာ

မြတ်စွာဘုရားဟာ အရှင်သာရိပုတ္တရာမထေရ်ကို

ချစ်သားသာရိပုတ္တရာ

ငါဘုရားဟာ အခုလိုတရားကို ဟောကြားခဲ့ပြီလို့ မြတ်စွာဘုရားက တာဝတိံသာ နတ်ပြည်မှာ ဟောကြားခဲ့တဲ့ တရားရဲ့ အကျဉ်းချုပ်ကို နည်းပေးပြီး ပြန်လည်ဟောပြတော်မူပါတယ်

ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ

မြတ်စွာဘုရားက နည်းပေး ပြီး ဟောပြလိုက်တဲ့ တရားရဲ့ အကျယ်ကို ပြည့်စုံ ကုန်စင်အောင် သိတော်မူပါတယ်

သိပုံက

ပင်လယ်ကမ်းနားမှာရပ်ပြီး လက်ကို ဆန့်တန်းလျက် မဟာ သမုဒ္ဒရာကြီးကို ပြသလို့ မြတ်စွာဘုရား ပေးတဲ့နည်း မြတ်စွာဘုရား ဟောပြခဲ့တဲ့တရားရဲ့ အကျယ် အပြည့်အစုံကိုသိမြင်တော်မူပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

အရှင်သာရိပုတ္တရာ မထေရ်မြတ်အဖို့ နည်းပေါင်း အရာ အထောင် အသိန်းနဲ့ မြတ်စွာဘုရားဟောကြားပြခဲ့တဲ့ တရားတော်မြတ်ရဲ့ အကျယ်ကို အထင်အရှား ကြည်လင်ပီပြင်စွာ သိမြင်တော်မူပါတယ် တရားရဲ့ သဘောအမှန်နဲ့ အနက် အဓိပ္ပာယ်အကျယ်ကိုလည်း အပြည့်အစုံ သိမြင်တော်မူပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ

မြတ်စွာဘုရားက သူ့ကို အကျဉ်းချုံးနည်းနဲ့ ဟောကြားလိုက်တဲ့ မြတ်စွာဘုရားရဲ့ အဘိဓမ္မာ တရားတော်များကို ဆောင်ယူတော်မူခဲ့ပြီး အတူနေ တပည့်ရဟန်း ငါးရာကို မကျဉ်းမကျယ် အလယ်အလတ်နည်းနဲ့ ကဖန်ပြန်ပြီး ရှင်းလင်း ဟောကြားပေးတော်မူပါတယ်။

မြတ်စွာဘုရားဟာ

နေ့ပိုင်း ပုံနှိပ်

အနောတတ်ရေအိုင်သို့ကြွသွားပြီး မျက်နှာသစ်ပါတယ် ရေချိုးပါတယ် ကိုယ်လက် သုတ်သင်ပါတယ် အဲဒီနောက် မြသိလာကျောက်ဖြာအပေါ်မှာ ရပ်တော်မူလျက် နှစ်ထပ်သင်္ကန်းကို ဝတ်ရုံတော်မူပြီး သပိတ်ကိုယူလျက် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါတယ်။

**ဆွမ်း**ခံရာမှအပြန်

အနောတတ် ရေအိုင်ရဲ့ ကမ်းခြေမှာထိုင်ပြီး ဆွမ်းဘုဉ်းပေးပါတယ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

ဆွမ်းဘုဉ်းပေးလို့ ပြီးတဲ့အခါ အသင့်ရောက်ရှိနေတဲ့ အရှင်သာရိပုတ္တရာမထေရ်ကို

ချစ်သားသာရိပုတ္တရာ

ဒီနေ့ ငါဘုရားဟာ ဒီအချင်းအရာတွေပါတဲ့ ဒီတရားကို ဒီအတိုင်းအတာအထိ ဟောကြားခဲ့တယ်လို့ မိန့်ကြားပြီး သူ ဟောပြခဲ့တဲ့တရားကို ပြန်ပြီး ဟောပြပါတယ်

အဲဒီနောက်

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာမထေရ်မြတ်ကို

ချစ်သားသာရိပုတ္တရာ

သင်ချစ်သားဟာ သင်နှင့် သင့်ရဲ့တပည့်ရဟန်းငါးရာကို ပြန်ပြီးဟောပြနိုင်ခဲ့ပါပြီလို့ မိန့်တော်မူပြီး နောက် ကိုယ်တော်တိုင်ကမူ တာဝတိံသာနတ်ပြည်သို့ ပြန်ကြွသွားပြီး နိမ္မိတရုပ်ပွားတော်မြတ် ဟောကြားနေတဲ့ တရားတော်ကို အစဉ်မပြတ်စေအောင် ဆက်လက်ပြီး အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားပြတော်မူပါတယ်။

ဝါတွင်းသုံးလပြည့်မြောက်တဲ့

သီတင်းကျွတ်လပြည့်နေ့မှာ

မြတ်စွာဘုရားဟာ အဘိဓမ္မာတရားကို ဟောကြားပြလို့ ပြီးဆုံးပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားကို ဟောကြားလို့ ပြီးဆုံးတဲ့အချိန်မှာ လူ့ပြည်မှာလည်း ရှင်သာရိပုတ္တရာ မထေရ်မြတ်ကအာတူနေရဟန်းငါးရာကို မြတ်စွာဘုရားတာဝတိံသာနတ်ပြည်မှာ ဟောပြခဲ့တဲ့ အဘိဓမ္မာခုနစ်ကျမ်း အပြည့်အစုံကို သင်ကြားပြမှုဟာ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဟောပြခဲ့တဲ့ တချိန်တည်း တပြိုင်တည်း ပြီးဆုံးကြပါတယ်။

အခုလိုအတောအတွင်း

သာဝတ္ထိပြည်မှာစုဝေးရောက်ရှိနေကြတဲ့ သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိတဲ့ လူထုပရိသတ်ကြီးဟာ သီတင်းကျွတ်လဆန်း (၄)ရက်နေ့မှာ အရှင်မဟာမောဂ္ဂလာန် မထေရ်ဆီကို လာရောက်ကြပြီး

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို

အရှင်ဘုရား တပည့်တော်တို့ အရှင်မြတ်ဘုရားကို မဖူးမမြင်ရတာ အတော်ကြာပါပြီဘုရား မြတ်စွာဘုရားဟာ လူ့ပြည်ကို ဘယ်တော့မှပြန်ပြီး ဆင်းလာတော်မူမှာလဲဘုရား တပည့်တော်တို့အားလုံး မြတ်စွာဘုရား လူ့ပြည်ကို ပြန်ပြီးဆင်းလာကြမယ့် နေ့ရက် အတိအကျကို သိလိုပါတယ် ဘုရား တပည့်တော်တို့ အားလုံး မြတ်စွာဘုရားကို မဖူးမြင်ရယင် ဒီနေရာက မပြန် ကြ ဘူး ဘုရား မြတ်စွာဘုရားကို ဖူးမြင်ပြီး ကြမှသာ ကိုယ့်ရဲ့ နေရာ အရပ်ကနေ ကိုယ့်ရဲ့အိမ် အသီးသီးကို ပြန်ကြမယ် ဘုရား လို့ ဝိုင်းပြီး လျှောက်တင်ကြပါတယ်

(အောင်ဗောဓိစာပေ)

အရှင်မောဂ္ဂလာန်မထေရ်ဟာ အခုလိုစကားတွေကို ကြားသူရတဲ့အခါ

ကောင်းပြီ ဒါယကာ ဒါယကာမတို့လို့ မိန့်တော်မူပြီး

ဒါယကာ ဒါယကာမတွေရဲ့ ရှေ့မှာပဲ

အဲဒီနေရာကနေ

ရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ

မြေကြီးအတွင်းသို့ငုပ်လျှိုးဝင်သွားတော်မူပြီး မြင်းမိုရ်တောင်ခြေသို့အရောက် ကြွသွားတော်မူပါတယ် အဲဒီ မြင်းမိုရ်တောင်ခြေကနေ မြေတွင်းသို့တဖန် ငုပ်လျှိုးဝင်သွားပြီး တာဝတိံသာနတ်ပြည်သို့ တက်ရောက်သွားပါတယ်။

ရှင်မဟာ မောဂ္ဂလာန် မထေရ်ဟာ

သူရဲ့တန်ခိုးနဲ့ မြတ်စွာဘုရားရှိရာ တာဝတိံသာသို့ကြွသွားပုံကို သူ့ရဲ့လူပရိသတ်ကို မြင်စေချင်တဲ့အတွက် ငါကြွသွားတဲ့ခရီးကို ငါ့ရဲ့ပရိသတ်က မြင်စေသတည်းလို့ အဓိဋ္ဌာန်ပြုသွားတဲ့အတွက် ပတ္တမြားချတနာအတွင်းမှာ ထည့်သွင်းကုံးဖွဲ့ထားတဲ့ ကမ္ဗလာချည်ကြိုးလို ရှင်မဟာမောဂ္ဂလာန် မြတ်စွာဘုရားထံသို့ ကြွရောက်သွားပုံကို ရှင်မဟာမောဂ္ဂလာန်ရဲ့ ဒါယကာ ဒါယကာမတွေ လူပရိသတ်က မျက်ဝါးထင်ထင် မြင်တွေ့ ကြရပါတယ်။

တာဝတိံသာ နတ်ပြည်ကို ရောက်သွားတဲ့အခါ

အရှင်မဟာမောဂ္ဂလာန် မထေရ်ဟာ

မြတ်စွာဘုရားရဲ့ ခြေရင်းမှာ မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ဦးခေါင်းနဲ့ ချီရွက်ထားသလို တာဝတိံသာနတ်ပြည်သို့

တက်ရောက်သွားတော်မူပြီး မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးလျက်

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

လူ့ပြည်က ပရိသတ်အပေါင်းဟာ ရှင်တော်မြတ်ဘုရားကို အလွန်ဖူးမြင်လိုလှပါတယ် ဘုရား၊ သူတို့ဟာ အရှင်ဘုရားကို ဖူးမြင်ပြီးမှသာ သူတို့ရဲ့နေရပ်ဌာန အသီးသီးသို့ ပြန်သွားလိုကြပါတယ်ဘုရား

အဲဒါကြောင့်

အရှင်ဘုရား ဘယ်တော့ လူ့ပြည်ကိုပြန်ပြီး ဆင်းလာမှာလဲ ဘုရားလို့ လျှောက်တင်ပါတယ်။

အခုလို လျှောက်တင်တဲ့အခါ

မြတ်စွာဘုရားက ရှင်မဟာမောဂ္ဂလာန်ကို

ချစ်သားမောဂ္ဂလာန်

သင်ရဲ့ နောင်တော်ကြီးဖြစ်တဲ့ သာရိပုတ္တရာ အခု ဘယ်အရပ်မှာ ရှိနေသလဲလို့ မေးတော်မူပါတယ်။

အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးက မြတ်စွာဘုရားရဲ့ အမေးကို ဖြေလိုတဲ့အတွက် ရှင်သာရိပုတ္တရာရှိရာအရပ်ကို ကြည့်တော်မူပြီး

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

အရှင်သာရိပုတ္တရာမထေရ် အခု သင်္ကဿမြို့မှာ ဝါကပ်ဆိုနေပါတယ်ဘုရားလို့ ပြန်ကြား လျှောက်ထားပါတယ်။

အခုလို လျှောက်ထားတဲ့အခါ

မြတ်စွာဘုရားက ရှင်မောဂ္ဂလာန်ကို

ချစ်သား မောဂ္ဂလာန်

ဒီနေ့ကနောက် ခုနစ်ရက်မြောက်တဲ့နေ့ဟာ သီတင်းကျွတ်လပြည့်နေ့ ဖြစ်တယ်၊ အဲဒီ သီတင်းကျွတ် လပြည့်နေ့ဟာ မဟာပဝါရဏာနေ့ဖြစ်တယ် ငါဘုရားဟာ အဲဒီ သီတင်းကျွတ်လပြည့်နေ့ဖြစ်တဲ့ ပဝါရဏာနေ့မှာ တာဝတိံသာနတ်ပြည်ကနေ သင်္ကဿမြို့တံခါးသို့ ပြန်ပြီ ဆင်းလာမယ် ငါဘုရားကို ဖူးမြော်ချင်ကြတဲ့လူတွေ ဒီအရပ်မှာ လာရောက်နေကြလို့ မိန့်ကြားတော် မူပါတယ်။

တာဝတိံသာပြည်ကနေ သင်္ကဿမြို့တံခါးဝအရောက် မြေပြင်ခရီးယူဇနာသုံးဆယ် ကွာဝေးပါတယ်။

မြတ်စွာဘုရားက ရှင်မဟာမောဂ္ဂလာန်ကို

ချစ်သား မောဂ္ဂလာန်

ငါဘုရားကို ဖူးမြော်ချင်ကြတဲ့ သာဝတ္ထိပြည်သားတွေကို ပြောလိုက် သာဝတ္ထိပြည်နဲ့ သင်္ကဿမြို့ဟာ ယူဇနာအားဖြင့် (၃၀) ကွာဝေးပေမယ့် ဥပုသ်နေ့တွေမှာ ဥပုသ်ဆောက်တည်ကြဖို့ မြို့ဦးကျောင်း၊ ရွာဦးကျောင်းတွေကို တရားနာဖို့ သွားရောက်ကြသလို ငါဘုရားကို ဖူးမြော်ဖို့လာကြတဲ့ သူတွေအဖို့ အဲဒီခရီးလမ်းအတွက် ရိက္ခာယူဆောင်ဖို့ လုံးဝမလိုအပ်ဘူး၊ ရိက္ခာပါမလာကြပဲ လာရောက်ကြလို့ သင် ချစ်သားက အဲဒီလူတွေကိုပြောကြားပါလို့ မိန့်တော်မူပါတယ်။

(အောင်ဗောဓိစာပေ)

ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ဟာ

မြတ်စွာဘုရားရဲ့ မိန့်ကြားချက်တွေကို နာခံမှတ်သားပြီး ကောင်းပါပြီ ရှင်တော်မြတ်ဘုရားလို့ ဝန်ခံတဲ့ စကား လျှောက်ထားပြီး သာဝတ္ထိပြည်သို့ တဖန် ပြန်ကြွလာပါတယ်။

သာဝတ္ထိပြည် ရောက်တဲ့အခါ ရှင်မဟာ မောဂ္ဂလာန်က ပြည်သူပြည်သား လူအများကို မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်တဲ့ စကားအတိုင်း တာဝတိံသာ နတ်ပြည်ကနေ သင်္ကဿမြို့တံခါးသို့ ဆင်းသက်လာမည့်အကြောင်းနဲ့ မြတ်စွာဘုရားကို လာရောက်ဖူးမြော်ချင်ကြတဲ့ ပရိသတ်တွေအဖို့ မြို့ဦး ကျောင်း ရွာဦးကျောင်းတွေကို ဟရားနာသွားကြသလို လမ်းခရီးအတွက် ဘာရိက္ခာမှ မယူဆောင်ပဲ လာကြစေလို့ မှာကြားလိုက်ကြောင်း ပြန်ကြား မိန့်ဆိုတော်မူပါတယ်။

ရှင်မဟာမောဂ္ဂလာန် လူ့ပြည်ကို ပြန်ကြွသွားတဲ့အခါ

မြတ်စွာဘုရားဟာ

သိကြားမင်းကို

ဒါယကာသိကြားမင်း

ဝါကျွတ်တဲ့ လာမယ့် သီတင်းကျွတ် လပြည့်နေ့မှာ

ငါဘုရား လူ့ပြည်သို့ ပြန်ကြွတော့မယ်လို့ ခွင့်ပန်တဲ့စကား မိန့်ကြားတော်မူပါတယ်။

သိကြားမင်းဟာ

မြတ်စွာဘုရားရဲ့ လူ့ပြည်သို့ပြန်ကြွမယ်ဆိုတဲ့သတင်းစကား ကြားရတဲ့အခါ မြတ်စွာဘုရားရဲ့ လူ့ပြည်အပြန်ခရီးလမ်း

အတွက် ရွှေစောင်းတန်း၊ပတ္တမြားစောင်းတန်း၊ငွေစောင်းတန်းရယ်လို့ စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပါတယ်။

အဲဒီနောက်

အဲဒီစောင်းတန်းသုံးသွယ်တို့ရဲ့ အခြေကို သင်္ကာဿမြို့တံခါးဝမှာ တည်ကြပါတယ် စောင်းတန်းဦးတွေကိုတော့ တာဝတိံသာပြည်ရဲ့ အဝဖြစ်တဲ့ မြင်းမိုရ်တောင်ရဲ့ထိပ်မှာ တည်ကြစေပါတယ်။

အဲဒီစောင်းတန်းသုံးသွယ်ထဲက

ရွှေစောင်းတန်းကို မြတ်စွာဘုရားရဲ့ လက်ယာဘက်မှာထားပါတယ်

ပတ္တမြားစောင်းတန်းကို အလယ်မှာထားပါတယ်

ငွေစောင်းတန်းကို မြတ်စွာဘုရားရဲ့ လက်ဝဲဘက်မှာထားပါတယ်

လက်ျာဘက်က ရွှေစောင်းတန်းဟာ နတ်တွေအတွက် ဖြစ်ပါတယ်

အလယ်က ပတ္တမြားစောင်းတန်းဟာ မြတ်စွာဘုရား အတွက်ဖြစ်ပါတယ်

လက်ဝဲဘက်က ငွေစောင်းတန်း ဟာ ဗြဟ္မာကြီးတွေအတွက် ဖြစ်ပါတယ်

မြတ်စွာဘုရားဟာ
မြင်းမိုရ်တောင်ထိပ်ဝမှာ ရပ်တော်မူပြီး

(အောင်ဗောဓိစာပေ)

တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်ကို ဆင်းလာပါတယ်. မြတ်စွာဘုရား တာဝတိံသာပြည်က ဆင်းလာတဲ့ အချိန်မှာ မြတ်စွာဘုရား ကိုယ်တော်မြတ်မှာ ရေအစုံ မီးအစုံနဲ့ တန်ခိုးပြာဋိဟာကို ပြတော်မူပါတယ်။

မြတ်စွာဘုရားနဲ့ အတူ လိုက်ပါလာကြတဲ့ နတ်တွေဗြဟ္မာတွေထဲက

နတ်တွေဟာ မြတ်စွာဘုရားရဲ့ လက်ယာဘက်က ရွှေစောင်းတန်းကနေ လိုက်ပါလာကြပါတယ်။

မြတ်စွာဘုရား ကိုယ်တိုင်ကတော့ အလယ် ဗဟို ပတ္တမြားစောင်းတန်းကနေ ဆင်းကြွလာပါတယ် အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ပါတယ်

ဗြဟ္မာတွေဟာ မြတ်စွာဘုရားရဲ့ လက်ဝဲဘက် ငွေစောင်းတန်းကနေ လိုက်ပါလာကြပါတယ်

ဒီအချိန်မှာ

သိကြားမင်းဟာ

ဝိဇယုတ္တရခရုသင်းကို မှုတ်လျက် မြတ်စွာဘုရားရဲ့ လက်ယာဘက်ကနေ ပူဇော်လိုက်ပါတယ် သိကြားမင်းရဲ့နောက်က ကပ်လျက် ပဉ္စသိခနတ်သားဟာ ဗေဠုဝ စောင်းကို တီးခတ်လျက် မြတ်စွာဘုရားရဲ့ လက်ယာဘက်က အနီးကပ်အရပ်ကနေ ပူဇော်လိုက်ပါ ဆင်းဆက်လာပါတယ်။

(အောင်ဗောဓိစာပေ)

ပဥ္စသီခနတ်သားရဲ့နောက်က ကပ်လျက် အသူရာနတ်မင်းဟာ စာမရိသားမီးမြီးယပ်ကိုင်းပေးလျက်ပူဇော်လိုက်ပါဆင်းသက်လာပါတယ် အသူရာနတ်မင်းရဲ့ နောက်နားက ကပ်လျက် သန္တုသိတ နတ်မင်းဟာ ပတ္တမြားယပ်ဝန်းကို ဝှေ့လွဲလွဲခပ်လျက် ပူဇော်လိုက်ပါလာပါတယ်၊ တခြားနတ် အသီးသီးဟာ ရှိရာ နေရာတွေကနေ မြတ်စွာဘုရားနဲ့အတူ ပူဇော် လျက် လိုက် ပါ ဆင်းသက်လာကြပါတယ်။

မြတ်စွာဘုရားရဲ့လက်ဝဲဘက်က ငွေစောင်းတန်းကနေ မဟာ ဗြဟ္မာကြီးဟာ မြတ်စွာဘုရားကို ဗြဟ္မာထီးဖြူကြီးကို ဆောင်း မိုးပေးလျက် ပူဇော်လိုက်ပါ ဆင်းသက်လာပါတယ်။

မြတ်စွာဘုရားဟာ

အခုလို နတ် ဗြဟ္မာပရိသတ် အခြံအရံတွေနဲ့အတူ ဆင်းသက် လာပြီး သင်္ကာသမြို့တံခါးဝမှာ ရပ်တော်မူပါတယ်

သာဝတ္ထိပြည်ကနေ လာရောက် စုဝေးရောက်ရှိလာကြတဲ့ ပရိသတ်အပေါင်းဟာ သီတင်းကျွတ်လပြည့်နေ့ မဟာပဝါ ရဏာနေ့ နံနက်စာစားပြီးကြတဲ့အချိန်ကစပြီး ဒီနေ့ မြတ်စွာဘုရား ကို သင်္ကာသမြို့တံခါးမှာ ဖူးမြော်ကြရတော့မယ်လို့ သိတဲ့အသိ စိတ်နဲ့ ဝမ်းသာရွှင်လန်းစွာ ထွက်လာခဲ့ကြပြီး မြို့ဦးကျောင်း ရွာဦးကျောင်းတွေအတွက် လာလို့ အချိန်အနည်းငယ် အတွင်း မှာပင် မပင်မပန်းကြပဲ သင်္ကာသ မြို့တံခါးဝကို ရောက်လာကြ ပါတယ်။

(အောင်ဗောဓိစာပေ)

တာဝတိံသာနတ်ပြည်က ဆင်းလာပြီး လူ့ပြည်သို့အရောက် ပတ္တမြားစောင်းတန်းကနေ လက်ယာခြေတော်ကို မြေပေါ်သို့ ချလိုက်တာနဲ့ တပြိုင်တည်း မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးဖူးမြော် ပူဇော်ပါတယ်။

အဲဒီနောက်

ကျန်တဲ့ပရိသတ်တွေက မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြပါတယ်။

အဲဒီအချိန်တုန်းက

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ကနေ လူ့ပြည်ကိုလာတာကိုဖူးမြော်ကြရတဲ့သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိတဲ့ပရိသတ်ထဲက ဘုရား မဖြစ်ချင်ကြတဲ့ မြတ်စွာဘုရားရဲ့ အဖြစ်ကို မတောင့်တကြတဲ့ သူ တဦး ဘယောက်မှ မရှိကြပါဘူး အဲဒီလောက်တောင် မြတ်စွာဘုရားကို ဖူးမြော်အားကျတဲ့စိတ်တွေ ဖြစ်ပေါ်လာကြပါတယ်။

အဲဒါကြောင့်

ရှင်သာရိပုတ္တရာမထေရ်မြတ်က မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား

ဒီနေ့ ဒီနေရာကို လာရောက်စုဝေး ရောက်ရှိနေကြတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေဟာ အရှင်ဘုရားကို ချစ်ခင်နှစ်သက်မြတ်နိုးကြပါတယ်ဘုရား အရှင်ဘုရားကို အားကျကြပြီး အရှင်ဘုရားလို ဘုရားဆုကိုပင် တောင့်တ ပန်ဆင်ကြပါတယ် ဘုရားလို့ လျှောက်တင်ပါတယ်။

(အောင်ဗောဓိစာပေ)

အခုလို လျှောက်တင်လိုက်တဲ့အခါ
မြတ်စွာဘုရားက အရှင်သာရိပုတ္တရာမထေရ်ကို
ချစ်သားသာရိပုတ္တရာ
အခုလို သဘောရှိတဲ့ ဂုဏ်ကျေးဇူးအပေါင်းနဲ့ ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရားရှင်ကို လူနတ်ဗြဟ္မာအပေါင်းက ကြည်ဖြူလေးမြတ် ချစ်ခင် နှစ်သက်ကြတာ်လို့ မိန့်တော်မူလိုက်ပါတယ်
အဲဒီတုန်းကလည်း
မြတ်စွာဘုရားဟာ ကောင်းတဲ့ လောကဓံဖြစ်တဲ့ ယသောဆိုတဲ့ အခြံအရံအပေါင်းနဲ့ ပြည့်စုံရတဲ့ လောကဓံနဲ့ ရင်ဆိုင်ရပါတယ်။

မြတ်စွာဘုရားဟာ အခြံအရံများစွာနဲ့ သွားလာ သီတင်းသုံး နေထိုင်ရတဲ့ ထင်ရှားတဲ့ ဖြစ်ရပ်တွေဟာ ဒါပဲသားလို့ မေးယင် မဟုတ်သေးပါဘူး ရှိပါသေးတယ်။
အဲဒါက တခြားမဟုတ်ပါဘူး

၄၂

# ပါဝါမြို့က ကုသိနာရုံသို့အသွားခရီး

မြတ်စွာဘုရားသက်တော်(၇၉)နှစ်အကျော် ၎င်းသက်တော် (၈၀)ထဲအဝင် ပရိနိဗ္ဗာန်စံဝင်မည့်နှစ် လပိုင်းအလိုမှာ မြတ်စွာဘုရားမှာ ပြင်းထန်တဲ့ သွေးဝမ်းကျရောဂါ ဖြစ်ပေါ်ပြီး ခံစားရပါတယ် မြတ်စွာဘုရားဟာ အဲဒီလို ပရိနိဗ္ဗာန် စံဝင် ခံစားလိုက်ရလောက်အောင် အင်မတန်ပြင်းထန်တဲ့ ရောဂါဝေဒနာက သက်သာလာတဲ့အချိန်ကစပြီး နောင် မကြာတော့တဲ့ အချိန်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူလိမ့်မယ်ဆိုတဲ့ သတင်း ကြားသိထားကြတဲ့ ရဟန်းတော်တွေဟာ မြတ်စွာဘုရား ရုတ်တရက် ပရိနိဗ္ဗာန် စံဝင်သွားတဲ့အခါ သူ့ကို နောက်ဆုံး ဖူးမြော်ခြင်း အနေနဲ့ မဖူးမြင်လိုက်ရမှာကို စိုးရိမ်ကြတဲ့အတွက် ဟိုဟိုဒီဒီ

(အောင်ဇေယျာ ခိုစာပေ)

အခြားအရပ် တပါးသို့ အချိန်ကြာမြင့်အောင် သီတင်းသုံးခြင်း မပြုကြတော့ပဲ မြတ်စွာဘုရားရဲ့ အနီးမှာနေထိုင်ကြပြီး မြတ်စွာဘုရားကို အရိပ်တကြည့်ကြည့်နဲ့ မြတ်စွာဘုရားရဲ့အနားက မခွာကြပဲ မြတ်စွာဘုရားကို လိုအပ်တဲ့အမှု ပြုပေးယင်း သီတင်းသုံးနေကြပါတယ်။

မြတ်စွာဘုရားဟာ

ပါဝါပြည်က ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့ ဝက်ပျို့ဆွမ်းကို ဘုဉ်းပေးပြီးတဲ့ အချိန်ကစပြီး ဖြစ်ပေါ် ခံစားရတဲ့ ခသွေး ဝမ်းကျ ရောဂါဝေဒနာနဲ့ ပါဝါပြည်ကနေ ကုသိနာရုံပြည်သို့ ကြွသွားတော်မူစဉ်မှာ မြတ်စွာဘုရားရဲ့အနီးမှာ မြတ်စွာဘုရားကို လုပ်ကျွေးပြုစုပေးကြတဲ့ အခြံအရံ ရဟန်း သံဃာတော် ဟာ မရေမတွက်နိုင်လောက်အောင် အလွန်များလှပါတယ်။

အခုကျွန်တော် တင်ပြနေတဲ့ ဖြစ်ရပ်တွေဟာ မြတ်စွာဘုရားဟာ လောကဓံ (၈) ပါးထဲက ယသောဆိုတဲ့ လောကဓံဖြစ်တဲ့ အခြွေအရံများစွာနဲ့ သွားလာ သီတင်းသုံးနေထိုင်ခဲ့ ရဖူးတဲ့ ဖြစ်ရပ်တွေထဲက အင်မတန် ထင်ရှားပေါ်လွင်တဲ့ ဖြစ်ရပ်တချို့ကို တင်ပြ အစီရင်ခံခြင်း ဖြစ်ပါတယ်။

ဒါဟာ ကောင်းတဲ့လောဓံဖြစ်လို့ ကျွန်တော်တို့ ခင်ဗျားတို့ဟာ ကောင်းတဲ့လောကဓံတွေနဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့ အခါ

(အောင်ဗောဓိစာပေ)

ထူးထူးခြားခြား စိတ် ပင်ပန်းဆင်းရဲမှုကို မခံစားရပဲ နှင်သက် ကျေနပ်တဲ့ ခံစားမှုကို ခံစားရတဲ့အတွက် ထူးထူးခြားခြားမဖြစ်ပေမယ့် ယသောဆိုတဲ့ ကောင်းတဲ့လောကဓံ နဲ့ ဆန့်ကျင်တဲ့ အယသော ဆိုတဲ့ ကိုယ်တယောက်တည်း သွားလာ နေထိုင် လုပ်ကိုင် စားသောက်ရတဲ့အခါ အင်မတန် စိတ်မနှစ်သက် မကျေနပ်ပဲ ဝမ်းနည်း အားငယ်မှုတွေ ဖြစ်ပေါ်ခံစားရပာတ်ပါတယ်။

အယသောအကြောင်းကို ဆက်ပြီး တင်ပြပါမယ်။

## အခြေအရံမရှိခြင်း

## မြတ်စွာဘုရား

## တပါးတည်းခရီးသွားရပုံ

ကျွန်တော်တို့ ငါဗျာ တို့သာ ရံဖန်ရံခါ ကိုယ့်ကို ကူညီပေးကြမယ့်သူတွေ လုပ်ကျွေး ပြုစုပေးမယ့်သူတွေနဲ့ ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ပေးကြမယ့် သူတွေမရှိကြတာ မဟုတ်ပါဘူး ဒါန ပါရမီ သီလပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယ ပါရမီ၊ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီ ဥပေက္ခာ ပါရမီ စတဲ့ ပါရမီ(၁၀)ပါးကို လေးသင်္ချေနဲ့ ကမ္ဘာ တသိန်း ကာလတိုင်အောင် ဖြည့်ဆည်းနိုင်ခဲ့လို့ ဒီဘဝမှာ ဘုန်းတော် အနန္တ ဂုဏ်ရှင် ကံတော် အနန္တ ဂုဏ်ရှင် ဉာဏ်တော် အနန္တ ဂုဏ်ရှင် တန်ခိုးတော် အနန္တ

ဂုဏ်ရှင် စတဲ့ မှန်ကန် ကောင်းမြတ်တဲ့ ဂုဏ်အပေါင်းနဲ့ ပြည့်စုံတော်မူတဲ့ နှိုင်းစရာ ယှဉ်စရာ မရှိတဲ့ ကျွန်တော်တို့ခင်ဗျားတို့ရဲ့ ရှိခိုးပူဇော် ကန်တော့နေကြရတဲ့ လူမင်း ဗြဟ္မာမင်း နတ်မင်းတွေရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ မြတ်စွာဘုရားတောင် တခါတရံ ကျွန်တော်တို့ ခင်ဗျားတို့လို ကူညီပေးကြမယ့် သူတွေ လုပ်ကျွေး ပြုစုပေးကြမယ့် သူတွေနဲ့ ဝိုင်းဝန်း လုပ်ကိုင်ဆောင်ရွက်ပေးကြမယ့်သူတွေ မရှိပဲ တပါးတည်းနေထိုင် သွားလာခဲ့ရဖူးပါတယ် ကူညီလုပ်ကိုင် ပြုစုဆောင်ရွက် ပေးကြမယ့် သူတွေ မရှိပဲ ကိုယ်တော်မြတ်တပါးတည်း နေထိုင်ခဲ့ရ ဖူးပါတယ်။

ပုံစံအားဖြင့် တင်ပြရမယ်ဆိုယင်

## မြတ်စွာဘုရား၏
## ဗောဓိညောင်ပင်ရင်းမှ မိဂဒါဝုန်သို့ ခရီး

သိဒ္ဓတ္ထရဟန်းဘဝက ဂေါတမ ဗုဒ္ဓ အဖြစ်သို့ ပြောင်း လဲရောက်ရှိလာပြီ တဲ့နောက် (၄၉)ရက်မြောက်တဲ့ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ကို လွန်မြောက်တဲ့ ရက်

(၅၀)သို့အရောက် ဝါဆိုလဆန်း(၆)ရက် ကြာသပတေး နေ့
နံနက်မှာ မြတ်စွာဘုရားဟာ ဗောဓိညောင်ပင်အနီးမှာရှိတဲ့ လင်း
လွန်း ပင်ရင်းမှာ သီတင်းသုံးနေရာက ထပြီး ဗောဓိ ညောင်ပင်
ရင်းသို့ ပြန်ကြွလာပါတယ်။

ဗောဓိညောင်ပင်ရင်းကိုရောက်တဲ့အခါ
ဗောဓိညောင်ပင်ရင်းမှာ တင်ပလ္လင်ခွေထိုင်ပါတယ်

အဲဒီနောက်

မြတ်စွာဘုရားက ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ်
အဿဇိ အစရှိတဲ့ ပဉ္စဝဂ္ဂီလို့ခေါ်ကြတဲ့ ပုဂ္ဂိုလ်ငါးဦးဟာ ငါ
ဘုရား သိဒ္ဓတ္ထ ရဟန်းဘဝနဲ့ ဉရုဝေလ တောအုပ်အတွင်းမှာ
ဘုရားဖြစ်ဖို့ ဒုက္ကရစရိယ ခြောက်နှစ်ကြာအောင် ကျင့်ကြံအား
ထုတ်နေစဉ်က ငါဘုရားကို တနေ့ ဘုရားဖြစ်လာလိမ့်နိုး ဖြစ်လာ
လိမ့်နိုးနဲ့ မျှော်ကိုးတကြီး အားကိုးအားထားတကြီးနဲ့ ငါ
ဘုရားရဲ့အပေါ်မှာ ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးခဲ့ကြဖူးတယ်။

ဒါကြောင့်

အခုငါဘုရား ဘုရားဖြစ်လာတဲ့အချိန်မှာ ငါဘုရားရဲ့တရား
ဦးကိုကြားနာချင်ကြလွန်းလို့ ငါဘုရားရဲ့ တရားဦးကိုနာကြား
ဖို့ စောင့်မျှော်နေကြတဲ့ အဲဒီပဉ္စဝဂ္ဂီရဟန်းငါးဦးကို ရှေးဦးစွာ
ငါဘုရားရဲ့တရားဦးကို ဟောကြား ပြရယင် ကောင်းမှာပဲ လို့
ကြံစည်တော်မူပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီနောက်

မြတ်စွာဘုရားဟာ

အဲဒီ ပဥ္စဝဂ္ဂီရဟန်းငါးဦး အခု ဘယ်အရပ်မှာ ရှိနေကြသလဲလို့ ဒိဗ္ဗစက္ခု၊ အဘိညာဏ်နဲ့ လှမ်းပြီး ကြည့်တော်မူ ပါတယ်။

အခုလိုကြည့်လိုက်တဲ့အခါ

ပဥ္စဝဂ္ဂီငါးဦးဟာ

ဗာရာဏသီပြည်အနီးမှာ ရှိတဲ့ မိဂဒါဝုန် တောကြီးထဲမှာ အတူနေထိုင်ကြပြီး တရားအားထုတ်နေကြတာကို တွေ့မြင်တော်မူပါတယ်

အဲဒီလို တွေ့မြင်တဲ့အတွက်

မြတ်စွာဘုရားဟာ ငါဘုရား ဗာရာဏသီပြည် အနီးမှာရှိတဲ့ မိဂဒါဝုန်တောသို့ ကြွသွားပြီး အဲဒီ ပဥ္စဝဂ္ဂီ ရဟန်းငါးဦးကို ဓမ္မစကြာတရား ဟောမယ်လို့ ကြံစည်တော်မူပါတယ်။

အခုလို ကြံစည်တော်မူပြီး

တရားဦးဟောရမယ့် အချိန်ကို စောင့်တဲ့အနေနဲ့ အဲဒီ ဗောဓိမဏ္ဍိုင်ကုန်း အနီးမှာရှိတဲ့ ရွာက အိမ်စဉ်ဆွမ်းခံလှည့်လည်ပြီး ဗောဓိပင်ရင်းမှာ (၉) ရက်အကြာ ကဆုန်လပြည့်ကျော် (၄) ရက်နေ့အထိ သီတင်းသုံးတော်မူပါတယ်။

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်

(အောင်ဗောဓိစာပေ)

ဝါဆိုလပြည့်နေ့ စနေနေ့ မနက်မှာ ဗောဓိပင်ကနေ ဗာရာဏသီပြည်အနီးမှာရှိတဲ့ ပဥ္စဝဂ္ဂီငါးဦး နေထိုင်ရာ မိဂဒါဝုန်တောသို့ ကြွရောက်ဖို့ နံနက်အစောကြီး အိပ်ရာကထပြီး

ပထမဆုံး မျက်နှာသစ်ပါတယ်

အဲဒီနောက် ခြေလက်သန့်ရှင်းပါတယ်

အဲဒီနောက်

ခြေလက်သန့်ရှင်းပြီး သင်္ကန်းကို ပြင်ဝတ်ပါတယ်။

မြတ်စွာဘုရားဟာ

သပိတ်နဲ့ ဒုကုဋ်သင်္ကန်းကြီးကို ကိုယ်တိုင်သယ်ယူပြီး ဗောဓိညောင်ပင်နဲ့ (၁၀) ယူဇနာကွာဝေးတဲ့ အရပ်ဖြစ်တဲ့ ဗာရာဏသီပြည် အနီးမှာရှိတဲ့ မိဂဒါဝုန်တောသို့ မြေပြင်ခရီးကနေ ကိုယ်တော်မြတ်တပါးတည်း ခြေကျင်ကြွသွားတော်မူ ပါတယ်။

အဲဒီတုန်းက

မြတ်စွာဘုရားမှာ မြတ်စွာဘုရားကို ကူညီလုပ်ကျွေး ပြုစုပေးကြမယ့် အခြွေအရံရယ်လို့ တဦးတယောက်မှ မပါရှိပါဘူး၊ မြတ်စွာဘုရားကိုယ်တော်မြတ်တပါးတည်း ကြွရောက်ခဲ့ရပါတယ်။

မြတ်စွာဘုရားတပါးတည်း အခုလို ကြွချီရတာဟာ ဒီတခါတည်းပဲလားလို့ မေးယင် မဟုတ်သေးပါဘူး၊ မကြာခဏပါပဲ၊ ထင်ရှားတဲ့ ဖြစ်ရပ်တွေထဲက ဖြစ်ရပ်တခုကို ဆက်ပြီး တင်ပြပါမယ်။

အဲဒါက ဒီလိုပါ

(အောင်ဗောဓိစာပေ)

၄၆

# မြတ်စွာဘုရားကို

## နာဂသမာလထေရ်က လမ်းခွဲပြီး အထားခံရပုံ

တခါက မြတ်စွာဘုရားဟာ အလုပ်အကျွေးဖြစ်တဲ့ နောက်လိုက် နောက်ပါ နာဂသမာလထေရ်နဲ့ အတူ ခရီးကြွသွားစဉ် လမ်းခရီးအကြားမှာ လမ်းဆုံလမ်းနှစ်ခွတခုကို ရောက်ရှိလာကြပါတယ်။

အဲဒီ လမ်းဆုံလမ်းခွကို ရောက်တဲ့အခါ

မြတ်စွာဘုရားဟာ ဒီလမ်းဆုံ လမ်းခွ လမ်းနှစ်သွယ်ထဲက ဘယ်လမ်းဟာ ကောင်းမယ့် လမ်းလည်းဆိုတာ ကြည့်ပါတယ်၊ အဲဒီနောက် မြတ်စွာဘုရားဟာ ကောင်းမယ့်လမ်းကို ရွေးပါတယ်၊ အခုလို နှစ်သွယ်ထဲက မြတ်စွာဘုရားဟာ ဒီလမ်းက သွားမယ်လို့ ဆုံးဖြတ်ပြီး လမ်းသွယ်တခုကို ညွှန်ပြလိုက်ပါတယ်

ဒီအခါ

နာဂသမာလထေရ်ဟာ

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားရွေးပြီး ကြွမယ့်လမ်းက မသွားချင်ပါဘူး

အဲဒါကြောင့်

နာဂသမာလထေရ်က မြတ်စွာဘုရားရဲ့နောက်က ဆက်ပြီး မလိုက်ချင်တော့တာနဲ့

နာဂသမာလထေရ်က မြတ်စွာဘုရားကို

အရှင်ဘုရား တပည့်တော် အရှင်ဘုရားရဲ့နောက်က ဆက်ပြီး အရှင်ဘုရားနဲ့အတူ မလိုက်ချင်တော့ဘူး၊ အရှင်ဘုရားနဲ့အတူ မကြွချင်တော့ဘူး၊ အရှင်ဘုရားနဲ့ သွားမယ့် လမ်းမဟုတ်တဲ့ ဟိုဘက်က လမ်းသွယ်ကနေ တပည့်တော် ဖယ်ခွာသွားတော့ မယ်လို့ လျှောက်တင်ပါတယ်။

အခုလို လျှောက်တင်ပြီး

ပြောပြောဆိုဆိုနဲ့

မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်ကိုတောင် စောင့်ပြီးနားမထောင် တော့ပဲ နာဂသမာလထေရ်ဟာ သူသယ်ယူလာတဲ့ မြတ်စွာ ဘုရားရဲ့သပိတ်နဲ့ ဒုကုဋ်သင်္ကန်းကြီးကို ဒါ အရှင်ဘုရားရဲ့ သင်္ကန်း၊ ဟောဒါက အရှင်ဘုရားရဲ့ သပိတ်ဆိုပြီး မြတ်စွာဘုရားရဲ့ သင်္ကန်းနဲ့ သပိတ်ကို မြတ်စွာဘုရားလက်သို့ ပြန်ပြီး ပေးအပ် လိုက်ပါတယ်။

အဲဒီနောက်

နာဂသမာလထေရ်ဟာ မြတ်စွာဘုရားကို လမ်းခရီးအကြား မှာပင် တပါးတည်းထားခဲ့ပြီး မြတ်စွာဘုရားနဲ့ ရေးလမ်းသွယ် မဟုတ်တဲ့ တခြားလမ်းကနေ လမ်းခွဲကြွသွားပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအခါတုန်းကလည်း

မြတ်စွာဘုရားဟာ ကိုယ့်ရဲ့သပိတ်နဲ့ ကိုယ့်ရဲ့ ဒုကုဋ္ဌ်ကြီးကို ကိုယ်တော်တိုင် သယ်ယူဆောင်ပြီး အလုပ်အကျွေးပြုပေးကြမယ့် အခြွေအရံ တဦးတယောက်မှမပါပဲ ကိုယ်တော်မြတ်တပါးတည်း ခရီးဆက် ကြွတော်မူခဲ့ရဖူးပါတယ်။

ဒါဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲ ဆိုရင်

ဒါတင် မကသေးပါဘူး

ရှိပါသေးတယ်

အဲဒါက ဒီလိုပါ

## မြတ်စွာဘုရားကို မေဃိယမထေရ် စွန့်ခွာသွားပုံ ထားရစ်ခံရပုံက ဒီလိုပါ

တခါက မြတ်စွာဘုရား စာလိကာမြို့အနီးမှာ ရှိတဲ့ စာလိကာတောင်မှာ သီတင်းသုံးနေထိုင်တော်မူစဉ် ကာလမှာ အဲဒီတုန်းက မြတ်စွာဘုရားရဲ့အနီးမှာ လိုက်ပါပြီး မြတ်စွာဘုရားကို အလုပ်အကျွေးပြုပေးနေသူအဖြစ် တာဝန်ယူထားတဲ့ မေဃိယမထေရ်

(အောက်စာမျက်နှာပေ)

ဟာ မြတ်စွာဘုရားဆီကိုလာရောက်ပြီး မြတ်စွာဘုရားကို ရှိခိုးပါတယ်။

အဲဒီနောက်

သူ့အနေနဲ့ မနေအပ်တဲ့

မြတ်စွာဘုရားရဲ့ အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားရဲ့ အနောက်တည့်တည့်အရပ်
မြတ်စွာဘုရားနဲ့ ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့ နီးလွန်းတဲ့အရပ်
မြတ်စွာဘုရားထက် မြင့်တဲ့အရပ်
မြတ်စွာဘုရားရဲ့လေညာအရပ် စတဲ့ အရပ်(၆)

ပါးကို ရှောင်ပြီး အပြစ်ကင်းလွတ်ရာ နေရာကနေ

မြတ်စွာဘုရားကို

အရှင်ဘုရား တပည့်တော်ဟာ ဇန္တုဂ္ဂါသို့ ဆွမ်းခံဝင်ချင်ပါတယ်ဘုရားလို့ လျှောက်တယ်

အခုလိုလျှောက်တဲ့အခါ

မြတ်စွာဘုရားက မေဃိယမထေရ်ကို

မေဃိယ သင် သွားချင်တဲ့အချိန် သွားနိုင်ဘယ်လို့ ခွင့်ပြုလိုက်ပါတယ်။

အခုလို ခွင့်ပြုလိုက်တဲ့အတွက်

ရှင်မေဃိယမထေရ်ဟာ

နောက်နေ့နံနက်အချိန်မှာ သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ်သင်္ကန်းကို ယူဆောင်လျက် ဇန္တုဂ္ဂါသို့ ဆွမ်းခံ ဝင်ပါတယ်၊

ဇန္တုရွာတွင်းမှာ အိမ်ဧည့်ဆွမ်းလှူဒါန်းပြီး အပြန် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာကနေ ထွက်လာပြီး ကိမိကာဋ္ဌာမြစ်ကမ်းအနီးမှာ အညောင်းပြေ ကြွလျှောက်နေစဉ် မေလုမ်းလုမ်းမှာ စိတ်ကြည်နူးရောကောင်းတဲ့ အလွန်နှစ်သက်ဖွယ် ကောင်းတဲ့ စိတ်နှလုံးပျော်မွေ့ဖွယ်ကောင်းတဲ့ သရက်ဥယျာဉ်တခုကို တွေ့မြင်ပါတယ်။

မေဃိယမထေရ်ဟာ
ဒီသရက်ဥယျာဉ်ကို တွေ့မြင်တဲ့အခါ
သရက်ဥယျာဉ်ဟာ
စိတ်ကြည်လင်စရာ ကောင်းလိုက်တာ
နေချင်စရာ နှစ်သက်ဖွယ်ကောင်းလိုက်တာ
စိတ်နှလုံး ပျော်မွေ့ဖွယ်ရာ ကောင်းလိုက်တာ

အဲဒီ သရက်ဥယျာဉ်ဟာ တရားအားထုတ်ချင်ကြတဲ့ အမျိုးကောင်းသားတွေ တရားအားထုတ်ဖို့ သင့်လျော်တဲ့နေရာ ဖြစ်တယ်၊ ငါ့ကိုသာ မြတ်စွာဘုရားက ခွင့်ပြုမယ်ဆိုယင် အဲဒီ သရက်ဥယျာဉ်သို့သွားပြီး တရားအားထုတ်မယ်လို့ အကြံအစည် ဖြစ်ပေါ်လာပါတယ်။

အဲဒါကြောင့်
မေဃိယမထေရ်ဟာ မြတ်စွာဘုရားဆီကို ပြန်သွားပြီး
အရှင်ဘုရား တပည့်တော် ကိမိကာဋ္ဌာမြစ်ကမ်းအနီးမှာ အညောင်းပြေ လမ်းလျှောက်နေစဉ် အဲဒီအရပ်ရဲ့ မေလုမ်းလုမ်းအရပ်မှာ သရက်ဥယျာဉ်တခုကို တွေ့မြင်ပါတယ်

(အောင်ဗောဓိစာပေ)

အဲဒီသရက်ဥယျာဉ်ဟာ စိတ်ကြည်နူးစရာကောင်းပါတယ်
နှစ်သက်ဖွယ်ရာအရပ် ဖြစ်ပါတယ်
နေချင်စဖွယ်အရပ် ဖြစ်ပါတယ်
စိတ်နှလုံးပျော်မွေ့ဖွယ် ဖြစ်ပါတယ်

အရှင်ဘုရား တပည့်တော် အဲဒီ သရက်တောမှာသွားပြီး တရားအားထုတ်ပါရစေ အရှင်ဘုရားရဲ့ သပိတ်နဲ့ သင်္ကန်းကို ပြန်ယူပါတော့ဆိုပြီး မြတ်စွာဘုရားကို သပိတ်သင်္ကန်းကို ပြန်ပေးပါတယ်။

ဒီအခါ
မြတ်စွာဘုရားက မေဃိယထေရ်ကို
မေဃိယ မသင့်တော်ဘူး ငါ ဘုရားကို လုပ်ကျွေးပြုစုပေးမယ့် တခြားရဟန်း တပါး ပါးလာအောင်အထိတော့ စောင့်ပါဦးလို့ ပြန်ပြီး မိန့်ကြားပါတယ်။

အခုလို မြတ်စွာဘုရားက မိန့်ကြားတဲ့ကြားက
မေဃိယထေရ်ဟာ မြတ်စွာဘုရားရဲ့စကားကို လက်မခံပဲ
တပည့်တော် အဲဒီ သရက်တောဥယျာဉ်ကိုသွားပြီး တရားအားထုတ်ပါရစေ ဘုရားလို့ ဇွတ်ဆက်ပြီး လျှောက်တင်ပြပါတယ်။

ဒီအခါမှာလည်း
မြတ်စွာဘုရားက မေဃိယထေရ်ကို
ရှေးကလိုပဲ

(အောင်ပေါဓိစာပေ)

မသင့်တော်ဘူးမေဃိယ

ငါဘုရားကိုအလုပ်အကျွေးပြုပေးမယ့်ရဟန်းတပါး ပါးကြွလာအောင်အထိ စောင့်ပါဦးလို့ မိန့်ကြားပြီး တားမြစ်ပါတယ်။

ဒီအကြိမ်မှာလည်း

မေဃိယမထေရ်ဟာ

မြတ်စွာဘုရား တားမြစ်တာကိုလက်မခံပါဘူး

အခုလို တားမြစ်နေတဲ့ကြားက

မေဃိယမထေရ်ဟာ မြတ်စွာဘုရားကို

အရှင်ဘုရား တပည့်တော် အဲဒီ သရက်တောဥယျာဉ်ဆီကို သွားပြီး တရားအားထုတ်ပါရစေ ဘုရားလို့ ဇွတ်အတင်း သူ့ရဲ့ ဆန္ဒကိုသာ တင်ပြလျှောက်တင်ပါတယ်။

ဒီအကြိမ်မှာလည်း

မြတ်စွာဘုရားက မေဃိယမထေရ်ကို

မေဃိယ မသင့်တော်ဘူး

ငါဘုရားကို လုပ်အကျွေးပြုစုပေးမယ့် ရဟန်း တပါး ပါး ငါဘုရားဆီကို ရောက်လာတဲ့အထိ စောင့်ပါလို့ သုံးကြိမ်တိုင်အောင် ဆက်ပြီး တားမြစ်တော်မူပါတယ်။

အခုလိုအကြိမ်ကြိမ် တားမြစ်နေတဲ့ကြားထဲက

မေဃိယဟာ မြတ်စွာဘုရားကို ဇွတ် အတင်း ခွင့်ပြုဖို့ တောင်းခံလာပြန်တဲ့အတွက် မြတ်စွာဘုရားဟာ မေဃိယမထေရ်ကို ဘယ်လိုမှ တားမြစ်လို့မရတဲ့အဆုံးမှာ

မြတ်စွာဘုရားဟာ မေဃိယမထေရ်ကို

မေဃိယ သင်ရဲ့အလိုကျ သင့်ဆန္ဒအတိုင်း သွားပြီးတရား အားထုတ်ချင်တဲ့ သရက်ဥယျာဉ်မှာ တရားအားထုတ်နိုင်တယ်လို့ ခွင့်ပြုတော်မူလိုက်ရပါတယ်။

အဲဒီအခါတုန်းကလည်း

မြတ်စွာဘုရားမှာ မြတ်စွာဘုရားကို အလုပ်အကျွေးပြုပေး မယ့်သူ မရှိပါဘူး၊ မြတ်စွာဘုရားဟာ ကိုယ်တော်မြတ်တပါး တည်းသာ သီတင်းသုံးနေထိုင်ရပါတယ်။

ဒါပဲလားလို့မေးယင်

မဟုတ်သေးပါဘူး

ရှိပါသေးတယ်

အဲဒါကဗီလိုပါ

၄၆

## မြတ်စွာဘုရား

**ကောသမ္ဗီမြို့က သင်းကွဲရဟန်းတွေကို ဆုံးမလို့မရလို့ ပါလိလေယျတောသို့ တပါးတည်းကြွရောက်ပုံ**

တချိန်က

ကောသမ္ဗီမြို့မှာ ရဟန်းသံဃာတွေ အချင်းချင်း ဘာမှ မကြီးကျယ်လှတဲ့ အိမ်သာထဲမှာ ထားတဲ့ ပင်ဆေးတဲ့ရေခွက်ထဲမှာ

ရေကျန်ခဲ့တဲ့ ကိစ္စလေးကို အကြောင်းပြုပြီး အခုလို ရေကျန်ခဲ့တာဟာ အပြစ်ရှိတယ်လို့ အယူရှိတဲ့ ဝိနည်းဆောင်တဲ့ရဟန်းနဲ့ အပြစ်မရှိဘူးလို့ အယူရှိတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းနှစ်ပါးတဘက်နဲ့တဘက် အပြန်အလှန် ငါမှန်တယ် သူမှားတယ်ဆိုတဲ့ စကားပုံစံမျိုးနဲ့ ငြင်းခုံကြရာက စပြီး သံဃာထုထဲမှာ အပြစ် မရှိဘူးလို့ အယူရှိတဲ့ သုတ္တန်ကိုဆောင်တဲ့ သံဃာအုပ်စုနဲ့ အပြစ်ရှိတယ်လို့ အယူရှိတဲ့ ဝိနည်းကိုဆောင်တဲ့ သံဃာအုပ်နှစ်ခု သံဃာဂိုဏ်းနှစ်ဂိုဏ်း အုပ်စုကွဲသွားပါတယ်။

မြတ်စွာဘုရားက

အဲဒီရဟန်းအုပ်စု နှစ်ခုထဲက သံဃာတွေဆီကို တလှည့်စီရောအုပ်စုနှစ်ခုစလုံးကို ပေါင်းထားတဲ့ နေရာကိုပါ ကြွရောက်သွားပြီး

ရဟန်းတွေကို

ရဟန်းတို့ ကိုယ့်အချင်းချင်း ဂိုဏ်းကွဲအောင်မပြုလုပ်ကြနဲ့

ဂိုဏ်းကွဲအောင် ပြုလုပ်တာ မကောင်းဘူးဆိုပြီး သံဃာအုပ်စုနှစ်ဘက်စလုံးကိုစေ့စပ်ရေးသြဝါဒဟာရား အကြိမ်ကြိမ်ရှင်းလင်းဟောပြပါတယ်

အခုလို ရှင်းလင်း ဟောပြောပြပေမယ့်

ဘယ်ဘက်ကမှ မြတ်စွာဘုရားရဲ့ ဆုံးမသြဝါဒကို မနာခံကြပါဘူး။

(အောင်ဗောဓိစာပေ)

အယူကွဲနေကြတဲ့ သူတို့ရဲ့အယူကိုလည်း တဘက်နဲ့တဘက် အပြန်အလှန် လျှော့ပေးပြီး ပြန်လည်ညီညွတ်ကြဲအောင် ဘယ်ဘက်ကမှ မကြိုးစားကြပါဘူး။

အဲဒါကြောင့်
မြတ်စွာဘုရားဟာ
ရဟန်းသံဃာတွေကို ဆုံးမလို့မရတဲ့အတွက်
မြတ်စွာဘုရားဟာ အဲဒီကောသမ္ဗီမြို့မှာရှိတဲ့ ဃောသိတာရုံ ကျောင်းမှာ ဆက်ပြီး သီတင်းမသုံးတော့ပဲ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းကနေ ပါလိလေယျလို့ခေါ်တဲ့ ပလာလဲ ဆင်မင်းနေတဲ့ တောကို တပါးတည်း ကြွသွားတော်မူပါတယ်။

အဲဒီကထွက်
အဲဒီပါလိလေယျလို့ခေါ်တဲ့ ပလာလဲတောမှာပဲ
တပါးတည်း သီတင်းသုံးပြီး ဝါကပ်တော်မူပါတယ်

အခုဖော်ပြခဲ့တာတွေဟာ
ကျွန်တော်တို့ခင်ဗျားတို့မပြောနဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေနဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ဦးညွတ်ရတဲ့ ရှိခိုးခံရတဲ့ ပူဇော်ခံရတဲ့ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတော် မူတဲ့ မြတ်စွာဘုရားတောင် တခါတရံ အကြောင်းမညီညွတ်လို့

(က) ကိုယ့်ရဲ့တပည့်ရဟန်းတွေအပေါ်
ဩဇာမညောင်းဘူး

(အောင်ဗောဓိစာပေ)

(ခ) သူတို့ရဲ့ အကျိုးအတွက် ပြောဆိုနေတယ် ဆိုတာကို မသိကြဘူး

(ဂ) ကိုယ်ပြောဆိုတဲ့စကားကို လက်မခံကြဘူး

အဲဒါကြောင့်

အခုလို ကိုယ့်ရဲ့ဩဇာ မညောင်းတဲ့ အချိန်အခါမျိုးမှာ မြတ်စွာဘုရားဟာ တပါးတည်း သွားစရာရှိတဲ့ခရီး သွားရပါတယ် တပါးတည်း သီတင်းသုံးနေရပါတယ် တပါးတည်း ဝါကပ်ဆိုတော်မူခဲ့ရဖူးပါတယ်။

## ပါလိလေယျကောသို့ တပါးတည်းကြွသွားရပုံ

ပဲဒါက

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ ကျောင်းတကျောင်းထဲမှာ အတူသီတင်းသုံး နေထိုင်ကြတဲ့ ဝိနည်းဆောင်တဲ့ရဟန်း တပါးနဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းတပါး အချင်းဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

အချင်းဖြစ်ပုံက ဒီလိုပါ

တနေ့မှာ

သုတ္တန်ဆောင်တဲ့ ရဟန်းတပါး အိမ်သာဝင်ပါတယ် အိမ်သာထဲက ပြန်ထွက်လာတဲ့ အခါ အဲဒီအိမ်သာထဲက ဖင်ဆေးတဲ့ ရေခွက်ထဲမှာ အမှတ်မဲ့ ရေကျန်နေတာကို အဲဒီအတိုင်း ထားခဲ့မိပါတယ်။

သုတ္တန်ဆောင်တဲ့ ရဟန်း အိမ်သာက ဆင်းသွားတဲ့ အခါ၊ ဝိနည်းဆောင်တဲ့ ရဟန်းတပါးဟာ သုတ္တန်ဆောင်တဲ့ ရဟန်း တက်သွားတဲ့ အိမ်သာသို့ ဆက်ပြီးတက်ပါတယ် ဝိနည်းဆောင်တဲ့ ရဟန်းအိမ်သာထဲကို ရောက်တဲ့အခါ အိမ်သာထဲက ဖင်ဆေး ရေခွက်ထဲမှာ ရေကျန်နေတာကို တွေ့ရပါတယ်။

အဲဒါကြောင့်

ဝိနည်းဆောင်တဲ့ ရဟန်းဟာ အိမ်သာထဲက ပြန်ထွက်လာပြီး သူ့အရှေ့က အိမ်သာတက်သွားတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်း ဆီကို သွားပြီး

ငါ့ရှင် အိမ်သာထဲက ဒီ ဖင်ဆေးတဲ့ ရေခွက်ထဲမှ ရေကျန် တွေ ချန်ထားခဲ့သလားလို့ မေးပါတယ် အခုလို မေးတဲ့ အခါ သုတ္တန်ဆောင်တဲ့ ရဟန်းက ဟုတ်တယ်ငါ့ရှင်လို့ ပြန်ဖြေလိုက် ပါတယ်။

သုတ္တန်ဆောင်တဲ့ ရဟန်းက ရိုးသားတဲ့စိတ်နဲ့ အခုလိုဝန်ခံ လိုက်တဲ့အခါ ဝိနည်း ဆောင်တဲ့ ရဟန်းက သုတ္တန် ဆောင်တဲ့ ရဟန်းကို ဒီလိုဆိုယင် ငါ့ရှင်ဟာ အခုလို ဖင်ဆေးတဲ့ ရေခွက်

ထဲမှာ ရေချန်ထားခဲ့ယင် အာပတ်သင့်မယ် ဆိုတာကို မသိဘူးလားလို့ ဆက်ပြီး မေးပါတယ်

သုတ္တန်ဆောင်တဲ့ ရဟန်းက မသိဘူး ငါ့ရှင်လို့ ပြန်ပြီး ဖြေလိုက်ပါတယ်

ဒီအခါ ဝိနည်းဆောင်တဲ့ ရဟန်းက

သုတ္တန်ဆောင်တဲ့ ရဟန်းကို ငါ့ရှင် အခုလို ဖင်ဆေးတဲ့ ရေခွက်ထဲမှာ ရေတွေချန်ထားခဲ့ယင် အာပတ်သင့်တယ်လို့ ပြောပြပါတယ်။

အခုလိုပြောပြတဲ့ အတွက်

သုတ္တန်ဆောင်တဲ့ ရဟန်းက ဝိနည်းဆောင်တဲ့ ရဟန်းကို

အာပတ်သင့်တယ်ဆိုယင် အခုလိုပြုလုပ်ယင် အာပတ်သင့်တယ်လို့ ဘယ် ဒေသနာထဲမှာ ပါသလဲ ပြောပြပါ ငါ့ရှင်လို့ မေးမြန်း ပြောပါတယ်

အခုလို မေးပြောပြောတဲ့ အခါ

ဝိနည်းဆောင်တဲ့ ရဟန်းက သုတ္တန်ဆောင်တဲ့ ရဟန်းကို

ငါ့ရှင်က တကယ်လို့ သင်က စေတနာမပါရှိပဲ မေ့လျော့ပြီး ပြုခဲ့မိတာ ဖြစ်ယင်တော့ အာပတ်မသင့်ပါဘူးလို့ ရှင်းပြပါတယ် အခုလို ရှင်းပြလိုက်တဲ့ အတွက် သုတ္တန်ဆောင်တဲ့ ရဟန်းက ဖင်ဆေးတဲ့ ရေခွက်ထဲမှာ ရေကျန်နေတာဟာ သူ့အနေနဲ့ သက်သက်ချန်ထားတာ မဟုတ်ဘူး သူသတိမေ့ပြီး ရေချန်ထားခဲ့မိတာ ဖြစ်တယ် အဲဒါကြောင့် ဝိနည်းဆောင်တဲ့ ရဟန်းပြောတဲ့ အတိုင်းဆိုယင် သူဟာ အဲဒီဖင်ဆေးတဲ့ ရေခွက်ထဲမှာ

(အောင်ဗောဓိစာပေ)

ရေကျန်နေစေချင်တဲ့စိတ်နဲ့ ရေတွေကို ချန်ထားခဲ့တာ မဟုတ်တဲ့အတွက် အာပတ်မသင့်ဘူးလို့ အယူရှိလိုက်ပါတယ်။

ဒီရဟန်းနှစ်ပါးရဲ့ အဖြစ်က ဒီလောက်ပါပဲ

ဒါပေမယ့် ဒီနေရာမှာ

ဝိနည်းဆောင်တဲ့ရဟန်းက သူ့ရဲ့တပည့်များကို

အဲဒီသုတ္တန်ဆောင်တဲ့ ရဟန်းဟာ သူ့မှာ အာပတ် သင့်နေတာကို သူမသိဘူးလို့ ကဲ့ရဲ့ရှုတ်ချတဲ့စကားကို ပြောကြားပါတယ် အဲဒါကြောင့် ဝိနည်းဆောင်တဲ့ ရဟန်း တပည့်တွေ က သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့ တပည့်တွေနဲ့ တွေ့ဆုံကြတဲ့ အခါ ဝိနည်းဆောင်တဲ့ ရဟန်းရဲ့ တပည့်တွေက သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့ တပည့်တွေကို သင်တို့ရဲ့ဆရာဟာ သူ့မှာ အာပတ် သင့်နေတာကိုတောင် အာပတ်သင့်နေမှန်း မသိဘူးလို့ ကဲ့ရဲ့ပြီး ရှုတ်ချတဲ့စကား ပြောကြားကြပါတယ်။

ဝိနည်းဆောင်တဲ့ရဟန်းရဲ့ တပည့်တွေ ပြောကြား ကြတဲ့ စကားကို ကြားကြရတဲ့ အခါ သုတ္တန်ဆောင်တဲ့ ရဟန်း ရဲ့ တပည့်တွေက သူတို့ရဲ့ဆရာထံ သွားရောက်ကြပြီး သူတို့အပြော ခံခဲ့ကြရတဲ့ ဝိနည်းဆောင်တဲ့ ရဟန်းရဲ့ တပည့်တွေ ကဲ့ရဲ့ ပြီး ရှုတ်ချတဲ့စကား အပြည့်အစုံကို ပြန်ပြောကြားပါတယ်။

သုတ္တန်ဆောင်တဲ့ရဟန်းဟာ

သူ့ရဲ့ တပည့်ရဟန်းတွေ ဆီက တဆင့် ဝိနည်းဆောင် တဲ့ ရဟန်းရဲ့ တပည့်တွေ ပြောကြားကြတဲ့ စကားကို ကြားရတဲ့ အခါ ဝိနည်းဆောင်တဲ့ အဲဒီရဟန်းဟာ သူ့ရဲ့တပည့်ရဟန်း

တွေကို ဝိနည်းဆောင်တဲ့ရဟန်းဟာ သူပဲ စောစော တုန်းက တော့ ငါ့ကို ဒီဖင်ဆေးတဲ့ရေခွက်ထဲမှာ ရေတွေကို ချန်ထားခဲ့ချင်တဲ့စေတနာစိတ်နဲ့ ချန်ခဲ့တာ မဟုတ်ဘူးဆိုယင် အာပတ်မသင့်ပါဘူးလို့ ရှင်းပြတယ်။

အခုတော့ ငါ့ရဲ့ကွယ်ရာမှာ သူ့ရဲ့ တပည့်တွေကို ငါ့မှာ အာပတ်သင့်နေတယ် ငါဟာ အခုလို ငါ့မှာ အာပတ်သင့်နေတာကို ငါမသိဘူးလို့ ပြောဆိုနေတယ် အဲဒီ ဝိနည်းဆောင်တဲ့ ရဟန်းဟာ အခုတမျိုး အခုတမျိုး မုသားစကား အမျိုးမျိုး ပြောတဲ့ရဟန်း ဖြစ်တယ်လို့ ချေပတဲ့စကား ပြောပါတယ်။

အဲဒါကြောင့်

သုတ္တန်ဆောင်တဲ့ရဟန်းရဲ့ တပည့်တွေက မခံချင်တဲ့စိတ်တွေနဲ့ ဝိနည်းဆောင်တဲ့ ရဟန်းရဲ့ တပည့်တွေဆီကို သွားကြပြီး သင့်တို့ရဲ့ ဆရာဟာ စောစောတုန်းကတော့ ငါတို့ရဲ့ ဆရာက မေးတဲ့အခါ စေတနာမပါယင် အာပတ်မသင့်ပါဘူးလို့ ရှင်းပြလိုက်ပြီး ငါတို့ရဲ့ဆရာကလည်း အဲဒီကိစ္စမှာ သူ လုံး၀ စေတနာမပါပါဘူးလို့ ပြန်ပြီး ၀န်ခံပြောကြားခဲ့ပါရဲ့နဲ့ အခုတော့မှ ငါတို့ရဲ့ဆရာကို အာပတ်သင့်နေတာကို အာပတ်သင့်နေမှန်း မသိဘူးလို့ မနှိုက်ဂန်တဲ့စိတ်ထား ရန်လိုတဲ့ မုသားစကား ပြောကြားသူ ဖြစ်တယ်လို့ ပြောကြပါတယ်။

အဲဒီ [illegible] စကားစနဲ့

သုတ္တန်ဆောင်တဲ့ရဟန်းတပည့်တွေနဲ့ ဝိနည်းဆောင်တဲ့ရဟန်းရဲ့ တပည့်တွေ တဘက်နဲ့တဘက် စကား အခြေအတင် အပြန်

အလှန် ပြောဆိုမှု ကျယ်ပြန့် ပြင်းထန်လာကြပါတယ်။

ဒီအခါ

ဝိနည်းဆောင်တဲ့ရဟန်းဟာ၊ သူတို့ ထောက်ခံတဲ့ ရဟန်းတွေရဲ့ ထောက်ခံမှု အင်အားနဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းဟာ

အာပတ်သင့်တဲ့ အမှုကို ပြုလုပ်ပြီး သူဟာ အာပတ်သင့် တဲ့အမှုကို မပြုလုပ်ဘူးလို့ ယူတဲ့အတွက် သံဃာအဖွဲ့က စွန့်ပယ်တဲ့ ဝိနည်းကံကို ပြုလုပ်ကြပါတယ်။

အဲဒါကြောင့်

ကံအပြုခံရတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းကလည်း

သူဟာ ဒေသဆိုင်ရာ ဗဟုသုတ စတဲ့ ဂုဏ်နဲ့ ပြည့်စုံသူဖြစ်လို့ သူ့ကို ထောက်ခံကြရမယ့် ရဟန်းတွေကို စည်းရုံးပြီး ထောက်ခံမှုကို ရယူတဲ့အနေနဲ့

ငါ့ရှင်တို့ ငါပြုလိုက်တဲ့ အဲဒီအမှုဟာ ငါ့မှာ အာပတ်မသင့်တဲ့အမှုသာ ဖြစ်တယ် အဲဒီအမှုဟာ အာပတ်သင့်တဲ့အမှု မဟုတ်ပါဘူး အဲဒါကြောင့် ငါဟာ အခုလို အိမ်သာထဲက ဖင်ဆေးတဲ့ ရေခွက်ထဲမှာ ရေချန်မိတဲ့အတွက် အာပတ်မသင့်ပါဘူး ငါဟာ အာပတ်မသင့်တဲ့သူသာ ဖြစ်ပါတယ်။

ဒီအတွက်

ငါ့ကို သူတို့က ကံပြုလုပ်ကြပေမယ့် ငါဟာ သူတို့ရဲ့ကံအပြုခံရအပ်တဲ့သူ မဟုတ်ဘူး ငါဟာ ငါ့အပေါ် ဝိနည်းဆောင်တဲ့ရဟန်း တစုရဲ့ အဓမ္မနည်းနဲ့ ကံအပြုခံရခြင်းသာ ဖြစ်တယ်

လို့ ရှင်းပြပါတယ်၊ သူ့ရဲ့ အယူကို ထောက်ခံ အားပေး တဲ့ အင်အားစုကိုရယူပါတယ်။

ကံအပြုခံရတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့ ရှင်းပြ စည်းရုံးမှု ကြောင့်

ကံအပြုခံရတဲ့ သုတ္တန်ဆောင်တဲ့ရဟန်းရဲ့ နောက်လိုက်တပည့် ရဟန်းတွေဟာ ကံပြုကြတဲ့ရဟန်းရဲ့ နောက်လိုက်တပည့်တွေထံ သွားရောက်ကြပြီး

ငါရှင်တို့ အခု ဖြစ်ကြတဲ့အမှုဟာ အာပတ်သင့်တဲ့ အမှု မဟုတ်ဘူး အာပတ်မသင့်တဲ့အမှု ဖြစ်တယ် အဲဒါကြောင့် ဒီ သုတ္တန်ဆောင်တဲ့ ရဟန်းဟာ အာပတ်သင့်တဲ့သူ မဟုတ်ဘူး အာပတ်မသင့်တဲ့သူ ဖြစ်တယ်။

အဲဒါကြောင့်

ငါတို့ရဲ့ဆရာကို ငါ့ရှင်တို့က ကံပြုကြပေမယ့် ငါတို့ရဲ့ ဆရာဟာသင်တို့ရဲ့ကံအပြုခံရထိုက်တဲ့သူမဟုတ်ဘူးအခုသင်တို့ဟာ ငါတို့ရဲ့ ဆရာအပေါ်မှာ အဓမ္မနည်းနဲ့ ကံပြုနေကြခြင်းသာ ဖြစ်တယ် ငါတို့ရဲ့ဆရာဟာ သင်တို့ရဲ့ အဓမ္မနည်းနဲ့ ကံအပြု ခံရခြင်းသာ ဖြစ်တယ်လို့ ချေပပြောဆိုကြပါတယ်။

အခုလိုပြောကြတဲ့အခါ

ကံပြုကြတဲ့ရဟန်းတွေက ကံအပြုခံရတဲ့ရဟန်းကို

ငါ့ရှင်တို့ သင်တို့ရဲ့ဆရာပြုတဲ့အမှုဟာ အာပတ်မသင့်တဲ့အမှု မဟုတ်ဘူး အာပတ်သင့်တဲ့ အမှုသာ ဖြစ်တယ် အဲဒါကြောင့် သင်တို့ရဲ့ဆရာ အဲဒီသုတ္တန်ဆောင်တဲ့ရဟန်းဟာ အာပတ်မသင့်

သူ မဟုတ်ဘူး အာပတ်သင့်နေတဲ့ သူ ဖြစ်တယ် အဲဒီ သုတ္တန်ဆောင်တဲ့ ရဟန်းဟာ ကံအပြုမခံအပ်တဲ့သူ မဟုတ်ဘူး ကံအပြုခံရအပ်တဲ့ သူ ဖြစ်တယ် သင်တို့ရဲ့ဆရာဟာ ငါတို့ရဲ့ဓမ္မနည်းနဲ့ ကံအပြုခံရတာ မဟုတ်ဘူး ဓမ္မနည်းနဲ့ ကံ အပြု ခံရခြင်း ဖြစ်တယ်လို့ ပြောဆိုကြပြီး

သူတို့ထံ လာရောက် ရှင်းပြ ငြင်းဆိုကြတဲ့

သုတ္တန်ဆောင်တဲ့ရဟန်းရဲ့တပည့် နောက်လိုက်ရဟန်းတွေကို

အရှင်တို့ အရှင်တို့ဟာ ကံအပြုခံရတဲ့ ရဟန်းကို အတူလိုက်ပြီး မပြုကျင့်ကြနဲ့ အဲဒီ ရဟန်းရဲ့ စည်းရုံးမှုနောက်ကို မလိုက်ကြနဲ့ အဲဒီရဟန်းကို မထောက်ခံကြနဲ့လို့ ပြောဆိုကြပါတယ်

အခုလို ပြောဆိုကြပေမယ့်

ကံအပြုခံရတဲ့ ရဟန်းရဲ့နောက်လိုက် တပည့်ရဟန်းတွေဟာ ရှေးနည်းအတူပင် သုတ္တန်ဆောင်တဲ့ ကံအပြုခံရတဲ့ ရဟန်းရဲ့ စည်းရုံးမှုကို ခံယူပြီး သုတ္တန်ဆောင်တဲ့ ကံအပြုခံရတဲ့ ရဟန်းကို ထောက်ခံမြဲ ထောက်ခံနေကြပါတယ်

သုတ္တန်ဆောင်တဲ့ ရဟန်းဟာ

သူ့စည်းရုံးယူထားတဲ့ ရဟန်းတွေကို

အရှင်တို့ဟာ တပည့်တော်ရဲ့ ဓမ္မဝိနယအပေါင်းအသင်းတွေ ဖြစ်ကြပါတယ်လို့ ပြောဆိုပြီး သူရဲ့အယူကို ထောက်ခံတဲ့ အင်အား ပိုမိုကျစ်လျစ်ခိုင်မာအောင်နဲ့ အင်အား ပိုမိုကြီးမား ကျယ်ပြန့်လာအောင် စည်းရုံးပါတယ်

အခုလို စည်းရုံးတဲ့ လှုပ်ရှားမှု ထိရောက် ကျယ်ပြန့်သကဲ့

အတွက် သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့အယူကို ထောက်ခံတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့ အယူကိုထောက်ခံတဲ့ အင်အားစုကြီး တစု အထင်အရှား အခိုင်အမာ ထွက်လာပါတယ်။

အဲဒါကြောင့်

အဲဒီအချိန်ကစပြီး

ဒီသုတ္တန်ဆောင်တဲ့ ရဟန်းရဲ့အယူကို မှန်ကန်တယ်လို့ ယုံကြည်ပြီး ထောက်ခံအားပေးကြတဲ့ အင်အားစုနဲ့ ဝိနည်းဆောင်တဲ့ ရဟန်းရဲ့အယူကို မှန်ကန်တယ်လို့ ယုံကြည်ပြီး ထောက်ခံအားပေးကြတဲ့ အင်အားကြီး နှစ်ခုဟာ တဖက်နှင့်တဖက် အပြန်အလှန်အလျော့ပေးပြီး ပြေအေးအောင် မဆောင်ရွက်ကြရုံမက

ကိုယ်ရဲ့ယုံကြည်မှုအသီးသီးကို ဆုပ်ကိုင်ကြပြီး ကိုယ့်အပေါ် ထောက်ခံအားပေး ကူညီမှုရအောင် ကျောင်းဝင်းထဲက မြို့ထဲ မြို့ထဲကတဆင့် ကျေးလက်တောရွာ အထိ တိုင်အောင် ကောသမ္ဗီပြည်အတွင်းကနေ ဆင်ခြေဖုံးမြို့စွန်ရွာဖျား ကျေးလက်တောရွာတိုင်အောင် တခန်းတွေ ဖေလွှတ်ပြီး တဘက်နဲ့ တဘက် အပြိုင်ရှင်းလင်းပွဲတွေ လှုံ့ဆော်ပွဲတွေနဲ့ စည်းရုံးရေးထွက်လိုက်ကြတဲ့အတွက်

ဘာမဟုတ်တဲ့

အိမ်သာထဲက ဖင်ဆေးတဲ့ရေခွက်ထဲမှာ ရေကျန်ခဲ့ဘဲ့ကိစ္စက ဘူရဲ့အယူမှားတယ် ကိုယ်ရဲ့အယူကမှန်တယ်ဆိုတဲ့ အယူအဆနဲ့ ပတ်သက်ပြီး ရဟန်းနှစ်ပါးရဲ့စကားအခြေအတင် ပြောဆိုမှုဟာ

ကောသမ္ဗီပြည်တဝိုက်သို့ တောမီးလောင်သလို ရဟန်းတွေက တဆင့် သက်ဆိုင်ရာ ဒါယကာ ဒါယကာမတွေထဲသို့ ထိုင်အောင် ကျယ်ပြန့်သွားတဲ့အတွက် ဒီရဟန်းနှစ်ပါးရဲ့ ပြဿနာဟာ ဖုံးမရ ဖိမနိုင် မထိန်းသိမ်းနိုင်လောက်တဲ့ အခြေသို့တိုင်အောင် ထင်ရှားရောက်ရှိလာပါတယ်

ဒီအဖြစ်ကိုမမြင်လိုတဲ့

မထင်မရှားတဲ့ရဟန်းတပါးဟာ

မြတ်စွာဘုရားထံမှောက်သို့သွားရောက်ပြီး

ပထမဆုံး မြတ်စွာဘုရားကို ရိုရိုသေသေနဲ့ လေးစားစွာ ရှိခိုးပါတယ်

အဲဒီနောက်

သူ့အနေနဲ့ မနေအပ်တဲ့

မြတ်စွာဘုရားရဲ့အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားရဲ့အနောက်တည့်တည့်အရပ်
မြတ်စွာဘုရားနဲ့ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့နီးလွန်းတဲ့အရပ်
မြတ်စွာဘုရား သီတင်းသုံးတဲ့နေရာထက် မြင့်တဲ့အရပ်နဲ့
မြတ်စွာဘုရား သီတင်းသုံးနေတဲ့ လေညာအရပ်

စတဲ့ အပြစ် (၆) ပါးက ကင်းရာ လွတ်ရာဖြစ်တဲ့ သူ့အနေနဲ့ သင့်လျော်ကပ်ရာမှ အရပ်မှာ ထိုင်ပါတယ်။

အဲဒီနောက်

(အောင်ဗောဓိစာပေ)

သုတ္တန်ဆောင်တဲ့ ရဟန်း အုပ်စုနဲ့ ဝိနည်းဆောင်တဲ့ ရဟန်း အုပ်စု အုပ်စုနှစ်ခုရဲ့ ဖြစ်စဉ် အစကနေ အခုအချိန်အထိ တနေ့ထက်တနေ့ ကျယ်ပြန့်ပြီး ကြီးမားလာတဲ့ ပဋိပက္ခရဲ့ အခြေအနေအထိ အကြောင်းအရာ အလုံးစုံကို မြတ်စွာဘုရားကို ပြည့်စုံအောင် တင်လျှောက်ပါတယ်။

မြတ်စွာဘုရားဟာ

ဒီမထင်ရှားတဲ့ရဟန်းရဲ့တင်လျှောက်တဲ့စကားကို ကြားရတဲ့အခါ

ရဟန်းသံဃာတွေအုပ်စုကွဲကြလေပြီ

ရဟန်းသံဃာတွေ အုပ်စုကွဲကြလေပြီလို့ မနှစ်လိုဖွယ်အရေးကြီးတဲ့စကားကို နှစ်ကြိမ်တိုင် မိန့်ကြားတော်မူပါတယ်။

အဲဒီနောက်

မြတ်စွာဘုရားဟာ နေရာကထပြီး

ကံပြုကြတဲ့ ဝိနည်းဆောင်တဲ့ရဟန်းအုပ်စုဝင်တွေဆီကို ပထမဆုံး ကြွသွားတော်မူပါတယ် ကံပြုကြတဲ့ ဝိနည်းဆောင်တဲ့ ရဟန်းတွေဆီကို ရောက်တဲ့အခါ မြတ်စွာဘုရား ဟာ မြတ်စွာဘုရားအတွက် ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။

အဲဒီနောက်

မြတ်စွာ ဘုရားက ကံပြုကြတဲ့ရဟန်းတွေကို

ရဟန်း တို့ သင်တို့ဟာ ငါသိတယ် ငါတတ်တယ်လို့ ကိုယ့်ကိုယ်ကို အယင်ကြီးပြီး သာမန်အကြောင်းဝတ္ထုကြောင့် တခြားရဟန်းဘာပါးကို နှင်ထုတ်တယ်လို့ မမှတ်ကြနဲ့၊

(အောင်ဗောဓိ‌ဖော်ပြပေ)

ရဟန်းတို့ ရဟန်းတပါးပါးဟာ အာပတ်သင့်တဲ့ အမှု ဖြစ်ပေါ်လျက် အဲဒီအမှုဟာ အာပတ်မသင့်ဘူးလို့ အယူရှိတယ် တခြား ရဟန်းကတော့ အဲဒီ အမှုဟာ အာပတ်သင့်တယ်လို့ အယူရှိတယ်။

ရဟန်းတို့ ဒီအမှုဟာ အာပတ်သင့်တယ်လို့ အယူရှိတဲ့ရဟန်းတွေက အာပတ်မသင့်ဘူးလို့ အယူရှိတဲ့ ရဟန်းတွေကို အရှင်ဟာ အကြားအမြင်များသူ ပါဠိတော်ကို နှုတ်တက်ရသူ ဓမ္မဝိနယနဲ့ ပါတိမောက်ကိုဆောင်သူ ပညာရှိသူ ကျွမ်းကျင်လိမ္မာသူ ရှက်တတ်သူ သံသယကုက္ကုစ္စရှိသူ သိက္ခာသုံးပါးကိုလိုလားသူ ဖြစ်တယ် အဲဒါကြောင့် အရှင်ဟာ အာပတ်သင့်တဲ့ အမှုကို အာပတ်သင့်တယ်လို့ မယူတဲ့အတွက် ငါတို့ဟာ အာပတ်သင့်တဲ့အမှုကို အာပတ်သင့်တယ်လို့မယူလို့ သင့်ကိုရဟန်းအဖွဲ့ကနေနှင်ထုတ်တဲ့ ကံကိုပြုလုပ်ပြီး

ငါတို့ဟာ ဒီနေ့ ဒီအချိန်ကစပြီး
အဲဒီရဟန်းနဲ့အတူ ဥပုသ်မပြုကြပဲ
အဲဒီရဟန်းနဲ့ခွဲပြီး ဥပုသ်ပြုကြပြီး

(က) သံဃာရဲ့မျက်မှောက်မျက်ကွယ် ငြင်းခုံခြင်း
(ခ) ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက် စကားပြောကြားကြခြင်း
(ဂ) သံဃာထုကို ကွဲပြားစေခြင်း

(အောင်ဗောဓိစာပေ)

(င) သံဃာထု အတွင်းမှာ ခြားနားစေခြင်း စတဲ့ အကြောင်းတွေကြောင့် သံဃာထုထဲမှာသိခြားပြုမှုများ ဖြစ်ပေါ်လာလိမ့်မယ် တကယ်လို့သိနေတယ်ဆိုယင်

ရဟန်းတို့ သံဃာစုကြီး ကွဲသွားမှာကို စိုးရိမ်လို့ အလေးဂရုပြုကြတဲ့ ရဟန်းတွေဟာ အာပတ်မဟုတ်ဘူးလို့ အယူရှိတဲ့ရဟန်းကို အာပတ်လို့မယူလို့ နှင်မထုတ်ရဘူး

ရဟန်းတို့ ရဟန်းတပါးပါးဟာ အာပတ်သင့်တဲ့အမှုကိုပြုပြီး အာပတ်မသင့်ဘူးလို့ အယူရှိတယ် တခြားရဟန်းတွေက အခုလို ပြုလုပ်တာကိုအာပတ်သင့်တယ်လို့ အယူရှိကြတယ်။

ရဟန်းတို့ အာပတ်သင့်တယ်လို့ အယူရှိကြတဲ့ ရဟန်းတွေဟာ အာပတ်မသင့်ဘူးလို့ အယူရှိတဲ့ရဟန်းကို ဒီအရှင်ဟာ အကြားအမြင်များသူ ပါဠိတော်ကို နှုတ်တက်ရသူ ဓမ္မဝိနယနဲ့ ပါတိမောက်ကိုဆောင်သူ ပညာရှိသူ ကျွမ်းကျင်လိမ္မာသူ ရှက်ဘတ်သူ သံသကုက္ကုစ္စရှိသူ သိက္ခာသုံးပါးကို လိုလားသူဖြစ်တယ်။

အဲဒီရဟန်းဟာ အာပတ်သင့်တဲ့အမှုကိုပြုလုပ်ပြီး သူ့ကိုယ်သူ အာပတ်မသင့်ဘူးလို့ အယူရှိနေတဲ့အတွက် အခုလိုအယူရှိတဲ့ရဟန်းကို ရဟန်းအဖွဲ့အစည်းက နှင်ထုတ်ပြီး

အဲဒီရဟန်းနဲ့အတူ

(အောင်ဘောခိစာပေ)

ပဝါရဏာမပြုကြပဲ အဲဒီရဟန်းနဲ့ ခွဲပြီး ပဝါရဏာ ပြုလုပ်ကြပြီး

အဲဒီရဟန်းနဲ့ အတူ

သံဃကံကို မပြုလုပ်ကြပဲ အဲဒီရဟန်းနဲ့ ခွဲပြီး သံဃကံကို ပြုလုပ်ကြပြီး

အဲဒီရဟန်းနဲ့ အတူ

နေရာမှာ မထိုင်ကြပဲ အဲဒီရဟန်းနဲ့ ခွဲပြီး နေရာမှာထိုင်ကြပြီး

အဲဒီရဟန်းနဲ့ အတူ

ယာဂုသောက်ရာမှာ မထိုင်ကြပဲ အဲဒီရဟန်းနဲ့ ခွဲပြီး ယာဂုသောက်ရာမှာ ထိုင်ကြပြီ

အဲဒီရဟန်းနဲ့ အတူ

ဆွမ်းစားဇရပ် မထိုင်ကြပဲ အဲဒီ ရဟန်းနဲ့ ခွဲပြီး ဆွမ်းစားဇရပ်မှာ ထိုင်ကြပြီ

အဲဒီရဟန်းနဲ့ အတူ

တမိုးတရံတည်းသော ကျောင်းမှာမနေကြပဲ ဒီရဟန်းနဲ့ ခွဲပြီး တမိုးတရံတည်းသော ကျောင်းမှာနေကြပြီ

အဲဒီရဟန်းနဲ့ အတူ

ထေရ်ဝါစဉ်လိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်းကိုမပြုပဲ အဲဒီရဟန်းနဲ့ ခွဲပြီး ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း အရိုအသေ ပေးခြင်းကို ပြုကြပြီ

(က) သံဃာရဲ့ မျက်မှောက်မျက်ကွယ် ငြင်းခုံခြင်း

(အောင်ဗောဓိစာပေ)

(ခ) ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက်စကား ပြောကြား ခြင်း
(ဂ) သံဃာထုကို ကွဲပြားစေခြင်း
(ဃ) ကွဲပြားအံ့သော အရေးအခင်း ဖြစ်ပေါ်ခြင်း
(င) သံဃာရဲ့ခြားနားခြင်း စတဲ့ အကြောင်းတွေကြောင့် သံဃာထုထဲမှာ သီးခြား ပွဲခြင်းများ ဖြစ်ပေါ် လိမ့်မယ်လို့ သိကြတယ်ဆိုယင်

ရဟန်းတို့ သံဃာထု ကွဲသွားမှာကို စိုးရိမ်လို့ အလေးဂရု ပြုကြတဲ့ ရဟန်းတွေဟာ အာပတ်မသင့်ဘူးလို့ အယူရှိတဲ့ ရဟန်းကို အာပတ်သင့်တယ်လို့ မယူလို့ သံဃာထုထဲက နှင်မ ထုတ်သင့်ဘူးလို့ သံဃညီညွတ်ရေးတရား ဟောပြ တော် မူပါတယ်။

အဲဒီနောက်

မြတ်စွာဘုရားဟာ နေရာကထပြီး

ကံပြုရတဲ့ သုတ္တန်ဆောင်တဲ့ ရဟန်းရဲ့ နောက်လိုက်တပည့် ရဟန်းတွေဆီကို ကြွသွားပါတယ်၊ ကံအပြုခံရတဲ့ သုတ္တန် ဆောင်တဲ့ရဟန်းရဲ့ နောက်လိုက် တပည့် ရဟန်းတွေဆီကို ရောက်တဲ့အခါ အဲဒီမှာ မြတ်စွာဘုရားအတွက် သီးခြားခင်း ထားတဲ့ နေရာမှာ ထိုင်တော်မူပါတယ်။

အဲဒီနောက်

မြတ်စွာဘုရားက ကံအပြုခံရတဲ့ ရဟန်းရဲ့ နောက်လိုက် တပည့် ရဟန်းတွေကို ရဟန်းတို့ သင်ဟာ အာပတ်သင့်တဲ့အမှု ဖြစ်မှုန်း

(အောင်ဗောဓိစာပေ)

သိပါလျက် ငါ့မှာ အာပတ်မသင့်ဘူး ငါ အာပတ်မသင့်ဘူးလို့ နှလုံးသွင်းကြပြီး အာပတ်ကို မကုစားရဘူးလို့ မမှတ်ယူကြနဲ့။

ရဟန်းတို့ ရဟန်းတပါး ပါးဟာ အာပတ်သင့်တဲ့အမှုကို ပြုလုပ်မိယင် အာပတ်မသင့်ဘူးလို့ အယူရှိတယ် တခြားရဟန်းတွေက အဲဒီအမှုဟာ အာပတ် သင့်တယ်လို့ အယူရှိတယ်

ရဟန်းတို့ အာပတ်မသင့်ဘူးလို့ အယူရှိတဲ့ ရဟန်းတွေဟာ အာပတ်သင့်တယ်လို့ အယူရှိကြတဲ့ ရဟန်းတွေ ကို အရှင်တို့ဟာ အကြားအမြင် များသူများ ပါဠိတော်ကို နှုတ်တက်ရသူများ ဓမ္မဝိနယနဲ့ ပါတိမောက်ကိုဆောင်သူများ ပညာရှိသူများ ကျွမ်းကျင်လိမ္မာသူများ ရှက်တတ်သူများ သံသ ကုက္ကုစ္စရှိသူများ သိက္ခာသုံးပါးကို လိုလား သူများ ဖြစ်ကြတယ်။

အဲဒါကြောင့်

ငါ့အတွက်ကြောင့် ဖြစ်စေ သူတပါးအတွက်ကြောင့် ဖြစ်စေ ချစ်ခင်တဲ့ စိတ်တွေ မုန်းတီးတဲ့စိတ်တွေ ကြောက်ရွံ့တဲ့စိတ်တွေနဲ့ မသိတဲ့စိတ်တွေနဲ့ ကိုယ် မပြုလုပ်အပ်တဲ့ အမှုကို ပြုလုပ်တဲ့ အဂတိ(၄)ပါးကို မပြုလုပ်ရဘူး။

ငါ့ကို ဒီရဟန်းတွေ အာပတ်မသင့်ဘူးလို့ ယူလို့

(အောင်ဗောဓိစာပေ)

အဲဒီရဟန်းတွေဟာ

ငါနဲ့အတူ ဥပုသ်မပြုကြပဲ ငါနဲ့ခွဲပြီး ဥပုသ်ပြုကြပြီ

ငါနဲ့အတူ ပဝါရဏာမပြုကြပဲ ငါနဲ့ခွဲပြီး ပဝါရဏာ ပြုကြပြီ

ငါနဲ့အတူ သံဃကံကို မပြုကြပဲ ငါနဲ့ခွဲပြီး သံဃကံကို ပြုကြပြီ

ငါနဲ့အတူ နေရာမှာမထိုင်ကြပဲ ငါနဲ့ခွဲပြီး နေရာမှာ ထိုင်ကြပြီ

ငါနဲ့အတူ ယာဂုသောက်ရာမှာ မထိုင်ကြပဲ ငါနဲ့ခွဲပြီး ယာဂုသောက်ရာမှာ ထိုင်ကြပြီ

ငါနဲ့အတူ ဆွမ်းစားဇရပ်မှာ မထိုင်ကြပဲ ငါနဲ့ခွဲပြီး ဆွမ်းစားဇရပ်မှာ ထိုင်ကြပြီ

ငါနဲ့အတူ တမိုးတရံတည်းသော ကျောင်းမှာ မနေကြပဲ ငါနဲ့ခွဲပြီး တမိုးတရံတည်းသော ကျောင်းမှာနေကြပြီ

ငါနဲ့အတူ ထေရ်ဝါစဉ်လိုက်ရှိခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်းကို မပြုကြပဲ ငါနဲ့ခွဲပြီး ထေရ်စဉ် ဝါစဉ်အလိုက် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပေးခြင်းကို ပြုကြပြီ

(က) သံဃာရဲ့မျက်မှောက် မျက်ကွယ်ရာ ငြင်းခုံခြင်း

(ခ) ထိပါးနှောက်ယှက်ဆန့်ကျင်ဖက်စကားပြောကြားခြင်း

(ဂ) သံဃာထုကို ကွဲပြားစေခြင်း

(အောင်ဗောဓိစာပေ)

(ဃ) သံဃာနဲ့ ခြားနားခြင်း စတဲ့ အကြောင်းတွေ ကြောင့် သံဃာထုထဲမှာ သီးခြားပုံပြင်မှုများ ဖြစ် ပေါ်လာလိမ့်မယ်ဆိုတာကို သိကြတယ်

ရဟန်းတို့ သံဃာထုကွဲသွားမှာစိုးရိမ်လို့ အလေးပြုတဲ့ရဟန်း ဟာ တပါးသောရဟန်းကို ယုံကြည်သောအားဖြင့် အာပတ်ကို ဒေသနာကြားရမယ်လို့ သံဃာညီညွတ်ရေးတရား ဟောကြား တော်မူပါတယ်။

မြတ်စွာဘုရားဟာ

သံဃာညီညွတ်ရေးတရား ဟောပြပြီး နေရာမှ ထပြန်သွား တယ်

ကံပြုခံရတဲ့ ရဟန်းတွေဟာ

သူတို့သီတင်းသုံးနေတဲ့ ကျောင်းက သိမ်အတွင်းမှာပဲ ဥပုသ် ပြုကြပါတယ် သံဃာကံကိုပြုကြပါတယ် ကံပြုကြတဲ့ရဟန်းတွေ က သူတို့သီတင်းသုံးနေကြတဲ့ ကျောင်းရဲ့ အိမ်အပြင်သို့ သွား ရောက်ပြီး ဥပုသ်ပြုကြပါတယ် သံဃာကံကို ပြုကြပါတယ်။

အခုလို အခြေအနေ ဖြစ်ပေါ်လာတဲ့အခါ

ကံပြုတဲ့ရဟန်းအုပ်စုထဲက ရဟန်းတပါးဟာ မြတ်စွာဘုရားထံ သွားရောက်ပြီး မြတ်စွာဘုရားကို ရိုသေမြတ်နိုးစွာ ရှိခိုးပါတယ်

အဲဒီနောက်

သူ့အနေနဲ့ မနေအပ်တဲ့ အပြစ်လွတ်ရာ သူ့အနေနဲ့ မနေ အပ်တဲ့ သူ့အနေနဲ့ သင့်လျောက်ရာ နေရာအရပ်မှာ ထိုင်ပြီး

မြတ်စွာဘုရားကို

(အောင်ဇေယျာမိစ္စာပေ)

ဘုန်းတော်ကြီးမြတ်တော်မူသောမြတ်စွာဘုရား

ကံပြုတဲ့ ရဟန်းတွေဟာ သူတို့ သိတင်းသုံးနေကြတဲ့ ကျောင်းက သိမ်အတွင်းမှာ ဥပုသ်ပြုကြပါတယ် အခြားသံဃာကံကို ပြုကြပါတယ် တပည့်တော်တို့ ကံပြုကြရတဲ့ ရဟန်းတွေက တပည့်တော်တို့ သိတင်းသုံးနေကြတဲ့ ကျောင်းက သိမ်အပြင်သို့ သွားရောက်ပြီး ဥပုသ်ပြုကြပါတယ် အခြားသံဃာကံကို ပြုကြပါတယ်ဘုရားလို့ လျှောက်တင်ပါတယ်။

ဒီအခါ

မြတ်စွာဘုရားက ရဟန်းတွေကို
ချစ်သားရဟန်းတို့
ကံအပြုခံရတဲ့ ရဟန်းတွေဟာ ငါဘုရား ပညတ်ဟောကြားခဲ့တဲ့ ဉတ်ကမ္မဝါအတိုင်း အဲဒီကျောင်းက သိမ်အတွင်းမှာ ဥပုသ်ပြုကြတယ် အခြားသော သံဃကံကို ပြုကြတယ်ဆိုယင် အဲဒီရဟန်းတွေပြုတဲ့ ကံတွေဟာ ဓမ္မကံတွေသာ ဖြစ်လိမ့်မယ်။

ချစ်သားရဟန်းတို့
သင်ချစ်သားတို့ ကံပြုတဲ့ရဟန်းတွေက သင်ချစ်သားတို့ သိတင်းသုံးနေကြတဲ့ ကျောင်းက သိမ် အတွင်းမှာ ဥပုသ်ပြုကြတယ် အခြားသော သံဃကံကို ပြုကြတယ်ဆိုယင် သင် ချစ်သားတို့ ပြုကြတဲ့ ကံတွေဟာ ဓမ္မကံတွေသာ ဖြစ်လိမ့်မယ်။
အခုလိုဖြစ်ခြင်းဟာ ဘာဖြစ်လို့လဲဆိုယင်

ကံအပြုခံရတဲ့ ရဟန်းတွေဟာ သင်တို့နဲ့ ပေါင်းသင်းမှု မတူကြပဲ သင်တို့ကလည်း အဲဒီကံပြုခံရတဲ့ ရဟန်းတွေနဲ့ ပေါင်းသင်းမှု မတူကြလို့ ဖြစ်တယ်။

ချစ်သားရဟန်းတို့
ပေါင်းသင်းမှု မတူကြတဲ့ သူတွေဟာ

(၁) ကိုယ်ရဲ့ ကိုယ်နဲ့စိတ်ကိုပင် ပေါင်းသင်းမှုမတူသူ ဖြစ်အောင် ပြုလုပ်ခြင်း

(၂) ညီညွတ်တဲ့ သံဃာတော်က ဒီရဟန်းကို အာပတ်သင့်တဲ့အမှုကို အာပတ်မသင့်ဘူးလို့ ယူလိုသော ကြောင့်ဖြစ်စေ ကိုယ်ရဲ့အာပတ်ကို မကုစားလို့ ကြောင့်ဖြစ်စေ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဖြစ်စေ နှင်ထုတ်ခံရတဲ့ကံ အပြုခံရခြင်း (၂)ပါး တို့ ဖြစ်ကြတယ်။

ချစ်သားရဟန်းတို့
ပေါင်းသင်းမှုတူကြတဲ့သူတွေဟာ

(၁) ကိုယ်ရဲ့ ကိုယ်နဲ့စိတ်ကို ပေါင်းသင်းမှု တူသူ ဖြစ်အောင် ပြုလုပ်ခြင်း

(၂) ညီညွတ်တဲ့ သံဃာတော်က ကိုယ်ပြုလုပ်ပြီးတဲ့ နှင်ထုတ်တဲ့ကံကို ငြိမ်းစေပြီး သံဃာတော်တို့ အဲဒီရဟန်းကို တဖန် ပြန်သွင်းတဲ့ကံကို ပြုလုပ် ခြင်း (၂)ပါးတို့ ဖြစ်ကြတယ်လို့ မိန့်ကြားပါတယ်။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

သာမန်အကြောင်းဝတ္ထုကို အကြောင်းပြုပြီး

သံဃာအဖွဲ့အစည်းကြီးကို သင်းကွဲအောင်ပြုနေကြတဲ့ ရဟန်းတော်တွေကို သံဃာညီညွတ်ရေးတရား ဟောပြနေတဲ့ ကြားက မြတ်စွာဘုရားရဲ့ဟောပြ ဆုံးမမှုကို မလိုက်နာကြပဲ တဖက်နဲ့ တဖက် ဒေါပြန်အလှန် ငြင်းခုံတဲ့ ဆန့်ကျင်ဘက်စကား ပြောမြဲ ပြောကြားနေကြတဲ့အတွက် မြို့ထဲရွာထဲက ဒါယကာ ဒါယကာမတွေက ရဟန်းတော်များ အပေါ် ကဲ့ရဲ့ ရှုတ်ချလာကြတဲ့ အကြောင်းကို မြတ်စွာဘုရားကို လျှောက်တင်ကြဖို့

မြတ်စွာဘုရားက

ရဟန်းတော်များကို ခေါ်ယူစစ်ဆေးမေးမြန်းတော်မူပါတယ်၊ အဲဒီနောက် မြတ်စွာဘုရားက ဆုံးမတဲ့စကားကို မလိုက်နာကြတဲ့ရဟန်းတွေကို ကဲ့ရဲ့ရှုတ်ချတော်မူပြီး

ချစ်သားရဟန်းတို့

သံဃာအချင်းချင်း စိတ်ဝမ်းကွဲပြီး မတရားတဲ့အမှုကို ပြုလုပ်တာဟာ ညီညွတ်မှု မဖြစ်နိုင်ဘဲ ကိုယ့်အချင်းချင်း မလျော်တဲ့ ကာယကံမှု၊ ဝစီကံမှုတွေကို ပြုရရောက်လို့ အနုလို ပြုလုပ်မယ့် အစား သာမှ မပြုလုပ်ပဲ နေရမှာ ထိုင်နေရမယ်။

ချစ်သားရဟန်းတို့

သံဃာအချင်းချင်း စိတ်ဝမ်းလည်းမကွဲ မတရားမှုများကိုလည်း အပြိုင်အဆိုင် ပြုလုပ်ကြပြီး လုံးဝ ညီညွတ်မှုကို မရကြဘဲ သံဃာအစဉ်အတန်း နှစ်တန်းပြုလုပ်ပြီး တဖက်နဲ့ တဖက်

မလျော်တဲ့ ကာယကံမှုကို မပြုလုပ်နိုင်အောင် မလျော်တဲ့ ဝစီကံမှုကို မပြောဆိုနိုင်အောင် လက်ရောက်ကျူးလွန်မှုကို မပြုလုပ်နိုင်အောင် နေထိုင်ရမယ်လို့ ဆုံးမပါတယ်။

အဲဒီနောက်
မြတ်စွာဘုရားက
ချစ်သားရဟန်းတို့
သံဃာအချင်းချင်း စိတ်ဝမ်းကွဲကြပေမယ့် တရားတဲ့အမှုကို ပြုလုပ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ယင် တနေရာခြားစီထိုင်ရမယ်လို့ သံဃာအချင်းချင်း စိတ်ဝမ်းကွဲပြားရာမှာ နေထိုင်ပုံကို ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရားက
သံဃာထုကို မခွဲကြနဲ့
ကိုယ့်အချင်းချင်း ညီညွတ်အောင် နေကြလို့ ဟောကြားနေတဲ့ကြားက တဖက်နဲ့တဖက် အပြန်အလှန် ငြင်းခုံနေကြ ခိုက် ရန်ပြုလုပ်နေကြ အလျော့မပေးပဲ နှောင့်ယှက်တဲ့ ဆန့်ကျင်ဘက်စကားပြောကြားနေမှုတွေကို ပြုလုပ်နေကြပြီ အချင်းချင်း အပြန်အလှန် ကွဲရှဲ ရှုတ်ချ အပြစ်တင်နေကြတဲ့အတွက်
မြတ်စွာဘုရားဟာ
လောလောဆယ်
ရဟန်းတွေရဲ့ လှုပ်ရှားမှုအရပ်ရပ်ကို ငြိမ်းအောင် မပြုလုပ်ပေးနိုင်ပဲ ရှိပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီအချိန်မှာ

ရဟန်းတပါးက မြတ်စွာဘုရားထံမှောက်သို့ လာရောက်ပြီး

မြတ်စွာဘုရားကို

ရှိသေမြတ်နိုး ရှိခိုးပါတယ်

အဲဒီနောက်

အဲဒီရဟန်းဟာ သင့်လျော်ပတ်ရာ အရပ်မှာထိုင်ပြီး

မြတ်စွာဘုရားက ရဟန်းတော်များထံ ကြွရောက်ပြီး တရားဟောပြဖို့ တောင်းပန် လျှောက်ထားပြန်ပါတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားဟာ ရဟန်းတော်များထဲသို့ ကိုယ်တော်တိုင် ကြွရောက်သွားတော်မူပြီး ခင်းထားတဲ့နေရာမှာထိုင်လျက်

ရဟန်းတွေကို

ချစ်သားရဟန်းတို့

သင်ချစ်သားတို့ဟာ ကိုယ့်အချင်းချင်း အခုလိုဖြစ်နေကြတာဟာ မသင့်လျော်ဘူး မတော်ဘူး ငြင်းခုံမှုကို မပြုလုပ်ကြနဲ့တော့ ခိုက်ရန်မှုကို မပြုလုပ်ကြနဲ့တော့ ထိပါးနှောင့်ယှက်တဲ့ ဆန့်ကျင်ဘက်စကား ပြောကြားမှုကိုမပြုလုပ်ကြနဲ့တော့ ရပ်တန့်ကြတော့လို့ မိန့်တော်မူပါတယ်။

အဲဒီအချိန်မှာ

မြတ်စွာဘုရားရဲ့ အကျိုးကို လိုလားတဲ့ ကံအပြုခံရတဲ့ ရဟန်းတပါးက

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

(အောင်ပေါမိစာပေ)

တရားရှင်ဖြစ်တော်မူသောမြတ်စွာဘုရား

အရှင်ဘုရားဟာ မျက်မှောက်ချမ်းသာရေးကိုသာ အားထုတ်တော်မူပြီး ကြောင့်ကြမဲ့နေတော်မူပါ၊ အကျွန်ုပ်တို့ ငြင်းခုံခြင်း၊ ခိုက်ရန်ပြုခြင်း၊ ထိပါးနှောင့်ယှက် ဆန့်ကျင်ဘက်စကားပြောခြင်းကို ဆက်ပြီး ပြုလုပ်ရပါလိမ့်မယ်လို့ လျှောက်ဘင်ပါတယ်။

မြတ်စွာဘုရားဟာ
မသင့်ဘူးလို့ နှစ်ကြိမ်တိုင်အောင် တားမြစ်ပါတယ်
နှစ်ကြိမ်တိုင်အောင် တားလို့မရတဲ့ အခါ

မြတ်စွာဘုရားဟာ
ပဋိပက္ခဖြစ်နေကြတဲ့ ရဟန်းတွေဟာ

အခုအချိန်မှာ ကိုယ်ရဲ့ ဒေါသစိတ်ကို ထိန်းချုပ်နိုင်ကြသေးဘူး၊ ကိုယ့်ရဲ့အမှားကို မမြင်ကြသေးဘူး၊ အဲဒါကြောင့် အခုအချိန်မှာ ငါဘုရားရဲ့တားမြစ်မှုကို မနာယူနိုင်ကြပေမယ့် တဖြည်းဖြည်း သူတို့ရဲ့ဒေါသစိတ်တွေပြေသွားတဲ့ နောင်အခါမှာ ငါဘုရားရဲ့ ဆုံးမစကားကို အမှတ်ရကြပြီး သူတို့အချင်းချင်း အခုလို ငြင်းခုံခိုက်ရန်ဖြစ်မှုတွေကို ရှောင်ကြဉ်ကြလိမ့်မယ်ဆိုတာကို သိမြင် ဆင်ခြင်မိတဲ့အတွက် ရဟန်းတော်များကို လိုအပ်တဲ့ အပြစ်တွေ တပ်ပြီး မကျူးလွန်မိအောင် ရဟန်းတော်များ အပေါ် သနားတော်မူကဲ့ သူတို့ရဲ့လုပ်ရှားမှု အစစအပေါ်မှာ သတိတရား ရစေချင်တဲ့ အတွက် ဒီဃာဝုဝတ္ထုဇာတ်ကို ဟောကြားပြတော်မူပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒီနောက်

မြတ်စွာဘုရားဟာ သံဃာထုအလယ်မှာ ရပ်တော်မူပြီး အဖော်မပါပဲ ကိုယ်တော်မြတ်တပါးတည်း ကိုယ့်ရဲ့သပိတ်နဲ့ ဒုကုဋ်သင်္ကန်းကို ကိုယ်တိုင်သယ်ယူပြီး ဗာလကလောဏတရွာသို့ ကြွသွားတော်မူပါတယ် အဲဒီနောက် ပလလဲ တောအုပ်မှာ တပါးတည်း ဝါကပ်ဆိုတော်မူပါတယ်။

# ချီးကျူးဂုဏ်ပြုချီးမြှင့်ခံရပုံ

## ရှင်သာရိပုတ္တရာရဲ့ချီးကျူးရပုံ

မြတ်စွာဘုရား နာလန္ဒမြို့က ပါဝါရိက သဌေးရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ ရှင်သာရိပုတ္တရာ မြတ်စွာဘုရားထံ လာရောက်ပြီး

မြတ်စွာဘုရားကို
အရှင်ဘုရား
အလုံးစုံသော တရားအပေါင်းကို ပိုင်းခြား သိမြင်တဲ့ အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ အသိဉာဏ် ရှိတဲ့ ရဟန်းပုဏ္ဏားရယ်လို့ ရှေးကသည်း မရှိခဲ့ဖူးဘူး အခု မျက်မှောက်မှာ

(အောင်ဗောဓိစာပေ)

လည်း မရှိဘူး နေခင်လည်း ရှိမှာမဟုတ်ဘူးလို့ တပည့်တော် ယုံကြည်ပါတယ်ဘုရားလို့ လျှောက်တင်ပါတယ်။

အခုလို လျှောက်တင်တဲ့အခါ

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာမထေရ်မြတ်ကို

သာရိပုတ္တရာ သင်ဟာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တဲ့စကားတွေနဲ့ ပြောဆိုတယ် အခုလို ပြောဆိုရအောင် သင်ဟာ ရှေးကပွင့်သွားတော်မူခဲ့ကြတဲ့ မြတ်စွာဘုရားတို့ရဲ့ စိတ်ကို သင့်ရဲ့ဉာဏ်နဲ့ ပိုင်းခြားပြီး သိမြင်လို့လားလို့ မေးတော်မူပါတယ်။

အခုလိုမေးတဲ့အခါ

ရှင်သာရိပုတ္တရာမထေမြတ်က မသိပါဘုရားလို့ပြန်ဖြေပါတယ်

ဒီတော့ မြတ်စွာဘုရားက ဆက်ပြီး

နောင် အနာဂတ်မှာ ပွင့်တော်မူကြမယ့် မြတ်စွာဘုရားတွေရဲ့ စိတ်ကိုရော သင်ရဲ့ဉာဏ်နဲ့ ပိုင်းခြားပြီး သိမြင်လို့လားလို့ မေးတော်မူပြန်ပါတယ်။

အခုလို မေးပြန်တော့လည်း

ရှင်သာရိပုတ္တရာမထေရ်မြတ်ကမသိပါဘုရားလို့ပြန်ဖြေပါတယ်

ဒီတော့ မြတ်စွာဘုရားက ဆက်ပြီး

နောင် အနာဂတ်မှာ ပွင့်တော်မူကြမယ့် မြတ်စွာဘုရားတွေရဲ့ စိတ်ကိုရော သင်ရဲ့ ဉာဏ်နဲ့ ပိုင်းခြားပြီး သိမြင် လို့လားလို့ မေးတော်မူကြပါတယ်။

အခုလို မေးပြန်တော့လည်း

ရှင်သာရိပုတ္တရာက မသိပါဘုရားလို့ပဲ ပြန်ပြီး ဖြေပါတယ်

(အောင်ဗောဓိစာပေ)

အခုလို ဖြေတဲ့အတွက်
မြတ်စွာဘုရားဟာ ဆက်ပြီး
ဒီလိုဆိုယင်

အခု ပွင့်တော်မူဆဲဖြစ်တဲ့ ငါဘုရား ရဲ့ စိတ်ကိုရော သင်ရဲ့ ဉာဏ်နဲ့ ပိုင်းခြားပြီး သိမြင်လို့လားလို့ မေးတော်မူပြန်ပါတယ်

ဒီအခါမှာလည်း

ရှင်သာရိပုတ္တရာမထေရ်မြတ်က မသိပါဘုရားလို့ပဲ ပြန်ဖြေပါတယ်

အခုလို ပြန်ဖြေလိုက်တဲ့အခါ
မြတ်စွာဘုရားက ရှင်သာရိပုတ္တရာမထေရ်မြတ်ကို
သာရိပုတ္တရာ

အတိတ် အနာဂတ် ပစ္စုပ္ပန်မှာဖြစ်ကြတဲ့ မြတ်စွာဘုရားတွေရဲ့စိတ်ကို သင့်ရဲ့စိတ်နဲ့ ပိုင်းခြားပြီး သိနိုင်တဲ့ဉာဏ် မရှိပါပဲလျက် သင်ဟာ ဘာဖြစ်လို့ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တဲ့စကားလုံးတွေနဲ့ ပြောဆိုရသလဲလို့ မေးတော်မူပါတယ်။

အခုလိုမေးတဲ့အတွက်
ရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို
မြတ်စွာဘုရား

အတိတ် အနာဂတ် ပစ္စုပ္ပန်မှာဖြစ်ကြတဲ့ မြတ်စွာဘုရားတို့ရဲ့ စိတ်ကို ပိုင်းခြားပြီး သိနိုင်တဲ့ဉာဏ် တပည့်တော်မှာ မရှိပေမယ့် သိမြင်နိုင်လောက်တဲ့ လက်ရှိအခြေအနေကို စဉ်းစားဆင်ခြင်ခြင်းအားဖြင့် တပည့်တော် သိပါတယ်ဘုရား

(အောင်ဗောဓိစာပေ)

ဥပမာအားဖြင့်

လုံခြုံခိုင်ခန့်တဲ့ မြို့ရိုးတံတိုင်းနဲ့ တံခါး တပေါက်တည်း သာရှိတဲ့ မြို့ကို စောင့်ရှောက်တဲ့ တံခါးမှူးဟာ မြို့ရိုးကို လှည့် ပတ်စစ်ဆေးကြည့်ရှုပြီး သူ စောင့်ရှောက်နေတဲ့တံခါးပေါက်မှတပါး တခြားတံခါးပေါက် တစုံတရာကို မတွေ့တဲ့အခါ အဲဒီမြို့ ကို ဝင်ကြတဲ့သူတွေနဲ့ ထွက်ကြတဲ့ သူတွေ အားလုံးဟာ သူ စောင့်နေတဲ့တံခါးဝကသာ ဝင်ကြထွက်ကြရမယ်ဆိုတာကို သိမြင်သလို

အသားတူပဲ

အတိတ် အနာဂတ် ပစ္စုပ္ပန် ၃ပါးဖြစ်ကြတဲ့ မြတ်စွာဘုရား တွေဟာ နီဝရဏ (ငါး)ပါးကို ပယ်ပြီး သတိပဋ္ဌာန် (လေး)ပါးနဲ့ တည်ငြိမ်တဲ့စိတ် ရှိကြပြီး ဗောဇ္ဈင်(ခုနစ်)ပါးကို ပွားများနိုင်ကြလို့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူကြကြောင်း တပည့်တော် စဉ်းစားဆင်ခြင်ခြင်းအားဖြင့် သိမြင်ပါတယ်ဘုရား။

အရှင်ဘုရား

မြတ်စွာဘုရားဟာ မှန်ကန် ဖြူစင်တဲ့ တရားနဲ့မမှန်ကန် မဖြူစင်တဲ့ တရား စတဲ့ ဆန့်ကျင်ဘက်တရား အနေနဲ့ ယှဉ်တွဲပြီး ကျွန်ုပ်ကို ဟောကြားတော်မူခဲ့ပါတယ် အဲဒီ တရားကို ထူးတဲ့ ဉာဏ်နဲ့ သိမြင်ပြီး သစ္စာ(လေး)ပါးကို အပြီးအဆုံးသို့ ရောက်ခြင်းကြောင့်လည်း တပည့်တော်ဟာ မြတ်စွာဘုရားကို ကြည်ညိုခြင်း ဖြစ်ပါတယ်ဘုရား၊

အရှင်ဘုရား

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

အကြင် ဒေသနာနဲ့ သတိပဋ္ဌာန် (လေး) ပါး သမ္မပ္ပဓာန် (လေး)ပါး စတဲ့ ကုသိုလ်တရားတွေကို ဟောကြားတော် မူပါတယ် အဲဒီ ဒေသနာဟာ အလွန်မြင့်မြတ်လှပါတယ် အဲဒီ တရားတွေကို သိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား၊

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာ စက္ခုာယတန ရူပါယတန အစရှိတဲ့ အာယတနတွေကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာ ဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ အာယတနတွေကို သိမြင် တဲ့ အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ ပဋိသန္ဓေ နေခြင်း(လေး)မျိုးကို ဟော ကြားတော်မူပါတယ် အဲဒီဒေသနာဟာ လွန်ကဲမြင့်မြတ် လှပါ တယ် ပဋိသန္ဓေနေခြင်း(လေး)မျိုးကို သိမြင်တဲ့အရာမှာ မြတ်စွာ ဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက် မှ မရှိပါဘုရား၊

အရှင်ဘုရား

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

အကြင် ဒေသနာနဲ့ သူတပါးရဲ့စိတ်ကို ထုတ်ဖော် ပြောဆိုနိုင်ကြောင်း နည်းလမ်းတွေကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ နည်းလမ်း တွေကို သိမြင်တဲ့ အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား၊

အရှင်ဘုရား

မြတ်စွာဘုရားက

အကြင်ဒေသနာနဲ့ ပထမဈာန်သမာဓိ စတဲ့ ဉာဏ်အမြင်သို့ ရောက်ခြင်းကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ ဉာဏ်အမြင်သို့ ရောက်ခြင်းကို သိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ ဥဘတော ဘာဂ ဝိမုတ္တိပုဂ္ဂိုလ် ပညာဝိမုတ္တိပုဂ္ဂိုလ် စတဲ့ ပုဂ္ဂိုလ်အပြားခွဲခြားသတ်မှတ်ခြင်းကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ် လှပါတယ် အခုလို ပုဂ္ဂိုလ်ကို ခွဲခြားသိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ရဟန်းပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

(အောင်ဇေယျစာပေ)

မြတ်စွာဘုရားဟာ

အကြင် ဒေသနာနဲ့ မင်္ဂလာရဲ့ အကြောင်းဖြစ်တဲ့ ဗောဇ္ဈင် (ခုနစ်)ပါးကို ဟောကြားတော်မူပါတယ်၊ အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ ဗောဇ္ဈင်(ခုနစ်)ပါးကို သိမြင်တဲ့နေရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်းပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘူး

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာရဲ့ ဒုက္ခပဋိပဒါ ခန္ဓာဘိညာ ဒုက္ခာပဋိပဒါ သုခာဘိညာစတဲ့ အကျင့်ပဋိပဒါတွေကိုဟောကြားတော်မူပါတယ် အဲဒီဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ အကျင့်ပဋိပဒါတွေကိုသိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်းပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘူး

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ မုသား စကား ကုန်းချောစကား ချုပ်ချယ်တဲ့စကား အနိုင်ရမှုကို ရှေ့ရှုတဲ့စကား တွေကို မ ဆို ပဲ စိတ်နှလုံးထဲမှာ စွဲမြဲစွာ ထားသင့်တဲ့စကားကိုသာ အခါအား လျော်စွာ ဆိုတဲ့ နှုတ် အကျင့်ကို ဟောကြားတော် မူပါတယ်၊ အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ အကျင့်ကို သိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်းပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘူး

(အောင်ဗောဓိစာပေ)

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ မှန်ကန်တဲ့ စကားကိုသာ ပြောဆိုခြင်း ကောင်းမြတ်တဲ့စိတ် စေတနာထားရှိ ပြည့်စုံခြင်း လာဘ်ရအောင် အားမထုတ်ခြင်း ကိုယ်နှုတ်နှလုံးသုံးပါးကို မှန်ကန်ဖြောင့်မတ် အောင်ကျင့်ခြင်း စတဲ့ လူတို့ရဲ့ သီလအကျင့်ကိုဟောကြားတော်မူ ပါတယ် အဲဒီ အကျင့်ဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ သီလအကျင့်ကို သိမြင်တဲ့ အရာမှာ မြတ်စွာဘုရားထက် သာလွန် တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ တပါးသော ပုဂ္ဂိုလ်တွေကို သောတာပန် ဖြစ်စေတဲ့ နည်းတွေ သကဒါဂါမ်ဖြစ်စေတဲ့ နည်းတွေနဲ့ ဆုံးမ ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ် လှပါတယ် အဲဒီ ဆုံးမနည်းတွေကို သိမြင်တဲ့အရာမှာ မြတ်စွာ ဘုရားထက်သာလွန်တဲ့ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား။

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင် ဒေသနာနဲ့ တပါးသောပုဂ္ဂိုလ်တို့ရဲ့ ကိလေသာမှ လွတ်မြောက်ကြောင်း ဉာဏ်တွေကို ဟောကြားတော်မူပါတယ်၊ အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် အဲဒီ ဉာဏ်တွေ

ကို သိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား။

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ သဿတ အယူဝါဒကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ ထူးကဲ မြင့်မြတ်လှပါတယ်၊ သဿတ အယူဝါဒကို သိမြင်တဲ့ အရာမှာ မြတ်စွာဘုရား ထက် သာလွန်တဲ့ သမဏဗြဟ္မဏရယ်လို့ တဦးတယောက်မှ မရှိပါ ဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ ရှေးက နေခဲ့ဖူးတဲ့ဘဝတွေကို မြင်တဲ့ ပုဗ္ဗေ နိဝါသာ နုဿတိဉာဏ်ကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲမြင့်မြတ်လှပါတယ် ပုဗ္ဗေ နိဝါသ နုဿတိ ဉာဏ်ကို သိမြင်တဲ့အရာမှာ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ သတ္တဝါတွေရဲ့ သေခြင်းနဲ့ ဖြစ်ပေါ်ခြင်း ကိုသိတဲ့ စုတူပပါတဉာဏ်ကို သိမြင်တဲ့ အရာမှာ မြတ်စွာဘုရား ထက် သာလွန်တဲ့ ရဟန်းပုဏ္ဏားရယ်လို့ တဦး တယောက် မှ မရှိပါဘုရား

(အောင်ဇေယျစာပေ)

အရှင်ဘုရား

မြတ်စွာဘုရားဟာ

အကြင်ဒေသနာနဲ့ တယောက်တည်းမှ အများဖြစ်စေခြင်း အများမှ တယောက်တည်း ဖြစ်စေခြင်း ကိုယ်ထင်ရှားပေါ်စေပြီး ကိုယ်ပျောက်စေခြင်း စတဲ့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းပုံတွေကို ဟောကြားတော်မူပါတယ် အဲဒီ ဒေသနာဟာ လွန်ကဲပြောင်မြောက်လှပါတယ် တန်ခိုးအမျိုးမျိုး ဖန်ဆင်းပုံ ကို သိမြင်တဲ့ အရာမှာ မြတ်စွာဘုရားထက် သာလွန်တဲ့ ရဟန်း ပုဏ္ဏားရယ်လို့ တဦးတယောက်မှ မရှိပါဘုရား

အရှင်ဘုရား

မြတ်စွာဘုရားဟာ

သို့ လက်ရိယာရှိပြီး ဗုဒ္ဓဘုရားနဲ့ပြည့်စုံတဲ့ လောကကြီးမြတ်တို့ ရောက်အပ်ရောက်ထိုက်တဲ့ဘုရားသို့ ရောက်ပြီး ဖြစ်ပါတယ် သုတ်ညီ့တဲ့ ဂုဏ်တို့ရဲ့ အကျင့်ဖြစ်ပြီး ပုထုဇဉ်တို့ရဲ့ မှီဝဲအပ်တဲ့ကာမဂုဏ် ချမ်းသာကို စွန့်ခြင်း ကိုယ်က ကိုယ်ကိုယ်ရဲ့ပင်ပန်းအောင် အကျိုးမဲ့ အားထုတ်ခြင်းများကိုလည်း ပြုကျင့်တော်မမူပါ မျက်မှောက်ဘဝမှာ ချမ်းသာစွာ နေထိုင်ကြောင်းဖြစ်တဲ့ လွန်မြတ်တဲ့ ဈာန်သမာပတ်တို့ကိုလည်း ရရှိတော်မူပြီး ဖြစ်ပါတယ်

တခုသော လောကဓာတ်မှာ နှစ်ဆူသောဘုရားရှင်တို့ တပြိုင်တည်း ပွင့်တော်မူရန် အကြောင်းမရှိကြောင်းကို မြတ်စွာဘုရားထံမှ တည့်တည့် **ကြား**နာခဲ့ရသောကြောင့် ဖြစ်ပါတယ်ဘုရား

(**အောင်ဗောဓိစာပေ**)

အရှင်ဘုရား

တပည့်တော်ဖြေဆိုတဲ့ ဖြေဆိုမှုတွေဟာ ဘယ်သို့သဘော ရှိပါသလဲဘုရားလို့ ရှင်သာရိပုတ္တရာမထေရ်မြတ်က မြတ်စွာဘုရား ရဲ့ အမေးကို ဖြေဆိုမှုနဲ့ပတ်သက်တဲ့ အဖြေအပေါ်မှာ မြတ်စွာဘုရားရဲ့ အမြင်ကို တောင်းခံ မေးလျှောက်ပါတယ်။

အခုလိုမေးလျှောက်တဲ့အခါ

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို

သာရိပုတ္တရာ သင့်ရဲ့အဖြေဟာ တရားနဲ့ လျော်တဲ့ အဖြေ ဖြစ်တယ်လို့ မိန့်ကြားပါတယ်

ဒါဟာ

မြတ်စွာဘုရားအနေနဲ့ ချီးကျူးခံရဘဲ့အထဲမှာ ထင်ရှားတဲ့ ချီးကျူးခံရမှုတခု ဖြစ်ပါတယ်

## သိကြားမင်းရဲ့ချီးကျူးပြောဆိုခံရပုံ

ချီးကျူးဂုဏ်ပြုခံရတာနဲ့ ပတ်သက်လို့ ဒီလောက်ပဲလား ဆိုယင် မဟုတ်သေးပါဘူး လူမပြောနဲ့ နတ်တွေရဲ့ဘုရင် နတ်တွေ

(အောင်ဗောဓိစာပေ)

ရဲ့ အကြီးအကဲဖြစ်တဲ့ သိကြားမင်းရဲ့ ချီးကျူးမှုကိုပင် ခံရပါ
သေးတယ်

## သိကြားမင်းရဲ့ချီးကျူးခံရပုံက ဒီလိုပါ

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် မှာ သီတင်းသုံးနေစဉ် တနေ့မှာ ဂန္ဓဗ္ဗနတ်မျိုးဖြစ်တဲ့ ပဉ္စသိခနတ်သားဟာ၊ သန်းခေါင်ယံ အချိန်မှာ ဂိဇ္ဈကုဋ်တတောင်လုံးကို သူ့ရဲ့ ကိုယ်ရောင်နဲ့ လင်းထိန်သွားစေပြီး မြတ်စွာဘုရားထံသို့ လာရောက်ပါတယ်

မြတ်စွာဘုရားထံရောက်တဲ့အခါ

ပဉ္စသိခနတ်သားဟာ မြတ်စွာဘုရားကိုရှိခိုးပြီး

သူ့အနေနဲ့ မနေအပ်တဲ့ အပြစ်(၆)ပါးက ကင်းဝေးလွတ်မြောက်တဲ့ တခုသောနေရာမှာ ထိုင်လျက်

မြတ်စွာဘုရားကို

အရှင်ဘုရား တည့်တော်ဟာ တာတိံသာက နတ်တွေထံမှ အရှင်ဘုရားနဲ့ ပတ်သက်တဲ့ သတင်းစကား ကြားနာခဲ့ရပါတယ်

(အောင်ဗောဓိစာပေ)

ဘုရား တပည့်တော် ကြားနာမှတ်သားခဲ့ရတဲ့ စကားအကြောင်း အရာကို အရှင်ဘုရားကို လျှောက်ကြားပါရစေ ဘုရားလို့ လျှောက်တင်ပါတယ်

ဒီအခါ

မြတ်စွာဘုရားက

ပဥ္စသိခ သင်ကြားတဲ့ သတင်းစကားကို လျှောက်ကြားလို့ ခွင့်ပြုလိုက်ပါတယ်၊

မြတ်စွာဘုရားက ခွင့်ပြုလိုက်တဲ့အခါ

ပဥ္စသိခနတ်သားက မြတ်စွာဘုရားကို

အရှင်ဘုရား တခါက တန်ဆောင်မုန်းလပြည့်ရဲ့ ညတညမှာ တာဝတိံသာနတ်ပြည်မှာ နတ်အစည်းအဝေး ကျင်းပပါတယ်၊ အဲဒီအစည်းအဝေးသို့ နတ်မင်းကြီး (လေး)ယောက်နဲ့ တကွ တာဝတိံသာနတ်တွေ အားလုံးလိုလို တက်ရောက်ကြပါတယ်

အဲဒီအစည်းအဝေးမှာ

တာဝတိံသာနတ်တွေက မြတ်စွာဘုရားရဲ့ သာသနာမှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးခဲ့ကြရလို့ အခြားသောနတ်တွေထက် အဆင်းသွင်ပြင်အားဖြင့် လည်းကောင်း အရှိန် အဝါ အားဖြင့် လည်းကောင်း သာလွန်တဲ့ နတ်သားအသစ်တွေကို တွေ့မြင်ရတဲ့ အတွက် အလွန် ပျော်ရွှင်နှစ်ခြိုက်ကြ ကြောင်း ပြောကြားကြ တာကို ကြားသိခဲ့ရပါတယ် ဘုရား

နတ်တွေရဲ့ပြောကြားတဲ့စကားကို ကြားသိတဲ့အခါ

သိကြားနတ်မင်းက

မြတ်စွာဘုရားရဲ့ တရားဂုဏ်(၆)ပါးကို ချီးကျူးပြောဆိုပြီး မြတ်စွာဘုရားရဲ့ မဖောက်မပြန် ဟုတ်မှန်တဲ့ ဂုဏ်(၈)ပါး ကို တည်ပြီး

အချင်းတို့

လူအများရဲ့ အကျိုးစီးပွား ချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်တွေရဲ့ အကျိုးစီးပွား များပြားစေရန် အလို့ငှာ ကျင့်ကြံအားထုတ်ရာမှာ မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ခဲ့ရဖူးဘူး အခုလည်း ငါတို့ မတွေ့မြင်ကြရသေးဘူး

မြတ်စွာဘုရားရဲ့ တရားတော်ဟာ

၁။ ကောင်းစွာဟောကြားအပ်တဲ့တရားဖြစ်တယ်

၂။ အခါမလင့်အကျိုးပေးတဲ့တရားဖြစ်တယ်

၃။ လာလှည့်ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်တဲ့တရားဖြစ်တယ်

၄။ ကိုယ့်ရဲ့စိတ်ထဲမှာ ဆောင်ယူထားထိုက်တဲ့ တရား ဖြစ်တယ်

၅။ ကျင့်လျှင်ကျင့်တဲ့အတိုင်း စက္ကန့်မခြား ခံစား ရတဲ့ တရားဖြစ်တယ်

၆။ ပညာရှိတွေ ကိုယ်စီကိုယ်ငှ သိမြင်ခံစားနိုင်တဲ့တရား ဖြစ်တယ်

အခုလိုတရားတော်ကို ဟောကြားရာမှာ

မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း ငါတို့မမြင်ဖူးဘူး အခု မျက်မှောက်မှာလည်း ငါတို့ မတွေ့မြင်ကြရသေးဘူး၊

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

၁။ မှန်ကန်တဲ့တရား မမှန်ကန်တဲ့တရား

၂။ ကောင်းမြတ်တဲ့တရား မကောင်းမြတ်တဲ့တရား

၃။ အပြစ်မရှိတဲ့တရား အပြစ်ရှိတဲ့တရား

၄။ သိမြင်ရမယ့်တရား ပွားများရမယ့်တရားစောင့်ထိန်းရမယ့်တရား

၅။ ပြုကျင့်အပ်တဲ့တရား မပြုကျင့်အပ်တဲ့တရား စသဖြင့် လောကတရား အသီးသီးကို ခွဲခြားပြီး ဟောပြတော်မူပါတယ်

အခုလိုဟောပြရာမှ

မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ဖူးဘူး၊ အခု မျက်မှောက်မှာလည်း ငါတို့ မမြင်မတွေ့မြင်ကြဖူးဘူး

မြတ်စွာဘုရားဟာ

တပည့်တွေကို နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ကောင်းစွာဟောကြား သင်ပြပေးတော်မူတယ် ဂင်္ဂါမြစ်ရေဟာ ယမုနာမြစ်ရေနဲ့ ကသားဘည်း ပေါင်းစပ်သလို နိဗ္ဗာန်နဲ့ အကျင့်ဟာ ပေါင်းစပ်လျက်ရှိတယ် အခုလို နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဟောကြား သင်ပြရာမှာ မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း မတွေ့မြင်ဖူးဘူး အခုလို မျက်မှောက်မှာလည်း ငါတို့ မတွေ့မြင်ကြရသေးဘူး။

(အောင်ဗောဓိစာစဉ်)

မြတ်စွာဘုရားဟာ

လွန်ကဲတဲ့ လာဘ်လာဘနဲ့ ပြည့်စုံကြွယ်ဝသော်လည်း၊ လာဘ်နဲ့ ပတ်သက်ပြီး ယစ်ခြင်း မဖြစ်ဘူး မာန်တက်ခြင်းလည်းမရှိဘူး ယစ်မူးခြင်း မာန်တက်ခြင်း အပေါင်းမှ လုံး၀ ကင်းတော် မူပါတယ်၊ အခုလို လာဘ်လာဘနဲ့ ပတ်သက်ပြီး မယစ်မူး မာန်မတက်တဲ့ နေရာမှာ မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ခဲ့ဖူးဘူး အခုမျက်မှောက်မှာလည်း ငါတို့ မတွေ့မြင်ကြရသေးဘူး

အပေါင်းအဖော်တွေ အပေါ်မှာ စွဲလမ်းမှုမပြုပဲ အပေါင်း အဖော်တွေကို စွန့်ခွါပြီး တပါးတည်း မွေ့လျော်တဲ့ နေရာမှာလည်း မြတ်စွာဘုရားနဲ့တူတဲ့ ဆရာကို ရှေးကလည်း ငါတို့ မတွေ့မြင်ခဲ့ဖူးဘူး၊ အခုမျက်မှောက်မှာလည်း ငါတို့ မတွေ့မြင် ကြရ သေးဘူး

မြတ်စွာဘုရားဟာ

ဟောပြောတဲ့အတိုင်းပြုကျင့်ပြီး

ပြုကျင့်တဲ့အတိုင်းလည်း ဟောပြောလေ့ရှိတယ်

အခုလိုဟောပြောတဲ့အတိုင်း ပြုကျင့်ပြီး ပြုကျင့်တဲ့ အတိုင်း လည်း၊ ဟောပြောရာမှာ မြတ်စွာဘုရားနဲ့တူတဲ့ဆရာကို ရှေး က လည်းငါတို့ မတွေ့မြင်ခဲ့ရဖူးဘူး အခုမျက်မှောက်မှာလည် ငါတို့ မတွေ့မြင်ကြရသေးဘူး။

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

အလုံးစုံသော တရားအပေါင်းကို အမှန်တကယ် အပြည့်အစုံ သိပြီးသူ ဖြစ်တယ် အလုံးစုံသော တရားအပေါ်မှာ သို့လောသို့လော ယုံမှားမှု လုံးဝကင်းပြီးသူ ဖြစ်တယ် အခုလို တရား အပေါင်းကို အမှန်အကန်သိလို့ တရားအသီးသီးပေါ်မှာ ယုံမှားမှု လုံးဝမရှိလို့ ဘယ်တရားအပေါ်မှာမှ တစိုးတစိကလေးမျှ မသိဘူးလို့လည်း လုံးဝ သံသယမရှိဘူး

ဒီနေရာမှာလည်း

မြတ်စွာဘုရားနဲ့တူဝဲ့ဆရာကို ရှေးကလည်း မတွေ့မြင်ဖူးခဲ့ဖူးဘူး အခု မျက်မှောက်မှာလည်း ငါတို့ မတွေ့မြင်ကြရသေးဘူးလို့ ရှင်းပြပါတယ်

တာဝတိံသာနတ်တွေဟာ

သိကြောင်း ရှင်းလင်းဟောပြောတဲ့ မြတ်စွာဘုရားရဲ့ မဖောက်မပြန် ဟုတ်မှန်တဲ့ဂုဏ်(ရှစ်)ပါးကို ကြားနာရတဲ့အခါ အလွန့်အလွန် ပျော်ရွှင်နှစ်ခြိုက်ကြပါတယ်

အဲဒါကြောင့်

အဲဒီအချိန်က မြတ်စွာဘုရားနဲ့ပတ်သက်ပြီး

တချို့နတ်တွေဆိုယင် လောကမှာ ဘုရား တဆူသာ မကပဲ၊ နှစ်ဆူ သုံးဆူ လေးဆူ တပြိုင်နက် ပွင့်ဘော်မူယင် ကောင်းမှာပဲလို့ တောင့်တ ပြောဆိုကြတာကို ကြားသိခဲ့ရပါတယ်ဘုရား၊

(အောင်ဗောဓိစာပေ)

အဲဒီနတ်တွေကို သိကြွားမင်းက

တခုသော လောကဓာတ်မှာ ဘုရားနှစ်ဆူ သုံးဆူ တပြိုင်နက်ဖြစ်ပေါ်လာရန် အကြောင်းမရှိကြောင်း ရှင်းလင်း မိန့်ကြားပါတယ်။

မဟာဝဂ်

မဟာဂေါဝိန္ဒသုတ်မှ ကောက်နုတ်တင်ပြပါသည်။

## ကတုံးနဲ့သူယုတ်လို့ အပြောခံရပုံ

ကိုယ့်ကို မလိုတဲ့သူတွေနဲ့ ဆက်စပ်နေရတဲ့အခါ (သို့မဟုတ်) ဆက်ဆံနေရတဲ့အခါ ကိုယ့်ကို မလိုတဲ့သူတွေက ကိုယ့်ရဲ့အမှားတွေ ကိုယ့်ရဲ့အားနည်းချက်တွေ ကိုယ့်ရဲ့ ပျော့ကွက် ညံ့ကွက်၊ ဟာကွက် ယိုကွက် လိုကွက်တွေကို ထောက်ပြပြီး မြက်လျှောမြွေကို မြွေနဂါးလို့ပုံကြီးချဲ့ပြီး ကိုယ်မခံနိုင်အောင် အပြောအဆိုခံရတာလောက်ကို မပြောနဲ့ ပါရမီဆယ်ပါးကို လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်အောင် မကျိုးမပေါက် မပျောက်မပျက်အောင် စောင့်ထိန်းခဲ့လို့ လူတွေ နတ်တွေ ဗြဟ္မာတွေနဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့

(အောင်ဗောဓိစာပေ)

ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကိုတောင် မလိုတဲ့ သူတွေက ကတုံးနဲ့ သူယုတ်မာလို့ အပြောခံရပါသေးတယ်

## အပြောခံရပုံက ဒီလိုပါ

တခါက

မြတ်စွာဘုရား ကောသလတိုင်းအတွင်းမှာရှိတဲ့ သုန္ဒရိကလို့ ခေါ်တဲ့ မြစ်ကမ်းနားမှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ သုန္ဒရိကဘာရဒွါဇလို့ခေါ်တဲ့ ပုဏ္ဏားတယောက် သုန္ဒရိကာမြစ်ကမ်းနား တနေရာမှာ မီးပူဇော်ခြင်း၊ မီးပူရာအရပ်ကို တံမြက်လှည်း ခြင်း စတဲ့ ဆည်းကပ်မှု ပူဇော်မှုကို ပြုလုပ်နေပါတယ်

သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားဟာ

မီးပူဇော်ပြီး သူ မီးပူဇော်ရာနေရာကို တံမြက်လှည်း ခြင်း၊ စတဲ့ ဆည်းကပ်မှုပြုပြီး နေရာမှထကာ မီးပူဇော်ရာမှာ ကြွင်းကျန်နေတဲ့ နို့ထမင်းကို ဘယ်သူတွေကို ပေးလှူရယင် ကောင်းမလဲ ဘယ်သူတွေကို ကျွေးရယင် ကောင်းမလဲ ဘယ်သူ့ကို စွန့်ရယင် ကောင်းမလဲဆိုတဲ့ စိတ်နဲ့ ဟိုဟိုဒီဒီ အရပ်လေးမျက်နှာကို လှည့်ပြီး ကြည့်လိုက်ပါတယ်

**ဒီလိုကြည့်လိုက်တဲ့အခါ**

သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားဟာ

သူနဲ့ မနီးမဝေးက သစ်ပင်တပင်ရဲ့အရင်းမှာ ဦးခေါင်းကို သင်္ကန်းနဲ့ခြုံပြီး ထိုင်နေတော်မူတဲ့ မြတ်စွာဘုရားကို မြင်ပါ၊

တယ် အဲဒါကြောင့် သုန္ဒရိကဘာရဒွါဇပုဏ္ဏားဟာ မီးပူဇော်ရာမှာ ကြွင်းကျန်နေတဲ့ နို့ထမင်းကို ဗယ်ဘက်လက်ကကိုင်ယူပြီး ညာဘက်လက်ကရေတရားကို ကိုင်ယူလျက် သင်္ကန်းနဲ့ ခေါင်းမှာ ခြုံပြီး ထိုင်နေတဲ့ မြတ်စွာဘုရားဆီကို သွားပါတယ်

မြတ်စွာဘုရားဟာ

သုန္ဒရိကဘာရဒွါဇပုဏ္ဏား သူ့ရဲ့အနားကိုရောက်တဲ့ ခြေသံကို ကြားလို့ ဘယ်သူပါလိမ့်မယ်ဆိုတဲ့ သိချင်တဲ့စိတ်နဲ့ ခေါင်းကို ခြုံထားတဲ့ သင်္ကန်းကို ဖွင့်ပြီး သူ့ဘက်ကို လှမ်းကြည့်လိုက်တာကို သုန္ဒရိကဘာရဒွါဇပုဏ္ဏားက မြင်လိုက် ပါတယ်

အခုလိုမြင်လိုက်တဲ့အတွက်

မြတ်စွာဘုရားကိုအရှင်ဟာကတုံးယုတ်ပါလားအရှင်ဟာကတုံးယုတ်ပါလားလို့ နှိမ့်ချ ယုတ်ညံ့တဲ့ စကားလုံးနဲ့ ကဲ့ရဲ့ပြောဆိုပြီး အဲဒီအရပ်ကနေ နောက်ကို ပြန်ဆုတ်သွားပါတယ်

၄၃

## ငါလိုအလုပ်လုပ်စေးပါလားလို့အပြောခံရပုံ

တခါက

မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်

(အောင်ဗောဓိစာပေ)

အတွင်းမှ ဂန္ဓကုဋိကျောင်းက ထွက်ပြီး နံနက်အချိန်မှာ အရပ်ထဲလှည့်ပြီး အိမ်စဉ် လှည့်လည် ဆွမ်းခံစဉ် စေတနာ အလွန်ခေါင်းပါးတဲ့ ကသိဘာရဒွါဇလို့ ခေါ်တဲ့ ပုဏ္ဏား တယောက်ရဲ့ အိမ်နားကို ရောက်သွားပါတယ် အဲဒီပုဏ္ဏားဟာ အဲဒီအချိန်မှာ နို့ထမင်း အလှူပေးနေပါတယ်

ဒါပေမယ့်

အဲဒီ ကသိဘာရဒွါဇပုဏ္ဏားဟာ မြတ်စွာဘုရား အပေါ်မှာ ဒီရဟန်းဟာ အလုပ်လုပ်စားမယ် ဆိုယင် အင်မတန် စီးပွားဖြစ်မယ့် ပုဂ္ဂိုလ်ဖြစ်တယ် အခုလို သပိတ်တလုံးကိုစွဲကိုင်ပြီး လျှောက်တောင်းစားနေတာဟာ အလုပ်မလုပ်လို့ ဖြစ်တယ်လို့ အမြင်မှားနေတဲ့သူ အထင်လွဲနေတဲ့သူ ဖြစ်လို့ မြတ်စွာဘုရားသူ့ရဲ့ အိမ်အနားကို ရောက်လာတဲ့အခါ

ပုဏ္ဏားက မြတ်စွာဘုရားကို

ရဟန်း ငါဟာ လယ်ထွန်တယ် စိုက်ပျိုးတယ် အခုလို လယ်ထွန်စိုက်ပျိုးပြီး စားတယ် ရဟန်း သင်လည်း ငါလိုပဲ လယ်ထွန်စိုက်ပျိုးပြီး စားပါလား လို့ အပြောခံခဲ့ရဖူးပါတယ်

## အပြောခံရပုံက ဒီလိုပါ

တခါက မြတ်စွာဘုရား မဂဓတိုင်းအတွင်းမှာရှိတဲ့ ဒက္ခိဏဂိရိဇနပုဒ်ဧကနာဠလို့ ခေါ်တဲ့ ပုဏ္ဏားရွာမှာ သီတင်းသုံးနေတော်မူတယ် တနေ့နံနက်မှာ မြတ်စွာဘုရားဟာ သင်္ကန်းကိုပြင်

ဝင်ပြီး သပိတ်သင်္ကန်းကို ကိုယ်တိုင်ယူဆောင်လျက် ကသိဘာရဒွါဇပုဏ္ဏားရဲ့ နို့ထမင်း ကျွေးမွေး လှူဒါန်း နေတဲ့ နေရာကို ရောက်လာပြီး အလှူမဏ္ဍပ်နဲ့ မနီးမဝေး တခုသော အရပ်မှာ နေတော်မူပါတယ်

ကသိဘာရဒွါဇပုဏ္ဏားဟာ

မြတ်စွာဘုရား ဆွမ်းအလို့ငှာ လာရပ်နေတာကို မြင်တဲ့အခါ

မြတ်စွာဘုရားကို ရဟန်း ငါဟာ ထွန်လည်းထွန်တယ် စိုက်ပျိုးလည်း စိုက်ပျိုးတယ် ထွန်ပြီ၊စိုက်ပျိုးပြီးစားတယ် ရဟန်း-သင်လည်း ငါလိုပဲ စိုက်ပျိုးပါ ထွန်ပြီးစိုက်ပျိုးပြီးစားပါလား လို့ လျှောက်ပါတယ်။

ခုဒ္ဒကပါဠိတော်မြန်မာပြန်
ဥရဂဝဂ်
ကသိဘာရဒွါဇသုတ်မှ ကောက်နုတ်တင်ပြပါသည်

## တညတည်း နို့ဖို့ခွင့်မပြုနိုင်ဘူးလို့ အပြောခံရပုံ

ကျွန်တော်တို့ ခင်ဗျားတို့ဟာ ကိုယ်ကောင်းကြောင်း ကိုယ်တော်ကြောင်း ကိုယ်ဟာ သူ့အတွက်(သို့မဟုတ်) အများ အတွက် အနစ်နာခံကြောင်း စသဖြင့် ကိုယ်ရဲ့ ပြောဆိုမှု ပြုမူမှုနဲ့

(အောင်ဗောဓိစာပေ)

လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ နှစ်သက်ဖွယ်ရာ ကောင်းတဲ့ဂုဏ်သတင်းတွေနဲ့ ပြောဆိုပြီး ချီကျူးဂုဏ်ပြုခံရယင် နှစ်သက်ကျေနပ်တတ်ကြသလို ကိုယ်ရဲ့အမှားတွေ ကိုယ်ရဲ့ အားနည်းချက်တွေနဲ့ ကိုယ်ရဲ့ပျော့ကွက် ညံ့ကွက် ဟာကွက် လိုကွက် တွေကို ဒိုးကနဲ ဒေါက်ကနဲ ထောက်ပြီး ကဲ့ရဲ့ ရှုတ်ချ အပြစ်တင် အပြောခံလိုက်ရယင် မပြောနဲ့ မလှုပ်သာအောင် ပျော့ပျော့ပျောင်းပျောင်းကလေး ပြန်ပြောခံရယင် မခံချိ မခံသာဖြစ်တတ်ကြပါတယ်

ဒီနေရာမှာ

အခုလို ပြောရတာဟာ ငါရဲ့ဘဝ ငါရဲ့ဆန္ဒကို အခြေခံပြီး ငါကြည့်တဲ့ ငါ့ရဲ့ရှုထောင့်ကမြင်တဲ့ အမြင်မဟုတ်ဘူး သူရဲ့ဘဝ သူ့ရဲ့ဆန္ဒ သူ့ရဲ့ရှုထောင့်က ကြည့်တဲ့ သူရဲ့ အမြင် ဖြစ်တယ် သူ့ရဲ့အမြင်ဟာ ငါရဲ့အမြင် မဟုတ်ဘူး ငါရဲ့ အမြင်ဟာလည်း သူ့ရဲ့အမြင် မဟုတ်ဘူး သူ့ရဲ့အမြင်ဟာ ငါ့ရဲ့အမြင်နဲ့ တူချင်မှတူမယ် တူတာတွေလည်း ရှိမယ် မတူတာ တွေလည်း ရှိမယ်

အဲဒါက ဘဝနဲ့ ဆန္ဒအပေါ် သူနဲ့ကိုယ်ရဲ့ ခံယူမှုအပေါ်မှာ အခြေတည်တယ် ဆိုတာကို သိထားဖို့ အင်မတန် အရေးကြီးပါတယ်

ဘာဖြစ်လို့လဲဆိုယင်

ကျွန်တော်တို့ ခင်ဗျားတို့လို မထင်ရှားတဲ့သူတွေကို မပြောနဲ့ လူတွေ နတ်တွေ ပြဟ္မာတွေနဲ့ လူမင်း နတ်မင်း ပြဟ္မာမင်းရဲ့

သုံးလောကမှာ ထင်ရှားတဲ့ မြတ်စွာဘုရားလို ပုဂ္ဂိုလ်ကြီး ကို တောင် သူ့နဲ့အမြင်မတူတဲ့သူရဲ့ တန်ဖိုး အထားမခံရပါဘူး၊ အလေးဂရုမပြုမခံရပါဘူး

## ဖြစ်ပုံကိုကျွန်တော်တင်ပြပါမယ်

တခါက

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်း သုံးနေတော်မူစဉ် တနေ့ နံနက်မှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ် မြို့အတွင်းသို့ အိမ်စဉ်လှည့်လည် ဆွမ်းခံတော်မူပြီး ဆွမ်းခံရာက အပြန်

မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်ကို

ချစ်သားအာနန္ဒာ

ငါဘုရား ဇမ္ဗူကတက္ကတွန်းဆီကို သွားဦးမယ်လို့ မိန့်တော် မူပါတယ်

အခုလို မိန့်တော်မူတဲ့အခါ

ရှင်အာနန္ဒာက မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အရှင်ဘုရား တပါးတည်းသာ ကြွသွားတော်မူမှာလားဘုရား လို့ မေးပါတယ် အခုလို မေးတဲ့ အတွက် မြတ်စွာဘုရား က ရှင်အာနန္ဒာမထေရ်မြတ်ကို အေး ငါဘုရား တပါးတည်း သာ ကြွတော်မူမယ်လို့ မိန့်ကြားတော်မူပါတယ်

(အောင်ဗောဓိစာပေ)

အဲဒီနောက်

မြတ်စွာဘုရားဟာ

အဲဒီနေ့ ညနေချမ်း နေဝင်ခါနီးမှာ ဇမ္ဗူကတက္ကတွန်းဆီကို ကိုယ်တော် တပါးတည်း ကြွသွားတော်မူပါတယ်

ဇမ္ဗူကတက္ကတွန်းဟာ

ကျင်ကြီးကျင်ငယ်တွေ မစင် အညစ်အကြေး သုတ်သင်ထားတဲ့ တုတ်တွေနဲ့ အမြင်မကောင်း အနံ့မကောင်း စက်ဆုပ်ဖွယ် ညစ်ပေလှတဲ့ ကျောက်ဖျာတခု အပေါ်မှာနေသူ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ

ဇမ္ဗူကတက္ကတွန်းအနီးကို ရောက်သွားတဲ့အခါ

ဇမ္ဗူကတက္ကတွန်းကို ဇမ္ဗူကလို့ ခေါ်လိုက်ပါတယ်

ဇမ္ဗူကလို့ မြတ်စွာဘုရားရဲ့ ခေါ်သံကို ကြားရတဲ့အခါ

ဇမ္ဗူကတက္ကတွန်းဟာ ငါ့ကို 'ဇမ္ဗူက' လို့ ငါ့ရဲ့နာမည်အတိုင်း ထုတ်ဖော်ပြီး ရင့်ရင့်သီးသီး ခေါ်လိုက်တဲ့ သူယုတ်မာဟာ ဘယ်သူလဲလို့ စိတ်ထဲက အမျက်ထွက်ပြီး

ဇမ္ဗူကတက္ကတွန်းက အခုလို ငါ့ကို ဇမ္ဗူကလို့ ခေါ်တာ ဘယ်သူလဲလို့ ပြန်မေးလိုက်ပါတယ်

ဒီအခါ မြတ်စွာဘုရားက ဇမ္ဗူကကို

ရဟန်းသူမြတ် ဖြစ်တယ်လို့ မြတ်စွာဘုရားကပြန်ပြီး ဖြေလိုက်ပါတယ်

ဒီအခါ ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို

အိုရဟန်းကြီး ဘာကိစ္စရှိလို့လဲလို့ ပြန်ပြီး မေးလိုက်ပါတယ်

မြတ်စွာဘုရားက ဇမ္ဗူကတက္ကဘွန်းကို

ဒီနေ့တည့်တာ ဒီအရပ်မှာ ငါ့ကိုနေရာပေးချင်တယ်လို့ မိန့်တော်မူပါတယ်

အခုလိုမိန့်လိုက်တဲ့အခါ

ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို

အိုရှေဟန်းကြီး ဒီအရပ်မှာ သင့်ကိုပေးဖို့နေရာ မရှိဘူးလို့ ပစ်ပစ်ခါခါ ပြန်ပြောပါတယ်

ဇမ္ဗူကရဲ့အဖြေကို ကြားရတဲ့အခါ

မြတ်စွာဘုရားက ဇမ္ဗူကတက္ကတွန်းကို

ဇမ္ဗူက ဒီလိုမလုပ်ပါနဲ့ တည့်တော့ ငါ့ကို အိပ်ဖို့ နေရာပေးစေချင်ပါတယ် ရဟန်းတွေဟာ ရဟန်းတွေဆီမှာ အကူအညီ တောင့်တကြစမြဲ ဖြစ်ကြတယ် လူတွေဟာ လူတွေဆီမှာ အကူအညီတောင့်တကြစမြဲဖြစ်တယ် သားကောင်တွေဟာ သားကောင်ကို တောင့်တကြစမြဲ ဖြစ်တယ်လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက အခုလိုပြောတဲ့အခါ

ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို

ဘယ်လိုလဲ သင်ဟာ ရဟန်းလားလို့ မေးပါတယ် မြတ်စွာဘုရားက အေး ငါဟာ ရဟန်းမြတ်ဖြစ်တယ်လို့ ပြန်ပြီး ဖြေကြားတော်မူပါတယ်

ဒီအခါ

ဇမ္ဗူကဘက္ကတွန်းက မြတ်စွာဘုရားကို

(အောင်ပေါ်မိုစာပေ)

သင်ဟာ တကယ်လို့ ရဟန်းသူမြတ်ဆိုယင် သင့်မှာ ဖူးပါသလား ယောက်မပါသလား ချည်ပါသလားလို့ မေးပါတယ် အခုလို မေးပြီး တဆက်တည်းမှာပဲ သူမေးတဲ့ပစ္စည်းတွေ မြတ်စွာဘုရားကိုယ်မှာ မတွေ့မမြင်ရတဲ့အတွက်

ဇမ္ဗုကမြတ်စွာဘုရားကို

ရဟန်း

(က) သင့်ရဲ့ဖူးဘယ်မှာလဲ
(ခ) သင့်ရဲ့သမီးမွေးတဲ့ယောက်မဘယ်မှာလဲ
(ဂ) သင့်ရဲ့ယဇ်ပူဇော်တဲ့ ချည်ဘယ်မှာလဲလို့မေးပါတယ်

အခုလိုမေးတဲ့အခါ

မြတ်စွာဘုရားက ဇမ္ဗုကကို

ဇမ္ဗုက ငါ့မှာသင်ပေးတဲ့ဖူးတွေ မီးမွေးတဲ့ယောက်မတွေနဲ့ ယဇ်ပူဇော်တဲ့ ချည်တွေ ရှိပါတယ် ဒါပေမယ့် အဲဒီအရာဝတ္ထုတွေကို သယ်ယူဆောင်ပြီး လှည့်လည်သွားလာရတာဟာ ဆင်းရဲလှတယ်လို့ စဉ်းစားမိတဲ့အတွက် ကိုယ့်မှာ သိမ်းပိုက်ပြီး ကိုယ်တွင်းမှာသာ ယူဆောင်ပြီး လှည့်လည် သွားလာတယ်လို့ ပြန်ပြီး ဖြေကြားတော်မူပါတယ်

အခုလိုစကားကိုကြားတဲ့အခါ

(အောင်ဗောဓိစာပေ)

ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို

သင်ဟာ ရဟန်းဖြစ်ပါလျက် ရဟန်း အသုံး အဆောင် ဖြစ်တဲ့ဗူး မီးမွှေးတဲ့ယောက်မ ယဇ်ပူဇော်တဲ့ကြိုးတွေကို မယူဆောင်ပဲ လှည့်လည်ကျက်စား သွားလာရကောင်းလေလားလို့ မြတ်စွာဘုရားကို စိတ်ဆိုးမာန်ဆိုးနဲ့ အပြစ်တင်တဲ့စကား ပြောဆို ပါတယ်

ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို
အခုလို စိတ်ဆိုးမာန်ဆိုးနဲ့ ပြောဆိုပြီးတဲ့အခါ

မြတ်စွာဘုရားက ဇမ္ဗူကတက္ကတွန်းကို

ရှိပါစေဇမ္ဗူက ငါ့ကို အမျက်မထွက်ပါနဲ့ ငါ့ကိုဒီနေရာမှာ တညတည်းခိုးနိုင်ဖို့ကိုသာ ညွှန်ပြပြီး ခွင့်ပြုတဲ့စကားကိုသာ ပြောကြားပါလို့ သိမ်မွေ့သာယာ ညင်းပျောင်း စွာ ပြောဆို ပါတယ်။

အခုလိုပြောဆိုပေမယ့်

မြတ်စွာဘုရားရဲ့ မေတ္တာရပ်ခံရဲကို ဇမ္ဗူကတက္ကတွန်းက လက်မခံပါဘူး

အဲဒါကြောင့်
ဇမ္ဗူကတက္ကတွန်းက မြတ်စွာဘုရားကို
အိုရဟန်းကြီး ဒီအရပ်မှာ သင့်ကို တညတည်းခိုခွင့် ပြုပေးဖို့-

သင့်အတွက် နေစရာ နေရာမရှိဘူးလို့ ပြတ်ပြတ်တောက်တောက် စကားလုံးနဲ့ ငြင်းဆို ပြောကြားလိုက်ပါတယ်

## ဟန်အမူအရာနဲ့ရော

## စကားလုံးနဲ့ပါ ရိုင်းပျစွာအပြုခံရပုံ

တခါက

မြတ်စွာဘုရား ဝိသေသတိုင်းအတွင်း နောက်ပါရဟန်းများစွာနဲ့ အတူ ဒေသစာရီ ကြွဆဲဘနေမှာ အသက်(၁၂၀)အရွယ်ရှိတဲ့ ဗြဟ္မာယုဆရာကြီးဟာ သူရဲ့တပည့် ဗေဒင်ပညာမှာ တဘက်ကမ်းခတ်တဲ့ ဥတ္တရလုလင်ကို ခေါ်ယူပြီး ဗြဟ္မာယုဆရာကြီးက တပည့်သာကီဝင်မျိုးထဲက ရဟန်းပြုလာတဲ့ ဂေါတမဆိုတဲ့ ရဟန်းဟာ သူ့ကိုသူ ဗုဒ္ဓလို့ပြောနေတယ် အဲဒီရဟန်းဂေါတမဟာ ဗုဒ္ဓ ဟုတ်မဟုတ် သွားကြည့်စမ်းလို့ စုံစမ်းဖို့ စေလွှတ်လိုက်ပါတယ်။

(အောင်ဗောဓိစာပေ)

ဥတ္တရလုလင်က သူ့ရဲ့ဆရာကြီး ဗြဟ္မာယုပုဏ္ဏားကြီးကို

ဆရာကြီး ဂေါတမရဟန်းဟာ ဗုဒ္ဓဟုတ်မဟုတ် ဆိုတာ ကို ကြည့်ပြီး စစ်ဆေးရမလဲလို့ မေးပါတယ် အခုလိုမေးတဲ့အခါ

ဗြဟ္မာယုပုဏ္ဏား ဆရာကြီးက သူ့ရဲ့တပည့် ဥတ္တရလုလင်ကို

တပည့်တခြားကို မကြည့်နဲ့ ဂေါတမရဟန်းရဲ့(၃၂)ပါးသော ယောကျ်ားမြတ်တို့ရဲ့ အင်္ဂါနဲ့ ပြည့်စုံမှုရှိတယ် မရှိဘူး ဆိုတာကို ကြည့်ရှုဖို့ပဲ ဟာကယ်လို့ ရဟန်းဂေါတမမှာ (၃၂)ပါး သော ယောကျ်ားမြတ်တို့ရဲ့ အင်္ဂါအပြည့်အစုံ ပါရှိယင် ရဟန်းဂေါတမ ဟာ သူ့ပြောတဲ့အတိုင်း သူဟာ ဗုဒ္ဓအစစ်ဖြစ်တယ် သူ့မှာ အဲဒီအင်္ဂါ(၃၂)ပါး အပြည့်အစုံ မပါရှိယင်တော့ သူဟာ သူ ပြောသလိုဗုဒ္ဓအစစ်ဟုတ်မဟုတ်ဘူးလို့ ဥတ္တလုလင်ကို မြတ်စွာဘုရား ကို ဗုဒ္ဓအစစ်ဟုတ်မဟုတ် စစ်ဆေးနိုင်ဖို့ ဗေဒကျမ်းလာ အဆို အမိန့်တွေကို ရှင်းပြလိုက်ပါတယ်။

ဥတ္တရလုလင်ဟာ

နောက်ပါသူငယ်ချင်း (၅၀၀) နဲ့ အတူ မြတ်စွာဘုရား သီတင်းသုံးနေရာ ကျောင်းကို သွားရောက်ပြီး မြတ်စွာဘုရားကို တွေ့ပါတယ်

ဥတ္တရလုလင်ဟာ မြတ်စွာဘုရားကို တွေ့မြင်တဲ့အခါ

မြတ်စွာဘုရားကထိုင်ပြီး ဥတ္တရလုလင်ကိုလက်ခံတွေ့ဆုံပါတယ်

ဥတ္တရလုလင်ဟာ မြတ်စွာဘုရားနဲ့စကားပြောတဲ့အခါ

၁။ မတ်တတ်ရပ်လျက်

(အောင်ဗောဓိစာပေ)

၂။ သူ့ရဲ့ကိုယ်ပေါ်မှာ ခြုံထားတဲ့အဝတ်ကိုလှန်ပြီး စုစည်းလျက် ပခုံးပေါ်မှာ တင်ထားခြင်း
၃။ လုံခြည်ကိုဝတ်ထားတဲ့အဝတ်ကို ဒူးပေါင်းပေါ် တွဲမလျက်
၄။ ရင်ကိုကော့လျက်
၅။ မျက်နှာကိုမော့ကားရွဲ့ကာနဲ့
၆။ မျက်လုံးပြူးလိုက်မှိတ်လိုက်ပြုလျက်
၇။ အသံကိုတိုးလိုက် ကျယ်လိုက် ဟန်နဲ့ မာန်နဲ့ အင်မတန် ရိုင်းပျတဲ့ ဟန်အမူအရာကို ပြုလျက်

မြတ်စွာဘုရားသီတင်းသုံးနေတဲ့

၁။ ကျောင်းတော်ကိုကြည့်ပြီး မြတ်စွာဘုရားသီတင်းနေတဲ့ကျောင်းဟာ နတ်ဘုံနတ်နန်းကဲ့သို့ကျောင်းမှာ သာယာနေတယ်
၂။ အိပ်ရာကိုကြည့်ပြီး အင်မတန်နူးညံ့တဲ့ အိပ်ရာနဲ့ ဇိမ်ခံနေတယ်လို့
၃။ မြတ်စွာဘုရားရဲ့ အသားအရေကို ကြည့်ပြီး အစားကောင်းတွေ စားရလို့ ထင်နေတယ်
၄။ စားစရာ သောက်စရာ စား ကောင်း သောက်ကောင်းတွေနဲ့ ပြည့်စုံနေတယ်
၅။ ကိုယ်တော်ကို ကြည့်ရတာလဲ ပင်ပန်းခံရပုံမပေါ်ဘူး တဲ့ မလေးမခန့်တဲ့ စကားလုံးတွေကို သုံးပြုပြီး၊ မြတ်စွာဘုရားကို ဒီအတိုင်းသာ

(အောင်ဗောဓိစာစု)

ဆိုယင် ရဟန်းဂေါတမဟာ ရဟန်းတရားကို အမှန် အကုန်အားထုတ်နိုင်မှာ မဟုတ်ဘူးလို့ စွပ်စွဲပြောဆိုတာကို ခံခဲ့ရဖူးပါတယ်။

၇၃

## သုနက္ခတ္တရဲ့အစွန့်ပစ်ခံရပုံ

လူတချို့ဟာ ရံဖန်ရံခါ ကိုယ့်မှာ ထိုက်သလောက် ပစ္စည်းဥစ္စာ ရာထူး ဂုဏ်ထူး အခွင့်အတန်းတွေနဲ့ တင့်တယ်လာတဲ့ အခါ ကိုယ်ဟာ အတော် အားကိုးအားထားရတဲ့လူ ဖြစ်ဘယ်လို့ မြင်ပြီး ကိုယ်ရဲ့အနီးမှာ ရှိနေကြတဲ့ အသိုင်းအဝန်းဟာ ကိုယ့်ကို မစွန့်ခွာနိုင်ကြဘူး၊ ကိုယ့်ကို ကဲ့ရဲ့နေကြမယ်လို့ ထင်လာတတ်ကြပါတယ်

တကယ်က

ကျွန်တော်တို့လိုလူမပြောနဲ့ သာကီဝင် မင်းသားဘဝကနေ လူတွေ နတ်တွေ ဗြဟ္မာတွေတို့ရဲ့ ပူဇော်အထူးကို ခံယူထိုက်တဲ့ မြတ်စွာဘုရားကိုတောင် အားမကိုးတော့ဘူး အရှင်ဘုရားကို စွန့်ပြစ်လိုက်ပါပြီဆိုပြီး လို့ ပြောပြီး စွန့်ပြစ်တဲ့သူ ရှိပါတယ်။

(အောင်ဗောဓိစာပေ)

ဖြစ်ပုံကဒီလိုပါ

တခါက

မြတ်စွာဘုရား မလ္လတိုင်း အနုပိယနိဂုံးမှာသီတင်းသုံးနေတော်မူစဉ် တခုသောနံနက်မှာ လိစ္ဆဝီမင်းသား သုနက္ခတ္တဟာ မြတ်စွာဘုရားထံသို့ လာရောက်ပြီး

မြတ်စွာဘုရားကို

မြတ်စွာဘုရား အခု ကျွန်ုပ်ကား မြတ်စွာဘုရားကို စွန့်ပါတော့မယ်၊ အခုအချိန်ကစ၊ ကျွန်ုပ်ဟာ မြတ်စွာဘုရားကို ကျွန်ုပ်ရဲ့ဆရာလို့ ရည်ညွှန်းပြောဆိုခြင်းမပြုတော့ဘူး လို့ လျှောက်တင်ခံရဖူးပါတယ်။

## လမ်းမဖယ်ပေးနိုင်ဘူးလို့ အပြောခံရပုံ

တခါက

မြတ်စွာဘုရား သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ မြတ်စွာဘုရားနဲ့

နောက်ပါရဟန်းသံဃာတော်များကို ပုဂ္ဂိုလ်တဦးက ဆွမ်းစား ပင့်ဖိတ်ပါတယ်၊ မြတ်စွာဘုရားဟာ အဲဒီ ပုဂ္ဂိုလ်ရဲ့ ဆွမ်းပင့် ဖိတ်မှုကို လက်ခံလိုက်ပါတယ်။

မြတ်စွာဘုရားက အဲဒီပုဂ္ဂိုလ်ရဲ့ ဆွမ်းပင့်ဖိတ်မှုကို လက်ခံ လိုက်ကြောင်း မြတ်စွာဘုရားရဲ့ ဦးလေးတော်သူ သာကီဝင် ဖြစ်တဲ့ သုပ္ပဗုဒ္ဓမင်းသိတဲ့အခါ

သုပ္ပဗုဒ္ဓမင်းဟာ

(က) သိဒ္ဓတ္ထမင်းသား ဂေါတမ မြတ်စွာဘုရားဟာ ငါ့ရဲ့တူဖြစ်တယ်

(ခ) ငါ့ရဲ့တူ သိဒ္ဓတ္ထမင်းသား ဂေါတမမြတ်စွာဘုရား ဟာ ငါ့ရဲ့သမီး ယသော်ဓရာကို စွန့်ပစ်ထား တဲ့သူ ဖြစ်တယ်။

(ဂ) ငါ့ရဲ့သား ဒေဝဒတ်ကို သူ့ရဲ့ရန်သူအဖြစ် ဆက် ဆံခဲ့တယ်ဆိုတဲ့ စိတ်နဲ့ မြတ်စွာဘုရားအပေါမှာ ရန်ငြိုးဖွဲ့ထားတဲ့ အချက်အရ အခွင့်ကောင်း ယူ ပြီး၊

မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတော်မြတ် များကို ဆွမ်းပင့်ဖိတ်ထားရာ အရပ်သို့ ဆွမ်းစားကြွတဲ့အချိန်မှာ ဆွမ်း စားခွင့် မရအောင် လမ်းကို တမင်ပိတ်ဆို့ပြီး လမ်းမပေါ်မှာ ဝိုင်းဖွဲ့ အရက်သောက်နေကြပါတယ် မြတ်စွာဘုရားနဲ့ နောက် ပါ ရဟန်းသံဃာတော်မြတ်များ ကြွရောက်တဲ့အခါ

(အောင်ဗောဓိစာပေ)

မင်းချင်းတယောက်က သုပ္ပဗုဒ္ဓမင်းကို

မင်းကြီး မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းသံဃာတော်မြတ်များ ကြွလာကြပြီလို့ လျှောက်တင်ပါတယ်

အခုလိုလျှောက်တင်တဲ့အခါ

သုပ္ပဗုဒ္ဓမင်းက အဲဒီမင်းချင်းကို

အချင်း သိဒ္ဓတ္ထမင်းသား ငါ့တူ ဘုရားကို တခြား လမ်းကသွား လို့ ပြောလိုက် ငါ့လမ်းဖယ်ပေး နိုင်ဘူးလို့ ရင့်ရင့်သီးသီး ပြောပြီး တမင်လမ်းကို ပိတ်ပျက် အရက်သောက်မြဲသောက်နေကြပါတယ်။

အရဟံ အစ ဘဂဝါအဆုံး ဂုဏ်(၉)ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားအပေါ်မှာ ဝေးခြားလူတွေမပြောနဲ့ မြတ်စွာဘုရားရဲ့အမျိုး မြတ်စွာဘုရားရဲ့ မယ်တော်ရဲ့မောင် ဖြစ်တဲ့ မြတ်စွာဘုရားရဲ့ ဦးလေး သိဒ္ဓတ္ထမင်းသားဘဝက ဇနီးတော်ခဲ့တဲ့ ယသော်ဓရာမိဖုရားရဲ့ခမည်းတော်ကတောင် မြတ်စွာဘုရားအပေါ် ရန်ငြိုးထားတာတို့ တမင် အနှောင့်အယှက်ပြုတာတို့ ခံရသေးယင် ခင်ဗျားတို့ကျွန်တော်တို့လောက်တော့မပြောနဲ့တော့ပေါ့ဗျာ

## မကျေနပ်ဘူးလို့အပြောခံရပုံ

လူတွေမှာ များသောအားဖြင့် အမှန်ကိုပြောတာကြိုက်တယ်

(ခအောင်ဘောခိတာပေ)

ဆိုပေမယ့် သူတပါးနဲ့ပတ်သက်တဲ့ အမှန်ကိုပြောတာကို သိချင်လို့သာ ကြိုက်တာမျိုးကလွဲတဲ့ ကိုယ်နဲ့ပတ်သက်တဲ့ အမှန်ကို ပြောယင် တယ်ပြီး မကြိုက်တတ်ကြပါဘူး။

လူတွေရဲ့ ခံယူပုံ အယူအဆတွေဟာ များသောအားဖြင့် တယောက်နဲ့တယောက် မတူတတ်ကြပါဘူး။

တချို့က သူ့ကို လူတော်လို့ပြောယင် ကြိုက်တယ်
တချို့က သူ့ကို သဌေးလို့ပြောယင် ကြိုက်တယ်
တချို့က သူ့ကိုသူတော်ကောင်းလို ပြောယင်ကြိုက်တယ်
တချို့က လည်သည်ဖွယ်ဖွယ်ရှိတယ်လို့ ပြောယင် ကြိုက်တယ် တယ်လောက်ပဲမှန်မှန် တယ်လောက် ကောင်းတာကိုပြောပြော အဲဒီစကားလုံးတွေကို ကိုယ်ကမကြိုက်ယင်မကြိုက်တတ်ကြပါဘူး

ဒါနဲ့ပတ်သက်လို့
ဖြစ်ရပ်တခု ဖြစ်ခဲ့ဖူးပါတယ်
အဲဒါက တခြားမဟုတ်ပါဘူး

တခါက

မြတ်စွာဘုရားဟာ မဟီမြစ်ရဲ့မြောက်ဘက်မှာရှိတဲ့ အင်္ဂတိုင်းအတွင်းရှိ အာပဏနိဂုံး မှာ သီတင်းသုံး နေတော်မူပါတယ်၊ အခုလို သီတင်းသုံးနေစဉ် တနေ့နံနက်မှာ မြတ်စွာဘုရား ဟာ သင်္ကန်းကိုပြင်ဝတ်ပြီး သပိတ်နဲ့ နှစ်ထပ်သင်္ကန်းကြီးကိုယူလျက်၊ အာပဏရွာအတွင်းသို့ အိမ်စဉ်လှည့်ပြီး ဆွမ်းခံတော်မူပါတယ်

အာပဏရွာထဲမှာ လှည့်ပြီး ဆွမ်းခံရာက အပြန် တခုသော တောအုပ်သို့ အနားယူရန် ဝင်ရောက်လာပါတယ် အဲဒီတောအုပ်သို့ ဝင်ပြီး တခုသောသစ်ပင်ရင်းမှာ ထိုင်နေတော်မူပါတယ်

အဲဒီအချိန်မှာ

ပါတလီယသူကြွယ်ဟာ အညောင်းပြေ လမ်းလျှောက် လှည့်လည်ယင်း တောအုပ်ဆီသို့ ဝင်လာပြီး မြတ်စွာဘုရားထံသို့ လာရောက်လာပါတယ် ပါတလီယ သူကြွယ်ဟာ မြတ်စွာဘုရား ကို တွေ့မြင်တဲ့အခါ မြတ်စွာဘုရားနဲ့ အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်တဲ့စကား ပြောဆိုပါတယ်

ဒီအခါ

မြတ်စွာဘုရားက သူကြွယ်ကို

သူကြွယ် ထိုင်ချင်ယင် သင့်တဲ့နေရာယူပြီး ထိုင်ပါ လို့ ဖိတ်ပါတယ်

ပါတလီယသူကြွယ်ဟာ မြတ်စွာဘုရားကို

ရဟန်း ဂေါတမဟာ ငါ့ကို သူကြွယ် ဆိုတဲ့ ဝေါဟာရ နဲ့ ခေါ်ဝေါ်ပြောဆိုတယ်ဆိုပြီး မြတ်စွာဘုရား အပေါ် အမျက် ထွက်လျက် မကျေနပ်စိတ်နဲ့ မြတ်စွာဘုရားကို ဆက်ပြီး စကား မပြောပဲ တိတ်ဆိတ်နေပါတယ်

ပါတလီယ သူကြွယ်ဟာ မြတ်စွာဘုရား မိန့်ကြားတာ ကို ဘာမှမပြောတဲ့အတွက်

မြတ်စွာဘုရားက ဒုတိယအကြိမ်မြောက် အထက်ပါနည်း အတိုင်း

(အောင်ဗောဓိစာပေ)

သူကြွယ် ထိုင်ချင်ယင် သင့်တဲ့နေရာကိုရွေးပြီး ထိုင်ပါလို့ မိန့်ကြားပါတယ်

သူကြွယ်ဟာ မြတ်စွာဘုရား၏ ဖိတ်ကြားတာကို မတုန်မလှုပ်တဲ့အတွက်

မြတ်စွာဘုရားက သုံးကြိမ်မြောက် သူကြွယ်ကို သူကြွယ်နေရာတွေ အများကြီးရှိတယ် ထိုင်ချင်ယင် သင်နဲ့သင့်တဲ့နေရာကို ရွေးပြီး ထိုင်ပါလို့ မိန့်ကြားပါတယ်

မြတ်စွာဘုရားဟာ

ပါတလီယသူကြွယ်ကို သုံးကြိမ်တိုင်အောင် သူကြွယ်နေရာတွေ အများကြီးရှိတယ် သင့်အလိုရှိယင် ထိုင်ပါလို့ မိန့်တော်မူပါတယ်

အခုလိုမိန့်တဲ့အခါ

ပါတလီယသူကြွယ်က မြတ်စွာဘုရားကို

ရဟန်း ဂေါတမဟာ ငါ့ကို သူကြွယ်ဆိုတဲ့ ဝေါဟာရ နဲ့ ခေါ်ဝေါ်ပြောဆိုကယ်လို့ အမျက်ထွက်လျက် မကျေနပ်တဲ့စိတ်နဲ့ မြတ်စွာဘုရားကို အရှင်ဂေါတမ အရှင် ဂေါတမဟာ အကျွန်ုပ်ကို သူကြွယ်ဆိုတဲ့ ဝေါဟာရနဲ့ ခေါ်ဝေါ် ပြောဆိုတာ မသင့်တင့် မလျောက်ပတ်ပါဘူးလို့ သူ့ကို သူကြွယ်လို့ မခေါ်စေချင်တဲ့စိတ်နဲ့ ပြန်ပြောပါတယ်

မဇ္ဈိမပဏ္ဏာသ ပါဠိတော်မြန်မာပြန်

ပတပတိဝင်

ပေါတလိယထုတ်မှ ကောက်နုတ်တင်ပြပါသည်

(အောင်ဇေယျစာပေ)

၅၄

# သွဲ့ပတ်ပြောဆိုတတ်တယ်လို့ အပြောခံရပုံ

တခါက

မြတ်စွာဘုရားဟာ နာဠန္ဒမြို့ရှိ ပါဝါရိက သဌေးရဲ့သရက် ဥယျာဉ်မှာ သီတင်းသုံးနေတော်မူပါတယ် အဲဒီအချိန်မှာ နာဋပုတ္တတက္ကဒွန်း ဆရာကြီးရဲ့တပည့်ရင်းဖြစ်တဲ့ ဒီဃတပဿီလို့ခေါ်တဲ့ တက္ကဒွန်းတဦး ရှိပါတယ် များစွာသော နိဂဏ္ဌ ပရိသတ်နဲ့ အတူနေထိုင်နေပါတယ် တနေ့မှာဒီဃတပဿီကမြတ်စွာဘုရားနဲ့ စကားပြောပြီး ပြန်လာနေတာကို နာဋပုတ္တ ဆရာကြီးက လှမ်းမြင်တဲ့အခါ ဒီဃတပဿီကို ဒီဃတပဿီ သင် ခုနေ့ခင်းကြီးမှာ ဘယ်အရပ်ကလာခဲ့သလဲလို့ မေးပါတယ် ဒီဃတပဿီက အရှင် အကျွန်ုပ်ဟာ ရဟန်း ဂေါတမထံမှ လာခဲ့ပါတယ်လို့ ပြန်ဖြေပါတယ်

(အောင်ဗောဓိစာပေ)

ဒီဃတပဿီ သင့်မှာ ရဟန်း ဂေါတမနဲ့ အတူ တစုံတခု သောစကား ပြောခဲ့ရသလားလို့ မေးပါတယ် ဒီကတပဿီ က အကျွန်ုပ်ရဟန်းဂေါတမနဲ့ အတူ တစုံတခုသော စကားပြော ဆိုခဲ့ရပါတယ်လို့ ပြန်ဖြေပါတယ် သင်ဟာ ရဟန်းဂေါတမ နဲ့ ဘယ်လိုစကား ပြောခဲ့ရသလဲလို့ ဆက်မေးပါတယ်

ဒီအခါ ဒီဃတပဿီက မြတ်စွာဘုရားနဲ့ စကား ပြောခဲ့ တဲ့ စကား အားလုံးကို နာဋပုတ္တ ဆရာကြီးကို ပြန်ပြောပါတယ်

ဒီတော့ နာဋပုတ္တဆရာကြီးက ဒီဃတပဿီကို

ဒီဃတပဿီ ကောင်းလေစွ ကောင်းလေစွ အကြားအမြင် ဗဟုသုတရှိတဲ့ ဆရာရဲ့ အဆုံးအမကို ကောင်းစွာ သိတဲ့ တပည့် ပဲလို့ ချီးကျူးစကားပြောပါတယ်

အဲဒီနောက်

နာဋပုတ္တဆရာကြီးက သူ့ရဲ့အနီးမှာရှိနေတဲ့ ဥပါလိသူကြွယ် နဲ့ ဒီဃတပဿီကို ရဟန်းဂေါတမနဲ့ စကားပြောနိုင်တဲ့ သူ ဟာ ငါတို့သုံးဦးပဲရှိတယ်လို့ အစချီပြီး သူ့ရဲ့အနီးမှာရှိနေတဲ့ ဥပါလိသူကြွယ်ကို ဂေါတမထံ သွားပြီး အပြစ်တင်တဲ့စကား ကို ပြောဆိုဖို့ လွှတ်ပါတယ် ဒီအခါ ဒီဃတပဿီ ဟာ အ နည်းနည်း စဉ်းစားပြီး သူ့ရဲ့ဆရာကြီးကို ဆရာကြီး ဥပါလိ သူကြွယ်ကို ရဟန်းဂေါတမထံ စေလွှတ်ပြီး အပြစ်တင်တဲ့စကား ပြောဆိုဖို့ လုံးဝ သဘောမတူပါဘူး

ရဟန်းကြီး ဂေါတမဟာ မျက်လှည့်အတတ်ကိုတတ်ပါတယ် မာယာသမားကြီး ဖြစ်ပါတယ်

ရဟန်း ဂေါတမဟာ သူ့ရဲ့အာဝဋ္ဋနီမာယာ အတတ်နဲ့ သူနဲ့ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တွေ သူ့ဘက်ကို ပါလာအောင် လှည့်ဖြားသွေး ဆောင်ယူတတ်ပါတယ် အခုလို လှည့်ဖြားသွေး ဆောင်ပြီး သိမ်းသွင်းယူခဲ့တာလည်း များလှပါပြီ အဲဒါကြောင့် ဥပါလိသူကြွယ်ကို ရဟန်းဂေါတမထံ စေလွှတ်တာကို သဘော မတူပါဘူးလို့ ကန့်ကွက်ပါတယ်

နာဋပုတ္တဆရာကြီးဟာ သူ့ရဲ့တပည့် ဒီဃတပဿီရဲ့ ကန့်ကွက်တဲ့စကားကို လက်မခံပဲ

ဒီဃတပဿီကို

ဒီဃတပဿီ ဥပါလိသူကြွယ်ဟာ ရဟန်းဂေါတမရဲ့တပည့် ဖြစ်သွားစရာ အကြောင်းမရှိဘူး ဖြစ်ချင်းဖြစ်ယင် ရဟန်း ဂေါတမကသာ ဥပါလိသူကြွယ်ရဲ့ တပည့်ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်လို့ အပြောခံရဖူးပါတယ်။

## ကောသလမင်းရဲ့ နှိမ်ချအပြောခံရပုံ

ကျွန်တော်တို့ ခင်ဗျားတို့ လောက် မတောက် တခေါက်
ပစ္စည်းဥစ္စာ မတောက်တခေါက် ရာထူးအဆင့်အတန်း မတောက်

(အောင်ဗောဓိစာပေ)

တခေါက် အဆောင် အယောင်လောက်ကို မပြောနဲ့ ငါဟာ လူတွေ နတ်တွေ ဗြဟ္မာတွေနဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်း တို့ရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ ငါနဲ့တူတဲ့သူ မရှိဘူး ငါဟာ သဗ္ဗညုတဉာဏ်ရှင်ဘုရား ဖြစ်တယ်လို့ ကိုယ်တိုင်ဝန်ခံထားတဲ့ မြတ်စွာဘုရားကိုတောင် အထင်သေးတဲ့သူတွေ ရှိကြသေးတာပဲ

အထင်သေးခံရပုံက ဒီလိုပါ

တခါက

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်မှာ သီတင်းသုံးနေတော်မူစဉ် အဲဒီတုန်းက သာဝတ္ထိပြည်ရှင် ကောသလမင်းကြီးဟာ မြတ်စွာဘုရားရဲ့ တပည့်ဒကာ မဖြစ်သေးပါဘူး အဲဒီအချိန်တုန်းက ကောသလမင်းကြီးဟာ မြတ်စွာဘုရားရဲ့ အကြောင်းကို အပြည့်အစုံ အသေ အချာ မသိသေးပါဘူး အဲဒီအပြင် အဲဒီအချိန်တုန်းက ကောသလ မင်းကြီးဟာ တိတ္ထိပရိဗိုဇ်ဆရာတွေရဲ့ တပည့် ဒကာ ဖြစ်နေ သေး တဲ့ အချိန်ဖြစ်ပါတယ်

အဲဒါကြောင့်

ဒီ ကောသလမင်းကြီးဟာ မြတ်စွာဘုရားကို ရှိသေရ မှန်း လေးစားရမှန်း မသိသေးပါဘူး

(အောင်ဗေဒါစိစာပေ)

တနေ့မှာ

ပသေနဒီကောသလမင်းကြီးဟာ မြတ်စွာဘုရားဆီကိုသွားရောက်ပြီး မြတ်စွာဘုရားကို အရှင်ဂေါတမ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တယ်လို့ ဝန်ခံပါသလားလို့ မေးလျှောက်ပါတယ်

အခုလို မေးလျှောက်တဲ့အခါ

မြတ်စွာဘုရားက ကောသလမင်းကြီးကို

မင်းကြီး မှန်တယ် ငါဟာ အတုမရှိတဲ့ သဗ္ဗညုတဉာဏ်ရှင်ဘုရားဖြစ်တယ်လို့ ပြန်ပြီး မိန့်တော်မူပါတယ်

မြတ်စွာဘုရားက အခုလို မိန့်ကြားလိုက်တဲ့အခါ

ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရားကို

အရှင်ဂေါတမ ဒီလောကမှာ ပူရဏကဿပ မက္ခလိ ဂေါသာလ နိဂဏ္ဌနာဋပုတ္တ သိဉ္စည်း ပကုဓကစ္စာယန အဇိတ ရယ်လို့ ဝါဒရေး ဂိုဏ်းဆရာကြီး (၆) ဦး ရှိကြပါတယ်၊ အဲဒီဂိုဏ်းဆရာကြီးတွေဟာလည်း အယူဝါဒကို ထုတ်ဖော်ဟော ပြနေကြတဲ့ သူတွေ ဖြစ်ကြပါတယ် သူတို့ကို သူတော်ကောင်းကြီးတွေလို့ လူအများက သမုတ်ထားကြတယ် သူတို့ဟာ အသက်အားဖြင့်လည်း သင်ဂေါတမထက် ကြီးကြပါတယ် ဝါအားဖြင့်လည်း သင်ဂေါတမထက် ကြီးကြပါတယ် အဘက်ဘက်က သင်ဂေါတမထက် အသက်ကြီးတဲ့သူတွေ ဝါရင့်တဲ့သူတွေ ဖြစ်ကြပါတယ် သူတို့ဟာ သူတို့ရဲ့ အသက်ကြီးတဲ့ ဝါရင့်တဲ့ဂိုဏ်းနဲ့အတူ ဝါဒကို ထုတ်ဖော်ပြနိုင်တဲ့ ဂိုဏ်းတွေကြောင့် သူတို့ အပေါ်မှာ လေးစားကြတဲ့ ပရိသတ် ယုံကြည်ကြ တဲ့ ပရိသတ်

အခြံအရံတွေနဲ့လည်း ပြည့်စုံကြတဲ့ သူတွေလည်း ဖြစ်ပါတယ်။

အရှင်ဂေါတမ

အဲဒီပုဂ္ဂိုလ်ကြီးတွေတောင် သူတို့ကိုယ်ကိုသူတို့ အတုမရှိတဲ့ သဗ္ဗညုတဉာဏ်ရှင် ဘုရားတွေဖြစ်ကြတယ်လို့ ဝန်မခံကြဘူး

အရှင်ဂေါတမဟာ

ဇာတ်အနွယ်အားဖြင့်လည်း သူတို့ထက် နိမ့်ကျကယ်

အသက်အရွယ်အားဖြင့်လည်း သူတို့ထက်ငယ်တယ်

ဝါအားဖြင့်လည်း သူတို့ထက်နုတယ်

ဒါနဲ့တောင်

အရှင်ဂေါတမဟာ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သဗ္ဗညုဉာဏ်ရှင် ဘုရားဖြစ်တယ်လို့ ဝန်ခံပြောကြားရပါသလဲလို့ မြတ်စွာဘုရားရဲ့အပေါ် ချိုးနှိမ် နှိမ့်ချတဲ့စိတ်ထားနဲ့ ရှုတ်ချပြီး ကဲ့ရဲ့တဲ့ စကား ပြောဆိုလျှောက်တင်တာကို ခံခဲ့ရဖူးပါတယ်

## နှိမ့်ချပြောဆိုခံရပုံက ဒီလိုပါ

မြတ်စွာဘုရားဟာ မှန်ကန်ကောင်းမြတ်တဲ့ တရားတွေကို အမှန်အကန် အပြည့်အဝ သိရှိတဲ့အပြင် ကိုယ်သိရှိတဲ့ အတိုင်း မှန်ကန်ပြည့်ဝတဲ့ ကောင်းမွန် မြင့်မြတ်တဲ့အကျင့်တွေကို ကျင့်နေ-

(အောင်ဗေဒစိစာပေ)

တယ် ဒီလောကမှာ ငါ့ဘုရားထက် မှန်ကန်ကောင်းမွန် မြင့်မြတ် စင်ကြယ်တဲ့အကျင့် မရှိဘူးလို့ ပြောလည်းပြော ကျင့်လည်းကျင့် နေတဲ့ ပုဂ္ဂိုလ်တွေကိုတောင် မြတ်စွာဘုရားကို မလိုတဲ့သူတွေက၊

မြတ်စွာဘုရားဟာ

လိမ်တတ်တဲ့သူ ဖြစ်တယ်

ညာတတ်တဲ့သူ ဖြစ်တယ်

လှည့်ပတ်တတ်တဲ့သူ ဖြစ်တယ်

တဖက်သားကို ကိုယ့်ဘက်ပါအောင် လိမ်ညာလှည့်ပတ် ပြီး ဆွဲဆောင်တတ်တဲ့သူ ဖြစ်တယ်လို့ အပြောခံရ သေးယင် ခင်ဗျားတို့ ကျွန်တော်တို့လို မြတ်စွာဘုရားရဲ့ ခြေမှာ ကပ်ပါလာ တဲ့ မြူမှုန်လောက် သန့်ရှင်းမှု စင်ကြယ်မှု မရှိကြသေးတဲ့ သူ တွေ ကိုယ့်အနေနဲ့ မှန်ကန် လိုက်နာ ပြုကျင့်အပ်တယ်လို့ သိ နေတဲ့ အသိလောက်ကိုတောင် ပြည့်ဝုံအောင် မလိုက်ပါ မပြု ကျင့်နိုင်ကြသေးတဲ့ သူတွေအဖို့တော့ ကိုယ့်ရဲ့အမြင်နဲ့ အကျင့် တွေဟာ အကြောင်းအားလျော်စွာ သူတို့ရဲ့ဆန္ဒနဲ့ မကိုက်ညီ တဲ့အတွက် ကိုယ့်အပေါ် မလိုအင်ဘဲ့သူတွေက ကိုယ့်ရဲ့ အမြင် ကို ဖြင်စေ သူ့ဖးလိုကျ အပြောခံရတာ ဘာဆန်းမှာလဲဗျ

မြတ်စွာဘုရားအပြောခံရပုံက ဒီလိုပါ

တခါ မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တောမှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ ဘဒ္ဒိယလို့ခေါ်တဲ့ လိစ္ဆဝီ မင်းတပါး မြတ်စွာဘုရားဆီကို လာရောက်ပြီး

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားကို
အရှင်ဘုရား

၁။ ရဟန်းဂေါတမဟာ သူတပါးကိုလှည့်ပတ် ပြော ဆိုတတ်တယ်

၂။ ရဟန်းဂေါတမ ကိုယ့်ဘက်သို့ ပါလာ အောင် ဆွဲဆောင်နိုင်တဲ့ မာယာအတတ်ကို ကျွမ်းကျင်သူ ဖြစ်တယ်

၃။ ရဟန်းဂေါတမဟာ အခုလို သူတပါးကို ကိုယ့် ဘက်သို့ ပါလာအောင် လှည့်ပတ်တဲ့အတတ် ပညာနဲ့ ကိုယ်နဲ့မတူတဲ့ တိတ္ထိတွေရဲ့ တပည့်တွေ ကို လှည့်ပတ်ဆွဲဆောင် ပြောဆိုတတ်တယ်လို့ လူအများပြောဆိုတာကို တပည့်တော် ကြားဖူး ပါတယ်လို့ လျှောက်တင်ပြောဆိုတာကို ခံခဲ့ရ ဖူးပါတယ်

## မထီမဲ့မြင်အပြုခံရပုံ

မြတ်စွာဘုရားဟာ ကိုယ့်အကျိုး ကိုယ့်စီးပွားအတွက် လုံးဝမကြည့်ပဲ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးရဲ့ အကျိုး

စီးပွားကိုကြည့်ပြီး မဟာကရုဏာစိတ်နဲ့ အပင်ပန်းခံပြီး လောက သဘာဝ ရုပ်နာမ်သဘာဝတရားကို ရှင်းလင်းသင်ပြဟောကြား ဆုံးမပေးနေတဲ့ မြတ်စွာဘုရားလို အတုမရှိတဲ့ပုဂ္ဂိုလ်တောင် မထီမဲ့မြင် အပြုလုပ်ခံရသေးယင် ကျွန်တော်တို့ ခင်ဗျားတို့လို လူသာမန်တွေအပေါ် ကိုယ်ရဲ့စေတနာတွေနဲ့ ကိုယ်ရဲ့အနစ်နာ ခံမှုတွေကို မသိနားမလည်ကြတဲ့ လူတွေရဲ့ မထီမဲ့မြင် ပြုလုပ် ခံရတာ ဝမ်းနည်းစရာလားဗျာ။

## မထီမဲ့မြင်အပြုခံရပုံက ဒီလိုပါ

တခါက မြတ်စွာဘုရား မဟာဝုန်တောထဲက အုတ်ရှစ်ပင် တပင်ရဲ့အရင်းမှာ ဆွမ်းစားပြီးတဲ့ နေ့ခင်းအချိန်မှာ တပါး တည်း ဆိတ်ငြိမ်စွာ သီတင်းသုံးနေတော်မူစဉ် ဒဏ္ဍပါဏိလို့ ခေါ်တဲ့ သာကီဝင်မင်းသားတပါးဟာ မြတ်စွာဘုရား သီတင်း သုံးနေတဲ့ မဟာဝုန်တောဘက်ဆီသို့အညောင်းပြေလမ်းလျှောက် ထွက်လာပါတယ်

အဲဒီအချိန်တုန်းက

ဒဏ္ဍပါဏိမင်းသားရဲ့ လက်ထဲမှာ တုတ်ချောင်းတချောင်းကို ကိုင်စွဲထားပါတယ်

ဒဏ္ဍပါဏိမင်းသားဟာ

တဖြည်းဖြည်းချင်း လျှောက်လာလိုက်တာ အမှတ်မဲ့ထင် မြတ်စွာဘုရား သီတင်းသုံးနေတဲ့ အုတ်ရှစ်ပင် အနီးကိုရောက်

လာပါတယ်။ မြတ်စွာဘုရားရဲ့အနီးကို ရောက်လာတဲ့အခါ ဒဏ္ဍပါဏိမင်းသားဟာ အုတ်ရှစ်ပင်ရင်းမှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားရဲ့အနားကိုကပ်လာပြီး မြတ်စွာဘုရားရဲ့အနီးမှာ ရပ်လျက် သူ့ရဲ့လက်ထဲမှာ ဆွဲကိုင်ထားတဲ့တုတ်ကို မြေပေါ်မှာ ထောက်ပြီး မြတ်စွာဘုရားကို မတ်တတ်ရပ်လျက် မလေးမစား ဟန်နဲ့

အရှင်ရဟန်း သင့်မှာ ဘယ်လိုအယူဝါဒရှိသလဲ

သင်ဟာ ဘယ်လိုတရားစကားကို ပြောကြား လေ့ရှိသလဲလို့ မထီလေးစားတဲ့ဟန် မထီလေးစားတဲ့စကားလုံးကို အသုံးပြုပြီး မောက်မာတဲ့လေသံနဲ့ မေးပါတယ်

အခုလို မေးတဲ့အခါ

မြတ်စွာဘုရားက

ဒါယကာ ငါဟာ ရဟန္တာဖြစ်တယ် ငါဟာ ဒီလောကမှာ ဘယ်သူနဲ့မှ မငြင်းခုံဘူး၊ ငါဟာ ဘဝကြီး ဘဝငယ်ကို မတပ်မက်ဘူး၊ ငါဟာ အာရုံအပေါ် တပ်မက်မှုကင်းတယ်၊ ငါ့မှာ ကိလေသာသညာမကိန်းအောင်းတော့ဘူး

ဒါယကာ ဒါဟာ ငါ့ရဲ့အယူဝါဒပဲ

ဒါဟာ ငါပြောကြားလေ့ရှိတဲ့ စကားပဲလို့ မိန့်ကြားတော်မူပါတယ်

မြတ်စွာဘုရားက အခုလို မိန့်ကြားလိုက်တဲ့အခါ

ဒဏ္ဍပါဏိမင်းသားဟာ သရော်တဲ့ ဟန်အမူအရာနဲ့ သူ့ရဲ့ ကုပ်ဆက်ပုဝင်သွားအောင် ပြုလုပ်လိုက်ပြီး မြတ်စွာဘုရားကို

(အောင်ဗောဓိစာပေ)

လျှာထုတ်ပြပါတယ် သူ့ရဲ့မျက်ခုန်းကိုလည်း အထက်သို့ ပင့်တင်ပြီး မျက်လုံးပြူးပြပါတယ်

အဲဒီနောက်

သူရဲ့လက်ထဲက တုတ်ကို မြေမှာထောက်ကာ ကောက်ကာနဲ့ မြတ်စွာဘုရားရဲ့ အနီးကနေ မခန့်လေးစားဟန်နဲ့ ထွက်သွားပါတယ်

၄၄

## ကြမ်းတမ်းတဲ့စကားလုံးတွေနဲ့အဆဲခံရပုံ

ကျွန်တော်တို့ ခင်ဗျားတို့လို ကိလေသာ မစင်ကြယ်သေးတဲ့ သူတွေ သံယောဇဉ်အားလုံးက မပြတ်ပြတ်ကြ မလွတ်မြောက်ကြသေးတဲ့ သူတွေ အမှန်ကို မသိမြင်သေးတဲ့သူတွေ အမှန်ကို မပြုကျင့်နိုင်သေးတဲ့ သူတွေ အစွဲက မလွတ်မြောက်သေးတဲ့သူတွေ မပြောနဲ့ ကိလေသာအပေါင်းက ကင်းစင်ပြီးတဲ့ သံယောဇဉ် အပေါင်းက လွတ်မြောက်ပြီးတဲ့ အမှန်ကိုသိမြင်ပြီးတဲ့ အမှန်အတိုင်း ပြုကျင့်ပြီးတဲ့ အစွဲကလွတ်မြောက်ပြီးတဲ့ မြတ်စွာဘုရား တောင် ကြမ်းတမ်းတဲ့စကားလုံးတွေနဲ့ အဆဲခံရပါသေးတယ်

ကျွန်တော်တင်ပြပါမယ်

(အောင်ဗောဓိစာပေ)

တခါက

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် အနီးမှာရှိတဲ့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေထိုင်စဉ် တနေ့မှာ မြတ်စွာဘုရားထံတော်ကို ဘာရဒွါဇလို့ခေါ်တဲ့ ပုဏ္ဏားတယောက်ရောက်လာပါတယ်၊ အဲဒီ ပုဏ္ဏားဟာ မြတ်စွာဘုရားနဲ့ အယူဝါဒဆန့်ကျင်ဘက်ဖြစ်တဲ့ မြတ်စွာဘုရားရဲ့ အတိုက်အခံ ဂိုဏ်းဆရာကြီးတွေရဲ့ တပည့်ရင်းတဦးဖြစ်ပါတယ်

အဲဒီ ဘာရဒွါဇပုဏ္ဏားဟာ

မြတ်စွာဘုရားဆီကို ရောက်လာပြီး

မြတ်စွာဘုရားကို အင်မတန်ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ဆဲဆိုခြိမ်းခြောက်ပါတယ်၊ အဲဒီအပြင် အယူဝါဒဆိုင်ရာ စကားလုံး အမျိုးမျိုးနဲ့လည်း ပုတ်ခတ်စွပ်စွဲပါတယ်

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်
အက္ကောသသုတ်မှ ကောက်နုတ်တင်ပြပါသည်။

## သူယုတ်မာလို့ အပြောခံရပုံ

တယောက်နဲ့တယောက် အမြင်မတူကြတဲ့အခါ ဘယ်လိုတောင် ဖြစ်ဘတ်ကြသလဲဆိုယင် မြဘ်စွာဘုရားလို အင်မတန်မှ

ကြက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကိုတောင် အမြင်အယူမတူတဲ့ဘက်က ကြည့်ယင် မြတ်စွာဘုရားဟာ သူယုတ်မာ ကြက်သရေမရှိတဲ့ သူလို့ မြင်ကြတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မြတ်စွာဘုရားကို သူနဲ့အမြင်မတူကြတဲ့ ပုဏ္ဏားတယောက်က ဆက်ဆံပုံကို တင်ပြပါတယ်

## ကြက်သရေမရှိတဲ့သူယုတ်မာလို့ အပြောခံရပုံ

တခါက

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် တနေ့နံနက်မှာ မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းက ထွက်ပြီး သာဝတ္ထိမြို့ထဲသို့ အိမ်စဉ်လှည့်လည်ပြီး ဆွမ်းခံရန် ကြွတော်မူလာပါတယ်၊ ဆွမ်းခံလှည့်လာစဉ် မြတ်စွာဘုရားဟာ ယဇ်ပူဇော်နေတဲ့ အဂ္ဂိကဘာရဒွါဇပုဏ္ဏားရဲ့ နေအိမ်အနီးကို ရောက်လာပါတယ်

အဂ္ဂိကဘာရဒွါဇပုဏ္ဏားဟာ

မြတ်စွာဘုရား သူ့ရဲ့အိမ်ဆီကို ဦးတည်ပြီး ကြွလာတာကို မြင်တဲ့အခါ မြတ်စွာဘုရားဟာ သူ ယဇ်ပူဇော်နေတဲ့ သူ့အလှူမင်္ဂလာပွဲ ပြုလုပ်နေတဲ့ နေရာဆီကို လာမှာ စိုးရိမ်တဲ့အတွက် မြတ်စွာဘုရားကို လမ်းကနေဆီးကြိုပြီး ဦးပြည်းယုတ် ရဟန်းယုတ် ဒီနေရာမှာ သူယုတ်မာရပ် ဒီနေရာမှာ သူယုတ်မာရပ်လို့ အင်မတန် ရိုင်းပျတဲ့စကားလုံးတွေနဲ့ခါပြီး သူ့ဆီကို ရှေ့တိုး မလာအောင် တားမြစ်ခဲ့ပါတယ်

(အောင်ဗေဒစိစာပေ)

အခုလို အပြောခံရတာကို မအံ့သြနဲ့ဦး

မြတ်စွာဘုရားကို အညွန့်တုံးတဲ့ရဟန်းလို့ အပြောခံရတာ ရှိသေးပါတယ်

## အညွန့်တုံးတဲ့ရဟန်းလို့အပြောခံရပုံ

တခါက

ကုရုတိုင်းမှာ ကမ္မာသဒမ္မလို့ခေါ်တဲ့ နိဂုံးတခုရှိပါတယ် အဲဒီ နိဂုံးမှာ ဘာရဒွါဇအနွယ်ဖြစ်တဲ့ ဂေါတ္တပုဏ္ဏားတဦး နေထိုင်ပါတယ်၊ အဲဒီပုဏ္ဏားမှာ မီးတင်းကုတ်တခုရှိပါတယ်

မြတ်စွာဘုရားဟာ

အဲဒီ မီးတင်းကုတ်ထဲမှာရှိတဲ့ မြက်ခင်းမှာ သီတင်းသုံးနေပါတယ်၊ တနေ့ နံနက်ခင်းမှာ မြတ်စွာဘုရားဟာ ကမ္မာသဒမ္မနိဂုံးအတွင်းသို့ ဆွမ်းခံကြွပြီး တင်းကုတ်တခုထဲမှာ ဆွမ်းဘုဉ်းပေးတော်မူပါတယ်

အဲဒီနောက်

တောအုပ်ထဲက သစ်ပင်ရင်းတခုသို့ သွားရောက်ပြီး တပါးတည်း အနားယူ သီတင်းသုံးနေတော်မူပါတယ်

အဲဒီနေ့မှာ

မာဂန္ဒိယလို့ခေါ်တဲ့ ပရိဗိုဇ်တယောက်ဟာ အညောင်းဖြေ

လမ်းလျှောက်ယင်း ဘာရဒွါဇဂေါတ္တပုဏ္ဏားရဲ့ မီးတင်းကုပ်ထဲ သို့ ဝင်ရောက်လာပါတယ်၊ မီးတင်းကုပ်ထဲကို ရောက်တဲ့အခါ မာဂဏ္ဍိယပရိဗိုဇ်ဟာ ဟိုကြည့် ဒီကြည့်နဲ့ တောင်ကြည့်မြောက် ကြည့် လျှောက်ကြည့်ပြန်ပါတယ်

အခုလို ကြည့်လိုက်တဲ့အခါ

မီးတင်းကုပ်ထဲက တနေရာမှာ မြက်ခင်းတခုကို တွေ့မြင်ပါ တယ်၊ အဲဒီမြက်ခင်းကို တွေ့မြင်တဲ့အခါ ဒီမြက်ခင်းဟာ ဘာလုပ်တာလဲလို့ သိချင်တဲ့အတွက် စူးစမ်းတဲ့အနေနဲ့

မာဂဏ္ဍိယပရိဗိုဇ်က ဘာရဒွါဇဂေါတ္တပုဏ္ဏားကို

အဆွေဂေါတ္တပုဏ္ဏား ဒီမြက်ခင်းဟာ ဘယ်သူ့အတွက် ခင်းထားတာလဲ ရဟန်းရဲ့အိပ်ရာနဲ့ တူတယ်လို့ ပြောမေး မေး ပါတယ်

ဂေါတ္တပုဏ္ဏားက မာဂဏ္ဍိယပရိဗိုဇ်ကို သင်ပြောတာမှန်တယ် လို့ ပြန်ဖြေပါတယ်

အဲဒီနောက်

ဂေါတ္တပုဏ္ဏားက တဆက်တည်း ဆက်ပြီး

မာဂဏ္ဍိယ သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာတဲ့ ဂေါတမ ဟာ ဉာဏ်ပညာနဲ့ပြည့်စုံသူဖြစ်တယ်၊ အကျင့်သီလနဲ့လည်း ပြည့်စုံသူ ဖြစ်တယ်၊ ရဟန်းဂေါတမဟာ ဘုန်းတန်ခိုးနဲ့လည်း ပြည့်စုံ ထင်ရှားသူဖြစ်တယ်လို့ ပြောပါတယ်

ဂေါတ္တပုဏ္ဏားက အခုလို မြတ်စွာဘုရားနဲ့ပတ်သက်ပြီး ချီးကျူးပြောကြားတဲ့စကားကို ကြားရတဲ့အခါ

(အောင်သောခံစားပ)

မာဂင်္ဂါယ ပရိဗိုဇ်ဟာ စိတ်နှလုံးမသာမယာ ဖြစ်သွားပြီး
မာဂင်္ဂါယပရိဗိုဇ်က ဂေါတ္တပုဏ္ဏားကို
အချင်း ဂေါတ္တပုဏ္ဏား
မလိုလားအင်တဲ့ မြင်ကွင်းကို မြင်ရခြင်းဖြစ်တယ်
မနှစ်သက်ဖွယ်ရာသော မြင်ကွင်းကို မြင်ရခြင်းဖြစ်တယ်
စက်ဆုပ်ဖွယ်ရာသော မြင်ကွင်းကို မြင်ရခြင်းဖြစ်တယ်လို့
ပြောပါတယ်။

## မျိုးပြတ်အောင်ပြုလုပ်ကဲ့သူ လင်မဲ့သားမဲ့အောင် ပြုလုပ်တဲ့သူလို့ အပြောခံရပုံ

မြတ်စွာဘုရားဟာ
မဟာသက္ကရာဇ်(၁၀၃)ခုနှစ်
ပါဆိုလပြည့်နေ့မှာ ဗာရာဏသီပြည် အနီးမှာ ရှိတဲ့ မိဂ
ဒါဝုန်တောမှာ ကောဏ္ဍည ဘဒ္ဒိယ ဝပ္ပ မဟာနာမ် အဿဇိ
(အောင်ဗောဓိစာပေ)

စတဲ့ ပဉ္စဝဂ္ဂီ(၅)ဦးကို ဓမ္မစကြာတရားဦးနဲ့ အနတ္တလက္ခဏာသုတ် ဟောကြားသင်ပြပေးပြီးနောက်

မြတ်စွာဘုရားဟာ

အဲဒီ မိဂဒါဝုန်တောမှာ ပထမဝါဆိုပါတယ်

ပထမဝါတွင်း ကာလအတွင်းမှာ မြတ်စွာဘုရားဟာ ယသ သဌေးသားဟာ မြတ်စွာဘုရားထံမှောက် လာရောက်ပြီး ရဟန်း ပြုပါတယ် ယသ သဌေးသား ရဟန်းပြုသွားပြီ ဆိုတဲ့ သတင်း စကား ကြားရတဲ့အခါ ယသ သဌေးရဲ့သူငယ်ချင်းတွေ ဖြစ် ကြတဲ့ ဝိမလ သုဗာဟု ပုဏ္ဏဇိနဲ့ ဂဝမ္ပတိ (၄) ယောက် ဟာ လည်း ယသ သဌေးသားလိုပဲ မြတ်စွာဘုရားဆီကို လာရောက်ပြီး ယသ သဌေးသားလိုပဲ ရဟန်းပြုကြပါတယ်

အဲဒီနောက်

ယသ သဌေးသားရဲ့ တခြား သူငယ်ချင်း အယောက်(၅၀) တို့လည်း စောစောက သူတို့ရဲ့ သူငယ်ချင်း (၅) ယောက် လိုပဲ မြတ်စွာဘုရားဆီကို လာရောက်ပြီး မြတ်စွာဘုရားထံမှာ ရဟန်း ပြုကြပါတယ်

အဲဒါကြောင့်

မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် ပထမဝါ အတွင်း မှာ မြတ်စွာဘုရားမှာ တပည့်နောက်ပါ သံဃာပေါင်း(၆၁)ပါး အထိ ပွားများလာပါတယ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

ဝါကျွတ်တဲ့အခါ သူ့ရဲ့ တပည့်ရဟန်းတွေကို ခရီးတခုတည်းကို နှစ်ပါးမသွားပဲ တပါးတည်း သွားကြပြီး မြတ်စွာဘုရားရဲ့ သာသနာကို သာသနာပြုကြလို့ မြတ်စွာဘုရားရဲ့ ဝါဒရေး အမြင်ကို ဖြန့်တဲ့ ဝါဒရေး စည်းလုံးရေး စေလွှတ် မိန့်ကြားပါတယ်

မြတ်စွာဘုရားကိုယ်တော်တိုင်လည်း

ဗာရာဏသီပြည်အနီးမှာရှိတဲ့ မိဂဒါဝုန်တောကနေ ဥရုဝေလတောသို့ သာသနာပြု ခရီး ကြွသွားပါတယ် မြတ်စွာဘုရားဟာ မိဂဒါဝုန်တောက ဥရုဝေလတောကို အသွား လမ်းခရီးကြားမှာ တောအုပ်တခုအတွင်း ဝင်ရောက်ပြီး ခေတ္တ နားနေခိုက် ဘဒ္ဒဝဂ္ဂီလို့ခေါ်တဲ့ မင်းသားအယောက် သုံးဆယ်ဟာ ဥရုဝေလတောအုပ်သို့ လာရောက်ကြပြီး ကိုယ့်မယား အသီးသီးနဲ့ ပျော်ပါးနေကြပါတယ်

အဲဒီအချိန်တုန်းက

အဲဒီမင်းသား (၃၀)ယောက်ထဲက မင်းသား(၂၉)ယောက်မှာသာ မယားရှိကြပြီး မင်းသားတယောက်မှာ ကိုယ်ပိုင်မယား မရှိသေးပါဘူး၊ အဲဒါကြောင့် မယားမရှိသေးတဲ့ မင်းသားဟာ တခြားမယား ရှိကြတဲ့ မင်းသားတွေနဲ့အတူ လိုက်ပြီး အဲဒီမင်းသားတွေလိုပဲ ပျော်ပါးချင်တဲ့အတွက် ပြည့်တန်ဆာမတယောက်ကို သူနဲ့အတူ ပျော်ပါးဖို့ ပိုက်ဆံပေးပြီး ခေါ်လာပါတယ်

(အောင်ဗောဓိစာပေ)

အဲဒီ ပြည့်တန်ဆာမဟာ သူ့ကို ပိုက်ဆံပေးပြီး ခေါ်လာတဲ့ မင်းသားရဲ့ အလစ်မှာ မင်းသားရဲ့ လက်ဝတ် တန်ဆာတွေ ကို ခိုးယူပြီး ထွက်ပြေးသွားပါတယ် မင်းသား အယောက် (၃၀) လည်း ထွက်ပြေးသွားတဲ့ ပြည့်တန်ဆာမကိုလိုက်ရှာစဉ် မြတ်စွာဘုရား သီတင်းသုံးနေတဲ့ သစ်ပင်ရင်းသို့ ရောက်လာကြပြီး

အဲဒီမင်းသား(၃၀)ဟာ မြတ်စွာဘုရားကို တွေ့တဲ့အခါ

မြတ်စွာဘုရားကို

ဒီနေရာကနေ လူတယောက် ထွက်ပြေးတာ တွေ့မိသလား လို့ မေးရာကစပြီး မြတ်စွာဘုရားရဲ့ တရားကို နာကြား မိကြ လို့ အဲဒီမင်းသား အယောက်(၃၀)လုံး ရဟန်း ဖြစ်သွား ကြ ပါ တယ်

မြတ်စွာဘုရားဟာ

ဒီဘဒ္ဒဝဂ္ဂီလို့ ခေါ်ကြတဲ့ မင်းသား(၃၀)ကို ရဟန်း ပြုပေး ပြီးနောက် ဥရုဝေလတောကို ခရီး ဆက်ပြီး ကြွသွားပါတယ်၊ အဲဒီအချိန်တုန်းက ဥရုဝေလ ကဿပအမှူးပြုတဲ့ ရသေ့ညီနောင် သုံးယောက်နဲ့ နောက်လိုက် တပည့်ရသေ့ တထောင် နေ ထိုင် နေကြပါတယ်

မြတ်စွာဘုရားဟာ

ဒီ ဥရုဝေလတောမှာ ဥရုဝေလ ကဿပ အမှူးပြုတဲ့ ရသေ့ ညီနောင်သုံးယောက်နဲ့ နောက်ပါတပည့် ရသေ့ တထောင်ကို တရားဟောပြရာ ဥရုဝေလ ကဿပ အမှူးပြုတဲ့ ရသေ့ညီနောင် သုံးယောက်နဲ့ နောက်ပါတပည့်ရသေ့ တထောင်စလုံး မြတ်စွာ

ဘုရား၏ တရားကို နာကြားရလို့ သံသရာက လွတ်မြောက်သွားကြတဲ့အတွက် မြတ်စွာဘုရားဟာ ဥရုဝေလကဿပ ကြီးမှူးတဲ့ ရသေ့ညီနောင်(၃)ယောက်နဲ့ နောက်လိုက် တပည့်ရသေ့ ဘထောင် ရဟန်းပြုပေးပါတယ်

အဲဒီကနေ

မြတ်စွာဘုရားဟာ

ဘုရားဖြစ်အောင် အားထုတ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ မင်းသားဘဝက ရဟန်းဘဝသို့ ကူးပြောင်းပြီး၊ စ သိဒ္ဓတ္ထ ရဟန်းဘဝနဲ့ ရာဇဂြိုဟ်ပြည်ကို ရောက်လာတုန်းက ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးက အရှင်ဘုရား ဘုရားဖြစ်ယင် တပည့်တော်နိုင်ငံကို အယင်ဆုံး ကြွခဲ့ပါဘုရားလို့ ပင့်ဖိတ်တာကို လက်ခံခဲ့တဲ့ ကတိအရ

ရသေ့ဘဝက ရဟန်းဖြစ်လာကြတဲ့ ဥရုဝေလကဿပ အမှူးပြုတဲ့ နောက်ပါတပည့်ရဟန်း တထောင်နဲ့အတူ ရာဇဂြိုဟ်ပြည်သို့ ကြွလာပါတယ်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ကို ရောက်လာတဲ့အခါ
ရာဇဂြိုဟ်ပြည်သားတချို့ဟာ
မြတ်စွာဘုရားအပေါ် အထင်မှားပြီး
ရဟန်းဂေါတမ
ငါတို့ရဲ့ ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်လာပြီး
အမျိုးပြုတ်အောင် လုပ်နေတဲ့သူဖြစ်တယ်
(အောင်ဗောဓိစာပေ)

လင်မယားမဲ့ဖြစ်အောင် ပြုလုပ်နေတဲ့သူဖြစ်တယ် ကြည့်ပါလား

သဥ္စည်းဆရာကြီးရဲ့ တပည့်ပရိဗိုဇ် နှစ်ရာငါးဆယ်တို့ ပည်း ရဟန်းဂေါတမထံ ရောက်သွားကြပြီး မဂဓတိုင်းသား များစွာ တို့လည်း ရဟန်း ဂေါတမထံ ရောက်သွားကြပြီး ဉရုဝေလ ကဿပ ကြီးမှူးတဲ့ရသေ့ညီနောင် သုံးယောက်နဲ့ သူတို့ရဲ့ နောက် လိုက်တပည့် ရသေ့တထောင်တို့လည်း ရဟန်းဂေါတမထံ ရောက် သွားကြပြီ

အခုတဖန်

ရဟန်း ဂေါတမဟာ ဘယ်သူတွေကို စည်းရုံးသွားကြဦးမလဲ မသိဘူး ဘယ်သူ့အတွက်လည်း မသိဘူး ဘယ်သူတွေ လင်မဲ့ သားမဲ့ ဖြစ်ကြရဦးမလဲ မသိဘူးလို့ မြတ်စွာဘုရားကို စိုးရိမ်ကြ တဲ့ ရာဇဂြိုဟ် မြို့သူမြို့သား ပရိသတ်တချို့ရဲ့ အပြစ်တင် ရှုတ်ချ တဲ့စကား အပြောခံခဲ့ဖူးပါတယ်

၄၃

**နွားကန်းမကြီးနဲ့တူတယ်**
**ပရိသတ်ထဲဝင်ဝံ့တဲ့သူမဟုတ်ဘူး**
**ပရိသတ်နဲ့စကားပြောဝံ့တဲ့သူ မဟုတ်ဘူးလို့ အပြောခံရပုံ**

လူတချို့ ရံဖန်ရံခါ ကိုယ့်ရဲ့ ရှုထောင့်တဘက်တည်းကြည့်

(အောင်ဗောဓိစာပေ)

ပြီး ကိုယ့်ကိုယ်ကို ဘယ်လောက်တောင် အထင်ကြီး နေတတ်ကြသလဲဆိုယင် ကျွန်တော်တို့ ခင်ဗျားတို့လောက်ကို မပြောနဲ့ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ ဂုဏ်နှင့်တန်ခိုးတော် အနန္တဂုဏ်ရှင် လူတွေ နတ်တွေ ဗြဟ္မာတွေနဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားကိုတောင် သူတို့လို လူတော် လူတတ် လူသိမဟုတ်ဘူးလို့ ထင်တဲ့သူတွေ ရှိကြပါသေးတယ်

## ပုံစံအားဖြင့် တင်ပြရမယ်ဆိုယင်

တခါက မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်မှာ သီတင်းသုံးနေတော်မူစဉ် တနေ့မှာ သန္ဓာနလို့ခေါ်တဲ့ သူကြွယ်ဟာ မြတ်စွာဘုရားကို ဖူးမြော်ဖို့ သူ့ရဲ့နေအိမ်ရှိရာ ရာဇဂြိုဟ်ပြည်ကနေ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဂိဇ္ဈကုဋ်တောင်ဆီကို ထွက်လာပါတယ် အဲဒီသူကြွယ် မြတ်စွာဘုရားဆီကို ရောက်လာတဲ့အချိန်ဟာ မြတ်စွာဘုရား ဆွမ်းစားပြီးလို့ ဖလသမာပတ်ဝင်စားနေတဲ့ အချိန်ဖြစ်နေပါတယ်

အဲဒါကြောင့်

သူကြွယ်ဟာ မြတ်စွာဘုရားအတွက် အနှောင့် အယှက် ဖြစ်ဖြစ်သွားမှာကို စိုးရိမ်ပြီး မြတ်စွာဘုရားနဲ့ တွေ့ဆုံဖူးမြော်ဖို့ မသင့်သေးဘူးလို့ စဉ်းစားမိတာနဲ့

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားရဲ့ ဖလသမာပတ်က ထမယ့်အချိန်ကို စောင့်တဲ့ အနေနဲ့ ..

အဲဒီအချိန်အတွင်းမှာ သန္ဒာနသူကြွယ်ဟာ ပရိဗိုဇ်တွေ နေထိုင်ကြရာ ဥဒုမ္ဗရိကလို့ခေါ်တဲ့ ကျောင်းကိုရောက်ပြီး မြတ်စွာဘုရားနဲ့ တွေ့နိုင်မယ့် အချိန်ကို စောင့်ပါတယ်

အဲဒီကျောင်းထဲမှာ

နိဂြောဓလို့ခေါ်တဲ့ ပရိဗိုဇ်ဟာ တခြားပရိဗိုဇ် အခြွေအရံ သုံးထောင်နဲ့ အတူနေထိုင်ပါတယ်

သန္ဒာသူကြွယ်ကျောင်းဝင်းထဲကို ဝင်လာတဲ့အချိန်မှာ

နိဂြောဓပရိဗိုဇ်ဟာ များစွာသော ပရိဗိုဇ် ပရိသတ်နဲ့အတူ ရသေ့ရဟန်းတွေ အနေနဲ့ မလျော်တဲ့စကားတွေကို တယောက်တခွန်း ကျယ်လောင် ကျယ်လောင်နဲ့ ပြောဆိုနေကြပါတယ်။

အခုလိုပြောဆိုနေကြစဉ်

သန္ဒာနသူကြွယ် သူတို့ကျောင်းထဲ ဝင်လာတာကို မြင်လိုက်ကြတဲ့အခါ နိဂြောဓပရိဗိုဇ်က သူ့ရဲ့ ပရိသတ်ကို ဆိတ်ဆိတ်နေကြဖို့ သတိပေးလိုက်တဲ့အတွက် ပရိသတ်ကြီးဟာ မီးခဲကို ရေနဲ့ဖျန်းလိုက်သလို ပြောလက်စ စကားတွေကို ဖြတ်လိုက် ရပ်လိုက်ကြတဲ့အတွက် ရုတ်တရက် အသံတိတ်သွားပါတယ်

သန္ဒာနသူကြွယ် နိဂြောဓပရိဗိုဇ်ဆီကို ရောက်လာတဲ့အခါ

သန္ဒာနသူကြွယ်က နိဂြောဓပရိဗိုဇ်ကို

(အောင်ဗောဓိစာပေ)

အရှင်နိုဂြောဓ

ဒီပရိဗိုဇ်တွေဟာ အခုလိုကိုယ့်အချင်းချင်း ပေါင်းဆုံဆည်းမိကြတဲ့အခါတိုင်း ရသေ့ရဟန်းတွေနဲ့ မလျော်တဲ့ ကိုယ်နဲ့လည်း မသက်ဆိုင်တဲ့ အရပ်စကား မင်းစကားတွေကို ကျယ်လောင်ကျယ်လောင် ပြောဆိုနေလေ့ ရှိကြသလားလို့ မေးပါတယ်

အဲဒီနောက်

သူကြွယ်ကဆက်ပြီး

အရှင် နိုဂြောဓ မြတ်စွာဘုရား ဟာ သင်တို့လို မဟုတ်ဘူး၊ အထက်နိုင်ဆုံး လူသူကင်းဝေးတဲ့ အသံ တိတ်ဆိတ် တဲ့ တောကျောင်းမှာသာ သီတင်းသုံး နေထိုင်တော်မူလေ့ ရှိတယ် လို့ ပြောဆိုပါတယ်

အခုလို ပြောဆိုတဲ့အတွက်

နိုဂြောဓပရိဗိုဇ်က သန္ဓာနသူကြွယ်ကို

အချင်းသန္ဓာန ရဟန်းဂေါတမဟာ နွားကန်း မကြီးနဲ့ တူတယ် နွားကန်းမဟာ သူ့ရဲ့မျက်စိက မမြင်ပဲ ကန်းနေတဲ့အတွက် ကိုယ်က တခြားအရာတွေကို ဝင်ပြီး တိုက်ခပ် မိမှာကို စိတ်ကစိုးရိမ်နေသလို ပရိသတ်နဲ့ တွေ့ကြုံရတဲ့အခါ ပရိသတ်က ဟိုမေးဒီမေး မေးတာကို မဖြေဆိုနိုင်တဲ့အတွက် ပရိသတ် ထဲသို့ ဝင်ဝံ့တဲ့သူ မဟုတ်ပဲ ရဟန်းဂေါတမ ပရိသတ်နဲ့ စကား ပြောနိုင်စွမ်း ရှိတဲ့သူမဟုတ်ဘူး

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

ရဟန်းဂေါတမဟာ အသံတိတ်ဆိတ်တဲ့လူ သူတွေနဲ့ဝေးတဲ့ ကျောင်းတွေမှာသာ မှီဝဲနေထိုင်ခြင်း ဖြစ်တယ် တကယ် လို့ ရဟန်းဂေါတမဟာ အဲဒီလို မနေပဲ ငါတို့လို ပရိသတ်တွေ ထိတွေ့နေယင် ပရိသတ်က သူတို့ မသိ နားမလည်တဲ့ ပြဿနာ တချက်ကလေး မေးလိုက်ရုံနဲ့ ရဟန်း ဂေါတမ ဟာ ဖြေ လို့ ဖြေရမှန်း သိတဲ့အတွက် တုန်လှုပ်ချောက်ချားသွားလိမ့်မယ်လို့ အပြောခံရပါတယ်

## အက္ကောသကဘာရဒွါဇပုဏ္ဏားရဲ့အဆဲခံရပုံ

တခါက

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတဲ့ တနေ့မှာ ဘာရဒွါဇဂေါတ္တ ပုဏ္ဏားဟာ မြတ်စွာဘုရား ထံမှာ ရဟန်း ပြု သွားပြီဆိုတဲ့ စကားကို ကြားလို့ ဘာရဒွါဇပုဏ္ဏားရဲ့ ညီဖြစ်တဲ့ အက္ကောသက ဘာရဒွါဇပုဏ္ဏားဟာ ရဟန်းကြီး ဂေါတမဟာ

ငါတို့ရဲ့အမျိုးကို အညွန့်ကျိုးအောင် အကျိုးစီးပွား ပျက် စီး ဆုံးရှုံးအောင် ပြုလုပ်တယ်လို့ မြင်ပြီး မြတ်စွာဘုရားအပေါ်မှာ အင်မတန်စိတ်ဆိုးတဲ့စိတ်နဲ့ မြတ်စွာဘုရားဆီကို လာရောက်ကြပြီး

မြတ်စွာဘုရားကို

အင်မတန် ရုန့်ရင်းကြမ်းတမ်းတဲ့စကားလုံးတွေနဲ့ တိုင်းထွာပြီး ဆဲဆိုပါတယ် ချုပ်ချယ်တဲ့ စကားလုံးတွေနဲ့လည်း လွှမ်းမိုးပြောဆိုပါတယ်

သံယုတ္တနိကာယ်

ဗြဟ္မဏသံယုတ်

အက္ကောသသုတ်မှ ကောက်နုတ်တင်ပြပါသည်

## ရသတဏှာအားကြီးလှပါလားလို့ အပြောခံရပုံ

တခါက

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် တနေ့မှာ မြတ်စွာဘုရားဟာ ဥဒယလို့ခေါ်တဲ့ ပုဏ္ဏားအိမ်ကို ဆွမ်းခံကြွပါတယ် ဥဒယပုဏ္ဏားဟာ မြတ်စွာဘုရားအပေါ်မှာ သဒ္ဓါတရားမရှိပေမယ့် သူ့ဘုရားရဲ့ အကဲ့အရဲ့ ခံရ

မှာကို စိုးရိမ်လို့ ဝတ်ကျေတန်းကျေ မြတ်စွာဘုရားကို ဆွမ်းလောင်းလှူလိုက်ပါတယ် နောက်တနေ့ မြတ်စွာဘုရား သူ့အိမ်ကို ဆွမ်းခံကြွလာတဲ့အခါမှာလည်း အလားတူပဲ မြတ်စွာဘုရားကို ဆွမ်းမလောင်းလှူချင်ပေမယ့် သူတပါးရဲ့ အကဲ့ရဲ့ခံရမှာကို စိုးရိမ်တဲ့အတွက် ဝတ်ကျေတန်းကျေ လောင်းလှူပါတယ်၊

မြတ်စွာဘုရားဟာ

ဥဒယပုဏ္ဏားရဲ့ သပိတ်အတွင်းသို့ ဆွမ်းအပြည့် လောင်းလှူလိုက်ပြီး မြတ်စွာဘုရား သူ့ဆီမှာ နေ့တိုင်း ဆွမ်းလာခံတာကို မနှစ်သက်တဲ့စိတ်နဲ့ ရဟန်းကြီး ဂေါတမဟာ ရသာဘဏ္ဍာအား ကြီးလှချည်လား ဆွမ်းရမှန်းသိလို့ ငါ့အိမ်ကို နေ့တိုင်း လာ လာပြီး ဆွမ်းခံနေတာပဲလို့ မခံချည့် မခံသာစေတဲ့ စကားလုံးနဲ့ ပြောလိုက်တာကို ခံရပါတယ်

သံယုတ္တနိကာယ်

ဗြဟ္မာဏသံယုတ်

ဥဒယသုတ်မှ ကောက်နုတ်တင်ပြပါသည်။

## သော်ကရေကလေးတောင် စေတနာမရှိကြပုံ

သာကီဝင်မင်းသားဘဝက ရဟန်းဝတ်လာတဲ့ ဘုန်းတော်အနန္တဂုဏ်ရှင် ကံတော်အနန္တဂုဏ်ရှင် ဉာဏ်တော်အနန္တဂုဏ်ရှင်

(ခအောင်ဗောဓိဝါဒ)

လူတွေ နတ်တွေ ဗြဟ္မာတွေနဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ မြတ်စွာဘုရားကို သောက်ရေကလေးလောက်တောင် မသထာတဲ့စိတ်ကြောင့် ပေးချင်လှူချင်တဲ့ စေတနာမရှိတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်ဆိုယင် ခင်ဗျားတို့ကျွန်တော်တို့လို လူသာမန်တွေအပေါ် စေတနာမရှိကြတဲ့သူတွေ ရှိနေကြတာဟာ ဘာဆန်းသလဲဗျာ

ဖြစ်ပုံက ဒီလိုပါ

တခါက

မြတ်စွာဘုရားဟာ နောက်ပါ ရဟန်း သံဃာတွေနဲ့ အတူ မလ္လတိုင်းအတွင်း ဒေသစာရီလှည့်လည်တော်မူစဉ်

တနေ့မှာ

မလ္လမင်းတို့ရဲ့ ထူဏ လို့ ခေါ်တဲ့ ပုဏ္ဏားရွာကို ရောက်လာကြပါတယ်

ထူဏရွာသား ပုဏ္ဏားတွေဟာ

မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတွေ သူတို့ရွာကို လာရောက်ကြပြီဆိုတဲ့ သတင်းစကားကို ကြားသိတာနဲ့ တပြိုင်တည်း ရွာသားပုဏ္ဏားတွေကို သူတို့အချင်းချင်း တနေရာမှာ စုဝေးကြပြီး

အခြင်းတို့ သာကီဝင်မင်းသားဖြစ်တဲ့ သာကီဝင်မင်းမျိုးထဲက ရဟန်းပြုလာတဲ့ ရဟန်းဂေါတမဟာ များစွာသော ရဟန်းသံဃာတွေနဲ့အတူ မလ္လတိုင်းအတွင်း ဒေသစာရီလှည့်လည်

(အောင်ပေါ်ခဲ့စာပေ)

လာကြရာ အခု ငါတို့ရဲ့ ထူဏာရွာကို ရောက်လာကြပြီဆိုတဲ့ သတင်းစကားကြားသိရတယ်

အဲဒီကတုံးနဲ့ ရဟန်းယုတ်တွေကို ဆွမ်းမပြောနဲ့ သောက်ရေဘောင် မပေးကြနဲ့ မလှူကြနဲ့ အဲဒီ ရဟန်းယုတ်တွေ သောက်ရေမရကြအောင် သောက်ရေရနိုင်တဲ့ ရေတွင်း ရေကန်တွေကို ဖွဲတွေ မြက်တွေနဲ့ ကာရံပြီး ဖုံးကွယ်ပြုလုပ်ထားကြဖို့ တိုင်ပင်ဆုံးဖြတ် ပြောကြားထားကြပါတယ်။

ထူဏာရွာသားပုဏ္ဏားတွေဟာလည်း သူတို့အချင်းချင်း စုဝေး တိုင်ပင်ဆုံးဖြတ်ထားကြတဲ့အတိုင်း မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်းသံဃာတော်တွေများကို ဆွမ်း မလောင်းလှူကြရုံမက သောက်ရေ သုံးရေတွေကိုလည်း မပေးလှူကြတဲ့အပြင် သူတို့ ရွာမှာရှိနေကြတဲ့ ရေတွင်းရေကန်တွေကို ဖွဲတွေ မြက်တွေနဲ့ ဖုံးကွယ်ထားကြပါတယ်

မြတ်စွာဘုရားဟာ

လမ်းခရီးမှာ သစ်ပင်ရင်းတပင်အောက် ဝင်ပြီး မြတ်စွာဘုရားအတွက် ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါတယ်

အခုလိုထိုင်ပြီး

မြတ်စွာဘုရားက ရှင်အာနန္ဒာကို

အာနန္ဒာ ငါဘုရား ရေသောက်ချင်တယ်၊ ငါဘုရား အတွက် သောက်ရေကို ရေတွင်း ရေကန်တွေမှာ သွားခပ်စမ်းလို့ မိန့်တော်မူပါတယ်

အခုလို မိန့်တော်မူလိုက်တဲ့အခါ

(အောက်ပေါ်ခိုစာပေ)

အရှင်အာနန္ဒာဟာ မြတ်စွာဘုရားကို

အရှင်ဘုရား ဒီအရပ်က ရွာသူရွာသား ပုဏ္ဏားတွေဟာ တပည့်တော်တို့ကို ရည်ရွယ်ပြီး ခေါင်းတုံးနဲ့ ရဟန်းယုတ်တွေကို ဆွမ်းမလေ င်းလှူကြတဲ့ သောက်ရေသုံးရေတွေကိုလည်း မပေး လှူကြနဲ့. အဲဒီအပြင် သောက်ရေရနိုင်တဲ့ ရေတွင်းရေကန်တွေ ကိုလည်း သောက်ရေ သုံးရေတွေ ခပ်လို့မရအောင် ဖွဲ့တွေ မြက်တွေနဲ့ ကာရံဖုံးကွယ်ထားကြလို့ စုဒင်းဆုံးဖြတ်ပြီး အရှင် ဘုရားအတွက် တပည့်တော် သောက်ရေမှရအောင် ပြုလုပ်ထား ကြပါတယ် ဘုရာ လို့ လျှောက်တင်ခံရပါတယ်။

ခုဒ္ဒကပါဠိတော် မြန်မာပြန်

စူဠဝဂ်

ဥဒပါနသုတ်မှ ကောက်နုတ်တင်ပြပါသည်၊

## ကဲ့ရဲ့ရှုတ်ချအပြစ်တင်ခံရပုံ

အဖြစ်က ဒီလိုပါ

မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးလို့ (၁၁) ဝါအလွန် (၁၂) ဝါအရောက်မှာ ဝေရဉ္စာပြည်သာစည်

(အောင်ဗောဓိစာပေ)

တနေ့မှာ

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း (၅၀၀) ဝေရဉ္စာပြည် အနီးမှာရှိတဲ့ တမာပင်ကြီးရဲ့အနီးကို ရောက်လာကြပြီး အဲဒီ တမာပင်ကြီးရဲ့အရိပ်အောက်မှာ သီတင်းသုံးနေတော်မူပါတယ်

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း (၅၀၀) ဝေရဉ္စာပြည် အနီးမှာရှိတဲ့ တမာပင်ကြီးရဲ့ အရိပ်အောက်မှာ သီတင်းသုံး နေကြကြောင်း သတင်းကောင်းစကား ကြားသိရတဲ့အခါ ဝေရဉ္စာပုဏ္ဏားကြီးဟာ သူ့ရဲ့တပည့်တွေကို ခေါ်ယူပြီး

အချင်းတို့ သာကီဝင်မင်းမျိုးထဲက ရဟန်းပြုလာတဲ့ သာကီ ဝင်မင်းသား ရဟန်းဂေါတမဟာ နောက်ပါရဟန်း (၅၀၀) နဲ့အတူ ငါတို့ရဲ့ ဒီဝေရဉ္စာပြည်အနီးမှာ ရှိတဲ့ နဠေရုဘီးလူး စိုး စံတဲ့ တမာပင်ကြီးရဲ့ အရိပ်အောက်မှာ သီတင်းသုံး နေထိုင်နေ ကြတယ်လို့ သတင်းကြားသိရတယ်

အဲဒီရဟန်းဂေါတမဟာ

ကောင်းတဲ့ဂုဏ်နဲ့ ကျော်စောတဲ့ သတင်းဟာ အင်မတန် ကြီး မားနေတယ်

အချင်းတို့

အဲဒီရဟန်းဂေါတမဟာ

၁။ ပူဇော်အထူးကို ခံထိုက်လို့အရဟံ ဂုဏ်နဲ့ ပြည့်စုံတယ်

၂။ အလုံးစုံသော တရားအပေါင်းကို ကိုယ်တိုင်မှန်ကန် စွာသိလို့ သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ ပြည့်စုံတယ်

(အောင်ဗောဓိစာပေ)

၃။ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနဲ့ပြည့်စုံလို့ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်နဲ့ ပြည့်စုံတယ်
၄။ ကောင်းတဲ့ စကားကိုပြောဆိုတတ်လို့ သုဂတဂုဏ်နဲ့ ပြည့်စုံတယ်
၅။ လောကသုံးပါးကို ပိုင်းခြားသိမြင်လို့ လောကဝိဒူ ဂုဏ်နဲ့ ပြည့်စုံတယ်
၆။ ဆုံးမထိုက်တဲ့သူကို ဆုံးမတော်မူတဲ့ ဖာတုမဲ့ လွန်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတယ်
၇။ နတ်လူတို့ရဲ့ဆရာဖြစ်လို့ သတ္ထာဒေဝမနုဿနဂုဏ် နဲ့ ပြည့်စုံတယ်
၈။ သစ္စာလေးပါးတရားကို ကိုယ်တိုင်သိပြီး သူတပါးကို သိစေတော်မူလို့ ဗုဒ္ဓဂုဏ် နဲ့ ပြည့်စုံတယ်
၉။ ဘုန်းတော်ခြောက်စုံ ကျေးဇူး ဂုဏ်နဲ့ ပြည့်စုံ လို့ ဘဂဝါဂုဏ်နဲ့ ပြည့်စုံတယ်လို့ ကြားသိရတယ်

အဲဒီရဟန်းဂေါတမဟာ
နတ်လောက ဗြဟ္မာလောက ရဟန်းပုဏ္ဏားတွေလောကနဲ့ လူ့လောကကို ကိုယ်တိုင် ထူးတဲ့ဉာဏ်နဲ့ သိပြီး မျက်မှောက်ပြုလျက် တရားဟောကြားတော်မူတယ်လို့ ကြားသိရတယ်

အဲဒီရဟန်းဂေါတမ ဟောကြားပြတဲ့ တရားအားလုံးဟာ
အစရဲ့ကောင်းခြင်း
အလယ်ရဲ့ကောင်းခြင်း

(အောင်ဗောဓိစာပေ)

အဆုံးရဲ့ကောင်းခြင်း စတဲ့ ကောင်းခြင်းသုံးပါး ကောင်းတဲ့ဂုဏ်အင်္ဂါရပ်တွေနဲ့ ပြည့်စုံပြီး အနက်သဒ္ဒါနဲ့လည်း ပြည့် စုံတယ် အံ့ဖွယ် မြတ်စွာဘုရား ဟောကြား ပြတဲ့ တရား အား လုံးဟာ စင်ကြယ်ပြီး မြတ်တဲ့အကျင့်ကို ပြတော်မူတယ်

အခုလို သဘောရှိတဲ့ ပုဂ္ဂိုလ် ကို ဖူးမြော်ရခြင်းဟာ ကောင်းမြတ်တဲ့ အခွင့်အရေးနဲ့ တွေ့ကြုံခံစားရခြင်းဖြစ်တယ်လို့ သတင်းစကားကို ပြောကြားပါတယ်

ဝေရဉ္ဇပုဏ္ဏားကြီးဟာ

အခုလိုပြောကြားပြီး

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း(၅၀၀) သီတင်းသုံး နေတဲ့ တမာပင်ကြီးဆီသို့ သွားရောက်ပြီး မြတ်စွာဘုရားကို ဝမ်းမြောက်ဝမ်းသာတဲ့ စကားနဲ့ ခရီးဦးကြို ပြောကြားပါတယ်

ဝေရဉ္ဇပုဏ္ဏားကြီးဟာ

မြတ်စွာဘုရားကို ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားတွေနဲ့ ခရီးဦးကြို ပြောကြားပြီးတဲ့အခါ

သူ့အနေနဲ့ မနေအပ်တဲ့

မြတ်စွာဘုရားရဲ့အရှေ့တည့်တည့်အရပ်
မြတ်စွာဘုရားရဲ့အနောက်တည့်တည့်အရပ်
မြတ်စွာဘုရားနဲ့ဝေးလွန်းတဲ့အရပ်
မြတ်စွာဘုရားနဲ့နီးလွန်းတဲ့အရပ်
မြတ်စွာဘုရား သီတင်းသုံးနေတဲ့ နေရာထက် မြင့်တဲ့အရပ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရား သီတင်းသုံးနေတဲ့အရပ်ရဲ့ လေညာအရပ် စတဲ့ သူ့အနေနဲ့ အပြစ်ကင်းလွတ်တဲ့ အရပ် ခြောက်ပါးကနေ ပြီး

ဝေရဉ္စာပုဏ္ဏားကြီးက မြတ်စွာဘုရားကို

အရှင်ဂေါတမ

ရဟန်းဂေါတမဟာ အသက်အရွယ် ကြီးကုန်ကြပြီးဖြစ်ကြ တဲ့ အိုမင်းကုန်ပြီဖြစ်ကြတဲ့ မလုပ်နိုင် မကိုင်နိုင်တော့ပြီ ဖြစ်ကြ တဲ့ အတိတ်က ဖြစ်ရပ် အခြေအနေ အရပ်ရပ်ကို သိမြင် တွေ့ ကြုံခံစားဖူးကြတဲ့ အရွယ်ရဲ့ အဆုံးသို့ ရောက်ကုန်ကြပြီဖြစ်ကြ တဲ့ ပုဏ္ဏားတွေကို

ရှိလည်းမခိုးဘူး

ခရီးဦးလည်း မကြိုဆိုဘူး

ထိုင်စရာနေရာ ပေးခြင်းအားဖြင့်လည်း မဖိတ်ကြားဘူးဆို တဲ့ အင်မတန်မှ မကောင်းတဲ့သတင်းစကား ကြားခဲ့ရဖူးတယ်

အရှင်ဂေါတမ

ကျွန်ုပ်ကြားဖူးခဲ့တဲ့အတိုင်း အခုမှန်နေပါလား

အရှင်ဂေါတမ

အရှင်ဂေါတမဟာ အရွယ်လည်းအို အသက်လည်းကြီး အ ဆုံးအရွယ်သို့ ရောက်ကြပြီးဖြစ်တဲ့ ပုဏ္ဏားတွေကိုလည်း မရှိခိုးဘူး ခရီးဦးလည်း မကြိုဆိုဘူး ထိုင်ရန် နေရာပေးခြင်း အား ဖြင့် လည်း မဖိတ်ကြားဘူး

(အောင်ဗေဒမိစာပေ)

အရှင်ဂေါတမ

အခုလို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်း အားဖြင့် ဖိတ်ကြားခြင်း တွေ့ အမှုကို ပြုလုပ်ခြင်းဟာ လုံးဝမသင့်လျော်ဘူးလို့ မြတ်စွာဘုရားအပေါ်မှာ သူ အလိုမကျတဲ့ အပြုအမူတွေနဲ့ ပတ်သက်ပြီး ကွဲရှုတ်ချတဲ့စကား ပြောကြားပါတယ်

ပုဏ္ဏားကြီးရဲ့ စကားကို ကြားတဲ့အခါ

မြတ်စွာဘုရားက

ကိုယ့်ကိုကိုယ် မြှောက်ပင့်ခြင်းဆိုတဲ့ ဒေါသစိတ် သူတပါးကို နှိမ့်ချခြင်းဆိုတဲ့ ဒေါသစိတ်တွေ ဒေါသနှင့်မျိုးထဲက ဘယ်တမျိုးမှ ကိုယ်မှာမဖြစ်စေပါစေပဲ ပုဏ္ဏားကြီးအပေါ်မှာ မဟာကရုဏာစိတ် ထားပြီး အစွဲမရှိတဲ့စိတ် အေးချမ်းတဲ့ အနေအထား မှန်ကန်တဲ့ စေတနာနဲ့ ပုဏ္ဏားရဲ့ မသိခြင်းကို ပယ်ဖျောက်ပြီး ပုဏ္ဏားကြီးနဲ့ သင့်လျော်တဲ့တရားကို ပြပေးချင်လို့

ဝေရဉ္စာပုဏ္ဏားကြီးကို

ပုဏ္ဏားနတ်တွေ မာရ်တွေ ဗြဟ္မာတွေ အပါအဝင် ဒီသြကာသလောကကြီးထဲမှာရော ရဟန်း ပုဏ္ဏားတွေ အပါအဝင် ရှင်ဘုရင်တွေ သဌေး သူကြွယ်တွေနဲ့ ပြည်သူတွေ ပါဝင်ကြတဲ့ သတ္တလောကကြီးထဲမှာပါ

ငါဘုရားရဲ့အရှိခိုးခံထိုက်တဲ့သူ
ငါဘုရားရဲ့ခရီးဦးကြိုခံထိုက်တဲ့သူ

(အောင်ဗောဓိစာပေ)

ငါဘုရားက နေရာပေးခြင်းဖြင့် အဖိဘ်ခံထိုက်တဲ့ သူ တဦးတယောက်ကိုမှ ငါ မမြင်ဘူး

ပုဏ္ဏား အမှတ်မထင် အကြောင်းသူကို ငါဘုရားက ရှိခိုးလိုက်မယ်ဆိုယင် ဖြစ်စေ ခရီးဦးကြို လိုက်မယ်ဆိုယင် ဖြစ်စေ နေရာပေးခြင်းအားဖြင့် ဖိတ်လိုက်မယ်ဆိုယင်ဖြစ်စေ အဲဒီသူ့ရဲ့ဦးခေါင်းဟာ မြေသို့ကျရလိမ့်မယ်လို့ မိန့်တော်မူပါတယ်

အခုလို မြတ်စွာဘုရားက မိန့်ကြားလိုက်တဲ့အခါ

ဝေရဉ္စာပုဏ္ဏားကြီးဟာ အသိဉာဏ်ပညာမရှိတဲ့ သူ ဖြစ်လို့ မြတ်စွာဘုရားဟာ လောကမှာ အကြီးဆုံးပုဂ္ဂိုလ် အမြတ် ဆုံး ပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာကို မရိပ်မိလို့ မြတ်စွာဘုရားဟာ လောကမှာ အကြီးဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဆိုတာကို မသိတဲ့အတွက်၊ မြတ်စွာဘုရားရဲ့ အခုလို အမှန်အတိုင်း မိန့်ကြားတဲ့စကား တွေကို ကြားလိုက်ရတဲ့အခါ ဘယ်လိုကြီးလဲ တအံ့တဩ ဖြစ်သွားပြီး စိတ်ထဲကလည်း အလွန်မခံမရပ် ဖြစ်သွားတဲ့အတွက်

ပုဏ္ဏားကြီးက မြတ်စွာဘုရားကို

(၁) အရှင်ဂေါတမဟာ အရသာကင်းတဲ့သဘောရှိတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပါတယ်

ပုဏ္ဏားကြီးရဲ့ စကား ရည်ရွယ်ချက်က ဒီသို့ပါ

လောကမှာ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းတွေဟာ တဦးနဲ့တဦး ညီညွတ်အောင် ပြုလုပ်တဲ့ ကိုယ်အမူအရာတွေ ဖြစ်တယ် ကောင်းတဲ့ အပြု အမူ

(အောင်ဗောဓိစာပေ)

တွေဖြစ်တယ် အရှင်ဂေါတမမှာ အခုလို ကောင်းတဲ့ အပြုအမူ လုံးဝမရှိဘူး အဲဒါကြောင့် အရှင်ဂေါတမဟာ အရသာကင်း တဲ့ သဘောရှိတဲ့သူ ဖြစ်တယ် ကောင်းတဲ့ အပြုအမူ လုံးဝမရှိတဲ့ သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

(၂) ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဆက်ပြီး
အရှင်ဂေါတမဟာ အသုံးမရှိတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပါတယ်
ပုဏ္ဏားကြီးရဲ့ စကားရည်ရွယ်ချက်က ဒီလိုပါ

အသက်ကြီးတဲ့ သူတွေကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း အားဖြင့် ဖိတ်ကြားခြင်းစတဲ့ လောကမှာ တဦး နဲ့တဦး ညီညွတ်အောင် ပြုမူတာဖြစ်လို့ မြတ်စွာဘုရားကို အ ရှင်ဂေါတမဟာ အသုံးမရှိတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

အခုလို စွပ်စွဲပြောဆိုပြီးနောက်
ပုဏ္ဏားကြီးက မြတ်စွာဘုရားကို အခုလောက် စွပ်စွဲပြောဆို လိုက်ရုံနဲ့ စိတ်က မကျေနပ်သေးတဲ့ အတွက်

(၃) ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဆက်ပြီး
အရှင်ဂေါတမဟာ မပြုထိုက်တဲ့ အယူအကျင့်ရှိတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြန်ပါတယ်
ပုဏ္ဏားရဲ့စကား ရည်ရွယ်ချက်က ဒီလိုပါ

(အောင်ဗောဓိစာပေ)

လူအများဟာ ကိုယ့်ထက် အသက်ကြီးတဲ့ သူတွေကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်း အစရှိတဲ့ ကောင်းတဲ့စာရိတ္တ အမျိုးကောင်းတို့ရဲ့ အမူအကျင့်ကို ပြုကျင့်ကြပါတယ် အခုလို ကောင်းတဲ့ စာရိတ္တ ကောင်းတဲ့ အမူအကျင့်ကို မြတ်စွာဘုရားက မပြုကျင့်လို့ မြတ်စွာဘုရားကို အရှင်ဂေါတမဟာ မပြုထိုက်တဲ့အယူ အကျင့်ရှိတဲ့သူဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

အခုလိုစွပ်စွဲပြောဆိုလိုက်ရပေမယ့်လည်း

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားအပေါ်မှာ အခုလောက် စွပ်စွဲပြောဆိုလိုက်ရရုံနဲ့ စိတ်က မကျေနပ်နိုင်သေးတဲ့အတွက်

ပုဏ္ဏားကြီးက မြတ်စွာဘုရားကိုဆက်ပြီး

(၄) အရှင်ဂေါတမဟာ မြတ်အပ်တဲ့အယူဥစ္ဆေဒဝါဒ ရှိတဲ့ သူ ဖြစ်တယ်လို့ စွပ်စွဲပြန်ပါတယ်

ပုဏ္ဏားကြီးရဲ့စကားရည်ရွယ်ချက်က ဒီလိုပါ

မြတ်စွာဘုရားဟာ အသက်ကြီးတဲ့သူတွေ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်းစတဲ့ ပြုမှုကို မမြင်လို့ ဒီရဟန်းဂေါတမကို အကြောင်းပြုပြီး ရှိခိုးခြင်းခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်း အစရှိတဲ့ ဒီလောကရဲ့ အစဉ်အလာ ဓမ္မတာ စာရိတ္တကြီး ပြတ်တောက်သွားပြီလို့ မှတ်ယူပြီး မြတ်စွာဘုရားကို ဥစ္ဆေဒဝါဒ ရှိတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

(အောင်ဗောဓိစာပေ)

အခုလို စွပ်စွဲပြောဆိုပြီး လိုက်ရပေမယ့် ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကို အခုလောက်စွပ်စွဲ ပြောဆိုလိုက်ရရုံနဲ့ စိတ်က မကျေနပ်သေးတဲ့အတွက်

(၅) ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဆက်ပြီး အရှင်ဂေါတမဟာ စက်ဆုတ်ခြင်း သဘောရှိတဲ့ သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုပြန်ပါတယ်

ပုဏ္ဏားကြီးရဲ့ စကားရည်ရွယ်ချက်က ဒီလိုပါ

မြတ်စွာဘုရားဟာ အသက်ကြီးတဲ့သူကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်းစတဲ့ ကောင်းတဲ့ စာရိတ္တကို စက်ဆုတ်သို့သော မပြုခြင်း ဖြစ်တယ်လို့ မှတ်ထင်ပြီး အရှင်ဂေါတမဟာ စက်ဆုတ်ခြင်း သဘောရှိတဲ့ သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

အခုလို စွပ်စွဲပြောဆိုလိုက်ရပေမယ့်

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားအပေါ်မှာ အခုလောက် စွပ်စွဲပြောဆိုလိုက်ရရုံနဲ့ စိတ်ထဲက အားမရသေးတဲ့ အတွက်

(၆) ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကိုဆက်ပြီး အရှင်ဂေါတမဟာ ဖျက်ဆီးတတ်တဲ့ အဖျက်သမားကြီးဖြစ်တယ်လို့ စွပ်စွဲပြန်ပါတယ်

ပုဏ္ဏားကြီးရဲ့စကားရည်ရွယ်ချက်က ဒီလိုပါ

မြတ်စွာဘုရားဆိုက အသက်ကြီးတဲ့သူတွေကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်း စတဲ့

အပြုကိုမမြင်ပြီ ဒီရဟန်းဂေါတမဟာ လောကမှာ အကြီးမြတ်ဆုံးဖြစ်တဲ့ ကောင်းမှုကိုဖျက်ဆီးတဲ့ အဖျက်သမားကြီးဖြစ်တယ်လို့ မှတ်ယူပြီး မြတ်စွာဘုရားကို ဖျက်ဆီးတတ်တဲ့ အဖျက်သမားကြီး ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

အခုလိုစွပ်စွဲလိုက်ရပေမယ့်

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားအပေါ်မှာ အခုလောက် စွပ်စွဲရတာကိုတောင်အား မရသေးတဲ့အတွက်

(၇) ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဆက်ပြီး အရှင်ဂေါတမဟာ ပူပန်စေတတ်တဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုပြန်ပါတယ်

ပုဏ္ဏားကြီးရဲ့ စကားရည်ရွယ်ချက်က ဒီလိုပါ

ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်းစတဲ့ အရိုအသေပြုမှုကို ပြုလုပ်တဲ့သူတွေဟာ အသက်ကြီးတဲ့သူတွေကို နှစ်သက် ရွှင်လန်း ဝမ်းမြောက် စေ ပါတယ် မပြုလုပ်တဲ့သူတွေဟာ အသက်ကြီးတဲ့ သူတွေကို စိတ်နှလုံး ပူပန်စေပါတယ် မြတ်စွာဘုရားဟာ ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်းစတဲ့ အရိုအသေမှုကို ပြုတော်မမူဘူး အဲဒါကြောင့် ဒီရဟန်းဂေါတမဟာ အသက်ကြီးတဲ့သူတွေကို ပူပန်စေတတ်တဲ့သူ ဖြစ်တယ်လို့ မှတ်ယူပြီး၊ မြတ်စွာဘုရားဟာ အသက်ကြီးတဲ့သူတွေကို စိတ်နှလုံး ပူပန်စေတတ်တဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

(အောင်မောခိစာပေ)

အခုလောက် စွပ်စွဲပြောဆိုလိုက်ရတာတောင် ပုဏ္ဏားကြီး ရဲ့ စိတ်က မကျေနပ်သေးတဲ့အတွက်

(ဂ) ပုဏ္ဏားကြီးက မြတ်စွာဘုရားကိုဆက်ပြီး
အရှင်ဂေါတမဟာ နတ်ရွာ ပဋိသန္ဓေမှ ကင်းတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုပြန်ပါတယ်

ပုဏ္ဏားကြီးရဲ့ စကားရည်ရွယ်ချက်က ဒီလိုပါ

အသက်ကြီးတဲ့သူတွေကို ရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း နေရာပေးခြင်း၊အားဖြင့် ဖိတ်ကြားခြင်း အစရှိတဲ့ အရိုအသေပြုမှုဟာ နတ်ပြည်လောကသို့ ပဋိသန္ဓေကို ရနိုင်တဲ့ ကောင်းမှုဖြစ်တယ်လို့ ယုံကြည်စွဲမှတ်ပြီး မြတ်စွာဘုရားမှာ အခုလို အသက်ကြီးတဲ့သူတွေကို ရှိခိုး ခြင်း ခရီးကြိုဆိုခြင်း နေရာပေးခြင်းအားဖြင့် ဖိတ်ကြားခြင်း အစရှိတဲ့ အရိုအသေပြု မှု မရှိတာ ကိုယ်တွေ့ဖြစ်လို့ မြတ်စွာဘုရားကို နတ်ရွာပဋိသန္ဓေမှ ကင်းတဲ့သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်း ဖြစ်ပါတယ်

ပုဏ္ဏားကြီးရဲ့စကား ရည်ရွယ်ချက်ကဒီလိုပါ

မြတ်စွာဘုရားဟာ နတ်ရွာပဋိသန္ဓေမှ ကင်းသူဖြစ်ပြီး အနာဂတ်ဘဝမှာ လူ့ပြည်လောကမှာ စက်ဆုတ်ဖွယ်သော အမိဝမ်းခေါင်း ကိန်းအောင်းရမယ့်သူ ဖြစ်တယ်လို့ စွပ်စွဲပြောဆိုခြင်းဖြစ်ပါတယ်

ကျွန်တော်စောစောကတင်ပြခဲ့သလို

မသိနိုင်တာ ဘာမှမရှိတဲ့ သဗ္ဗညုတဉာဏ်ကိုရရှိတဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့

(အောင်ဗောဓိစာပေ)

ဘုရားဖြစ်ချင်လွန်းလို့ ဒါနပါရမီ သီလပါရမီ နေက္ခမပါရမီ၊ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန ပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ စတဲ့ ပါရမီ(၁၀)ပါးကို လေးသင်္ချေနဲ့ ကမ္ဘာတသိန်း တိုင် အချိန်ကြာအောင် မကျိုး မပေါက် အပျောက်မကြားအောင် ဖြည့်ဆည်းနိုင်ခဲ့လို့။

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားကိုတောင် ဝေရဉ္ဇ ပုဏ္ဏားကြီး က အခုလို အရသာကင်းမဲ့ခြင်း အစရှိတဲ့ ဆဲရေးခြင်း ရှစ်မျိုးနဲ့ မြတ်စွာဘုရားကို ကဲ့ရဲ့ ရှုတ်ချပြီး စွပ်စွဲ ဆဲဆိုဘာကို ခံရသေးယင် ကျွန်တော်တို့ ခင်ဗျားတို့ အခုလို အပြောခံရတာ ဟာ ဘာဆန်းလို့လဲ လောကသားတွေဖြစ်ကြတဲ့ ကျွန်တော်တို့ ခင်ဗျားကိုဟာ လောကရဲ့ဓံကိုရှောင်လို့ ဘယ်ရလဲ ခံရမှာပေါ့ဗျာ

## စိဉ္စမာဏာရဲ့ သိက္ခာအချခံရပုံ

လူတွေမှာ ကာလဝိပ္ပတ္တိ ကာလသမ္ပတ္တိရယ်လို့ ကိုယ့်အနေနဲ့ ကြံစည်တိုင်း ပြောဆိုတိုင်း လုပ်တိုင်း ကိုင်တိုင်း အောင်မြင်တဲ့ အခါကာလတွေလည်း ရှိတယ်၊ မအောင်မြင်တဲ့အခါကာလတွေ လည်း ရှိတယ်။

(အောင်ဗောဓိဘာပေ)

လူတိုင်းလိုလိုဟာ ကိုယ်ကြံစည်တိုင်း ပြောတိုင်းဆိုတိုင်း လုပ်တိုင်း ကိုင်တိုင်း ဆောင်ရွက်တိုင်း အောင်မြင်တဲ့ကျေနပ်မှုတွေ စိတ်ချမ်းသာမှုတွေနဲ့ တွေ့ကြုံကြရပါတယ်၊ စိတ်မကျေနပ်စရာ စိတ်မချမ်းသာစရာတွေနဲ့ မတွေ့ကြုံရကြပါဘူး၊ ကိုယ်ကြံစည်တိုင်း ကိုယ်ပြောတိုင်း ဆိုတိုင်း ကိုယ်လုပ်ကိုင် ဆောင်ရွက်တိုင်း ကိုယ့်အပေါ် မယုံကြည်မှုတွေနဲ့ သံသယဖြစ်ခံရတဲ့အခါတွေ ကိုယ်ကြံစည် ပြောဆို ပြုလုပ်တိုင်း မအောင်မြင်မှုတွေနဲ့ တွေ့ကြုံကြရတဲ့ အခါမျိုးဘွေမှာ စိတ်မကျေနပ်စရာတွေ စိတ်မချမ်းသာစရာတွေနဲ့ တွေ့ကြုံ ခံစားကြရတတ်ပါတယ်။

အဲဒီလို အချိန်အခါမျိုးတွေမှာ အထိုက်အလျောက်ကောင်းတဲ့ အခြေအနေ ပံ့ပိုးပေးမှုတွေနဲ့ တွေ့ကြုံကြရယင် တော်ပါသေးရဲ့ အချိန်ကာလအားဖြင့် လည်းကောင်း၊ အခြေအနေပေးမှုအားဖြင့်လည်းကောင်း ကိုယ့်ဘက်မှာလည်း ကိုယ့်အပေါ် ကျရောက်လာတဲ့ တိုက်ခိုက်မှုကို ကာကွယ်ပေးနိုင်တဲ့ အင်အားမရှိတဲ့အခါမျိုးတွေမှာ တဘက်က ကိုယ့်အပေါ် မထောက်ထားမညှာတာနိုင်လောက်တဲ့အထိ ပြင်းထန်တဲ့စိတ်ဓာတ်နဲ့ တိုက်ခိုက်လာတဲ့ တိုက်ခိုက်မှုမျိုးကို ခံရတတ်ပါတယ်။

ဒီအဖြစ်မျိုးတွေဟာ

ကျွန်ဘော်တို့ ခင်ဗျားတို့လို သာမန်လူတွေလောက်ကိုတော့ မပြောနဲ့ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေရဲ့ ပူဇော်အထူးကိုခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားတောင် မလွတ်ကင်းပါဘူး။

(အောင်ဗောခိစာပေ)

အခုလို အဖြစ်မျိုးတွေနဲ့ မြတ်စွာဘုရား တွေ့ကြုံခဲ့ရဖူးပါတယ် တွေ့ကြုံခဲ့ရပုံက ဒီလိုပါ

တခါက

မြတ်စွာဘုရားဟာ သက်ဿမြို့ကနေ သာဝတ္ထိပြည်အရပ်ကို ခရီးဒေသစာရီ ကြွချီတော်မူလာပြီး သာဝတ္ထိပြည် အနီးမှာ ရှိတဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။

တနေ့မှာ

မြတ်စွာဘုရားဟာ မင်း ပုဏ္ဏား သူဌေး သူကြွယ်နဲ့ တောင်သူ လယ်သမား လက်လုပ်လက်စား အလုပ်သမား ပရိသက်ကို တရားဟောပြနေစဉ်

စိဥ္စမာဏဝိကာလို့ ခေါ်တဲ့ မိန်းမတယောက်ဟာ မြတ်စွာ ဘုရားအပေါ် အမြင်မှားနိုင်တဲ့စကား အထင်သေးစေနိုင်တဲ့ စကား မြတ်စွာဘုရားအပေါ် သံသယဖြစ်စေနိုင်တဲ့ စကား တွေ မြတ်စွာဘုရားအနေနဲ့ မပြုလုပ်အပ်တဲ့အရာတွေကို တိတ် တဆိတ်ပြုလုပ်ပြီး ရှောင်လွှဲနေတတ်တဲ့ စကားရပ်တွေနဲ့ လာ ရောက် စွပ်စွဲပြောဆိုတဲ့ အမှုကြီးတခု ဖြစ်ပေါ်လာပါတယ်။

## အမှုဖြစ်ပေါ်လာပုံက ဒီလိုပါ

မြတ်စွာဘုရား ဘုရားဖြစ်ပြီလို့ ဝါတော် (၂၀) သောက် ရလာတဲ့အခါ မြတ်စွာဘုရားအပေါ် ယုံကြည် အားထား-

(အောင်ဗောဓိစာပေ)

အားကိုးပြီး တပည့်ခံလာကြတဲ့ တပည့်သာဝကတွေဟာ တနေ့ထက်တနေ့ များလာပါတယ်၊ မြတ်စွာဘုရား မပွင့်လာမီက တိတ္ထိလို့ ခေါ်ခဲ့ကြတဲ့ ဘာသာရေးဂိုဏ်းဆရာကြီးတွေရဲ့ အရှိန်အဝါဟာ အင်မတန် ကြီးမားကြပါတယ်၊ မြတ်စွာဘုရားပွင့်လာပြီးဆို တပည့်က မြတ်စွာဘုရားရဲ့ အရှိန်အဝါဟာ တနေ့တခြား ကြီးမားလာသလောက်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ နေဝန်းကြီး ထွန်းတောက်လာတဲ့အခါ ပိုးစုန်းကြူးတွေရဲ့ အလင်းရောင်ဟာ အရာမရောက်သွားကြသလို တန်ခိုး အရှိန်အဝါတွေ လျော့နည်းမှေးမှိန်လာကြလို့ သူတို့ကိုလာဘ်ပူဇော်သက္ကာရများလည်း တနေ့တခြား လျော့နည်း ခေါင်းပါး လာကြပါတယ်။

တိတ္ထိတွေဟာ သူတို့အတွက် လာဘ်ပူဇော် သက္ကာရများ ရလိုရငြား ဖြစ်ပွားပေါ်ပေါက်အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လမ်းခရီးအကြား လမ်းဆုံလမ်းခွ လမ်းထိပ်အသီးသီးမှာရပ်ကြပြီး ခရီးသွားလာ လုပ်သားပြည်သူတွေကို
ပြည်သူပြည်သား အပေါင်းတို့
ဒါယကာ ဒါယိကာမတို့

ရဟန်းဂေါတမဟာ ဘုရားလား ငါတို့ရော ဘုရား မဟုတ်ကြဘူးလား၊ ရဟန်းဂေါတမကို လှူကြမှ အကျိုးကျေးဇူးရှိကြမှာလား၊ ငါတို့ကို ပေးလှူကြယင်ရော အကျိုးကျေးဇူး မများနိုင်ဘူးလား

ရဟန်းဂေါတမကိုချည်း မပေးလှူကြပါနဲ့ ငါတို့ကိုလည်း ပေးလှူကြပါဦး၊ ငါတို့အပေါ်မှာကောင်းမှု

(အောင်မောင်စာပေ)

ကုသိုလ်ပြုကြပါဦးလို့ တောင်းခံဘဲ့စကား ပြောကြား ကြပေမယ့် ပြည်သူပြည်သားတွေဆီက သက်နိုး ဆွမ်း ကျောင်း ဆေး စတဲ့ ပစ္စည်းလေးပါး လာဘ်ပူဇော် သက္ကာရတွေ လုံလောက်အောင် မရရှိကြပါဘူး

အဲဒါကြောင့်

လူတွေရဲ့ ဆိတ်ကွယ်ရာ အရပ်တွေမှာ သူတို့အချင်းချင်း စုဝေးတွေ့ဆုံကြပြီး ငါတို့ ဘယ်လိုလုပ်ကြမလဲ ပြည်သူပြည်သား တွေဟာ

ရဟန်းဂေါတမကို မလေးစားအောင်ဘယ်လိုလုပ်ကြမလဲ ရဟန်းဂေါတမကိုမကြည်ညိုအောင် ဘယ်လိုလုပ်ကြမယ် ရဟန်းဂေါတမရဲ့ သိက္ခာကျအောင် ဘယ်လိုလုပ်ကြမယ် ရဟန်းဂေါတမကို ဆွမ်း သင်္ကန်း ကျောင်း ဆေး စတဲ့ ပစ္စည်း(၄)ပါး မလှူကြအောင် ဘယ်လိုလုပ်ကြမလဲနဲ့ ရဟန်းဂေါတမအပေါ်အကျိုးမဲ့အောင်နဲ့ လာဘ်တွေ မရအောင် ဘယ်လိုပုံလုပ်ကြမလဲလို့ တိုင်ပင် ဆွေးနွေးကြပါတယ်

အဲဒီအချိန်တုန်းက

သာဝတ္ထိပြည်မှာ စိဥ္စမာနဝိကာလို့ ခေါ်ကြတဲ့ ပရိဗိုဇ်မ တယောက် ရှိပါသယ်၊ သူဟာ နတ်သမီးဘမျှ အင်မတန်မြတ် တဲ့ အဆင်းကိုဆောင်ပြီး လှပခြင်း ပြည့်ဖြိုးခြင်း ရှုချင်စဖွယ် ဖြစ်ခြင်း စတဲ့ တင့်တယ်ခြင်းဆိုတဲ့ ကြက်သရေ မင်္ဂလာနဲ့

(အောင်ဗောဓိစာပေ)

ပြည့်စုံတဲ့သူတဦး ဖြစ်ပါတယ်၊ သူမရဲ့ကိုယ်က အရောင်တွေ လည်း တဖျတ်ဖျတ်ထွက်ပေါ် ကွန့်မြူးပါတယ်။

တိတ္ထိတွေအချင်းချင်း စုဝေးဆွေးနွေးတိုင်ပင်ကြတဲ့အထဲမှာ အလွန် အကြံရက်စက်လွန်းလှတဲ့ အလွန် ညစ်ညမ်းတဲ့ အမှုကို ပြုလုပ်ဖို့ကြံစည်လေ့ရှိတဲ့ အင်မတန်ကြမ်းကြုတ်လွန်းတဲ့ အကြံ အစည်ရှိတဲ့ တိတ္ထိတဦး ပါလာ ပါတယ်

အဲဒီတိတ္ထိက

အစည်းအဝေးမှာ

စိဉ္စမာနဝိကာပရိဗိုဇ်မရဲ့ အကူအညီနဲ့ ရဟန်းဂေါတမကို သူ့ရဲ့ပရိသတ်က အကြည်အညိုပျက်အောင် ရဟန်းဂေါတမ ရရှိနေတဲ့လာဘ်တွေ လျော့နည်းဆုတ်ယုတ်သွားအောင် ကြံစည် ကြပါလို့ အကြံပေးတင်ပြတဲ့စကား ပြောပါတယ်

ဒီစကားကို ပြောတဲ့အခါ

ကျန်တဲ့ တိတ္ထိအားလုံးက အဲဒီ နည်းလမ်းဟာ ရဟန်း ဂေါတမအဖို့ အကြည်အညို ပျက်စေရုံမကဘူး လာဘ်လာဘ တွေပါ တပါတည်း လျော့နည်းဆုတ်ယုတ် ပျက်ပြားသွားစေနိုင် တဲ့ နည်းလမ်းကောင်းဖြစ်တယ်လို့ တညီတညွတ်တည်း သဘော တူ လက်ခံကြပါတယ်။

တိတ္ထိတွေစုဝေးတိုင်ပင်ပြီးလို့မကြာမီဘနေ့မှာစိဉ္စမာနဝိကာ ပရိဗိုဇ်မဟာ တိတ္ထိတွေရဲ့ ကျောင်းသို့ သွားရောက်ပြီး ရှိခိုးဝတ်ပြုတဲ့အခါ တိတ္ထိတွေက စကားမပြောပဲ နေကြပါ

(အောင်ဗောဓိစာပေ)

တယ်၊ ဒီအခါ စိဥ္စမာနဝိကာမဟာ သူ့ကိုယ်သူ ငါ့မှာ ဘယ်လိုအပြစ်များ ရှိနေလို့ပါလိမ့်လို့ အောက်မေ့ပြီး

အရှင်ကောင်းတို့

အရှင်တို့ကို ရိုသေမြတ်နိုး ရှိခိုးပါတယ်လို့ သုံးကြိမ်တိုင် အောင်ပြောဆိုပြီး

အရှင်ကောင်းတို့

တပည့်တော်မမှာ ဘယ်လိုအပြစ်တွေရှိနေလို့ အခု စကား မပြောကြပဲ နေကြပါသလဲလို့ တိုက်ရိုက် မေးပါတယ်

စိဥ္စမာနက မေးလိုက်တဲ့အခါ

တိတ္ထိတွေက စိဥ္စမာနကို

ငါတို့အဖို့ လာဘ်လာဘခေါင်းပါးအောင် ရဟန်းဂေါတမ ဟာ အရပ်ဟာကသို့ လှည့်လည်သွားသာ ပြောဆိုပြုလုပ်နေတာ ကို သင် မသိဘူးလားလို့ အပြစ်တင်တဲ့စကားပြောကြပါတယ်

စိဥ္စမာနဝိကာဟာ

သူမရဲ့ဆရာ တိတ္ထိရဲ့ပြောစကားကို ကြားတဲ့အခါ အရှင် ကောင်းတို့အဲဒီအကြောင်းတွေကို တပည့်မ မသိတာအမှန်ပါ၊ အဲဒီကိစ္စမှာ တပည့်တော်မက ဘယ်လိုပါဝင်ပြီး ကူညီပြုလုပ် ရွက်ဆောင်ပေးရမလဲလို့ မေးပါတယ်

အခုလိုမေးတဲ့အခါ

တိတ္ထိတွေက စိဥ္စမာနကို

နှမ စိဥ္စမာန

သင်ဟာ ငါတို့ရဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရေးအတွက်

လာဘ်ပေါများတာကို အလိုရှိတယ်ဆိုယင် သင်က ရဟန်းဂေါတမ နာမည်ပျက်အောင် လာဘ်ဆုတ်ယုတ်အောင် ဂေါတမအပေါ် ပြည်သူတွေက အကြည်ညိုမဲ့အောင် ပြုလုပ်ပေးမလားလို့ မေးလာပါတယ်၊ ပြုလုပ်ပေးပါလားလို့ အသနားခံကြပါတယ်

ဒီတော့

စိဉ္စမာနက ကောင်းပါပြီ အရှင်ကောင်းတို့

အရှင်ကောင်းတို့ရဲ့ အစီအစဉ်အတိုင်း

ဂေါတမရဟန်းကြီးကို

ပြည်သူတွေက အကြည်ညိုမဲ့အောင်

အယုံအကြည်မရှိအောင်

အမြင်မှားအောင်

အထင်လွဲအောင်

အားမကိုးအောင်

နာမည်ပျက်အောင်

လာဘ်ဆုတ်ယုတ်အောင် ကူညီတော်မူ ပြုလုပ်ပေးပါ့မယ်၊ တခြားသေသူတွေအပေါ်ပါ အလောင်းကြီးမြောက်ကြွ မကြွစည်ပါနဲ့ [illegible]လို့ ရှိခိုး[illegible] တစ်ခန်းပူတဲ့ ပန်းခံတဲ့ စကားပြောကြားပြီး ဝိဇ္ဇာဓိုလ်ဆရာကြီးတွေရဲ့ ကျောင်းတိုက်က ပြန်လာခဲ့ပါတယ်။

အဲဒီနောက်

မိန်းမမာယာမှာ အင်မတန် ကျွမ်းကျင်လိမ္မာ ပါးနပ်တဲ့

(အောင်ဗောဓိစာပေ)

စိဥ္စမာနဟာ အဲဒီအချိန်ကစပြီး ညနေ နေဝင်ကာနီး သာဝတ္ထိ ပြည်သူ လူအပေါင်း တရားနာပြီး ဇေတဝန်ကျောင်းတိုက်မှ ထွက်ကြတဲ့အချိန်မှာ အနီရောင်အဆင်းရှိတဲ့ အဝတ်ကို ဝတ်ရုံပြီး ပန်း နံ့သာပန်း စသည်တို့ကို စွဲကိုင်လျက် ဇေတဝန်ကျောင်း တိုက်ဘက်ကို ဦးတည်ပြီး သွားပါတယ်။

လမ်းမှာ သူမနဲ့သိတဲ့သူတွေက

သူမကို စိဥ္စမာန အခုလောက် မိုးချုပ်ခါနီး နေဝင်ဖြိုးဖျ အချိန်မှာ ဘယ်ကို သွားမလို့လဲလို့ မေးကြတဲ့အခါ စိဥ္စမာန က အကျွန်ုပ်သွားမယ့်အရပ်ကို သိလို့ သင်တို့မှာ ဘယ်လိုအကျိုး ရှိကြမှာလဲလို့ ဒွိဟတွေးစရာ အမြင်မှားစရာ အထင်လွဲစရာ စကားကိုပြောကြားပြီး ဇေတဝန်ကျောင်းတိုက်ရဲ့အနီးမှာရှိတဲ့ တိတ္ထိဆရာရဲ့ကျောင်းတိုက်မှာ ညဥ့်အိပ်ပါတယ်။

နောက်တနေ့ နံနက်စောစော

မြတ်စွာဘုရားရှင်ကို လက်ဦး လာရောက် ဖူးမြော်ကြတဲ့ သာဝတ္ထိပြည်က ဥပါသကာတွေ ဒါယကာတွေ ဇေတဝန် ကျောင်းတိုက်သို့ ဝင်လာကြတဲ့အချိန်မှာ ဇေတဝန်ကျောင်းတိုက် မှာ ညဥ့်အိပ်နေတဲ့ ပုံဟန် သဏ္ဌာန်ပြုပြီး သာဝတ္ထိမြို့အတွင်း သို့ ပြန်လာကြပါတယ်။

စိဥ္စမာနကို လမ်းမှာတွေ့ကြုံကြတဲ့သူ လူအပေါင်းက

စိဥ္စမာန ဒီလောက်အစောကြီး ဘယ်က ပြန်လာတာလဲ သင် ဘယ်အရပ်မှာ ညဥ့်အိပ် နေခဲ့သလဲလို့ မေးကြတဲ့အခါ

စိဥ္စမာဏက ကျွန်တော်မ အိပ်ခဲ့တဲ့နေရာကို သိလို့ သင်တို့မှာ ဘယ်လို အကျိုးရှိမလဲ ကျွန်မအိပ်ခဲ့တဲ့နေရာကို သိယင် ရှင်တို့မှာ ဘာ အကျိုးမှမရှိပါဘူး၊ မသိချင်ကြပါနဲ့လို့ ဒွိဟဖြစ်စရာ အမြင်မှားစရာ အထင်လွဲစရာ သံသယဝင်စရာ စကားနဲ့ ပြန် ဖြေပါတယ်

ဒီနည်းအတိုင်းပဲ

နေ့စဉ်နံနက် သွားလာပြောဆိုလို့

လလွဲတလခန့် လွန်တဲ့အခါ လမ်းမှာ တွေ့ကြုံတဲ့သူ လူ တွေက ရှေးနည်းအတူ မေးကြတဲ့အခါ စိဥ္စမာနက ကျွန်မ ဇေတဝန်ကျောင်းတိုက် အတွင်းမှာ ရဟန်းဂေါတမနဲ့အတူ ဂန္ဓကုဋီကျောင်း တခုတည်းမှာ ညဥ့်အိပ်ခဲ့ပါတယ်လို့ စွပ်စွဲ စကား ပြောဆိုလာပါတယ်

အခုလို ပြောခြင်းအားဖြင့်

အဲဒီစကားကို ကြားရဖူးတဲ့ ပုထုဇဉ်လူသာမန်တွေရဲ့ စိတ်ထဲမှာ ဟုတ်များဟုတ်နေသလား မှန်များမန်နေသလား မဟုတ်ပဲ မမှန်ပဲများ ရှိနေသလားလို့ ယုံမှားတွေးတောခြင်း ကို ဖြစ်စေပါတယ်

ဒီလိုနဲ့ ရှစ်လ ကိုးလ လွန်ခဲ့အခါ

ပုဆိုးကြမ်းနဲ့ ရင်ဘက်ကိုပတ်ပြီး

ကိုယ့်ကိုယ်ကို ကိုယ်ဝန်ဆောင်နေတဲ့ မိန်းမအသွင် ဟန်ပြ ပြီး ကိုယ်အပေါ်က အနီရောင်အဝတ်ကို ဝတ်ရုံပြီး ရဟန်း ဂေါတမကို အစွပ်ပြုပြီး ကျွန်တော်မမှာ ကိုယ်ဝန်ကိုရခဲ့ပါပြီလို့

(အောင်ဗောဓိစာပေ)

ဆင်ခြင်ဉာဏ်ပညာမဲ့တဲ့ သူတွေကို သူ့မှာ မြတ်စွာဘုရားနဲ့ ကိုယ်ဝန်ရနေတာကို ထင်ပေါ်အောင် စွပ်စွဲပြောဆိုစ ပြုလာပါတယ်

ဒီလိုနည်းနဲ့ ကိုးလ ကိုးလကျော် ဆယ်လထဲဝင်လာတဲ့ အချိန်မှာ

စိဉ္စမာနဟာ သူ့ကိုယ်သူ တကယ် ကိုယ်ဝန်အရင့်အမာဖြစ်နေတဲ့ပုံဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ရင်မှာဖွဲ့ချည်ပြီး ကိုယ်အပေါ်မှာ အနီရောင်အဆင်းရှိတဲ့ အဝတ်ကို ဝတ်ရုံပြီး လက်ဖမိုး ခြေဖမိုးတွေကို နွားမေးရိုးနဲ့ ထုနှက်ပြီး ခြေတွေ လက်တွေ အမ်းနေတဲ့ ဟန်နဲ့ တူအောင် ပြုလုပ်ပြီး မျက်စိ နာကျခြွေတွေ ပင်ပမ်းနွမ်းနယ်နေတဲ့ဟန်နဲ့

ညနေချမ်းအခါမှာ

မြတ်စွာဘုရား ဓမ္မပလ္လင်ပေါ်မှာထိုင်ပြီး သဌေး သူကြွယ် ကုန်သည်နဲ့ တောင်သူလယ်သမား စတဲ့ ပရိသတ်(၄)ပါးကို တရားဟောနေတော်မူတဲ့ တရားသဘင်ဆင်ယင်ကျင်းပရာ နေရာသို့ ပေါက်ရောက်ပြီး

မြတ်စွာဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာ လာရပ်ပြီး

ဝိဉ္စမာနက မြတ်စွာဘုရားကို

ရဟန်းကြီး သင်ဟာ ဝေးပါးသော ပရိသတ်အပေါင်းကို တရားဟောပြနေတယ်၊ သင်ရဲ့ ပါးစပ်ကတော့ ဟုတ်ဘာတွေ ပြောပြနေတာပဲ ကျွန်မမှာတော့ သင် ရဟန်းကြီးနဲ့ ရလာတဲ့

(အောင်ဗေဒါစိတ်ဓာတ်စဥ်)

ကိုယ်ဝန်ကိုရရှိကာ အခုအခါ နေ့စေ့လစေ့ အချိန်ရောက်တဲ့ ကိုယ်ဝန်ရှိသူ ဖြစ်နေရပြီ သင် ရဟန်းကြီးက ကျွန်တော်မ အတွက် သားဖွားဖို့ အိမ်ကိုလည်း မစဉ်းစားပေးဘူး၊ စားဖို့ သောက်ဖို့ စားစရာ သောက်စရာတွေကိုလည်း စားဖို့ သောက်ဖို့ မစဉ်းစား မရှာဖွေ ပေးသေးပဲ နေ နေတယ်

အဲဒီကိစ္စတွေကို

ကိုယ်တိုင်မပြုလုပ်ချင်ယင်လည်း

ကိုယ်ရဲ့ အလုပ်အကျွေး ဒါယကာ ဒါယကာမတွေထဲက ကောသလမင်းကြီးကို ဖြစ်စေ၊ အနာထပိဏ်သဌေးကြီးကို ဖြစ်စေ၊ ဝိသာခါကျောင်းအမကြီးကို ဖြစ်စေ၊ တဦးဦးကို ဒီစိဉ္စမာန အတွက် ပြုလုပ်ပေးသင့်တာတွေကို ပြုလုပ်ပေးလိုက်ပါ၊ အဲဒီ နောက် လိုအပ်သလို စောင့်ရှောက်ပေးလိုက်ပါလို့ အပ်နှင်း ပြောဆို ပေးထားသင့်တယ်

အခုတော့ အဲဒီလိုလည်း မပြောကြားပေးထားဘူး

သင်ရဟန်းကြီးဟာ မေ့လျော့ပျော်ပါးဖို့သာ စဉ်းစားပြီး ကိုယ်ဝန်သည်ကို စောင့်ရှောက်ဖို့တော့ မစဉ်းစားသူ ဖြစ်တယ်လို့ မြတ်စွာဘုရားကို ပရိသတ်လေးပါး အလယ်မှာ အကြီးအကျယ် စွပ်စွဲဆဲရေးစကား ပြောကြားပါတယ်

မြတ်စွာဘုရားဟာ

စိဉ္စမာနရဲ့ စွပ်စွဲတဲ့စကားကို ကြားရတဲ့အခါ

မြတ်စွာဘုရားဟာ တရားဟောနေယင်းစဲ့တရားစကားကို ခေတ္တနားပြီး

ခြင်္သေ့မင်းဟောက်သို့ ရဲရင့်တဲ့အသံနဲ့

နှမစိဉ္စမာန သင် အခုပြောတဲ့စကား မှန်တယ် မမှန်တူးဆို တာ သင်နဲ့ငါသာ သိကြတယ်လို့ ပြန်ပြီး မိန့်ဆိုတော်မူပါ တယ်

မြတ်စွာဘုရား၏ စကားကို ကြားတဲ့အခါ

စိဉ္စမာနကလည်း အလျှော့ပေးပဲ ဟုတ်ပါတယ် ရဟန်းကြီး သင်နဲ့ငါတို့နှစ်ဦးသာ သိကြလို့ အခုလို ကိုယ်ဝန်ရင့်မာမှုဖြစ်ရ တာပေါ့လို့ တဖန်ဆင့်ပြီး ငွေ့စွဲတဲ့စကား ပြောကြားပြန်တယ်

စိဉ္စမာနစွပ်စွဲတဲ့စကားကြောင့်

သိကြားမင်းရဲ့ စံရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဟာ ထူးထူးခြားခြား ပူနွေးလာပါတယ်၊ သိကြားမင်းဟာ သူရဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူနွေးလာတဲ့အကြောင်းကို ဆင်ခြင် ကြည့်လိုက်တဲ့အခါ

စိဉ္စမာနမိန်းမယုတ်မှာ မြတ်စွာဘုရားရှင်ကို ပရိသတ် (၄) ပါး အလယ်မှာ မဟုတ်မမှန်တဲ့စကားတွေ စွပ်စွဲ ဆဲဆိုနေတာကို သိရှိပါတယ်။

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

သိကြားမင်းဟာ မနေသာတော့ပဲ အဖြစ်မှန်ကို ရှင်းပြဖို့ အချိန်ကိုမစောင့်တော့ပဲ ပရိသတ်အလယ်မှာ အဖြစ်မှန်ကိုသိကြရအောင် ငါ ဖြေရှင်းမယ်လို့ ကြံစည်ဆင်ခြင်ပြီး တပည့်နတ်သား (၄)ယောက်နဲ့အတူ မြတ်စွာဘုရား တရားဟောပြရာ နေရာဌာနသို့ လာရောက်ကြပါတယ်

နတ်သား (၄) ယောက်ဟာ ကြွက်ငယ်ယောင်ဆောင်ပြီး စိဉ္စမာနကိုယ်မှာ ဖွဲ့ချည်ထားတဲ့ သစ်သားပန်းရဲ့ကြိုးတွေကို တပြိုင်နက် ကိုက်ဖြတ်လိုက်ကြပါတယ်၊ စိဉ္စမာန ဝတ်ရုံထားတဲ့ အဝတ်ကိုလည်း လေနဲ့ အထက်သို့ တိုက်လွှင့်လိုက်ကြပါတယ်။

စိဉ္စမာန ဝတ်ရုံထားတဲ့အဝတ်တွေ ကိုယ်က ကွာကျသွားကြပြီး ကိုယ်ဝန်သဏ္ဍာန်ပြုလုပ်ထားတဲ့သင်္သားကို ကိုယ်နဲ့ကပ်နေအောင် ချည်ထားတဲ့ သစ်သားဝန်းကြိုးတွေ ပြတ်ပြီးကျသွားတဲ့အခါ စိဉ္စမာနရဲ့ ခြေဖမိုးအပေါ်ကို ကိုယ်ဝန်ဟန် ပြုလုပ်ထားတဲ့ သစ်သားတုံးကြီးကျသွားလို့ ခြေဖျား နှစ်ဘက် ကျိုးသွားပါတယ်

တရားနာနေတဲ့ ပရိသတ်အပေါင်းလည်း ဟယ် အယုတ်တမာ နင်က မြတ်စွာဘုရားကို မဟုတ်မမှန်စွပ်စွဲပြောဆိုတယ် ဟုတ်လားလို့ ဝိုင်းပြောကြပြီး စိဉ္စမာနရဲ့

ဦးခေါင်းကို တံတွေးနဲ့ ထွေးသူက ထွေးကြ ခဲတွေ တုတ်တွေစတဲ့ ပစ္စည်းတွေနဲ့ ပေါက်ကြသူတွေက ပေါက်ကြ ဝိုင်းပြီးရိုက်ကြသူတွေက ရိုက်ကြပြီး စိဉ္စမာနကို ဇေတဝန်ကျောင်းတိုက်အတွင်းကနေ ကျောင်းအပြင်ကို ဆွဲထုတ်သွားကြပါတယ်။

## သုန္ဒရီပရိဗိုဇ်ကာမကို သတ်တယ်လို့ အစွပ်စွဲခံရပုံ

လူသားဦးတစ်ယောက်ရဲ့ လူမှုရေးဂုဏ်သိက္ခာ ကျဆင်းစေနိုင်တဲ့ သက်ရောက်မှုတွေထဲမှာ ဆန့်ကျင်ဘက်လိင်တွေနဲ့ ဆက်စပ်မှုရှိတယ်လို့ ယူဆခဲ့တဲ့ လက်နက်ဟာ အခြားလက်နက်တွေထက် ပိုပြီး ထက်မြက်တဲ့လက်နက်တခုဖြစ်တာဟာ ဒီခေတ်မှ မဟုတ်ပါဘူး။ ဟိုနှစ်ပေါင်း (၂၅၀၀) ကျော် လောက်က မြတ်စွာဘုရား လက်ထက်ကတည်းက ဖြစ်ပါတယ်။

(အောင်ဗောဓိစာပေ)

တခါမှာ
မြတ်စွာဘုရားဟာ သူနဲ့ ခေတ်ပြိုင်ဝါဒရေးအမြင် တွေကြတဲ့ တိတ္ထိတွေက မိန်းမလက်နက်နဲ့

၁။ မြတ်စွာဘုရားအပေါ် ယုံကြည်တဲ့စိတ်နဲ့ လေးလေးစားစား ကြည်ညိုနေကြတဲ့ ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားအပေါ် အယုံအကြည် မဲ့သွားပြီး လေးစားကြည်ညိုမြတ်နိုးမှုတွေ လျော့သွားအောင်

၂။ မြတ်စွာဘုရား ရနေတဲ့ လာဘ်လာဘတွေ ဆက်လက်မရရှိအောင် တနည်းအားဖြင့် လျော့နည်း ရရှိသွားအောင်နဲ့

၃။ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတွေ သူတို့နေထိုင်တဲ့ သာဝတ္ထိပြည်မှာ ဆက်လက်ပြီး မနေထိုင်နိုင်အောင် မြတ်စွာဘုရားကို မလိုလားတဲ့ မြတ်စွာဘုရားနဲ့ အမြင်အယူဝါဒမတူကြတဲ့ တိတ္ထိဆရာကြီးတွေက မြတ်စွာဘုရားအပေါ် မိန်းမနဲ့ပတ်သက်ပြီး လုပ်ဇာတ်တနုဖန်တီးပြီး မြတ်စွာဘုရားရဲ့ဂုဏ်သိက္ခာ အချခံရဖူးပါတယ်။

## ဖြစ်ပုံက ဒီလိုပါ

မြတ်စွာဘုရားနဲ့ ဝါဒရေးအမြင် တွေကြတဲ့ တိတ္ထိတွေဟာ သူတို့ရဲ့တည်မြဲမသုန္ဒရီလို့ခေါ်ကြတဲ့ရိုဗိုဇ်မကို မြတ်စွာဘုရားနဲ့...

(အောင်ဗောဓိစာပေ)

အထင်လွဲအောင် အမြင်မှားအောင် ဇေတဝန်ကျောင်းကို ညမိုးချုပ်ခါနီးသွားစေပြီး မနက်ခပ်စောစော လူမြင်သူမြင် သံသယဝင်နိုင်တဲ့အချိန်မှာ ပြန်လာစေပါတယ်

လူအများက မြင်ကြ သိကြလို့ သံသယဝင်လာနိုင်တဲ့ အခြေအနေရောက်လာတဲ့အခါ အဲဒီ သုန္ဒရီပရိဗိုဇ်မကို သူသတ် သမားတွေကို အသတ်ခိုင်းပါတယ်

ပြီးတော့

သုန္ဒရီရဲ့အလောင်းကို မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဇေတဝန်ကျောင်း အနီးမှာရှိတဲ့ ပန်းတောင်းတွေ အမှိုက်တွေကို [illegible]တဲ့ မြောင်းထဲမှာ ပစ်ချထားစေပြီး ပသေနဒီကောသလ မင်းထံသို့ သွားရောက်ကြပါတယ်

အဲဒီနောက်

တိတ္ထိပရိဗိုဇ်တွေဟာ ပသေနဒီကောသလမင်းကို မင်းကြီး အကျွန်ုပ်တို့ရဲ့တပည့်မ သုန္ဒရီပရိဗိုဇ်မကို မတွေ့မြင်ရပါလို့ ပြောဆိုတိုင်တန်း ကြပါတယ်၊ ပသေနဒီကောသလ မင်းကြီးက တိတ္ထိဆရာကြီးတွေကို အရှင်တို့ ဘယ်အရပ်မှာလို့ သင်တို့ ထင်ကြသလဲလို့ မေးပါတယ်

တိတ္ထိဆရာတွေက မင်းကြီး ဇေတဝန်ကျောင်းမှာလို့ ထင်တယ်လို့ ပြန်ပြီး တညီတညွတ်တည်း မိန့်ကြားပါတယ်။ ဒီအခါ ပသေနဒီကောသလမင်းကြီးက ဒီလိုဆိုယင် ဇေတဝန်ကျောင်းကို သွားကြပြီး စူးစမ်းရှာဖွေကြလို့ မြတ်စွာဘုရား သီတင်းသုံးနေ

တဲ့ ဇေတဝန်ကျောင်းမှာ စူးစမ်းရှာဖွေဖို့ ခွင့်ပြုမိန့်တော်မူလိုက်ပါတယ်

ဒီအခါ

တိတ္ထိပရိဗိုဇ်ဆရာကြီးတွေဟာ သူတို့ ထွင်ထားတဲ့အကွက်အတိုင်း အချက်ကျကျ ဝင်လာတဲ့အတွက် ချက်ချင်းသူတို့ရဲ့ တပည့်တွေကိုခေါ်ပြီး သူတို့ရဲ့ တပည့်တွေနဲ့အတူ ဇေတဝန်ကျောင်းသို့ သွားရောက်ကြပြီး သုန္ဒရီမကို စူးစမ်းရှာဖွေကြပါတယ်

အခုလို စူးစမ်းရှာဖွေတဲ့အခါ

သုန္ဒရီမကို အသက်နဲ့မတွေ့ရပဲ

သုန္ဒရီမကိုသတ်ပြီး ပစ်ချထားခဲ့တဲ့ အလောင်းကောင်ကို ပန်းတောင်းတွေ အမှိုက်ပုံတွေကို စွန့်ပစ်တဲ့ မြောင်းထဲမှာ တွေ့မြင်ကြပါတယ်၊ အဲဒါကြောင့် သုန္ဒရီမရဲ့အလောင်းကို အဲဒီမြောင်းထဲက ထုတ်ယူပြီး ခုတင်ငယ်အပေါ်မှာ တင်လျက် သာဝတ္ထိမြို့တွင်းသို့ ယူသွင်းလာကြပါတယ်

အဲဒီနောက်

သုန္ဒရီမရဲ့အလောင်းကို ခုတင်ပေါ်တင်ထမ်းပြီး လမ်းမ တခုက လမ်းမတခုသို့ လမ်းဆုံတခုက လမ်းဆုံတခုသို့ သယ်ယူရွှေ့ပြောင်းသွားကြတယ်၊ လူတွေကို ပြကြပြီး ကဲ့ရဲ့တဲ့စကား ရှုတ်ချတဲ့စကား အပြစ်တင်တဲ့စကား ပြောကြား ကြပါတယ်။

(အောင်ပေါစိစာပေ)

တိတ္ထိဆရာကြီးတွေက မြို့သူမြို့သားတွေကို
အမောင်တို့ သာကီဝင်မင်းသား ရဟန်းတို့ ပြုလုပ်ပုံကိုကြည့်ကြစမ်းပါ၊ အဲဒီ သာကီဝင်မင်းသား ရဟန်းတွေဟာ အရှက်မရှိကြဘူး သီလလည်း မရှိကြဘူး ယုတ်ညံ့တဲ့သဘောရှိကြတယ် မဟုတ်မမှန်တဲ့စကားကိုလည်း ပြောဆိုကြတယ် မမြင့်မြတ်တဲ့ အကျင့်ကိုလည်း ကျင့်ကြတယ်။
ဒါနဲ့တောင်
အဲဒီရဟန်းတွေက သူတို့ကိုယ်သူတို့ တရားကို အားထုတ်ပြုကျင့်ကြတယ် သူတို့ဟာ ကိုယ်ကျင့်တရား ကောင်းမွန်ကြတယ် သူတို့ဟာ မြင့်မြတ်တဲ့အကျင့်ကို ပြုကျင့်ကြတယ် အမှန်ကိုသာ ပြောဆိုကြတယ် သီလရှိကြတယ် ကောင်းတဲ့သဘောရှိကြတယ်လို့ ဝန်ခံပြောဆို ကြသေးတယ်
အဲဒီရဟန်းတွေမှာ
ရဟန်းမှန်ကန်တဲ့ အကျင့်မရှိကြဘူး မြင့်မြတ်တဲ့အကျင့်လည်း မရှိကြဘူး အဲဒီရဟန်းတွေမှာ ရဟန်းအကျင့် ပျောက်ကင်းနေကြတယ် မြင့်မြတ်တဲ့အကျင့် ပျောက်ကင်းနေကြတယ် အဲဒီရဟန်းတွေမှာ ရဟန်းအကျင့် ဘယ်မှာ ရှိနိုင်ပါမလဲ မြင့်မြတ်တဲ့အကျင့်လည်း ဘယ်ရှိနိုင်ပါမလဲ
အဲဒီရဟန်းတွေမှာ
ရဟန်းအကျင့် ကင်းကြတယ် အဲဒီရဟန်းတွေမှာ မြတ်တဲ့အကျင့် ကင်းကြတယ် ဘယ်ဗျာ ကြည့်ပါသား ယောကျ်ားဟာ ယောကျ်ားရဲ့အမှုကို ပြုချင်ယင် ပြုပါတော့၊ ဒါပေမယ့် အခုလို

(အောင်ဗောဓိစာပေ)

ကို ပြုချင်သလိုပြုသေးပြီးယင် အဲဒီမိန်းမကို ဘာဖြစ်လို့ သတ်ပစ်ရတာလဲလို့ ကဲ့ရဲ့တဲ့စကား ရှုတ်ချတဲ့စကား အပြစ်တင်တဲ့စကား ပြောကြားကြပါတယ်

အခုလို တိတ္ထိပရိဗိုဇ်တွေရဲ့ ပြောစကားကို
ရှုတ်တရက် အဟုတ်အမှန်ထင်သွားကြပြီး
သာဝတ္ထိမြို့ထဲက ပြည်သူတွေဟာ ရဟန်းတွေကိုမြင်ယင် မလျော်တဲ့စကားတွေ ကြမ်းတမ်းတဲ့စကားတွေနဲ့ ဆဲဆိုကြပါတယ် ပြောဆိုကြပါတယ် ချုပ်ချယ်ကြပါတယ် ညှဉ်ဆဲကြပါတယ်

အဲဒီလူတွေဟာ
ရဟန်းတွေကို မြင်တဲ့အခါ
သာကီဝင်မင်းသား ရဟန်းတွေမှာ အရှက်မရှိကြဘူး သီလလည်း မရှိကြဘူး အဲဒီ သာကီဝင်ရဟန်းတွေမှာ ယုတ်မာတဲ့သဘောရှိကြတယ် အဲဒီ သာကီဝင်ရဟန်းတွေဟာ မဟုတ်မမှန်တဲ့စကားကို ပြောဆိုကြတယ် မမြတ်တဲ့အကျင့်ကို ကျင့်ကြတယ်

ဒါနဲ့တောင်မျှ
အဲဒီရဟန်းတွေဟာ
သူတို့ကိုယ်သူတို့ အမှန်တရားကို ကျင့်ကြံကြတယ် ကိုယ်ကျင့်တရား ကောင်းမွန်ကြတယ် မြတ်တဲ့အကျင့်ကို ကျင့်တယ် အမှန်ကို ပြောဆိုကြတယ် သီလရှိကြတယ် ကောင်းတဲ့သဘော ရှိကြတယ်လို့ ဝန်ခံ ပြောဆိုကြသေးတယ်

(အောင်ဒေါဝိစာပေ)

အဲဒီရဟန်းတွေမှာ

ရဟန်းရဲ့အကျင့်လည်း မရှိကြဘူး မြတ်တဲ့အကျင့်လည်း မရှိကြဘူး၊ အဲဒီရဟန်းတွေမှာ ရဟန်းအကျင့်တွေ ပျောက်ကင်းနေကြတယ် မြတ်တဲ့အကျင့်တွေ ပျောက်ကင်းနေကြတယ်

အဲဒီရဟန်းတွေမှာ

ရဟန်းအကျင့်တွေ ဘယ်မှာရှိပါမလဲ မြတ်တဲ့အကျင့် ဘယ်မှာရှိပါမလဲ အဲဒီရဟန်းတွေဟာ ရဟန်းအကျင့် ကင်းကြတယ် မြတ်တဲ့အကျင့်လည်း ကင်းကြတယ် ဘယ်ဗျာ ယောကျ်ားဖြစ်လို့ ယောကျ်ားအမှုပြုယင် ပြုပါတော့ အခုတော့ ကိုယ်ကလည်း ကိုယ်ပြုချင်သလိုပြုသေး ပြီးတော့ အဲဒီမိန်းမကို ဘာဖြစ်လို့ သတ်ပစ်ရတာလဲလို့ ကဲ့ရဲ့ ရှုတ်ချအပြစ်တင် ပြောဆို ခံခဲ့ရပါတယ်

## မာဂဏ္ဍိတပည့်မတွေရဲ့ အဆဲခံရပုံ

ကျွန်တော်တို့ ခင်ဗျားတို့လို သာမန်လူတွေမပြောနဲ့

၁။ ကာမတဏှာသို့ခါတဲ့ အဆင်း အသံ အနံ့ အရသာနဲ့အတွေ့

(အောင်ဗောဓိစာပေ)

၂။ ဘဝတဏှာလို့ခေါ်တဲ့ လူ့ဘဝ နတ်ဘဝ ဖြစ်မှာ ဘဝဆိုတဲ့ ဘဝတွေနဲ့

၃။ ဝိဘဝတဏှာဆိုတဲ့ အသိ အယူအမြင်တွေအပေါ် မှာ တပ်မက်ပြီး စွဲလမ်းတဲ့ လုံးဝမရှိတဲ့ သဗ္ဗညုတ ဉာဏ်ရှင် မြတ်စွာဘုရားတောင် အင်မတန် အဆင့်အတန်း နိမ့်ကျ ယုတ်ညံ့လှတဲ့ စကားလုံးတွေနဲ့ သူတပါးရဲ့ အဆဲအဆိုအပြော ခံရတဲ့အခါမျိုးတွေနဲ့ ရင်ဆိုင် ရတတ်သေးယင် ခင်ဗျားတို့ ကျုပ်တော်တို့လောက်တော့ ဘယ် ပြောစရာရှိမလဲဗျာ

## ဖြစ်ပုံကဒီလိုပါ

တခါက မြတ်စွာဘုရား သာဝတ္ထိပြည်မှာ ရှိတဲ့ ဇေတဝန် ကျောင်းကနေ ကောသမ္ဗီပြည်ကို နောက်ပါရဟန်းတွေနဲ့အတူ ကြွလာစဉ် လမ်းခရီးမှာ မာဂဏ္ဍီလို့ခေါ်တဲ့ ပုဏ္ဏားဇနီးမောင်နှံ အရဟတ္တဖိုလ်သို့ ရောက်ကြခြမှာကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားဟာ ကောသမ္ဗီပြည်ကို ဦးတည်သွားနေတဲ့ ခရီးစဉ် ကို ဖျက်ပြီး ကုရုတိုင်းထဲက ကမ္မာသဒမ္မနိဂုံးရွာဆီသို့ လှည့်ကြွ သွားတော်မူပါတယ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်း (၅၀၀) ဟာ ကမ္မာသဒမ္မနိဂုံးရွာထဲသို့ ဆွမ်းခံဝင်ကြတဲ့အခါ လမ်းခရီးမှာ မာဂဏ္ဍီ ပုဏ္ဏားကြီးနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံပါတယ်

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကို မြင်တဲ့အခါ

ငါဟာ ငါ့သမီး မာဂဏ္ဍီရဲ့ ရုပ်ရည်အဆင်း တင့်တယ်မှုနဲ့ အဆင့်တူညီတဲ့ သတို့သားကို ရှာနေတာ ကြာပြီ မတွေ့ခဲ့ဘူး အခု တွေ့မယ့်တွေ့တော့ ရုပ်ရည်အဆင်း တင့်တယ်မှုကတော့ ငါ့ရဲ့သမီးနဲ့ ဂုဏ်ရည်ချင်းတူပါရဲ့ ဒါပေမယ့် သူက လူရိုးရိုး မဟုတ်ဘူး ရဟန်းဖြစ်နေတယ်

ဒီရဟန်းဟာ အဆင်းလှသူဖြစ်တယ် ရှုချင်ဖွယ်လည်း ရှိတယ် သူဟာ ငါ့သမီးနဲ့သာ သင့်လျော်လျောက်ပတ်တဲ့သူ ဖြစ်တယ် လို့ စိတ်က ကြံစည်ပြီး သူရဲ့မူလခရီးကို ဆက်မသွားတော့ပဲ သူရဲ့အိမ်သို့ အလျင်အမြန် ပြန်ခဲ့ပါတယ်

မာဂဏ္ဍီပုဏ္ဏားကြီးဟာ

အိမ်ကိုရောက်တဲ့အခါ

သူ့ရဲ့အိမ်ရှင်မ ဇနီးသည် မာဂဏ္ဍီပုဏ္ဏေးမကြီးကို

ရှင်မ ငါ အခု ရဟန်းတပါးနဲ့ လမ်းမှာတွေ့ခဲ့တယ် အဲဒီ ရဟန်းမျိုးကို ရှေးအခါက မတွေ့မြင်ခဲ့ဖူးဘူး ငါ အခု မြင်ခဲ့တဲ့ ရဟန်းဟာ ရွှေရောင်အဆင်းရှိတယ် ဗြဟ္မာမင်းတို့ အဆင်းရှိတယ် သူဟာ ငါ့ရဲ့သမီးနဲ့သာ သင့်လျော်လျောက်ပတ်တဲ့သူ ဖြစ်တယ်

ငါ့သမီးကို အလျင်အမြန် တန်ဆာဆင်ပါလို့ ပြောပါတယ်
ပုဏ္ဏေးမကြီးဟာ သူရဲ့ခင်ပွန်း မာဂဏ္ဍီပုဏ္ဏားကြီးရဲ့ အမိန့်အရ သူ့ရဲ့သမီးကို တန်ဆာဆင်ပေးပါတယ်၊ ဒါပေမယ့် အခုလို သူမရဲ့သမီးကို တန်ဆာဆင်ပေးနေတုန်း မြတ်စွာဘုရားဟာ ခြေရာချခဲ့ပြီး ရွာတွင်းသို့ ဆွမ်းခံကြွ ဝင်သွားပါတယ်
ပုဏ္ဏားကြီးဟာ ပုဏ္ဏေးမကြီးနဲ့အတူ သူတို့ရဲ့သမီး မာဂဏ္ဍီကို ခေါ်ဆောင်လာတဲ့အခါ မြတ်စွာဘုရားကို မတွေ့မြင်ရတော့ပါဘူး မြတ်စွာဘုရားရွာတွင်းသို့ ဆွမ်းခံဝင်သွားပါပြီ
ပုဏ္ဏားကြီးဟာ သူ့ရဲ့ဇနီး ပုဏ္ဏေးမကြီးနဲ့ သူ့ရဲ့သမီး မာဂဏ္ဍီကိုခေါ်ပြီး မြတ်စွာဘုရားနဲ့ တွေ့ဆုံခဲ့တဲ့နေရာကို ပြန်ရောက်လာကြပါတယ်၊ အဲဒီနေရာကိုရောက်တဲ့အခါ ဟိုကြည့်ဒီကြည့်နဲ့ မြတ်စွာဘုရားကို ရှာပါတယ် မြတ်စွာဘုရားကို မမြင်ရတဲ့အခါ

ဥ္ဘားကြီးက ပုဏ္ဏေးမကြီးကို
ရှင်မ သင်ဟာ ဘယ်တော့မှ အဆင်ပြေအောင် မပြုလုပ်နိုင်ဘူး သင်ပြုလုပ်လိုက်သမျှတိုင်းဟာ ကောင်းတာရယ်လို့ မရှိဘူး အခု သင် အကျယ်ချဲ့နေလို့ ငါပြောတဲ့ရဟန်း ဒီက ထွက်ခွာသွားပြီလို့ မကျေနပ်တဲ့စိတ်နဲ့ ပြောဆိုပါတယ်
အဲဒါကြောင့်
ပုဏ္ဏေးမကြီးက သူမရဲ့လင် မာဂဏ္ဍီပုဏ္ဏားကြီးကို
ပုဏ္ဏားကြီး ရဟန်းထွက်ကြွသွားတာရှိပါစေတော့ ဘယ်အရပ်ဘက်ကို ထွက်ကြွသွားသလဲ ဆိုတာကို သိယင် ပြောပါလို့

(အောင်ပေါ်စီစာပေ)

မေးပါတယ် အခုလို မေးတဲ့အတွက် ပုဏ္ဏားကြီးက ဒီအရပ် မျက်နှာဘက်ကို ကြွသွားတာပဲလို့ မြတ်စွာဘုရား ကြွသွားတဲ့ အရပ်ဘက်ကို ညွှန်ပြပြီး ပြန်ဖြေလိုက်ပါတယ်

ပုဏ္ဏားကြီးဟာ

မြတ်စွာဘုရား ကြွသွားတော်မူရာ အရပ်ဘက်ကိုကြည့်လိုက် တဲ့အခါ မြတ်စွာဘုရားကြွသွားတဲ့ မြတ်စွာဘုရားရဲ့ ခြေတော် ရာတွေကို တွေ့မြင်ပါတယ်

ဒီအခါ

ပုဏ္ဏားကြီးက သူ့ရဲ့ဇနီး ပုဏ္ဏေးမကြီးကို

ရှင်မ ဒီခြေရာတွေဟာ အဲဒီ ရဟန်းယောကျ်ားရဲ့ခြေရာတွေ ဖြစ်ကြတယ်၊ ဒီအရပ်က ကြွသွားတာ ဖြစ်လိမ့်မယ်လို့ ပြောပါ တယ်

အဲဒီအခါ

ပုဏ္ဏေးမကြီးက မြတ်စွာဘုရားရဲ့ ခြေတော်ရာတွေကို သေသေချာချာ ကြည့်ပါတယ်

အဲဒီနောက်

ပုဏ္ဏေးမကြီးက သူ့မရှဲခင်ပွန်း ပုဏ္ဏားကြီးကို

ဒိပုဏ္ဏားကြီးဟာ တယ်ပြီး မသိမလိမ္မာပါလား ငါတို့ရဲ့ ဝေဒကျမ်းရဲ့ အနက်ကိုမျှပင် မသိပါလားလို့ ကြဲစည်ပြီး ပုဏ္ဏားကြီးကို ပြက်ရယ်ပါတယ်

အဲဒီနောက်

ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးကို

ပုဏ္ဏားကြီး သင်ဟာ အလှန်ပင် မသိမလိမ္မာသူဖြစ်တယ် အခုလိုသဘောရှိတဲ့ယောကျ်ားမြတ်ကို သင်ရဲ့ သမီးကို ပေးစားမယ်လို့ ပြောမှပြောရက်တယ်

ဒီခြေရာရှင်ဟာ ရာဂစိတ် ဒေါသစိတ် မောဟစိတ် လုံးဝ မရှိသူဖြစ်တယ်၊ ဒီခြေရာဟာ ရာဂစိတ် ဒေါသစိတ် မောဟစိတ် ကင်းတဲ့ ယောကျ်ားမြတ်တို့ရဲ့ ခြေရာဖြစ်တယ် ဒီခြေရာရှင်ဟာ ကိလေသာအမိုးကို ဖျက်ချိုးဖွင့်လှစ်ပြီးတဲ့ သဗ္ဗညုတမြတ်စွာ ဘုရားရဲ့ ခြေတော်ရာဖြစ်တယ် ရှင် သေသေချာချာ ကြည့်စမ်း ပါလို့ ပုဏ္ဏားကြီးကို ပြောပါတယ်

မှတ်ချက်၊ ရာဂစိတ် များတဲ့သူရဲ့ ခြေရာဟာ အလယ်က ခွက်တယ်
ဒေါသစိတ် များတဲ့သူရဲ့ ခြေရာဟာ နောက်သို့ ငင်ဖိအား များတယ်
မောဟစိတ် များတဲ့သူရဲ့ ခြေရာဟာ ခြေဖျားနှင့် ဖနောင့် ဖိအားများတယ်

ပုဏ္ဏေးမကြီးက

အခုတွေ့မြင်ရတဲ့ ဒီခြေရာတွေဟာ ကိလေသာအမိုးကိုဖျက် ချိုးဖွင့်လှစ်ပြီးတဲ့ သဗ္ဗညု မြတ်စွာဘုရားရဲ့ ခြေတော်ရာသာ ဖြစ်တယ်လို့ ပြောပါတယ်

(အောင်ဗောဓိစာပေ)

ပုဏ္ဏားကြီးဟာ

ပုဏ္ဏေးကြီးမက အခုလို လေးလေးနက်နက် ပြောဆိုပေမယ့် နားမဝင်ပါဘူး ပုဏ္ဏေးမကြီး အခုလို ပြောတဲ့အတွက် ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးကို ရှင်မဟာ တယ်ပြီး ရှုန့်ရှင်းကြမ်းတမ်းလှတယ် နှုတ်ထွက်ကြမ်းလှတယ်လို့ ပြောဆိုပါတယ်

ဒီပုဏ္ဏားကြီး ဇနီးမောင်နှံ အချင်းချင်း ငြင်းခုံစကား ပြောကြားနေစဉ် မြတ်စွာဘုရား ဆွမ်းခံ လှည့်လည်တော်မူပြီး ရဟန်းအပေါင်းနဲ့အတူ ဆွမ်းစားပြီးတဲ့အခါ မာဂဏ္ဍိပုဏ္ဏားကြီး မြင်လောက်တဲ့ ဥပစာအရပ်ကနေ ထွက်ကြွလာတော်မူပါတယ်

မာဂဏ္ဍိပုဏ္ဏားကြီးဟာ

မြတ်စွာဘုရား ကြွလာတာကို အဝေးကနေ မြင်တဲ့အခါ

ပုဏ္ဏေးမကြီးကို ငါပြောတဲ့ ရဟန်းယောကျ်ားဟာ ဒီရဟန်းဖြစ်တယ်လို့ နှစ်သက် အားရ ဝမ်းမြောက်ဝမ်းသာစွာနဲ့ မြတ်စွာဘုရားရဲ့ ရှေ့တည့်တည့်က ရပ်ပြီး

အိုရဟန်း ငါဟာ သင့်ကို အစောကြီးကပင် လှည့်လည်ရှာဖွေနေတယ် ဒီဇမ္ဗူဒီပါကျွန်းအပြင်မှာ ငါ့ရဲ့သမီးနဲ့ ရုပ်ရည်အဆင်းတူညီတဲ့ မိန်းမရယ်လို့ တယောက်မှမရှိဘူး သင်နဲ့ရုပ်ရည်အဆင်းတူညီတဲ့ ယောကျ်ားသည်း ဒီဇမ္ဗူဒီပါကျွန်းအပြင်မှာ တယောက်မှမရှိဘူး ငါ့သမီးကို သင့်ကို လုပ်ကျွေးပြုစု ယုယဖို့ ပေးလိုတယ် ငါ့သမီးကို သင်ယူပါလို့ တိုက်ရိုက်တဲ့ တိုးရိုးရိုးပင် ပြောချလိုက်ပါတယ်

ဒီအခါ
မြတ်စွာဘုရားက မာဂဏ္ဍီပုဏ္ဏားကြီးကို
အို ပုဏ္ဏားကြီး
ကာယကံမြောက်ကျင့်ဆောင်ဖို့ မဆိုထားနဲ့ လိုလားတောင့်တတဲ့ တဏှာဆန္ဒမျှပင် တစိုးတစိမျှ ငါ့မှာ မရှိဘူး ကျင်ကြီး ကျင်ငယ်ပမာ ရွံစဖွယ် အသီးသီးတို့ ယိုစီးမလောက် ပြည့်လျှမ်းနေတဲ့ ဒီမာဂဏ္ဍီသူငယ်မရဲ့ ရုပ်အဆင်းကို မြင်ရလို့ လိုချင်တောင့်တတဲ့ တဏှာဆန္ဒ အဘယ်မှာ အာသာစွန်းငြိပါ့မလဲ
အဲဒီ မာဂဏ္ဍီသူငယ်မကို ခြေနဲ့ထိဖို့တော့ ဝေးစွ ထိရုံကလေးမျှထိခြင်းငှာ ဝတ္ထုနဲ့ကိလေသာ နှစ်ဖြာသော ကာမ ငါ့မှာ မရှိဘူး တောင့်တတဲ့စိတ် စေနန် ငါ့မှာ မရှိဘူးလို့ မာဂဏ္ဍီပုဏ္ဏားကြီးကို ပြောကြားတဲ့ အနေမျိုးနဲ့ မဟုတ်ပဲ အခြား သူတဦးတယောက်နဲ့ ပြောကြားသကဲ့သို့ ပြောတော်မူပါတယ်
ဒီစကားကို ကြားတဲ့အခါ
မာဂဏ္ဍီသူငယ်မဟာ
သူမရဲ့ စိတ်ထဲကနေ
ငါ့ကို အလိုမရှိယင် မလိုချင်ဘူးလို့သာ ရိုးသားစွာ ပြောဆိုသင့်တယ်
ခုတော့ ဒီရဟန်း ဂေါတမဟာ
ငါ့ကို ကျင်ကြီး ကျင်ငယ် ရွံစဖွယ် အပြည့်ရှိနေတယ်လို့ ဖွင့်ဟပြောဆိုပြီး ခြေနဲ့သော်မှုလည်း မတို့ထိလိုဘူးလို့ ရက်ရက်

စက်စက် ပစ်ပစ်ခါခါ ပြောဆိုတယ် ရှိစေတော့ ငါတနေ့ အထွတ်အထိပ်သို့ ရောက်ရှိယင် ဒီရဟန်းဂေါတမ သေဖို့သာ မြင်ပေတော့လို့ အကြံမှား မြတ်စွာဘုရားအပေါ် ရန်ငြိုးနဲ့ အာဃာတဖွဲ့လိုက်ပါတယ်

မြတ်စွာဘုရားဟာ

မာဂဏ္ဍိသူငယ်မရဲ့ ရန်ငြိုးဖွဲ့မှုကို ဂရုမပြုပဲ

စရိုက်နဲ့ လျော်မယ့်တရားကို ချင့်မြော်ထောက်ပြီး မာဂဏ္ဍိကြီးကို တရားဟောတော်မူတယ်၊ မာဂဏ္ဍိ ဇနီးမောင်နှံကို တရားဟောလို့ တရားနိဂုံးဆုံးတဲ့အခါ မာဂဏ္ဍိပုဏ္ဏားကြီး ဇနီးမောင်နှံ နှစ်ဦးစလုံး အနာဂါမိဖိုလ်မှာ တည်သွားကြပါတယ်

အဲဒီအခါ

ပုဏ္ဏားကြီးလင်မယားဟာ

သူတို့အချင်းချင်း အခုအခါ ငါတို့အဖို့ရာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေခြင်းဖြင့် အကျိုးမရှိတော့ဘူးလို့ ဆင်ခြင်စဉ်းစားတဲ့အတွက် သူရဲ့သမီး မာဂဏ္ဍိ သူငယ်မကို သူ့ရဲ့ညီဖြစ်သူ မာဂဏ္ဍိထံ အပ်ခဲ့ကြပြီး သူတို့နှစ်ဦးစလုံး ရဟန်းပြုလိုက်ကြပါတယ်

**အဲဒီနောက်**

ရဟန်းတရားကို မှန်ကန်စွာ အားထုတ် ပွားများနိုင်ကြလို့ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာကြီးတွေ ဖြစ်သွားကြပါတယ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားလည်း

မာဂဏ္ဍိပုဏ္ဏားကြီး ဇနီးမောင်နှံကို တရားဟောပြီး နောက် လာယင်း မူလခရီးအတိုင်း ကောသမ္ဗီပြည်ကို ခရီး ဆက်လက်ကြွတော်မူခဲ့ရာ များစွာသော ရဟန်း အခြံအရံများနဲ့ အတူ ကောသမ္ဗီပြည်သို့ ရောက်တော်မူလာကြပါတယ်

ကောသမ္ဗီကို ရောက်တဲ့အခါ

ကောသမ္ဗီ ပြည်က သဌေးသုံးဦးဟာ

(၁) မြတ်စွာဘုရား ကြွတော်မူကြောင်း သတင်း ကောင်းစကား ကြားကြခြင်း

(၂) မြတ်စွာဘုရား အမှူးပြုတဲ့ သံဃာတော်များကို ကြိုးကျယ်ခမ်းနားစွာ ခရီးဦးကြိုကြခြင်း

(၃) မြတ်စွာဘုရားနဲ့ နောက်ပါ သံဃာတော်မြတ် များကို ကျောင်းတိုက် အသီးသီးသို့အရောက် ပင့်ဆောင်ကြခြင်းများကို ပြုလုပ်ကြပါတယ်

မြတ်စွာဘုရားနဲ့ နောက်ပါ ရဟန်း သံဃာတော်မြတ်များ ကျောင်းတိုက်အသီးသီးသို့ ရောက်ကြတဲ့အခါ ထိခြင်းကြီး(၅) ပါးနဲ့ မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းတော်များကို ရှိသေ မြတ်နိုး ရှိခိုးကြပြီး သူတို့အနေနဲ့ မနေအပ်တဲ့ အပြစ်လွတ်ရာ အရပ်အသီးသီးမှာ ထိုင်နေကြပြီး

မြတ်စွာဘုရားကို

(အောင်ဗေဒစာပေ)

ဘုန်းတော်ကြီးသော မြတ်စွာဘုရား

တပည့်တော်များဟာ ဒီ ကျောင်းတိုက်ကြီး သုံးတိုက်ကို အရှင်ဘုရားကို ရည်ညွှန်း ဆောက်လုပ်ထားတာပါ ဘုရား

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

စတုဒိသာ သံဃာတော်အား ချီးမြှောက်ခြင်း အကျိုးငှာ ဒီ ကျောင်းတိုက်ကြီး (၃) တိုက်ကို ကရုဏာရှေ့ထားပြီး အလှူခံတော်မူပါဘုရားလို့ လျှောက်ထားကြပါတယ်

မြတ်စွာဘုရားဟာ

ဗိုလ် သဌေး(၃)ဦး လျှောက်ထား တောင်းပန်ချက်အရ အဲဒီ ကျောင်းတိုက်ကြီး (၃) တိုက်ကို အလှူခံတော်မူပါတယ်၊ သဌေးတွေလည်း မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းကို မနက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှာ ဆွမ်းပင့်ဖိတ်ခဲ့ကြပြီး ရှိသေမြတ်နိုး ရှိခိုးကြလျက် အိမ်သို့ ပြန်ကြပါတယ်

မြတ်စွာဘုရားဟာ

ဖော်ပြပါအတိုင်း သဌေးသုံးဦး ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းတိုက်ကြီး သုံးတိုက်ကို အလှူခံတော်မူပြီး နဝမ မြောက် ဝါကို ဒီ ကောသမ္ဗီပြည်မှာ ဝါကပ်ဆိုသီတင်းသုံးဆောင် တော်မူပါတယ်

မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံဟာ သူတို့ရဲ့ သမီး မာဂဏ္ဍီ သူငယ်မကို သူရဲ့ညီ စူဠမာဂဏ္ဍီပုဏ္ဏားထံ အပ်နှံပြီး ရဟန်း ပြုသွားကြပါတယ်၊ စူဠမာဂဏ္ဍီဟာ မာဂဏ္ဍီသူငယ်မကို ဥဒေနမင်းထံ ဆက်သလိုက်ပါတယ်၊ ဥဒေနမင်းဟာ မာဂဏ္ဍီကို

မြတ်နိုးလွန်းလှတဲ့ အတွက် ရွှေနန်းတော်သို့ ဆောင်ယူပြီး ဘိသိက်သွန်းဖျန်းကာ မိဖုရားကြီးအရာ မြှောက်လိုက်ပါတယ်

အဲဒါကြောင့်

မြတ်စွာဘုရား ကောသမ္ဗီပြည်မှာ န၀မမြောက် ၀ါကပ်ဆို တော်မူတဲ့အချိန်မှာ မာဂဏ္ဍီဟာ ဥဒေနမင်းရဲ့ မိဖုရားကြီး တဦးအဖြစ်သို့ ရောက်ရှိနေပြီး ဖြစ်ပါတယ်

မာဂဏ္ဍီမိဖုရားဟာ

မြတ်စွာဘုရား ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူလာပြီး ဖြစ်ကြောင်း သတင်းစကား ကြားသိရတဲ့အခါ မြတ်စွာဘုရား အပေါ်မှာ ရှေးက ရန်ငြိုးဖွဲ့ထားတဲ့သူ ဖြစ်လို့ မာဂဏ္ဍီ မိဖုရားကြီးဟာ ဝက်တလှည့် ပြတ်တလှည့် ဖြစ်နေကြတဲ့ အရက် သမားတွေကို ခေါ်ယူပြီး သုံးစွဲစရာငွေတို၊ စားရော၊ သောက် စရာတို၊ အရက်တို့ စတဲ့ တံစိုးလက်ဆောင်တွေပေးပြီး ရဟန်း ဂေါတမ ဆွမ်းခံကြွလာတဲ့အခါ (သို့မဟုတ်) ဆွမ်းစားကြွတဲ့ အခါ လမ်းခရီးမှာတွေ့ယင် ဒီနည်း ဒီနည်းနဲ့ ဒီလိုဒီလို ဆဲကြ ဆိုကြ ပြောကြရမယ်လို့ သင်ကြားပြောဆိုပြီး လွှတ်လိုက်ပါ တယ်

တနေ့မှာ

မြတ်စွာဘုရားဟာ နောက်ပါ သံဃာတော်မြတ်များခြံရံပြီး ကောသမ္ဗီပြည်အတွင်းသို့ ဆွမ်းဘုဉ်းပေးဖို့ ကြွတော်မူလာတဲ့

အခါ မာဂဏ္ဍိမိဖုရားကြီး ခိုင်းစေထားတဲ့ အရက်သမားတွေ ဟာ အရက်ကို မူးအောင်သောက်လာကြပြီး မြတ်စွာဘုရားကို သင်ဟာ သူခိုး သင်ဟာ လူမိုက် သင်ဟာ ကုလားအုပ် သင်ဟာ နွား သင်ဟာ မြင်း သင်ဟာ တိရစ္ဆာန် သင်ဟာ ငရဲသောင်း သင့်မှာ သုဂတိမရှိဘူး သင်ဟာ ဒုက္ခ‌ရောက်ဖို့သာရှိတယ်လို့ (၁၀)မျိုးသော ဆဲဆိုနည်းများနဲ့ အမျိုးမျိုးဆဲဆိုကြပါတယ်

အခုလို အင်မတန်ယုတ်ညံ့ ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ မြတ်စွာဘုရားကို ဆဲဆိုကြတာကို ကြားသိရတဲ့အခါ

အရှင်အာနန္ဒာဟာ

မြတ်စွာဘုရားကို

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား

အခုလို အင်မတန်မှ ရိုင်းစိုင်း ခက်ထန် ကြမ်းတမ်းလွန်းလှတဲ့ သူတွေ နေထိုင်တဲ့ ဒီအရပ်မှာ အဆဲ အဆို အပြောခံပြီး မနေ ပါနဲ့တော့ အခြားတမြို့တရွာသို့ သွားကြပါစို့လို့ ဘုရားကို လျှောက်တင်ပါတယ်

ဒီအခါ

မြတ်စွာဘုရားက

အဲဒီအရပ်မှာလည်း အခုလို အဆဲခံ အဆိုခံ အပြောခံရယင် ရော သင် ချစ်သား ဘယ်လိုလုပ်မလဲလို့ မြတ်စွာဘုရားက ရှင်အာနန္ဒာကို ပြန်ပြီး မေးပါတယ်

အခုလိုမေးတဲ့အခါ

(အောင်ဗောဓိစာပေ)

အရှင်အာနန္ဒာက

အဲဒီနေရာကတဆင့် တခြားတနေရာကို ထပ်ပြီး ပြောင်းသွားကြမယ်ဘုရားလို့ လျှောက်တင်တယ်

ဒီတော့မှ

မြတ်စွာဘုရားက ရှင်အာနန္ဒာကို

ချစ်သားအာနန္ဒာ

မြတ်စွာဘုရား ရဟန္တာတို့မည်သည် လာဘ်ရခြင်း လာဘ်မရခြင်း အခြွေအရံပြည့်စုံခြင်း အခြွေအရံမရှိခြင်း ချီးမွမ်းခံရခြင်း ကဲ့ရဲ့ခံရခြင်း ချမ်းသာခြင်း ဆင်းရဲခြင်း ဆိုတဲ့ လောကဓံ ရှစ်ပါးတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျဉ်းမရှိကြဘူး ဒီ အခု ဆဲနေကြတဲ့ အသံတွေလည်း ခုနစ်ရက်ထက် မလွန်မကြာနိုင်ကြပါဘူး သင်ချစ်သားဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ထွေရာလေးပါး အကြံများမနေပါနဲ့လို့ မိန့်တော်မူပါတယ်

(အောင်ဗောဓိစာပေ)

# ချမ်းသာတဲ့လောကမံ

(အောင်ဖောဝ်စာပေ)

၃၃

# ချမ်းသာတဲ့လောက၌ ခံစားရပုံ

## ချမ်းသာတဲ့ခံစားမှု (၂) မျိုး

သုခ ဆိုတဲ့ ဝေါဟာရဟာ ပါဠိဝေါဟာရက ဆင်းသက်လာတဲ့ ဝေါဟာရစကားလုံးဖြစ်ပါတယ်၊ သုခ ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်က ချမ်းသာခြင်း ဖြစ်ပါတယ်

ချမ်းသာတာ (၂) မျိုး ရှိပါတယ်

**ပထမတမျိုးက** ရုပ်အာရုံ နာမ်အာရုံတွေကို ခံစားရတဲ့ ကိုယ်ရဲ့ခံစားမှုကို ကိုယ်ကနှစ်သက်တဲ့ ကျေနပ်တဲ့ လိုလားတဲ့ ကြည်နူးတဲ့ တပ်မက်တဲ့ ကိုယ်ရဲ့နှစ်သက်မှုအပေါ်အစွဲ ကျေနပ်မှုအပေါ်အစွဲ လိုလားမှု

(အောင်ဘောဓိတာပေ)

အပေါ်အစွဲ ကြည်နူးမှုအပေါ်အစွဲ တပ်မက်မှု
အပေါ် အစွဲ စတဲ့ အစွဲစိတ်တွေနဲ့ ကိုယ်စိတ်တိုင်း
ကျ စွဲလမ်းခံစားမှုရနေတဲ့ "ချမ်းသာ"မှု ဖြစ်တယ်

နောက်ထမျိုးက

ရုပ်အာရုံ နာမ်အာရုံတွေကို ခံစားတဲ့ခံစားမှုအပေါ် နှစ်သက်ကျေနပ်တယ်လည်း မဟုတ်ဘူး၊ မကျေနပ်ဘူးလည်း မဟုတ်ဘူး ကိုယ်ဖမ်းယူ ခံစားနေတဲ့ အာရုံကိုအစွဲစိတ်နဲ့ မခံစားပဲ ကိုယ်ဖမ်းယူခံစားတဲ့ အာရုံအပေါ် လျစ်လျူရှုထားတဲ့အတွက် ကိုယ်မှာ အာရုံနဲ့ ပတ်သက်တဲ့ ခံစားတဲ့ဘဝ မရှိတဲ့ ကိုယ်မှာ ခံစားတဲ့ဘဝ ချုပ်တဲ့ကိုယ်ဟာ ခံစားတဲ့ဘဝက လွတ်မြောက်တဲ့ ကိုယ်ဟာ ခံစားတဲ့ဘဝကို လျစ်လျူရှုလိုက်တဲ့ ကိုယ်မှာ ခံစားမှုဘဝငြိမ်းတဲ့ ခံစားမှုကို ခံစားခွင့်ရတဲ့ "ချမ်းသာမှု" ဖြစ်ပါတယ်

ရုပ်အာရုံ နာမ်အာရုံ စတဲ့ လောကီအာရုံ တမျိုးမျိုးကို ခံစားရတဲ့ ခံစားမှုအပေါ်မှာ ကိုယ်က နှစ်သက်တဲ့ ကျေနပ်တဲ့ လိုလားတဲ့ ကြည်နူးတဲ့ တပ်မက်တဲ့ ဆန္ဒပြည့်ဝတဲ့ ခံစားမှုကို ခံစားရလို့ ချမ်းသာတဲ့ ခံစားမှုကို ဝေဒယိတသုခလို့ ခေါ်ကြပါတယ်၊

ရုပ်အာရုံ နာမ်အာရုံ စတဲ့ လောကီအာရုံတွေကို မခံစားပဲ လောကီအာရုံတွေအပေါ် ခံစားမှုကို လျစ်လျူရှုထားတဲ့

အတွက် ရုပ်အာရုံ နာမ်အာရုံ စတဲ့ အာရုံတွေနဲ့ ပတ်သက်တဲ့ ခံစားမှုအပေါင်းက လွတ်မြောက်တဲ့ ခံစားမှု ခံစားမှုဘဝချုပ်တဲ့ ခံစားမှု ခံစားမှုဘဝငြိမ်းတဲ့ခံစားမှု ခံစားမှုဘဝမရှိတဲ့ ခံစားမှု စတဲ့ ငြိမ်းအောင် စိတ်ချမ်းသာကို အဝေဒယိတသုခလို့ ခေါ်ကြပါတယ်၊ ဒီ အဝေဒယိတသုခကို သန္တိသုခလို့လည်း ခေါ်ကြသေးပါတယ်

အဲဒါကြောင့်

ဝေဒယိတသုခဆိုတာ

ကိုယ်ရဲ့စိတ်က ဖမ်းယူထားတဲ့ အာရုံကိုခံစားတဲ့ ခံစားမှုအပေါ် နှစ်သက်တဲ့ ကျေနပ်တဲ့ လိုလားတဲ့ ကိုယ်ရဲ့အလိုဆန္ဒပြည့်ဝတဲ့ စိတ်ချမ်းသာမှု ဖြစ်ပါတယ်

အဝေဒယိတသုခဆိုတာ က

ကိုယ်ရဲ့စိတ်က ဖမ်းယူထားတဲ့ အာရုံကို မခံစားပဲ အာရုံကို လျစ်လျူရှုထားလို့ ကိုယ်ရဲ့စိတ်က ဖမ်းယူထားတဲ့ အာရုံနဲ့ ပတ်သက်ပြီး ခံစားမှုလုံးဝမရှိတဲ့ ခံစားမှုချုပ်တဲ့ ခံစားမှုငြိမ်းတဲ့ ခံစားမှုအစုံအပေါင်းက လွတ်မြောက်တဲ့ ငြိမ်းအေးတဲ့ စိတ်ချမ်းသာ ဖြစ်တယ်

## ချမ်းသာမှုနဲ့ပတ်သက်လို့

၁။ ရုပ်အာရုံ နာမ်အာရုံ အစရှိတဲ့ လောကအာရုံတွေ

(အောင်ဗောဓိစာပေ)

အပေါ် နှစ်သက်တဲ့ခံစားမှု ကျေနပ်တဲ့ခံစားမှု အလိုကျတဲ့ ခံစားမှု ရယူလိုတဲ့ခံစားမှု ဆန္ဒနဲ့ ကိုက်ညီတဲ့ ခံစားမှု ချမ်းသာတဲ့ခံစားမှု စော၊ စိတ်ချမ်းသာတဲ့ စိတ် ချမ်းသာမှုလောက် ကိုသာ ခံစားမှုကြတဲ့ သူတွေဟာ သူတို့ ခံစားရတဲ့အာရုံကို သူတို့ကြိုက်နှစ်သက်တဲ့ သူတို့ကျေနပ်တဲ့ သူတို့ အလိုကျတဲ့ သူတို့စိတ်တိုင်းကျတဲ့ သူတို့ကြည်နူးတဲ့ အာရုံကို ခံစားရတာကို အကောင်းဆုံး ချမ်းသာ ဖြစ်တယ်လို့ သိမြင်နေကြပါတယ်

၂။ စျာန်ချမ်းသာကို ရရှိခံစားနေကြရတဲ့ သူတွေက လည်း သူတို့ ရရှိခံစားနေကြရတဲ့ စျာန်ချမ်းသာကို အကောင်းဆုံးချမ်းသာ ဖြစ်တယ်လို့ မြင်နေကြပါ တယ်

၃။ ဖြဟ္မာချမ်းသာကို ရရှိခံစားနေကြရတဲ့ သူတွေက လည်း သူတို့ ရရှိခံစားနေကြရတဲ့ ဗြဟ္မာချမ်းသာကို အကောင်းဆုံး ချမ်းသာဖြစ်တယ်လို့ သိမြင်နေကြ ပါတယ်၊ ဗက ဗြဟ္မာကြီးဟာ မြတ်စွာဘုရားနဲ့ တွေ့ဆုံတဲ့အခါ သူရဲ့ ဗြဟ္မာချမ်းသာဟာ ချမ်းသာ တာဟာ ချမ်းသာတွေထဲမှာ အချမ်းသာဆုံး အကောင်းဆုံး အမြတ်ဆုံးချမ်းသာ ဖြစ်တယ်လို့ ပြောတာပဲ

(အောင်ဇောင်စာပေ)

## ချမ်းသာတဲ့အဆင့်(၁၀)ဆင့်

အဆင်း အသံ အနံ့ အရသာနဲ့ အတွေ့ဆိုတဲ့ အာရုံတွေကို ဖမ်းယူ ခံစားမှုအပေါ်မှာ နှစ်သက်လို့ ကျေနပ်လို့ လိုလားလို့ တပ်မက်လို့ ကြည်နူးလို့ ကိုယ်ရဲ့ စိတ်နှလုံး ပြည့်ဝလို့ ခံစားရတာတွေဟာ ဒီအဆင်း အသံ အနံ့ အရသာနဲ့ အတွေ့ဆိုတဲ့အာရုံတွေကို ခံစားချင်တာကို မခံစားရလို့ ကိုယ် မခံစားချင်တာကို ခံစားနေရလို့နဲ့ ကိုယ် ခံစားချင်တာတွေကို ခံစားရပြန်တော့လည်း ကိုယ် ခံစားချင်သလောက် မခံစားရလို့ စိတ်ဆင်းရဲရတာတွေထက်တော့ "ချမ်းသာတာအမှန်ပါပဲ"

ဒါပေမယ့်

အခုလို အဆင်း အသံ အနံ့ အရသာနဲ့ အတွေ့ဖြစ်ကြတဲ့ အာရုံတွေအပေါ်မှာ ကိုယ့်အလိုကျ ကိုယ့်စိတ်တိုင်းကျ ကိုယ့်ရဲ့ဆန္ဒအလိုကျ အပြည့်အဝ ခံစားရတဲ့ချမ်းသာမှုကို ခံစားရတာတွေထက် "ရူပပထမဈာန်ချမ်းသာက" အဆပေါင်းများစွာ ပိုပြီးချမ်းသာတယ်

ရူပပထမဈာန်ချမ်းသာထက် "ရူပဒုတိယဈာန်ချမ်းသာက" ပိုပြီးချမ်းသာတယ်

ရူပဒုတိယဈာန်ချမ်းသာထက် "ရူပတတိယဈာန်ချမ်းသာက" ပိုပြီး ချမ်းသာတယ်

(အောင်ဗောဓိစာပေ)

ရူပ တတိယစျာန်ချမ်းသာထက် "ရူပ စတုတ္ထစျာန်ချမ်းသာက" ပိုပြီး ချမ်းသာတယ်

ရူပ စတုတ္ထစျာန် ချမ်းသာထက် "ရူပ ပဥ္စမစျာန်ချမ်းသာက" ပိုပြီး ချမ်းသာတယ်

ဒီ ကာမချမ်းသာ ရူပစျာန်ချမ်းသာတွေထက် အရူပစျာန်ချမ်းသာက ပိုပြီး ချမ်းသာတယ်

အရူပစျာန်(၄)မျိုး ရှိပါတယ်

ဒီ အရူပစျာန် (၄) မျိုးထဲက

အရူပ ပထမစျာန်ထက် အရူပ ဒုတိယစျာန်က ပိုပြီး ချမ်းသာတယ်

အရူပ ဒုတိယစျာန်ထက် အရူပ တတိယစျာန်က ပိုပြီး ချမ်းသာတယ်

အရူပ တတိယစျာန်ထက် အရူပစတုတ္ထစျာန်က ပိုပြီး ချမ်းသာတယ်

မှတ်ချက်

အရူပစတုတ္ထစျာန်ဟာ နေဝသညာစျာန် ဖြစ်တယ်၊ အဲဒီ နေဝသညာစျာန်မှာ အလွန်သိမ်မွေ့တဲ့ အာရုံကို ဖမ်းယူခံစားတဲ့ ခံစားမှုအပေါ် စွဲလမ်းနေတဲ့အစွဲရဲ့ ခံစားမှု ရှိနေပါတယ်၊ အဲဒီ နေဝသညာစျာန်ချမ်းသာဟာ အစွဲစိတ်နဲ့ ခံစားတဲ့ ချမ်းသာမှုတွေထဲမှာ အဆင့်အမြင့်ဆုံး "ချမ်းသာမှုအမြတ်ဆုံး ချမ်းသာမှု" ဖြစ်ပါတယ်

(အောင်ဗောဓိစာပေ)

းပါပေမယ့်

ဒီ နေ၀သညာနာသညာဈာန်ချမ်းသာထက် မနှိုင်းယှဉ်သာအောင် ချမ်းသာတဲ့ ချမ်းသာမှု ရှိသေးတယ်

အဲဒီ ချမ်းသာမှုက တခြားမဟုတ်ပါဘူး
နိရောဓသမာပတ် ချမ်းသာမှုဖြစ်ပါတယ်
နိရောဓသမာပတ် ချမ်းသာမှုဟာ

အာရုံနဲ့ ပတ်သက်ပြီး ခံစားမှုလုံး၀မရှိတဲ့ ခံစားမှုအပေါင်းက လွတ်မြောက်တဲ့ ခံစားမှုလုံး၀ချုပ်တဲ့ ခံစားမှုလုံး၀ငြိမ်းတဲ့ ခံစားမှုဟူသမျှကို လျစ်လျူရှုလိုက်တဲ့ "ငြိမ်းအေးတဲ့ ခေတ်ချမ်းသာမှု" ဖြစ်ပါတယ်

နိရောဓသမာပတ် ချမ်းသာဟာ

နေ၀သညာဈာန်ချမ်းသာထက် မနှိုင်းယှဉ် လောက် အောင် ချမ်းသာတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ နေ၀သညာနာသညာဈာန်ဟာ "အာရုံကို အစွဲစိတ်နဲ့ စိတ်တိုင်းကျခံစားရလို့ ချမ်းသာတဲ့ ချမ်းသာဖြစ်ပြီး" နိရောဓသမာပတ် ချမ်းသာဟာ ကိုယ်ဖမ်းယူထားတဲ့ အာရုံကို ခံစားမှုအစွဲမရှိတဲ့ အစွဲကလွတ်မြောက်တဲ့ အစွဲချုပ်တဲ့ အစွဲငြိမ်းတဲ့ ငြိမ်းအေးတဲ့ခေတ်ချမ်းသာမှုဖြစ်လို့ ဖြစ်ပါတယ်၊ နိရောဓသမာပတ်ချမ်းသာဟာ "နိဗ္ဗာန်ချမ်းသာ"ဖြစ်ပါတယ်

ဒီကိစ္စနဲ့ ပတ်သက်ပြီး

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားက

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ လို့ ဟောခဲ့ပါတယ်

သူရဲ့ အနက်အဓိပ္ပာယ်က

နိဗ္ဗာနံ နိဗ္ဗာန်ကို ပရမံ အမြတ်ဆုံးဟူ၍ အဆူဆူသော ဗုဒ္ဓါ ဘုရားရှင်တို့က ဝဒန္တိ ဟောကြား တော်မူကြပါတယ်တဲ့

မြတ်စွာဘုရားက

''**နိဗ္ဗာန်**''ဟာ ခံစားတဲ့အစွဲလုံးဝမရှိလို့

ခံစားတဲ့အစွဲက လုံးဝလွတ်မြောက်လို့

ခံစားတဲ့ အစွဲအပေါင်းက ချုပ်ငြိမ်းလို့

ခံစားတဲ့ အစွဲက ကင်းငြိမ်းလို့ ဖြစ်ပျက်မှု မရှိတော့လို့ ဒီ နိဗ္ဗာန်ချမ်းသာဟာ ချမ်းသာဘကာ ချမ်းသာမှုတွေထဲမှာ ချမ်းသာဆုံး ချမ်းသာတဲ့ ချမ်းသာမှုဖြစ်တဲ့ အပြင်

သေသွားတဲ့အခါ ရုပ်ခန္ဓာ နာမ်ခန္ဓာ အသစ်နဲ့ ဘဝတဖန် မဖြစ်ရတော့လို့ အိုရမယ့်ဘေး၊ နာရမယ့်ဘေး၊ သေရမယ့်ဘေး၊ ဘဝတဖန် ဖြစ်ရမယ့်ဘေး စတဲ့ ဆင်းရဲရမယ့် ခံစားမှုဟူသမျှက ချုပ်ငြိမ်းတဲ့ အစွဲက လွတ်မြောက်တဲ့ သေမှုကင်းတဲ့ လှုပ်ရှားမှုငြိမ်းအေးတဲ့ စိတ်ချမ်းသာမှုကို မပျက်စေနိုင်တဲ့ ချမ်းသာမှု ဖြစ်ပါတယ်

**အဲဒါကြောင့်**

နိဗ္ဗာန်ချမ်းသာဟာ ချမ်းသာမှုတွေထဲမှာ အသာဆုံး

(အောင်ဗောဓိစာပေ)

ချမ်းသာမှု အမြတ်ဆုံးချမ်းသာမှု ဖြစ်တယ်လို့ ဘုရားအဆူဆူက ဟောတော်မူခဲ့တာ ဖြစ်ပါတယ်

မြတ်စွာဘုရားမှာလည်း ကျွန်တော်တို့ ခင်ဗျားတို့လိုပဲ မျက်စိရှိပါတယ် နား ရှိပါတယ် နှာခေါင်းရှိပါတယ် လျှာရှိပါတယ် ကိုယ်ရှိပါတယ် စိတ်သည်းရှိပါတယ်

မြတ်စွာဘုရားဟာ မျက်စိနဲ့ အဆင်းကို မြင်ပါတယ် နားနဲ့ အသံကိုကြားပါတယ် နှာခေါင်းနဲ့ အနံ့ကို ရှူပါတယ် လျှာနဲ့ အရသာကို လျက်ပါတယ် ကိုယ်နဲ့ အတွေ့ကို သိပါတယ် စိတ်နဲ့ အာရုံကို သိပါတယ်

အဲဒီအပြင်

မြတ်စွာဘုရားဟာ

အဆင်းရဲ့ ကောင်း မကောင်းကို ခံစားပါတယ်
အသံရဲ့ ကောင်း မကောင်းကို ခံစားပါတယ်
အနံ့ရဲ့ ကောင်း မကောင်းကို ခံစားပါတယ်
အရသာရဲ့ ကောင်း မကောင်းကို ခံစားပါတယ်
အတွေ့ရဲ့ ကောင်း မကောင်းကို ခံစားပါတယ်
အာရုံရဲ့ ကောင်း မကောင်းကို ခံစားပါတယ်

အဲဒီအပြင်

မြတ်စွာဘုရားဟာ

သူ မြင်ရတဲ့ အဆင်းအာရုံ
သူ ကြားရတဲ့ အသံအာရုံ
သူ အနံ့ခံရတဲ့ အနံ့အာရုံ

(အောင်ဗောဓိစာပေ)

သူ လျက်ရတဲ့ အရသာအာရုံ

သူ ထိတွေ့ရတဲ့ အတွေ့အာရုံ စတဲ့ အာရုံတွေနဲ့ ပတ်သက်တဲ့ ချမ်းသာမှု ဆင်းရဲမှုတွေလည်း ခံစားရပါတယ်

ဒါပေမယ့်

မြတ်စွာဘုရားဟာ

## လောကဓံဆိုတာ

အကြောင်းတိုက်ဆိုင်ဆုံဆည်း ပေါင်းစပ်လို့ ဖြစ်ပေါ်တဲ့ အခြေအနေမျှသာ ဖြစ်တယ်

အဲဒီအကြောင်း တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှုတွေဟာ မပြောင်းမယ့် ပုံစံမျိုးနဲ့ ဖြစ်ပေါ်နေကြတာ မဟုတ်ဘူး အကြောင်း တိုက်ဆိုင် ဆုံဆည်းလို့ ဖြစ်ပေါ်လာတာဖြစ်တယ်

အခုလို အကြောင်းတိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှုတွေဟာ အခိုက်အတန့်မျှသာ ဖြစ်တယ် ယာယီ အခြေအနေမျှသာ ဖြစ်တယ် ခေတ္တခဏမျှသာ ဖြစ်တယ် အခုလိုဖြစ်ပေါ်လာရာအကြောင်း တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်နေတုန်းသာ ဖြစ်တယ်

အခုလို ဖြစ်ပေါ်လာနိုင်ဖို့ လိုအပ်တဲ့အကြောင်းတရားတွေထဲက အကြောင်း တကြောင်း ကြောင်းသာ ပြောင်းလဲသွားယင် အခု ဖြစ်ပေါ်နေတဲ့ အခြေအနေက

နေ နောက် အခြေအနေ တမျိုးတမည် ပြောင်းလဲသွား နိုင်တယ်

အကြောင်းတရားတွေ တိုက်ဆိုင် ဆုံဆည်း ပေါင်း စပ်လို့ ဖြစ်ပေါ်လာတဲ့ အခြေအနေကို မပြောင်းလဲ သွားပါစေနဲ့ ဒီအတိုင်းပဲ ရှိနေပါစေ ဖြစ်နေပါစေလို့ ဆန္ဒနဲ့ ပြဋ္ဌာန်းထားလို့ မရနိုင်ဘူး

အကြောင်းတရားတွေ တိုက်ဆိုင် ဆုံဆည်း ပေါင်း စပ်လို့ဖြစ်ပေါ်ခံစားရတဲ့ ခံစားမှုအပေါ်မှာ မပြောင်းလဲ သွားနိုင်တဲ့တရား မဟုတ်ဘူး၊ အချိန်ကာလ နေရာဒေသနဲ့ တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှု အခြေအနေပြောင်းလဲ သွားယင် ခံစားမှုအခြေအနေတရပ်လုံး ပြောင်းလဲသွား နိုင်တာကိုမသိလို့ ကိုယ့်ရဲ့ဆန္ဒကို ဦးစားပေးပြီး တပ်မက် စွဲလမ်းနေယင် အဲဒီ အသိဟာ မှားတယ် အဲဒီ အမြင် ဟာ မှားတယ် အဲဒီအယူဟာ မှားတယ်

အခုလို ကိုယ် ရင်ဆိုင်တွေ့ကြုံခံစားနေရတဲ့ ခံစားမှု အပေါ်မှာ အသိမှားနေယင် ဖြစ်စေ အမြင်မှားနေယင် ဖြစ်စေ အယူမှားနေယင် ဖြစ်စေ ကိုယ့်ရဲ့ အသိမှား အမြင်မှား အယူမှားကြောင့် ကိုယ် အပင်ပန်းခံရမယ် စိတ် အဆင်းရဲခံရမယ်ဆိုတာ သိတယ်

**အဲဒီအပြင်**

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ
ကိုယ်နှစ်သက် ကျေနပ် လိုလားတဲ့ လောကဓံတွေပဲဖြစ်ဖြစ်
ကိုယ်မနှစ်သက် မကျေနပ် မလိုလားတဲ့ လောကဓံတွေပဲဖြစ်ဖြစ်
လောကဓံတိုင်းဟာ အခုလို လောကဓံ ဖြစ်ပေါ်လာစရာ
အကြောင်းတရားတွေ တိုက်ဆိုင် ဆုံဆည်း ပေါင်းပေမိကြလို့
ဖြစ်ပေါ်တဲ့ အခြေအနေမျှသာ ဖြစ်တယ်
အဲဒီအခြေအနေတွေဟာ
မပြောင်းလဲမယ့် အခြေအနေမဟုတ်ကြဘူး ပြောင်းလဲနေကြ
တဲ့ အချိန်ကာလ နေရာဒေသနဲ့ပါဝင် ပတ်သက်နေကြတဲ့
ပယောဂတွေရဲ့ ပြောင်းလဲမှု အခြေအနေတွေအပေါ် အခြေခံ
တွေ ပြောင်းလဲတတ်တဲ့ သဘာဝ ဖြစ်တယ်
အဲဒါကြောင့်
ကိုယ်နှစ်သက် ကျေနပ် လိုလားတဲ့ လောကဓံရဲ့ အခြေ
အနေတွေပဲဖြစ်ဖြစ် ကိုယ်မနှစ်သက် မကျေနပ် မလိုလားတဲ့
လောကဓံရဲ့ အခြေအနေတွေပဲဖြစ်ဖြစ် လောကဓံရဲ့
အခြေအနေတိုင်းဟာ အချိန်ကာလ နေရာဒေသနဲ့ ပါဝင်
ပတ်သက်တဲ့ ပယောဂအပေါ်က အချိန်ကာလ အတိုင်းအတာ
တွေနဲ့ အခိုက်အတန့်မျှသာ ခံစားရမယ့် ခံစားရမှုသာ ဖြစ်တယ်
ယာယီမျှသာ ခံစားရမယ့် ဖြစ်ပေါ်မှုမျှသာ ဖြစ်တယ်
အခုလို အခိုက်အတန့်မျှသာ ခံစားရကြမယ့် ယာယီမျှသာ
ဖြစ်ပေါ်မယ့် လောကဓံရဲ့ အခြေအနေကို နှစ်သက်တဲ့အစွဲစိတ်
ကျေနပ်တဲ့အစွဲစိတ် ရယူခံစားနေချင်တဲ့စိတ် တွေ နဲ့အစွဲစိတ်

တွေနဲ့ ဖြစ်စေ (သို့မဟုတ်) မနှစ်သက်တဲ့အစွဲစိတ် မကျေနပ်တဲ့ အစွဲစိတ် မုန်းတီးတဲ့အစွဲစိတ် စတဲ့ အစွဲစိတ်တွေနဲ့ဖြစ်စေ မစွဲလမ်း နေရဘူး မစွဲလမ်းထားရဘူး

လောကဓံတိုင်းဟာ

သူ့ရဲ့သဘာဝအတိုင်း ဖြစ်ပေါ်ရာအကြောင်း တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မိကြတဲ့ အခိုက်အတန့်မှာ ယာယီဖြစ်ခဲ့ပေါ် လာတဲ့ အခြေအနေမျှသာဖြစ်တဲ့အတွက် အကြောင်းကြောင်း တွေကြောင့် ကိုယ်စွဲသမ်းထားတဲ့ အခြေအနေတွေ ပြောင်းလဲ သွားယင် ကိုယ့်ရဲ့ဆန္ဒအစွဲစိတ်နဲ့ ကိုယ့်ရဲ့လက်တွေ့ဘဝ မကိုက် တော့တဲ့အတွက် ကိုယ်ဟာလည်း ကိုယ့်ရဲ့သက်တွေ့ဘဝကို မလွန် ဆန်နိုင်တဲ့အခါ ကိုယ်ဟာ ကိုယ့်ရဲ့လောကဓံအပေါ် အစွဲစိတ် ကြောင့် စိတ်အဆင်းရဲခံရမယ် ကိုယ်အပင်ပမ်းခံရမယ်ဆိုတာကို သိပါတယ်

တနည်းအားဖြင့်

ကိုယ်နှစ်သက် ကျေနပ် လိုလားတဲ့ လောကဓံပဲဖြစ်ဖြစ်
ကိုယ်မနှစ်သက် မကျေနပ် မလိုလားတဲ့ လောကဓံပဲဖြစ်ဖြစ်
လောကဓံတိုင်းဟာ

မြဲတဲ့အခြေအနေမဟုတ်ကြဘူး မမြဲတဲ့ အခြေအနေတွေ ဖြစ် ကြတယ် မမြဲတဲ့အခြေအနေကို မြဲတယ်လို့ မှတ်ယူပြီး ခံစားချင် နေတဲ့ ဆန္ဒစိတ်နဲ့ စွဲလမ်းနေယင် "ကိုယ်ဟာ ကိုယ့်ရဲ့ ဆန္ဒစွဲစိတ် နဲ့ စွဲလမ်းနေတဲ့ လောကဓံရဲ့ သားကောင်ဘဝနဲ့ လောကဓံ ရဲ့ ညှဉ်းပမ်းနှိပ်စက်မှုကို ခံရမယ်" ဆိုတာကို သိပါတယ်

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

မြတ်စွာဘုရားဟာ

၁။ လာဘောလို့ခေါ်တဲ့
လာဘ်ရတဲ့ လောကဓံကိုပဲဖြစ်ဖြစ်

၂။ အလာဘောလို့ခေါ်တဲ့
လာဘ်မရတဲ့ လောကဓံကိုပဲဖြစ်ဖြစ်

၃။ ယာသောလို့ခေါ်တဲ့
ကိုယ့်ကို ကူညီမယ့်သူ ပြည့်စုံတဲ့ လောကဓံကို
ပဲ ဖြစ်ဖြစ်

၄။ အယာသောလို့ခေါ်တဲ့
ကိုယ့်ကိုယ်ကူညီမယ့်သူ မပြည့်စုံတဲ့ လောကဓံ
ကိုပဲ ဖြစ်ဖြစ်

၅။ နိန္ဒာလို့ခေါ်တဲ့
ကိုယ်ကောင်းကြောင်း အပြောခံရတဲ့ လောကဓံ
ကိုပဲ ဖြစ်ဖြစ်

၆။ ပသံသာလို့ ခေါ်တဲ့
ကိုယ်မကောင်းကြောင်း အပြောခံရတဲ့လောကဓံ
ကိုပဲ ဖြစ်ဖြစ်

၇။ သုခံလို့ခေါ်တဲ့
စိတ်ချမ်းသာတဲ့ လောကဓံကိုပဲ ဖြစ်ဖြစ်

(အောင်ဇေယျာစာပေ)

ဂ။ ဒုက္ခ လိုခေါ်တဲ့

စိတ်ဆင်းရဲရတဲ့ လောကဓံကိုပဲ ဖြစ်ဖြစ် စွဲလမ်းတဲ့ စိတ်နဲ့ မခံစားပဲ အာရုံနဲ့ပတ်သက်တဲ့ ခံစားမှုအရပ်ရပ်ကို လျစ်လျူရှုပြီး ငြိမ်းအေးတဲ့ချမ်းသာမှုကို ခံစားရပါတယ်

မြတ်စွာဘုရားဟာ

သူ ခံစားတဲ့ အာရုံနဲ့ပတ်သက်ပြီး သူရဲ့အာရုံအပေါ် အစွဲ မရှိကြတဲ့အတွက် သူဟာ သူခံစားတဲ့ အာရုံနဲ့ပတ်သက်ပြီး ကျေနပ်တဲ့ လောဘစိတ်တွေလည်း မဖြစ်ကြဘူး မကျေနပ်တဲ့ ဒေါသစိတ်တွေလည်း မဖြစ်ကြဘူး

အဲဒါကြောင့်

မြတ်စွာဘုရားမှာ

သူရဲ့စိတ်က ဖမ်းယူခံစားတဲ့ အာရုံနဲ့ပတ်သက်ပြီး ကျေနပ်တဲ့ ခံစားမှုကြောင့် ချမ်းသာတယ်ဆိုတဲ့ စိတ်တို့ မကျေနပ်တဲ့ ခံစားမှုကြောင့် ဆင်းရဲတယ်ဆိုတဲ့ စိတ်တို့ မဖြစ်ပေါ် မခံစားရပါဘူး

ဒါပေမယ့်

မြတ်စွာဘုရားဟာ

အပူအအေး စတဲ့ ဆန့်ကျင်ဘက်ရာသီ ဥတုဒဏ်ကြောင့် ဖြစ်စေ ခန္ဓာကိုယ်အနေအထားချွတ်ယွင်းမှုကြောင့် ဖြစ်စေ ရောဂါ တခုခုကြောင့် ဖြစ်စေ နေမထိထိုင်မသာတဲ့ အတွေ့ဆိုး အနေဆိုးတွေ ဖြစ်ပေါ်လို့ ခန္ဓာကိုယ် ပင်ပမ်းဆင်းရဲရတဲ့ ကာယိက ဒုက္ခဝေဒနာ ကတော့ ခံစားရပါတယ်

(အောင်ဗောဓိစာပေ)

ဒါပေမယ့်

ဒီ ကာယိက ဒုက္ခဝေဒနာတွေဟာ မြတ်စွာဘုရားရဲ့ စိတ်ကို လာပြီး မထိခိုက်ပါဘူး၊ အဲဒါကြောင့် မြတ်စွာဘုရားဟာ ကျေနပ်ရော ခံစားမှုတွေကြောင့်ပဲဖြစ်ဖြစ် မကျေနပ်ရော ခံစားမှုတွေကြောင့်ဖြစ်ဖြစ် စိတ် တုန်လှုပ်ချောက်ချား ဖောက်ပြန်မှု မဖြစ်ပေါ်ပါဘူး

ကိုယ်ခန္ဓာကြောင့် ဖြစ်ပေါ်ခံစားရတဲ့ ဝေဒနာကြောင့် စိတ်ဆင်းရဲမှု မခံစားရရုံမက တခြား ဘယ်လို ကောင်းတဲ့အာရုံကို မြင်ရ ကြားရ အနံ့ခံရ လျက်ရ ထိသိရလို့ အာရုံရဲ့အရသာကို ခံစားရပေမယ့်လည်း ကိုယ့်ရဲ့ခံစားမှုကို ဆန္ဒနဲ့ မစွဲလမ်းပဲ လျစ်လျူရှုထားတဲ့အတွက် အာရုံတွေနဲ့ ငပ်ပြီး မြတ်စွာဘုရားမှာ လောဘစိတ်လဲ မဖြစ်ပါဘူး ဒေါသလည်း မဖြစ်ပါဘူး မောဟလည်း မဖြစ်ပါဘူး

မြတ်စွာဘုရားမှာရရှိထားတဲ့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တွေကြောင့် အမှားအမှန်ကို မသိတဲ့မောဟစိတ် အာရုံကို တပ်မက်စွဲလမ်းတဲ့လောဘစိတ် အာရုံအပေါ် မနှစ်သက်တဲ့ ဒေါသစိတ် အစရှိတဲ့ စိတ်ရဲ့ သန့်ရှင်းစင်ကြယ်မှုကို ညစ်နွမ်းစေနိုင်တဲ့ ပူလောင်စေနိုင်တဲ့ ကိလေသာစိတ်တွေ လုံးဝ မဖြစ်နိုင်တော့ပါဘူး

စိတ်ရဲ့ သန့်ရှင်းစင်ကြယ်မှုကို ညစ်နွမ်းစေနိုင်တဲ့ ပူလောင်လှုပ်ရှားစေနိုင်တဲ့ ကိလေသာစိတ်မဖြစ်တော့ပဲ ကိလေသာအညစ်

ကိလေသာအပူငြိမ်းအေးတဲ့စိတ်နဲ့ နေနေရတာကို နိဗ္ဗာန်ချမ်းသာကို ခံစားတယ်လို့ ခေါ်ပါတယ်

မြတ်စွာဘုရားဟာ

အထူးမလိုအပ်တဲ့အချိန်တိုင်းမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပြီး ခံစားနေပါတယ်

## နိဗ္ဗာန် (၂) မျိုး ရှိပါတယ်

နိဗ္ဗာန်တမျိုးက အသက်ရှင်လျက် ရုပ်အာရုံ နာမ်အာရုံတွေအပေါ် အစွဲမရှိတဲ့ ရုပ်အာရုံ နာမ်အာရုံတွေက လွတ်မြောက်နေတဲ့ ရုပ်အာရုံတွေကြောင့် နာမ်အာရုံတွေကြောင့် ညင်နွမ်းပူလောင်ရတဲ့စိတ်ရဲ့ ညစ်နွမ်းမှု စိတ်ရဲ့ပူလောင်မှု အပေါင်းက ချုပ်ငြိမ်းတဲ့ ငြိမ်းအေးချမ်းသာတဲ့ ခံစားမှုကို သဉပါဒိသေသနိဗ္ဗာန်လို့ ခေါ်ကြပါတယ်

ခန္ဓာရှိနေတဲ့ နိဗ္ဗာန်လို့ဆိုကြပါတယ်

နိဗ္ဗာန်နောက်တမျိုးက

သေသွားတဲ့အခါ နောက်ထပ်တဖန် ဘယ်သို့ပုံသဏ္ဌာန်မျိုးနဲ့မှ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေနဲ့ သတ္တဝါမဖြစ်ရတော့ပဲ လောကကြီးထဲက အပြီးအပြတ် ဘဝချုပ်ငြိမ်းသွားတာ ဘဝပြတ်သွားတာ ဖြစ်ပါတယ် ဘဝပြတ်သွား ခန္ဓာချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ကြပါတယ်

(ကအောင်ဗောဓိစာပေ)

အဲဒါကြောင့်

နိဗ္ဗာန်ချမ်းသာကို ရရှိခံစားချင်တဲ့သူတွေကို

မြတ်စွာဘုရားက

ရုပ်ခန္ဓာရဲ့ သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘော သဘာဝတွေကို မသိမြင်ပဲ အနှစ်ဘရာ အသက်ရှင်နေရတာကို အကျိုးရှိတဲ့ အသက်ရှင်နေရခြင်းလို့ မခေါ်ဘူး မြတ်တဲ့အသက် ရှင်နေရခြင်းလို့ မခေါ်ဘူး၊ အဲဒါကြောင့် အခုလို ရုပ်ခန္ဓာရဲ့ သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို မသိ မြင်ပဲ အနှစ်ဘရာ အသက်ရှင်နေရတာကို ကောင်းတဲ့ဘဝနဲ့ အသက်ရှင်နေရတယ်လို့ မခေါ်ပါဘူး

ရုပ်ခန္ဓာရဲ့ သဘောသဘာဝ နာမ်ခန္ဓာရဲ့ သဘောသဘာဝ တွေကို မှန်ကန်ပြည့်စုံအောင်သိမြင်ပြီး တရက်တာမျှသာ အသက် ရှည်ရတာဟာ အကျိုးရှိတဲ့ အသက်ရှင်နေရခြင်း ဖြစ်တယ် မြတ်တဲ့အသက်ရှင်နေရခြင်းဖြစ်တယ်၊ အဲဒါကြောင့် ရုပ်ခန္ဓာရဲ့ သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို သိမြင်ပြီး တရက်တာမျှ အသက်ရှင်နေရတာကို ကောင်းတဲ့ အသက်ရှင်ရခြင်း ဖြစ်တယ်လို့ မိန့်ကြားခဲ့ပါတယ်

အဲဒီအပြင်

မြတ်စွာဘုရားက

သူ့ရဲ့ဟောကြားချက်ကို ပိုပြီး ရှင်းရှင်းလင်းလင်း သိမြင် နားလည်စေချင်တဲ့အတွက်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားက

ရုပ်ခန္ဓာရဲ့ သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို မသိမြင်ပဲ အနှစ်တရာတိုင်အောင် အသက်ရှင်နေရခြင်းထက် ရုပ်ခန္ဓာရဲ့ သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို သိမြင်ပြီး တရက်တာမျှအသက်ရှင်နေရခြင်းက အကျိုးရှိတဲ့ အသက်ရှင်နေရခြင်း ဖြစ်တယ်

အဲဒါကြောင့်

အခုလို ရုပ်ခန္ဓာသဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို မသိမြင်ပဲ အနှစ်တရာ အသက်ရှင်နေရတာထက် ရုပ်ခန္ဓာရဲ့သဘောသဘာဝနဲ့ နာမ်ခန္ဓာရဲ့သဘောသဘာဝတွေကို သိမြင်ပြီး အသက်တရက်တာမျှသာ အသက်ရှင်နေရတာက ပိုပြီး ကောင်းတဲ့ အသက်ရှင်နေရခြင်းဖြစ်တယ်လို့ မိန့်ကြားခဲ့ပါတယ်

ဒီလိုဆိုယင်

အကျိုးရှိတဲ့နေခြင်း

မြတ်တဲ့ နေခြင်း

ကောင်းတဲ့ နေခြင်းဆိုတာ ဘယ်လိုနေခြင်းမျိုးလဲ

ဒါနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက

လူတိုင်းမှာ မျက်စိရှိတယ် နားရှိတယ် နှာခေါင်းရှိတယ် လျှာရှိတယ် ကိုယ်ရှိတယ် လူနဲ့ပတ်ဝန်းကျင်မှာ အဆင်းတွေရှိကြတယ် အသံတွေရှိကြတယ် အနံ့တွေရှိကြတယ် အရသာတွေရှိကြတယ် အတွေ့တွေရှိကြတယ်

(အောင်ဗေဒမိစာပေ)

လူဟာ မျက်စိက အဆင်းကိုမြင်ရတဲ့အခါ
ကိုယ်မြင်ရတဲ့အဆင်းဟာ ကောင်းတယ် မကောင်း
ဘူးရယ်လို့ ခံစားတယ်

နားက အသံကို ကြားရတဲ့အခါ
ကိုယ်ကြားရတဲ့အသံဟာ ကောင်းတယ် မကောင်း
ဘူးရယ်လို့ ခံစားတယ်

နှာခေါင်းက အနံ့ခံရတဲ့အခါ
ကိုယ်အနံ့ခံရတဲ့အနံ့ဟာ ကောင်းတယ် မကောင်း
ဘူးရယ်လို့ ခံစားတယ်

လျှာက အရသာကို လျက်ရတဲ့အခါ
ကိုယ်လျက်လိုက်ရတဲ့အရသာဟာ ကောင်းတယ်
မကောင်းဘူးရယ်လို့ ခံစားတယ်

ကိုယ်က အတွေ့ကို ထိတွေ့ရတဲ့အခါ
ကိုယ်ထိတွေ့လိုက်ရတဲ့ အတွေ့ဟာ ကောင်းတယ်
မကောင်းဘူးရယ်လို့ ခံစားတယ်

## ခံစားမှု (၃) မျိုး

လူတွေဟာ ခံစားမှု(၃)မျိုးကို ခံစားကြပါတယ်
(အောင်ဗေဒနာသဗေ)

အဲဒီ ခံစားမှု(၃)မျိုးက တခြားမဟုတ်ဘူး

၁။ နှစ်သက်တဲ့ ခံစားမှု

၂။ မနှစ်သက်တဲ့ ခံစားမှုနဲ့

၃။ လျစ်လျူရှုတဲ့ ခံစားမှုတွေ ဖြစ်ကြတယ်

ဒီ နှစ်သက်တဲ့ ခံစားမှု မနှစ်သက်တဲ့ ခံစားမှုနဲ့ လျစ်လျူရှုတဲ့ ခံစားမှု(၃)မျိုးထဲက နှစ်သက်တဲ့ ခံစားမှုနဲ့ မနှစ်သက်တဲ့ ခံစားမှုတွေဟာ အကျိုးပေး ခံရတတ်တဲ့ ခံစားမှုတွေ ဖြစ်ကြပါတယ် လျစ်လျူရှုတဲ့ ခံစားမှုကတော့ အကျိုးပေးတဲ့ ခံစားမှု မဟုတ်ပါဘူး

အကျိုးပေးခံရတတ်တဲ့ ခံစားမှုဆိုတာ

၁။ ကောင်းတဲ့ခံစားမှုကို စွဲလမ်းလိုက်ယင် ကောင်းတဲ့ဘဝကို ခံစားရတာကို ပြောတာ ဖြစ်တယ်

၂။ မကောင်းတဲ့ခံစားမှုကို စွဲလမ်းလိုက်ယင် မကောင်းတဲ့ဘဝကို ခံစားရတာကို ပြောတာ ဖြစ်တယ်

အကျိုးပေး မခံရတဲ့ ခံစားမှုဆိုတာ လျစ်လျူရှုတဲ့ ခံစားမှု ဖြစ်ပါတယ်

(အောင်ဇေယျစာပေ)

## လျစ်လျူရှုတဲ့ခံစားမှုဆိုတာ

ကိုယ်ရဲ့မျက်စိက အဆင်းကိုမြင်တွေ့ရတဲ့အခါ ကိုယ်မြင်တွေ့ရတဲ့အာရုံအပေါ်မှာ နှစ်သက်တဲ့ခံစားမှုဖြစ်စေ မနှစ်သက်တဲ့ ခံစားမှုဖြစ်စေ ခံစားမှုတမျိုးမျိုးကို ခံစားတယ်၊ ဒါပေမယ့် ကိုယ်ရဲ့စိတ်က ကိုယ်မြင်တွေ့ရတဲ့အာရုံကို ခံစားတဲ့ ခံစားမှုကို မစွဲတဲ့စိတ်နဲ့ မခံစားပဲ ကိုယ်တွေ့မြင်ရတဲ့အာရုံအပေါ် ခံစားနေတဲ့ ကိုယ်ရဲ့ခံစားမှုကို လျစ်လျူရှုလိုက်တဲ့အခါ ကိုယ်ဟာ ကိုယ်ရဲ့အာရုံအပေါ် ခံစားနေတဲ့စိတ် မရှိတဲ့အတွက် အဲဒီအာရုံနဲ့ ပတ်သက်တဲ့ ဘဝကို မခံစားရဘူးတဲ့

မြတ်စွာဘုရားက

အကျိုးရှိတဲ့နေခြင်း မြတ်တဲ့နေခြင်း ကောင်းတဲ့နေခြင်း ဟာ ကိုယ်ရဲ့ စိတ်အာရုံပြုထားတဲ့ အာရုံအပေါ် အပြည့်အဝ ခံစားရုံမကဘူး ကိုယ်ရဲ့ခံစားမှုအပေါ် အစွဲစိတ်နဲ့ ခံစားတဲ့ ဘဝဖြစ်တယ်လို့ မဆိုခဲ့ပါဘူး "အကျိုးရှိတဲ့နေခြင်း မြတ်တဲ့ နေခြင်း ကောင်းတဲ့နေခြင်းဆိုတာ ကိုယ်ရဲ့အာရုံအပေါ် ခံစားမှုကို မစွဲစိတ်နဲ့ မခံစားတဲ့ဘဝ ဖြစ်တယ်"လို့ မိန့်ကြားခဲ့ပါတယ်

အဲဒါကြောင့်

အစွဲမရှိတဲ့ဘဝကို ရရှိခံစားချင်တဲ့သူဟာ

ပထမဆုံး ဒီအချက်(၂)ချက်ကို သိရမယ်

(အောင်ဗောဓိစာပေ)

အဲဒီအချက်(၂)ချက်ထဲက

**ပထမအချက်က**

ဖြစ်ပေါ်လာနိုင် တည်မြဲနေနိုင် ပြောင်းလဲသွားနိုင်တဲ့အရာ အားလုံး တနည်းအားဖြင့် လောကမှာ ရှိသမျှသောအရာအား လုံးနဲ့ လူအပါအဝင် သတ္တဝါအားလုံးရဲ့ အခြေခံဟာ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ (၂) မျိုးသာ ဖြစ်တယ်လို့ သိမြင်ရမယ်၊ အခုလို သိမြင်တဲ့ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ် ဆိုတဲ့ အချက်ဖြစ်ပါတယ်

**ဒုတိယအချက်က**

ဒီရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာတွေဟာ တခြားကြောင့် ဖြစ်ပေါ် လာကြတာမဟုတ်ဘူး ရုပ်ခန္ဓာတွေဆိုယင် ရုပ်ခန္ဓာတွေ ဖြစ် ပေါ်လာနိုင်စရာအကြောင်းတွေ တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှု ပြည့်စုံလာကြလို့ ဖြစ်တယ် နာမ်ခန္ဓာတွေ ဖြစ်ပေါ်လာကြတာ ဟာလည်း အလားတူပဲ နာမ်ခန္ဓာဖြစ်ပေါ်လာစရာ အကြောင်း တွေ တိုက်ဆိုင် ဆုံဆည်း ပေါင်းစပ်မှု ပြည့်စုံလာကြလို့ဖြစ် တယ်ဆိုတဲ့ အချက်ဖြစ်တယ်

**အဲဒီအပြင်**

ဖြစ်ပေါ်လာကြတာတွေဟာ ဖြစ်ပေါ်စရာ အကြောင်းတွေ ကြောင့်ဖြစ်တယ် တည်မြဲနေကြတာတွေဟာလည်း တည်မြဲနေ စရာ အကြောင်းတွေကြောင့်ဖြစ်တယ် ပြောင်းလဲနေကြတာတွေ ဟာလည်း ပြောင်းလဲသွားစရာ အကြောင်းတရားတွေကြောင့်

ဖြစ်တယ်ဆိုတဲ့ ဖြစ်မှု တည်မှု ပြောင်းလဲမှုတွေဟာ ဖြစ်ပေါ်လာစရာ တည်မြဲစရာ ပြောင်းလဲသွားစရာ အကြောင်းတွေအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာကြတာဖြစ်တယ် တည်မြဲနေကြတာဖြစ်တယ် ပြောင်းလဲသွားကြတာ ဖြစ်တယ်လို့ ဖြစ်ပေါ်လာရတာ တည်မြဲနေရတာနဲ့ ပြောင်းလဲရတာတွေရဲ့ အကြောင်းအကျိုးဆက်စပ်မှုကို သိမြင်တဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဉာဏ်လို့ ခေါ်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်

ဒီဉာဏ်(၂)မျိုးဟာ ခံစားမှုအပေါ်မှာ အစွဲပြုတ်စေနိုင်တဲ့ ဉာဏ်ရရှိရေး အစွဲမရှိတဲ့ဘဝနဲ့ နေနိုင်ရေးနဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေနဲ့ ဘဝတဖန်မဖြစ်ရအောင် အားထုတ်နေကြတဲ့သူတွေအဖို့ မရှိမဖြစ် လိုအပ်တဲ့ အခြေခံအသိဉာဏ်ဖြစ်တယ်

အဲဒီအပြင်

ခံစားမှုအပေါ်အစွဲ မရှိတဲ့

ရုပ်ခန္ဓာ နမ်ခန္ဓာနဲ့ ဘဝတဖန် မဖြစ်ရတော့တဲ့

ဒီအစွဲပြုတ်ရေး ဘဝပြတ်ရေးကိုအားထုတ်ယူချင်တဲ့သူတိုင်းမှာ

၁။ ကိုယ့်ရဲ့'နာမရူပပရိစ္ဆေဒဉာဏ်နဲ့''ပစ္စယပရိဂ္ဂဉာဏ်' အပေါ် သမာဓိအားနဲ့ ကိုယ်ဟာ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေရဲ့ သဘောသဘာဝကို သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစမ်းစိုက်ပြီး ကြည့်ရှုရမယ်၊ အခုလို ကြည့်ရှုတဲ့အခါ ကိုယ့်ရဲ့

ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာတွေဟာ မတည်မြဲကြဘူး ဖြစ်ပေါ်လာတဲ့လက္ခဏာတည်မြဲနေတဲ့ လက္ခဏာနဲ့ ပြောင်းလဲသွားတဲ့ လက္ခဏာတွေနဲ့ ဖြစ်တည်ပြောင်းလဲနေကြတယ်လို့ သိမြင်လာအောင် အားထုတ်ရမယ်၊ အခုလို သိမြင်တဲ့ဉာဏ်ဟာ သမ္မသနဉာဏ် ဖြစ်တယ်

၂။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ သမ္မသနဉာဏ်နဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာရဲ့ သဘောသဘာဝတွေကို အစဉ်တစိုက် ဆက်ပြီး သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစိုက်ကြည့်နေတဲ့ စိတ်အစဉ်တိုးတက်သန့်စင် ကြည်လင် တည်ငြိမ်အားကောင်းလာတဲ့အခါ ကိုယ်ရဲ့ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဖြစ် တည် ပြောင်းလဲ နေကြတာမဟုတ်ဘူး ဖြစ်ပေါ်လာတာနဲ့ ပြောင်းလဲသွားတာနဲ့ အကြားမှာ တည်မြဲနေရတဲ့ အချိန် မရှိဘူးဖြစ်ပေါ်လာပြီး ပျက်ပျောက်သွားနေတာကိုသာ သိမြင်လာမယ် အခုလို သိမြင်တဲ့ ဉာဏ်ဟာ ဥဒယဗ္ဗယဉာဏ် ဖြစ်တယ်

၃။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ ဥဒယဗ္ဗယဉာဏ်နဲ့ ကိုယ်ရဲ့

(အောင်ဗောဓိစာပေ)

ရုပ်ခန္ဓာ နာမ်ခန္ဓာတွေရဲ့ သဘောသဘာဝတွေ ကို သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစိုက်ပြီး ကြည့်နေတဲ့ စိတ်အစဉ် အစဉ်တစိုက် တိုးတက် သန့်စင် ကြည်လင် အင်အားပြည့်စုံလာတဲ့ အခါ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဖြစ်ပေါ် လာပြီး ပျက် ပျောက်သွားတာကို မတွေ့မြင်ရ တော့ပဲ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ တပျက် ပျောက်တည်း ပျက် ပျောက်သွားနေ တာကို သိမြင်လာမယ် အခုလို ဖြစ်ပေါ်လာတဲ့ ဉာဏ်ဟာ ဘင်္ဂဉာဏ် ဖြစ်တယ်

၄။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ ဘင်္ဂဉာဏ်နဲ့ ကိုယ်ရဲ့ ရုပ် ခန္ဓာ နာမ်ခန္ဓာတွေအပေါ် သတိဦးဆောင်တဲ့ ဉာဏ်နဲ့ စူးစိုက်ပြီး ကြည့်နေတဲ့ စိတ်အစဉ် အင်အား တိုးတက် သန့်စင် ကြည်လင်ပြည့်စုံ လာတဲ့အခါ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ တပျက် ပျောက်တည်း ပျက်ပျောက်နေတွေတာ ဟာ ဘေးတွေ့နေရတာပဲလို့ သိမြင်လာမယ် အခုလို သိမြင်တဲ့ဉာဏ်ဟာ ဘယဉာဏ် ဖြစ်တယ်

၅။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ ဘယဉာဏ်နဲ့တပျက် ပျောက်

(အောင်ဗောဓိစာပေ)

တည်း ပျက်ပျောက်သွားနေတဲ့ ကိုယ်ရဲ့ရုပ်ခန္ဓာ နာမ်ခန္ဓာနဲ့ နေ နေရတာကို ဘေးပဲလို့ သိမြင်နေတဲ့ဉာဏ်ရဲ့ စိတ်အစဉ် အင်အား တိုးတက်သန့်စင် ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ်ဟာဒီရုပ်ခန္ဓာ နာမ်ခန္ဓာနဲ့ ဖြစ်နေရတာကို အပြစ်ဒဏ်ကို ခံစားနေရတာလို့ သိမြင်လာမယ် အခုလိုသိမြင်တဲ့ဉာဏ်ဟာ **အာဒီနဝဉာဏ်** ဖြစ်တယ်

၆။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ **အာဒီနဝဉာဏ်** နဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစိုက်ပြီး ကြည့်နေတဲ့ စိတ်အစဉ် အင်အား အစဉ်တစိုက် တိုးတက် သန့်စင် ကြည်လင်ပြည့်စုံလာတယ် ကိုယ်ရဲ့ "အာဒီနဝဉာဏ်" အမြင် တိုးတက် သန့်စင် ကြည်လင် အင်အားပြည့်စုံလာတဲ့အခါ ကိုယ်ဟာ ကိုယ့်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ်မှာ အပြစ်ဒဏ် ခံစားနေရတာဖြစ်တယ်လို့ သိမြင်နေရာကနေ ကိုယ်ဟာ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ အပေါ်မှာ စိတ်ပျက်လာတဲ့ ငြီးငွေ့လာတဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာကိုဆက်လက်ပြီး တာဝန်မယူချင်တော့တဲ့စိတ် ဖြစ်ပေါ်လာတယ် အခုလို

(အောင်ဗောဓိစာပေ)

ကိုယ်ရဲ့ ရုပ်ခန္ဓာနာမ်ခန္ဓာအပေါ် ဆက်လက်ပြီး တာဝန်မယူချင်လာတဲ့ စိတ်ပျက်လာတဲ့ ငြီးငွေ့လာတဲ့ဉာဏ်ဟာ နိဗ္ဗိန္ဒဉာဏ် ဖြစ်တယ်

၇။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ နိဗ္ဗိန္ဒဉာဏ်နဲ့ ရုပ်ခန္ဓာနာမ်ခန္ဓာအပေါ်မှာ သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစိုက်ထားတဲ့ စိတ်အင်အားအစဉ် အစဉ်တစိုက် တိုးတက် သန့်စင်ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ်ဟာ ကိုယ်ရဲ့ ရုပ်ခန္ဓာနာမ်ခန္ဓာခန္ဓာအပေါ်မှာ နောက်ထပ် အခုလို ရုပ်ခန္ဓာနာမ်ခန္ဓာမျိုးတွေနဲ့ ဘဝတဖန် ထပ်မံပြီး မဖြစ်ချင်တော့တဲ့ အသိဉာဏ်အမြင် ဖြစ်ပေါ်လာမယ် အခုတင်ပြခဲ့သလို ကိုယ်မှာ နောက်ထပ် တဖန် ရုပ်ခန္ဓာ နာမ်ခန္ဓာ မဖြစ်ချင်တော့တဲ့ ဉာဏ်ဟာ မုဉ္စိတုကမျတာဉာဏ် ဖြစ်တယ်

၈။ အဲဒီနောက်

ကိုယ်ဟာ နောက်ထပ်တဖန် ရုပ်ခန္ဓာ နာမ်ခန္ဓာ မဖြစ်ချင်တော့တဲ့ ကိုယ်ရဲ့ မုဉ္စိတုကမျတာဉာဏ် နဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေကို အစဉ်တစိုက်ဆက်ပြီး သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ စူးစိုက်ကြည့်တဲ့ စိတ်အင်အားအစဉ်

(အောင်ပေါ်မှာပေ)

တိုးတက် သန့်စင် ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ်ဟာ နောက်ထပ်တဖန် အခုလို ရုပ်ခန္ဓာ နာမ်ခန္ဓာနဲ့ ဖြစ်ရမယ့်သတ္တဝါ မဖြစ်ရအောင် အားထုတ်ချင်တဲ့ဉာဏ် ပေါ်လာမယ် ဒီဉာဏ်ဟာ ပဋိသင်္ခါဉာဏ် ဖြစ်တယ်

၉။ အဲဒီနောက်

ကိုယ်ဟာ နောက်ထပ်တဖန် ရုပ်ခန္ဓာ နာမ်ခန္ဓာ ဖြစ်ပေါ်ရအောင် အားထုတ်ချင်တဲ့ ပဋိသင်္ခါဉာဏ် နဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေအပေါ်မှာ သတိဦးဆောင်တဲ့ ဆင်ခြင်ဉာဏ်နဲ့ ရှုးစိုက်ပြီး ကြည့်တဲ့စိတ်အစဉ် တိုးတက် သန့်စင် ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ်ဟာ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ်မှာ ကြောက်ရွံတဲ့စိတ် ထိတ်လန့်တဲ့စိတ် နှစ်သက်တဲ့စိတ် ကျေနပ်တဲ့စိတ် စတဲ့ အစွဲနဲ့ခံစားရတဲ့စိတ် မဖြစ်ပေါ်တဲ့ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာကို လျစ်လျူရှုလိုက်တဲ့ ဉာဏ်ဖြစ်ပေါ်လာမယ် ဒီအမြင်ဟာ သင်္ခါရုပေက္ခာဉာဏ် ဖြစ်တယ်

၁၀။ အဲဒီနောက်

ကိုယ်ဟာ ကိုယ်ရဲ့ ရုပ်ခန္ဓာနာမ်ခန္ဓာ အပေါ်မှာ ကြောက်ရွံတဲ့စိတ် ထိတ်လန့်တဲ့စိတ် နှစ်သက်

တဲ့စိတ် ကျေနပ်တဲ့စိတ် ကြည်နူးတဲ့စိတ် စတဲ့ အစွဲစိတ်နဲ့ ခံစားတဲ့စိတ် မဖြစ်ပေါ်ရအောင် ကိုယ်ရဲ့ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် လျစ်လျူရှုထားတဲ့ သင်္ခါရုပေက္ခာအမြင် သန့်စင်ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ့်ရဲ့စိတ်ကို ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ ဖြစ်ကြတဲ့ လောကီအာရုံတွေကနေ ရုပ်ခန္ဓာလည်း မဟုတ် နာမ်ခန္ဓာလည်းမဟုတ်တဲ့ လောကီအာရုံ မဟုတ်တဲ့ လောကုတ္တရာ အာရုံဖြစ်တဲ့ မဂ်အာရုံ ဆီကို ပြောင်းရွှေ့စေလွှတ်ကူးပြောင်း ဖမ်းယူတဲ့ အသိဉာဏ်အမြင် ဖြစ်ပေါ်လာမယ် ဒီအသိဉာဏ်အမြင်ဟာ အနုလောမဉာဏ် ဖြစ်တယ်

ကိုယ်ဟာ ကိုယ့်ရဲ့စိတ်ကို လောကီအာရုံဖြစ်တဲ့ ရုပ်ခန္ဓာအာရုံ နာမ်ခန္ဓာအာရုံတွေကနေ လောကုတ္တရာ အာရုံဖြစ်တဲ့ မဂ်အာရုံကို စေလွှတ်ကူးပြောင်း ဖမ်းယူခံစားနိုင်တဲ့ "အနုလောမ ဉာဏ်အမြင်" သန့်စင် ကြည်လင် ပြည့်စုံလာတဲ့အခါ ကိုယ်ဟာ ကိုယ့်ရဲ့ "အနုလောမ ဉာဏ်အမြင်"နဲ့ လောကီအာရုံဖြစ်ကြတဲ့ ရုပ်အာရုံ နာမ်အာရုံတွေကနေ လောကုတ္တရာ အာရုံဖြစ်တဲ့ မဂ်အာရုံကို စေလွှတ်ကူးပြောင်း ဖမ်းယူတယ်

လောကီအာရုံ ဖြစ်ကြတဲ့ ရုပ်အာရုံ နာမ်အာရုံကနေ လောကုတ္တရာအာရုံဖြစ်တဲ့ မဂ်အာရုံကို စေလွှတ် ကူးပြောင်း

(အောင်ဗောဓိစာပေ)

ဖမ်းယူခံစားတဲ့အခါ စေလွှတ်ကူးပြောင်း ဖမ်းယူတဲ့ဇောစိတ် (သုံး)စိတ် ဖြစ်ပါတယ်

အဲဒီ ဇောစိတ် (၃) စိတ်က တခြားမဟုတ်ပါဘူး

ပရိကံဇောစိတ်

ဥပစာဇောစိတ်

အနုလုံဇော ဆိုတဲ့ ဇောစိတ်တွေဖြစ်ကြပါတယ်

ဒီ ဇောစိတ်(၃)စိတ်နဲ့ ကိုယ်ဟာ ကိုယ့်ရဲ့စိတ်ကို လောကီအာရုံဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေကနေ လောကုတ္တရာ အာရုံဖြစ်တဲ့ မဂ်အာရုံကို ကူးပြောင်း ဖမ်းယူပါတယ်

ကိုယ်ရဲ့စိတ်ကို လောကီအာရုံတွေဖြစ်ကြတဲ့ ရုပ်ခန္ဓာအာရုံ နာမ်ခန္ဓာအာရုံတွေကနေ လောကုတ္တရာအာရုံဖြစ်တဲ့ မဂ်အာရုံကို ကူးပြောင်းတဲ့ နေရာမှာ ဂေါတြဘူဉာဏ်ရဲ့ အလုပ်ကို သိဖို့ လိုတယ်

ဂေါတြဘူဉာဏ် ဆိုတာ တခြားမဟုတ်ဘူး

လောကီအာရုံ ဖြစ်ကြတဲ့ ရုပ်အာရုံ နာမ်အာရုံကနေ လောကုတ္တရာအာရုံဖြစ်တဲ့ မဂ်အာရုံကိုစေလွှတ် ကူးပြောင်း ဖမ်းယူနေတဲ့ ဉာဏ်ဖြစ်တယ်

ဂေါတြဘူဉာဏ်ပြီးယင် "မဂ်ဉာဏ်ဖိုလ်ဉာဏ်"ဖြစ်တယ်

"စိတ်"ဟာ လောကီအာရုံပတ္တဖြစ်ကြတဲ့ ရုပ်အာရုံ နာမ်အာရုံတွေကို စွန့်လွှတ်နိုင်တဲ့အခိုက်မှာ ရုပ်အာရုံ နာမ်အာရုံ

တွေအစား အာရုံတခုခုကို ဖမ်းယူ ခံစား မှတ်သားပြီး သိရပါ တယ်

ရုပ်အာရုံ နာမ်အာရုံတွေဖြစ်ကြတဲ့ လောကီအာရုံတွေကို စွန့်လွှတ်လိုက်တဲ့ လောကီအာရုံတွေဖြစ်ကြတဲ့ ရုပ်အာရုံ နာမ် အာရုံတွေအစား စိတ်က ဖမ်းယူ ခံစား မှတ်သားပြီး သိနေတဲ့ အာရုံက ''မဂ်အာရုံ'' ဖြစ်ပါတယ်

မဂ်ဉာဏ် ဆိုတာ တခြားမဟုတ်ပါဘူး

မဂ်အာရုံ ကို စေလွှတ် ကူးပြောင်းဖမ်းယူ ခံစား မှတ်သားလို့ ''မဂ်အာရုံကို သိတဲ့ဉာဏ်'' ဖြစ်ပါတယ် မဂ်ဉာဏ်ပြီးယင် ဖိုလ်ဉာဏ် ဖြစ်ပါတယ်

ဖိုလ်ဉာဏ် ဆိုတာ မဂ်အာရုံကိုဖမ်းယူပြီးနောက် မဂ်အာရုံ ကို ခံစားတဲ့ဉာဏ် ဖြစ်ပါတယ် မဂ်အာရုံကို ဖမ်းယူထားပြီး အဲဒီ မဂ်အာရုံကို ခံစားနေတဲ့ ဖိုလ်ဉာဏ်ဟာ နိဗ္ဗာန်အရသာကို ခံစားတဲ့ဉာဏ် ဖြစ်ပါတယ် ဖိုလ်ဉာဏ်ဟာ နိဗ္ဗာန်ကိုမျက်မှောက် ပြုတဲ့ဉာဏ် ဖြစ်ပါတယ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ချမ်းသာကို ခံစား ပါတယ် ဒီ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ရဲ့ ချမ်းသာမှု သံယောဇဉ် (၁၀)စလုံးပြတ်မှု ကိလေသာအညစ်အကြေး ကင်းစင်မှု အစုံ အပေါင်းက လွှတ်မြောက်မှု ခံစားမှု ချုပ်ငြိမ်းမှု ဘဝပြတ်မှု ဖြစ်ပါတယ်

(အောင်ဗောဓိစာပေ)

အဲဒါကြောင့်

ဘဝချုပ်ငြိမ်းချင်တဲ့
ဝေဒနာမခံစားချင်တဲ့
အစွဲကလွတ်မြောက်ချင်တဲ့
ဆင်းရဲတဲ့ဒုက္ခမရှိချင်တဲ့သူဟာ

ပထမဆုံး အခုဖော်ပြခဲ့တဲ့

ကိုယ်မှာ ရုပ်ခန္ဓာ နာမ်ခန္ဓာဆိုတဲ့ ခန္ဓာ (၂)မျိုးတည်း သာရှိတယ်

ကိုယ်ရဲ့ ဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ တခြား အကြောင်းတွေကြောင့် ဖြစ်လာကြတာ မဟုတ်ဘူး ရုပ်ခန္ဓာတွေ နာမ်ခန္ဓာတွေ ဖြစ်ပေါ်ရေး အကြောင်းတွေကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာ ဖြစ်ပေါ်လာကြတာဖြစ်တယ် နာမ်ခန္ဓာတွေဟာလည်း နာမ်ခန္ဓာဖြစ်ပေါ်လာစရာ အကြောင်းတွေကြောင့် နာမ်ခန္ဓာ ဖြစ်ပေါ်လာတာ ဖြစ်တယ်

အဲဒီနောက်

၁။ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ အဆက်မပြတ် အနားမရှိ ရေစီးကြောင်းထဲမှာ ရေတွေ အဆက်မပြတ်စီးနေကြသလို မီးတောက်နေတဲ့ မီးအလျှံကို အဆက်မပြတ်အနားမရှိ မငြိမ်မနား ဖြစ်ပေါ်တဲ့လက္ခဏာ တည်မြဲနေတဲ့ လက္ခဏာ ပြောင်းသွားတဲ့ လက္ခဏာ (သုံး)မျိုးနဲ့ပြောင်းလဲနေကြတာကို သိရမယ်

(အောင်ဗောဓိစာပေ)

၂။ အဲဒီနောက်
ဒီ ရုပ်ခန္ဓာတွေ နာမ်ခန္ဓာတွေ ဖြစ် တည် ပြောင်း လဲနေတာ မဟုတ်ဘူး ဖြစ်ပေါ်လာပြီး ပျက် ပျောက် သွားနေကြတာ ဖြစ်တယ်လို့ သိရမယ်

၃။ အဲဒီနောက်
အဲဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဖြစ်ပေါ်နေ တာ ပျက် ပျောက်နေတာ မဟုတ်ဘူး အစဉ် တစိုက် ပျက်ပျောက် နေတာကို သိရမယ်

၄။ အဲဒီနောက်
တပျက်ပျောက်တည်း ပျက်ပျောက်နေတဲ့ ကိုယ် ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာကြီးကို ထိန်းကျောင်းနေရ တာဟာ အပြစ်ဒဏ်ခံစားနေရတာပဲလို့ သိရမယ်

၅။ အဲဒီနောက်
ကိုယ်ဟာ အခုလို ရုပ်ခန္ဓာ နာမ်ခန္ဓာကြီးမျိုးနဲ့ ဘဝတဖန် မဖြစ်ချင်ရဘူး

၆။ ရုပ်ခန္ဓာ နာမ်ခန္ဓာကြီးနဲ့ ဖြစ်ရတဲ့ ဘဝဘေးက လွတ်မြောက်ချင်ရမယ်

၇။ ရုပ်ခန္ဓာနာမ်ခန္ဓာတဖန် မဖြစ်အောင် အားထုတ် ချင်ရမယ်

၈။ ရုပ်ခန္ဓာ နာမ်ခန္ဓာ တဖန်ဖြစ်အောင် လက်တွေ့ အားထုတ်ရမယ်

(အောင်ဗောဓိစာပေ)

၉။ ကိုယ်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေကို လျစ်လျူရှုရမယ်

၁၀။ ကိုယ်ရဲ့စိတ်ကို ကိုယ်ရဲ့ရုပ်အာရုံ နာမ်အာရုံတွေကနေ စွန့်ခွာရမယ်

ဒီနေရာမှာ သိထားရမယ့်အချက်တွေ

၁။ စိတ်ဆိုတာသတ္တိလက္ခဏာမျှသာဖြစ်ပါတယ် စိတ်ရဲ့သတ္တိလက္ခဏာက အာရုံကိုရှာတဲ့ သတ္တိအာရုံကို ဖမ်းယူတဲ့သတ္တိ အာရုံကိုသိတဲ့သတ္တိ ဖြစ်ပါတယ်

၂။ စိတ်ဟာ မျက်စိက အဆင်းကို နားက အသံကို နှာခေါင်းကအနံ့ကို လျှာကအရသာကို ကိုယ်က အတွေ့အာရုံကို ဖမ်းယူ ခံစား မှတ်သားရမှာသာသူ ဖမ်းယူ ခံစား မှတ်သားလိုက်ရတဲ့ အာရုံကို သိပါတယ်

၃။ စိတ်ဟာ သူ သိတဲ့အာရုံအပေါ် ဘယ်လောက်ကြာကြာ သိနေသလဲ ဒီအချက်ဟာအရေးကြီးပါတယ် စိတ်ဟာ အာရုံကိုသိတဲ့ အချိန်ဟာ သုံးခဏငယ်မျှသာ ကြာပါတယ် သုံးခဏငယ်ဆိုတာ တခြား မဟုတ်ပါဘူး မျက်စိတမှိတ်လျှပ်တပြက် မျက်တောင်တခပ် လက်ဖျစ်တီးသော အချိန်ကာလကို အကြိမ်ပေါင်းတသိန်းနဲ့စားပါ အဲဒီအကြိမ် ကုဋေတသိန်းထဲက

(အောင်ဗောဓိစာပေ)

တကြိမ်ကိုယူပါ အဲဒီအကြိမ်ကိုထပ်ပြီး သုံးပိုင်းပိုင်းပါ

ပထမတပိုင်းက သိစိတ်ဖြစ်ပေါ်လာတဲ့အချိန်ဖြစ်ပါတယ်
ဒုတိယတပိုင်းက သိတဲ့အချိန်ဖြစ်ပါတယ်
တတိယတပိုင်းက သိတဲ့အခြေအနေက ပြောင်းလဲသွားတဲ့အချိန် ဖြစ်ပါတယ် ဒီအချိန် သုံးပိုင်းကို သုံးခဏငယ် လို့ ခေါ်ကြပါတယ်

စိတ်ဟာ သူ ဖမ်းယူထားတဲ့ အာရုံအပေါ်မှာ သုံးခဏငယ်မျှ သော အချိန်အထိသာသိပြီး နောက် သိစိတ်တခုထပ်ပြီး ဖြစ်ပေါ် လာပါတယ် စိတ်ဟာ သူ အာရုံပြုထားတဲ့ အာရုံအပေါ်မှာ တစိတ်ပြီးတစိတ် ထပ်ထပ်ပြီး ရေအလျဉ်လို မီးတောက်လိုတိုက် ခတ်နေတဲ့ လေလို အဆက်မပြတ်ဖြစ်ပေါ်နေတဲ့အတွက် တချို့က သိစိတ်တခုရဲ့ သက်တမ်းဟာ အမျိုးမျိုးပဲလို့ ထင်နေတတ်ပါ တယ်

တကယ်က

အဲဒီလို မဟုတ်ပါဘူး

၁။ စိတ်ကို သတိနဲ့ကင်းထားပြီး မထိန်းချုပ် မထိန်း ကျောင်းထားဘူးဆိုယင် စိတ်ဟာ အာရုံတခုက နေ တခြားအာရုံတခု ဖမ်းယူ ကူးပြောင်း ခံစား မှတ်သာ တတ်တဲ့သဘော ရှိပါတယ် စိတ်ဟာ အာရုံတခုကနေ တခြား အာရုံတခုအပေါ်

(အောင်ဗောဓိစာပေ)

ကူးပြောင်း ဖမ်းယူပြီး ခံစား မှတ်သားလေ့ ရှိပါတယ်

၂။ ကိုယ်ဟာ လုပ်ငန်းတခုကို ပြီးဆုံးအောင်မြင် အောင် ပြုလုပ်ချင်တယ်ဆိုယင် ကိုယ်က အောင်မြင်အောင် လုပ်ချင်တဲ့ လုပ်ငန်းကို ပြီးဆုံးအောင်မြင်အောင် ပြုလုပ်နိုင်မယ့်အတိုင်းအတာတခုအထိ ကိုယ်ရဲ့စိတ်ကို ကိုယ်ရဲ့ လုပ်ငန်းအတွင်းမှာ ပါဝင်ကြတဲ့ ကိုယ်ရဲ့အင်အားအခြေအနေ ကိုယ်လုပ်ငန်းရဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်လုပ်ငန်းအောင်မြင်ရေးအပေါ် ပံ့ပိုး ထောက်ပံ့ပေးနေတဲ့ အခြေအနေအရပ်ရပ်နဲ့ အာရုံအပေါ်မှာ အခြေတည်စူးစိုက်ပြီး တည်ငြိမ် ကြည်လင်ခိုင်မြဲနေအောင် ထိန်းကျောင်းထားရမယ်

၃။ အခုလို ကိုယ်ရဲ့လုပ်ငန်းအာရုံအပေါ်မှာ ကိုယ်ရဲ့စိတ်ကို စူးစိုက်ပြီး ထိန်းချုပ်ထားစဉ် ''ဘာကြောင့်''မှ ကိုယ်ရဲ့လုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ တခြားအာရုံတွေ အပေါ်မှာ ကိုယ်ရဲ့ စိတ်ကို စူးစိုက်ပြီး ထိန်းချုပ်ထားစဉ် ''ဘာကြောင့်''မှ ကိုယ်ရဲ့ လုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ တခြားအာရုံတွေအပေါ် မကူးပြောင်း မခံစားရဘူး ကိုယ်ရဲ့လုပ်ငန်းအာရုံအပေါ်မှာသာ တည်ငြိမ် ကြည်လင် ခိုင်မာနေအောင် ထိန်းထားရမယ်

(အောင်ဗောဓိစာပေ)

၄။ ကိုယ့်ရဲ့စိတ်ကို ကိုယ့်ရဲ့လုပ်ငန်း အာရုံအပေါ်မှာ တည်ငြိမ် ခိုင်မာနေအောင် ထိန်းထားနိုင်တာနဲ့အမျှ ကိုယ့်ရဲ့လုပ်ငန်း အောင်မြင်မှုအဆင့်မြင့်မှာပဲ

၅။ ကိုယ်ဟာ ကိုယ့်ရဲ့စိတ်ကို ကိုယ့်ရဲ့လုပ်ငန်း အာရုံအပေါ်မှာ မစူးစိုက်ထားနိုင်ပဲ တခြားအာရုံတွေအပေါ် စေလွှတ် ကူးပြောင်း ဖမ်းယူခံစားနေတာနဲ့အမျှ ကိုယ်ဟာ ကိုယ့်ရဲ့လုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ရတဲ့အချိန်ကြာမယ် အချိန်မီ အောင်မြင်ယင်လည်း ကိုယ့်ရဲ့အောင်မြင်မှုဟာ အဆင့် မြင့်သင့်သလောက် မမြင့်နိုင်ဘူး

အဲဒါကြောင့်

ကိုယ်ဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်နဲ့ ဆက်ဆံ ဆက်စပ်ပြီး ကုန်ထုတ်လုပ်တဲ့နေရာနဲ့ ကိုယ့်ရဲ့လူနေမှုဘဝကို တည်ဆောက်တဲ့နေရာတွေမှာ ကိုယ်ရင်ဆိုင် တွေ့ကြုံခံစားရတဲ့ အတွေ့အကြုံထဲက ကိုယ့်ရဲ့ခံစားမှုဘဝ ကိုယ့်ရဲ့ရည်ရွယ်တောင့်တတဲ့ဆန္ဒနဲ့ ကိုယ်အမှန်တကယ် ကုန်ထုတ်လုပ်လို့ရတဲ့ အခြေအနေပေးမှု (သို့မဟုတ်) ကိုယ့်ရဲ့ လူနေမှုဘဝ တည်ဆောက်နိုင်တဲ့ အခြေအနေပေးမှု အခြေအနေသုံးရပ်ကို အခြေခံပြီး ဖန်တီးပေးဆပ်

ယူထားတဲ့ အင်အားနဲ့ ကိုယ်ရဲ့ကုန်ထုတ်လုပ်တဲ လက်တွေကို ထုတ်ဖော်မှု ထက်မြက်အောင်နဲ့ ကိုယ်ရဲ့ လူနေမှုဘဝ တည်ဆောက်တဲ့ လက်တွေကို ထုတ်ဖော်မှု ထက်မြက်အောင် ထုတ်ဖော်ချင်တဲ့သူတိုင်း ကိုယ့်ကိုယ်ကို လောကဓံရဲ့ သား ကောင်အဖြစ် မခံယူပဲ လောကဓံဟာ ကိုယ်ရဲ့ကုန်ထုတ်လုပ်တဲ့ လက်တွေနဲ့ လူနေမှုဘဝတည်ဆောက်တဲ့ လက်တွေ ထက်မြက် ရေးကို ထုတ်ဖော်နိုင်ဖို့ ပေးလာတဲ့ အခြေအနေအဖြစ် ဆုပ်ကိုင် ပြီး လောကဓံကို ကိုယ်ရဲ့သားကောင်အဖြစ်နဲ့ ကိုယ်ရင်ဆိုင် တွေ့ကြုံနေရတဲ့ အကျပ်အတည်းက လွတ်မြောက်အောင် ကြိုးစား ကြရမယ်

(အောင်ဗောဓိစာပေ)

# ဆင်းရဲတဲ့ လောကဓံကို ခံစားရပုံ

၄၉

# ဆင်းရဲတဲ့လောကကြီးကိုခံစားရပုံ မြတ်စွာဘုရား ကိုယ်အပင်ပန်းခံရပုံ

ပင်ပန်းဆင်းရဲမှုဆိုတာ (၂)မျိုးရှိပါတယ်

ပထမတမျိုးက ကိုယ်ပင်ပန်းဆင်းရဲရမှု ဖြစ်ပါတယ်

နောက်တမျိုးက စိတ်ပင်ပန်း ဆင်းရဲရမှု ဖြစ်ပါတယ် ဒီပင်ပန်းဆင်းရဲမှု (၂)မျိုးထဲက မြတ်စွာဘုရားဟာ စိတ်ပင်ပန်းဆင်းရဲမှုဖြစ်တဲ့လောကဓံကို လုံးဝမခံစားရပါဘူး မြတ်စွာဘုရားဟာ စိတ်ပင်ပန်း ဆင်းရဲမှုဖြစ်တဲ့ လောကဓံက လုံးဝကင်းငြိမ်းလွတ်မြောက်ကြပါတယ် မြတ်စွာဘုရားမှာ ဘယ်လိုစိတ်ပျက်စရာ စိတ်ညစ်စရာ စိတ်နှလုံးမချမ်းသာစရာ စိတ်ခေတ်ကျစရာ စိတ်အားငယ်စရာ စတဲ့ စိတ်ပူလောင် လှုပ်ရှား ပင်ပန်း ဆင်းရဲစရာမျိုးတွေကိုမှ မခံစားရပါဘူး

စိတ်ပျက်စရာ စိတ်ညစ်စရာ စိတ်နှလုံး မချမ်းသာစရာ စိတ်ခေတ်ကျဆင်းစရာ စိတ်အားငယ်စရာ စိတ်ပင်ပန်းစရာ စတဲ့

စိတ်ပူလောင် လှုပ်ရှား ပင်ပန်းဆင်းရဲရမှုတွေဟာ ပိန်းကြာရွက်တွေအပေါ်မှာ ရေမတင်သလို မြတ်စွာဘုရားရဲ့ စိတ်မှာ ဝေဒနာတရပ်အနေနဲ့ စိတ်ဆင်းရဲတဲ့ခံစားမှုတွေ လုံးဝ မငြိတွယ် မကပ်ရောက်ပါဘူး

မြတ်စွာဘုရားရဲ့စိတ်မှာ စိတ်ပျက်စရာ စိတ်ညစ်စရာ စိတ်နှလုံး မချမ်းသာစရာ စိတ်ခေတ်ကျဆင်းစရာ စိတ်အားငယ်စရာ စိတ်လှုပ်ရှားစရာ စိတ်ပင်ပန်းဆင်းရဲစရာ ဟူသမျှက ကင်းစင် လွတ်မြောက်ပါတယ်

အဲဒါကြောင့်

မြတ်စွာဘုရားရဲ့စိတ်ဟာ အာရုံနဲ့ပတ်သက်ပြီး အမြဲ သန့်ရှင်း နေပါတယ် ဖြူစင်နေပါတယ် ကြည်လင်နေပါတယ် တည်ငြိမ် နေပါတယ် အေးချမ်းနေပါတယ်

ဒါပေမယ့်

မြတ်စွာဘုရားဟာ

ကိုယ်ပင်ပန်းဆင်းရဲတဲ့ဝေဒနာ ခံစားရမှုဖြစ်တဲ့ လောကဓံ တရားကတော့ မကင်းလွတ်မြောက်ပါဘူး မြတ်စွာဘုရားဟာ ကိုယ်ပင်ပန်းဆင်းရဲတဲ့ ခံစားမှုဝေဒနာတွေနဲ့တော့ ရင်ဆိုင် တွေ့ကြုံခံစားရပါတယ်

## မြတ်စွာဘုရား
## ခါးညောင်းတယ်လို့ပြောပုံ

တခါက

မြတ်စွာဘုရား သက္ကတိုင်းရဲ့ မြို့တော်ဖြစ်တဲ့ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်

တနေ့မှာ

ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတွေဟာ

မြတ်စွာဘုရားကို

အရှင်ဘုရား ဘယ်သူမှ အသုံးမပြုကြရသေးတဲ့ ဆောက်လုပ်ပြီးစ မင်းကွန်းအဆောက်အဦသစ်ရှိပါတယ် အဲဒီ မင်းကွန်းမှာ

မြတ်စွာဘုရား ရှေးဦးစွာ သုံးဆောင်တော်မူပါ အရှင်ဘုရား အဲဒီ မင်းကွန်းမှာ ရှေးဦးစွာ သုံးဆောင်တော်မူပြီးနောက်မှ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတွေ သုံးဆောင်ကြမယ် ဘုရား

အခုလို မင်းကွန်းကို မြတ်စွာဘုရား ရှေးဦးစွာ သုံးဆောင်တော်မူခြင်းဟာ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတွေကို ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွား ဖြစ်စေခြင်းအလို့ငှာ ချမ်းသာစေခြင်းအလို့ငှာ ဖြစ်ပါတယ် ဘုရားလို့ လျှောက်တင်ကြပါတယ်

အခုလို လျှောက်တဲ့စကားကို ကြားရတဲ့အခါ

မြတ်စွာဘုရားဟာ ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် လက်ခံတော်မူပါတယ်

ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတွေဟာ သူတို့ရဲ့ လျှောက်ထားတောင်းပန်မှုကို မြတ်စွာဘုရားက လက်ခံလိုက်တာကို သိကြတဲ့အခါ သူတို့ထိုင်နေကြရာ နေရာအသီးသီးက ထကြပြီး မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုလျက် မင်းကွန်းဆီသို့သွားကြပြီး မင်းကွန်းမှာ မြတ်စွာဘုရား ထိုင်နေ့စရာကို ပြင်ခြင်း ရေအိုးကြီး ရေအိုးငယ်တွေကို ရေဖြည့်ခြင်း ဆီမီးထွန်းညှိခြင်းနဲ့ သန့်ရှင်းမှုအရပ်ရပ်ကိုပြုပြီး မြတ်စွာဘုရား ထံသို့ ပြန်လာကြပါတယ်

မြတ်စွာဘုရားဆီကို ပြန်ရောက်ကြတဲ့အခါ

(အောင်ဗောဓိစာပေ)

မင်းသားတွေက မြတ်စွာဘုရားကို

အရှင်ဘုရား မင်းကွန်းမှာ အရှင်ဘုရား နေစရာ ထိုင်စရာ လဲလျောင်းစရာ စတဲ့ နေရာတွေပြင်ထားပြီးပါပြီ ရေအိုးကြီး ရေအိုးငယ်တွေမှာလည်း ရေဖြည့်ထားပြီးပါပြီ လိုအပ်တဲ့နေရာ တွေမှာလည်း ဆီမီးထွန်းညှိထားပြီးပါပြီ သန့်ရှင်းမှုအရပ်ရပ်ကို လည်း ပြုလုပ်ပြီးကြပါပြီ အရှင်ဘုရား အရှင်ဘုရားအလိုအတိုင်း ကြွတော်မူတဲ့အချိန်မှာ ကြွနိုင်ပါပြီ ဘုရားလို့ လျှောက်တင်ကြ ပါတယ်

အခုလို လာရောက်လျှောက်တင်ကြတဲ့အခါ

မြတ်စွာဘုရားဟာ

သင်္ကန်းကိုပြင်ဝတ်ပြီး သပိတ်နဲ့နှစ်ထပ်သင်္ကန်းကြီးကို ယူ လျက် ရဟန်းသံဃာတော်မြတ်များနဲ့အတူ မင်းကွန်းဆီသို့ ကြွ သွားတော် မူပါတယ် မင်းကွန်းကို ရောက်တဲ့အခါ

မြတ်စွာဘုရားဟာ

ခြေဆေးပြီး မင်းကွန်းအတွင်းသို့ ဝင်ပါတယ် မင်းကွန်း အတွင်းသို့ရောက်သောအခါ မင်းကွန်းရဲ့ အလယ်တိုင်ကိုမှီပြီး အရှေ့အရပ်ကို မျက်နှာမူလျက် ထိုင်နေတော်မူပါတယ်

အဲဒီနောက်

မြတ်စွာဘုရားက အာနန္ဒာမထေရ်ကို

အာနန္ဒာ "ငါဘုရား ပင်ပန်းလှပြီ ခါးသည်းညောင်းပြီ ငါ ဘုရားခေတ္တနားလိုက်ဦးမယ် သင်ချစ်သား ဆက်ပြီး သာကီဝင်

(အောင်ပေါ်ခိစာပေ)

မင်းသားတွေကို တရားဟောပြပါလို့ မိန့်ကြားခွင့်ပြုတော်မူပါတယ်''

အဲဒီနောက်

မြတ်စွာဘုရားဟာ

လေးထပ်ခေါက်ထားတဲ့ နှစ်ထပ်သင်္ကန်းကြီးကို ခင်းထားတဲ့နေရာမှာ လက်ယာဘက်ကိုလှည့်ပြီး ဗယ်ဘက် ခြေအပေါ် ညာဘက်ခြေတင်တဲ့ ပုံသဏ္ဌာန်နဲ့ အောက်မေ့တဲ့သတိနဲ့ဆင်ခြင်ပြီး အိပ်ရာမှထရမယ့်အချိန်ကို နှလုံးသွင်းလျက် မြတ်တဲ့အိပ်ခြင်းမျိုးနဲ့ အိပ်တော်မူပါတယ်

ဒါတင်မကပါဘူး

ရှိပါသေးတယ်

အဲဒါက တခြားမဟုတ်ပါဘူး

(အောင်ပေါ်မိစာပေ)

၄၆

## မြတ်စွာဘုရား
## ကျောက်တုံးနဲ့ လှိမ့်ချပြီး လုပ်ကြံခံရပုံ

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူစဉ်က တနေ့မှာ ညနေစောင်းချိန်မှာ မြတ်စွာဘုရားဟာ ဂိဇ္ဈကုဋ်တောင်စောင်းမှာ စင်္ကြံ လျှောက်နေတော် မူပါတယ် အခုလို စင်္ကြံလျှောက်နေတော်မူစဉ် မြတ်စွာဘုရားရဲ့ ယောက်ဖတော်တဲ့ ဒေဝဒတ်ရဟန်းဟာ မြတ်စွာဘုရားကို သေကြောင်းကြံစည်တာကို ခံခဲ့ရဖူးပါတယ်

(အောင်ဗောဓိစာပေ)

# ဖြစ်ပုံကဒီလိုပါ

တခါက

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူပါတယ် အခုလို သီတင်းသုံးနေတော်မူစဉ် ညနေ တညနေမှာ မြတ်စွာဘုရားဟာ အဲဒီ ဂိဇ္ဈကုဋ်တောင်စောင်းမှာ စင်္ကြံလျှောက်နေတုန်း မြတ်စွာဘုရားရဲ့ ယောက်ဖတော်တဲ့ ယသောဓရာမိဖုရားရဲ့မောင် ဒေဝဒတ်ရဟန်းဟာ ကျောက်တုံးကြီးတတုံးကို လှိမ့်ချပြီး မြတ်စွာဘုရားကို သေကြောင်းကြံစည်ဖို့ မောင်းတံကြီးတခု ဆင်ပါတယ်

အဲဒီနောက်

ကျောက်တုံးကြီးတတုံး လှိမ့်ချပြီး မြတ်စွာဘုရားကို အဲဒီ ကျောက်တုံးကြီးနဲ့ လှမ်းကြိတ်သတ်ဖို့ မြတ်စွာဘုရား အပေါ် လှိမ့်ချလိုက်ပါတယ်

ဒေဝဒတ် လှိမ့်ချလိုက်တဲ့ ကျောက်တုံးကြီးဟာ မြတ်စွာဘုရားဆီဦးတည်ပြီး အထက်ကနေ အောက်သို့ လိမ့်ကျလာနေစဉ် လမ်းခုလပ် လမ်းခရီးအကြားမှာ ဒေဝဒတ်လွှတ်ချလိုက်တဲ့ ကျောက်တုံးကြီးဟာ တခြား ကျောက်တုံးကြီး တတုံးကို ဝင်တိုက်လိုက်မိတဲ့အတွက် ဒေဝဒတ်လွှတ်ချလိုက်တဲ့ ကျောက်တုံးကြီးဟာ မြတ်စွာဘုရားဆီကို ဆက်သက်ဦးတည်ရောက်မလာတော့ပဲ တခြားဘက်သို့ လိမ့်ထွက်သွားပါတယ်

(အောင်ဗောဓိစာပေ)

ဒါပေမယ့်

ဒေဝဒတ်လွှတ်ချလိုက်တဲ့ ကျောက်တုံးကြီးဟာ စောစောက လမ်းခုလတ်က ကျောက်တုံးကြီးနဲ့ ကျောက်တုံးချင်းတိုက်မိလို့ ဒေဝဒတ်လွှတ်ချလိုက်တဲ့ ကျောက်တုံး ကပဲ့ထွက်လာတဲ့ ကျောက်ခဲအပဲ့တခုဟာ မြတ်စွာဘုရားရဲ့ ခြေထောက်ကို လာပြီး ထိမှန်ပါတယ်

ကျောက်ခဲစထိမှန်ခံရတဲ့ဒဏ်ရာဟာ အတော်ကလေးပြင်းထန်ပါတယ် မြတ်စွာဘုရားဟာ အဲဒီ ဒဏ်ရာကြောင့် ကိုယ်ပင်ပန်းတဲ့ ကျောက်ခဲ ထိမှန်တဲ့ ဒဏ်ရာကြောင့် ဝေဒနာ အတော်ကလေး အပြင်းအထန် ခံစားလိုက်ရပါတယ် ဘယ်လောက်တောင် ပြင်းပြင်းထန်ထန် ခံစားလိုက်ရသလဲဆိုယင် ဒေဝဒတ် ပစ်ချလိုက်တဲ့ ကျောက်တုံး ထိမှန်တဲ့ ဒဏ်ရာကြောင့် ဖြစ်ပေါ်လာတဲ့ ခြေမ ဒဏ်ရာကို ဆေးဆရာဇီဝက ဓားနဲ့ ခွဲပြီး ကုပေးရတဲ့အထိပါပဲ

ဒီလောက်ပဲလားလို့ မေးယင်လည်း
မဟုတ်သေးပါဘူး
နောက်တခု ရှိပါသေးတယ်
အဲဒါက တခြားမဟုတ်ပါဘူး

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရား၏

၁။ ဝါဒရေးအမြင်နဲ့ အကျင့်

၂။ လူမှုရေးအမြင်နဲ့ အကျင့်

၃။ စီးပွားရေးအမြင်နဲ့ အကျင့်

၄။ စည်းရုံးရေးအမြင်နဲ့ အကျင့်

၅။ နိုင်ငံရေးအမြင်နဲ့ အကျင့်များပါဝင်တဲ့

**ဦးအောင်သန်း**

ပြုစုတင်ပြသည့်

# ဗုဒ္ဓ

၏

## အမြင်နှင့်အကျင့်

ပထမတွဲမှ အဋ္ဌမတွဲအထိ (၈) တွဲထွက်ပြီ

**အောင်ဗောဓိ**
**စာပေထုတ်ဝေဖြန့်ချိရေး**

အမှတ် ၁၁၅/ပထမထပ်(ယာ) ၃၁ လမ်း(အလယ်) ရန်ကုန်မြို့

## မြတ်စွာဘုရား
## သေလုမြောပါးဝေဒနာခံစားရပုံ

မြတ်စွာဘုရားဟာ သက်တော် (၈၀) ဝါတော်(၄၅)ဝါ မြောက်တဲ့တနှစ်မှာ ဝေဠုဝန်ရွာငယ်မှာ ဝါကပ်ဆိုနေတော်မူစဉ် မြတ်စွာဘုရားမှာ အတော်ကလေး ပြင်းပြင်းထန်ထန် ခံစားလိုက်ရတဲ့ သေွးသွန်တဲ့ရောဂါဝေဒနာ ဖြစ်ပေါ်ခံစားရပါတယ် အဲဒီအချိန်ဟုန်းက မြတ်စွာဘုရားဟာ ဒီ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါကြောင့် ခံစားရတဲ့ ဝေဒနာကို မပြတ်တဲ့ သတိနဲ့သာ လျစ်လျူရှုပြီး သည်းခံတော်မမူထားယင် အဲဒီရောဂါဝေဒနာနဲ့ ပင် အဲဒီအချိန်တုန်းက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားရနိုင်ပါတယ်

အဲဒီတုန်းက

(အောင်ပေါဝိစာပေ)

မြတ်စွာဘုရားရဲ့စိတ်မှာ

ငါဟာ

၁။ ငါရဲ့အလုပ်အကျွေးတွေကို အသိမပေးပဲ

၂။ ငါရဲ့တပည့်ရဟန်းသံဃာတွေကို မပန်ကြားပဲ

၃။ "ပရိနိဗ္ဗာန်ပြုဖို့အမှုကို မပြုလုပ်ရသေးပဲ" ပရိနိဗ္ဗာန် စံဝင်ဖို့ မသင့်ဘူး

အဲဒါကြောင့်

ငါဟာ အခု ငါ့မှာစွဲကပ်နေတဲ့ရောဂါဝေဒနာကို အရဟတ္တ ဖလသမာပတ်ရဲ့ အခြေခံဝိပဿနာဝီရိယနဲ့ ဖလသမာပတ္တိဝီရိယ တို့ ပယ်ခွာတွန်းလှန်ပြီး အသက်ရှည်စေနိုင်တဲ့ သမာပတ်ကို ဝင်စားနေယင် ကောင်းမယ်လို့ အကြံ ဖြစ်တော်မူပါတယ်

အဲဒီနောက်

မြတ်စွာဘုရားဟာ ကြံစည်တော်မူတဲ့အတိုင်း ကိုယ်တော် မြတ်မှာ စွဲကပ်နေတဲ့ရောဂါဝေဒနာကို ဝိပဿနာကိုအခြေခံတဲ့ ဝီရိယနဲ့ ဖလသမာပတ်ကို ဝင်စားတဲ့ ဝီရိယနှစ်ပါးနဲ့ ပယ်ခွာ တွန်းလှန်ပြီး အသက်ရှည်စေနိုင်တဲ့ သမာပတ်ကို ဝင်စားနေတော် မူပါတယ်

အခုလို သမာပတ်နှစ်မျိုးကို ဝင်စားပြီး မြတ်စွာဘုရားရဲ့ ကိုယ်တော်မှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာကို ငြိမ်းစေခဲ့ပါတယ်

အဲဒီအချိန်တုန်းက

မြတ်စွာဘုရား ခံစားရတဲ့ ဝေဒနာဟာ ဘယ်လောက်တောင် ပြင်းထန်သလဲဆိုယင်

(အောင်မောင်းစာပေ)

အဲဒီအချိန်တုန်းက အခုဖော်ပြခဲ့တဲ့ အရဟတ္တဖလသမာပတ်ရဲ့ အခြေခံဖြစ်တဲ့ ဝိပဿနာဝီရိယနဲ့ ဖလသမာပတ်ဝီရိယနှစ်မျိုးကိုသာ ဝင်စားပြီး မနေဘူးဆိုယင် မြတ်စွာဘုရားဟာ အဲဒီအချိန်မှာ အဲဒီဝေဒနာကြောင့် အသက်ဆက်ပြီး မရှင်နိုင်တော့ပါဘူး အဲဒီတုန်းက ခံစားရတဲ့ဝေဒနာနဲ့ပင် ပရိနိဗ္ဗာန်စံဝင်သွားနိုင်လောက်ပါတယ်

ဒါပဲလားလို့မေးယင်

မဟုတ်သေးပါဘူး

အခုလို ကိုယ်ပင်ပန်းမှုခံစားရတဲ့ လောကဓံဆိုးတွေကို ခံစားရတဲ့ ကိုယ်ပင်ပန်းတဲ့ အဖြစ်တွေ ရှိပါသေးတယ်

အဲဒါတွေက တခြားမဟုတ်ပါဘူး

## မြတ်စွာဘုရား
## သွေးဝမ်းကျရောဂါနဲ့ပရိနိဗ္ဗာန်စံဝင်ရပုံ

မြတ်စွာဘုရားဟာ အသက်တော်(၈၀)အရွယ်မှာ အိုရတဲ့ဒုက္ခကို ခံစားရပါတယ် အဲဒီအပြင် အခုလို အိုတဲ့ဒုက္ခခံစားနေရစဉ် အင်မတန်ပြင်းထန်တဲ့ သွေးဝမ်းကျရောဂါ ဖြစ်ပေါ်ခံစားရပြန်တဲ့အတွက်ကြောင့် နာရတဲ့ဒုက္ခကိုပါ ထပ်ဆင့်ပြီး ခံစားရပါတယ်

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ အခုလို အိုမင်းလာလို့ အားအင်ကုန်ခန်းလာရတဲ့ ဒုက္ခဝေဒနာကို ခံစားနေစဉ် နာရတဲ့ဒုက္ခဝေဒနာကိုပါ တကြိမ်တည်း တပြိုင်တည်း ထပ်ဆင့် ခံစားလိုက်ရတဲ့အတွက်ကြောင့် ပရိနိဗ္ဗာန်စံရတဲ့ "ဒုက္ခဝေဒနာသုံးပါးစလုံး" ကို ခံစားသွားရပါတယ်

မြတ်စွာဘုရားလို သဉပါဒိသေသနိဗ္ဗာန်လို့ ခေါ်တဲ့ ခန္ဓာကိုယ်ရှိနေစဉ်မှာပဲ စိတ်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတဲ့ ပုဂ္ဂိုလ်တောင် ယခုလို အိုရတဲ့ဒုက္ခ ခံစားရတယ် နာရတဲ့ဒုက္ခ ခံစားရတယ် "သေရတဲ့ဒုက္ခခံစားရတယ်ဆိုယင်" ကျွန်တော်တို့ခင်ဗျားတို့လို သာမန်လူတွေအနေနဲ့ အိုကြတဲ့ဒုက္ခခံစားရတာ နာကြတဲ့ဒုက္ခခံစားရတာနဲ့ သေကြရတဲ့ဒုက္ခ ခံစားရတာတွေဟာ ဘယ်ပြောစရာရှိမလဲဗျာ

၉၃

# မြတ်စွာဘုရား ကိုယ်အပင်ပန်းခံရခြင်း

(မဟာပုဒ္ဓဝင် ပဥ္စမတွဲ၊ စာမျက်နှာ ၄၁၇–၄၁၈)

တခါက

မြတ်စွာဘုရားဟာ အရှင်အာနန္ဒာမထေရ်ကို

အာနန္ဒာ ဟိရညဝတီမြစ်ရဲ့ ဟိုဘက်ကမ်းမှာကုသိနာရုံပြည်

(အောင်ဗောဓိစာပေ)

ရှိတယ် အဲဒီ ကုသိနာရုံပြည်မြို့ရဲ့ မြို့အဝင်အနီးမှာ လမ်းကွေ့ကလေးတခုရှိတယ် အဲဒီလမ်းမှာ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်တခုရှိတယ် အဲဒီ အင်ကြင်းဥယျာဉ်ကို သွားကြစို့လို့ မိန့်တော်မူပါတယ်

ရှင်အာနန္ဒာက ကောင်းပါပြီ အရှင်ဘုရားလို့ မြတ်စွာဘုရားကို ပြန်ဖြေလိုက်ပါတယ် အဲဒီနောက် မြတ်စွာဘုရားဟာ ရှင်အာနန္ဒာနဲ့အတူ များစွာသော နောက်ပါရဟန်းသံဃာများ ခြံရံလျက် ဟိရညဝတီရဲ့ ဟိုဘက်ကမ်းမှာရှိတဲ့ကုသိနာရုံပြည် မြို့ရဲ့ မြို့အဝင်မှာရှိတဲ့ လမ်းကွေ့မှာရှိတဲ့ မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်သို့ ကြွရောက်ကြပါတယ်

မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ကို ရောက်တဲ့အခါ
မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်ကို
အာနန္ဒာ ငါဘုရားပင်ပန်းလှပြီ လျောင်းစက်ဦးမယ်
အာနန္ဒာ အင်ကြင်းပင်နှစ်ပင်ရဲ့အကြားမှာ မြောက်အရပ်ကို ဦးခေါင်းပြုတဲ့ အိပ်ရာခင်းပေးပါလို့ မိန့်တော်မူပါတယ်

၃၆

## ကိုယ်ပင်ပန်းဆင်းရဲဒုက္ခ ခံစားရပုံ

တခါက
မြတ်စွာဘုရား မလ္လတိုင်းအတွင်းမှာ များစွာသောနောက်ပါ
(အောင်ဗောဓိစာပေ)

ရဟန်းသံဃာတော်မြတ်များနဲ့အတူ ဒေသစာရီ ကြွချီလှည့်လည်တော်မူစဉ်

တနေ့မှာ

ပါဝါမြို့သို့ ဆိုက်ရောက်လာကြပါတယ်

ပါဝါမြို့ကို ရောက်လာကြတဲ့အခါ

မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းသံဃာတွေဟာ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့သရက်ဥယျာဉ်မှာ ခေတ္တဝင်ရောက်သီတင်းသုံးနေတော်မူပါတယ်

ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒဟာ

မြတ်စွာဘုရားဟာ

များစွာသော နောက်ပါ ရဟန်းသံဃာတော်များနဲ့အတူ မလ္လတိုင်းအတွင်းသို့ ဒေသစာရီ ကြွချီတော်မူလာစဉ် ပါဝါမြို့သို့ ဆိုက်ရောက်တော်မူကြပြီး သူရဲ့သရက်ဥယျာဉ်အတွင်းမှာ ခေတ္တဝင်ရောက်သီတင်းသုံးနေတော်မူကြတယ်ဆိုတဲ့ သတင်းစကားကို ကြားရတဲ့အခါ

အခုလို သတင်းကြားကြားချင်း

မြတ်စွာဘုရားဆီကို သွားရောက်ပြီး

မြတ်စွာဘုရားကို အလွန်ရိုသေလေးစားစွာ ရှိခိုးပါတယ် အဲဒီနောက် သူ့အနေနဲ့ မနေအပ်တဲ့အပြစ်လွတ်ရာ နေရာမှာ ထိုင်နေပါတယ်

(အောင်ဗောဓိစာပေ)

ဒီအခါ

မြတ်စွာဘုရားက စုန္ဒကို အကျိုးစီးပွားဖြစ်ထွန်းနိုင်တဲ့တရား ဟောပြပေးပြီး စုန္ဒအနေနဲ့ စိတ်သက်သာမှု စိတ်ရွှင်လန်းမှု စိတ်ချမ်းသာမှုရရှိ ခံစားရစေပါတယ်

မြတ်စွာဘုရားက စုန္ဒကို အကျိုးစီးပွားနဲ့ယှဉ်တဲ့ တရားစကား ဟောပြပေးပြီးတဲ့ တရားအဆုံးမှာ

စုန္ဒဟာ မြတ်စွာဘုရားကို

အရှင်ဘုရား အရှင်ဘုရားဟာ နောက်ပါရဟန်းသံဃာတော်မြတ်များနဲ့အတူ မနက်ဖြန် အကျွန်ုပ်ရဲ့အိမ်သို့ ကြွရောက်ပြီး အကျွန်ုပ်ပေးလှူမယ့်ဆွမ်းကို လက်ခံသာယာတော်မူပါ ဘုရားလို့ တောင်းပန်လျှောက်ထားပါတယ်

မြတ်စွာဘုရားဟာ

ဆိတ်ဆိတ်နေခြင်းအားဖြင့်

စုန္ဒရဲ့ ဆွမ်းပင့်ဖိတ်မှုကို လက်ခံသာယာတော်မူပါတယ် စုန္ဒဟာ မြတ်စွာဘုရားက သူ့ရဲ့ဆွမ်းပင့်ဖိတ်မှုကို လက်ခံတော်မူတာကို သိတဲ့အခါ မြတ်စွာဘုရားကို အသွန်ရိုသေစွာရှိခိုးပြီး နေရာမှထလျက် မြတ်စွာဘုရားနဲ့ နောက်ပါရဟန်းသံဃာတော်မြတ်များအပေါ်မှာ အလွန်ရဲလွန်းတဲ့ ဟန်အမူအရာနဲ့ မြတ်စွာဘုရားထံက ထပြန်ခဲ့ပါတယ်

ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒဟာ

သူ့ရဲ့အိမ်ကို ပြန်ရောက်လာတဲ့အချိန်ကစပြီး မြတ်စွာဘုရား

နဲ့ နောက်ပါ ရဟန်းသံဃာတော်မြတ်များကို ဆက်ကပ်ဖို့ ဆွမ်းအတွက် စီမံချက်ပြုတ်ပါတယ်

နောက်တနေ့နံနက် မိုးလင်းတဲ့အခါ

သူ့ရဲ့အိမ်မှာ အင်မတန် မွန်မြတ်တဲ့စားစရာ သောက်စရာ စတဲ့ အစားအစာကောင်းတွေနဲ့ အင်မတန်နူးညံ့တဲ့ ဝက်မျို သားဟင်းကို စီရင် ချက်ပြုတ်ပြင်ဆင်ပြီး မြတ်စွာဘုရားထံသို့ သွားပါတယ်

မြတ်စွာဘုရားထံ ရောက်တဲ့အခါ

စုန္ဒက မြတ်စွာဘုရားကို

အရှင်ဘုရား အရှင်ဘုရားနဲ့ နောက်ပါ တပည့်ရဟန်းသံဃာ တော်များအတွက် ဆွမ်းပြင်ပြီးပါပြီဘုရား အရှင်ဘုရား ဆွမ်း စားလိုက ကြွရောက်နိုင်ပါပြီ ဘုရားလို့ မြတ်စွာ ဘုရားကို လျှောက်ထားပါတယ်

အခုလို လျှောက်ထားတဲ့အခါ

မြတ်စွာဘုရားဟာ

သင်္ကန်းကို ပြင်ဝတ်တော်မူပြီး

သပိတ်နဲ့ နှစ်ထပ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းသံဃာ တော်များနဲ့အတူ ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့နေအိမ်ကို ကြွရောက်ပါတယ်

စုန္ဒရဲ့အိမ်ကို ရောက်တဲ့အခါ

(အောင်ဗောဓိစာပေ)

မြတ်စွာဘုရားဟာ

မြတ်စွာဘုရားအတွက် ခင်းထားတဲ့ နေရာမှာထိုင်တော်မူပါတယ်

အဲဒီနောက်

မြတ်စွာဘုရားက ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒကို

စုန္ဒ သင် စီရင်ချက်ပြုတ်ပြုလုပ်ထားတဲ့ စားစရာ သောက်စရာတွေနဲ့အတူ အင်မတန်နူးညံ့တဲ့ ဝက်ပျိုသားဟင်းနဲ့ ငါဘုရားကိုဆွမ်းကပ်လော့ တခြားရဟန်းတွေကိုတော့ အဲဒီဝက်ပျိုသားဟင်းမျိုးကို မကပ်ပဲ ချန်ထားပြီး တခြားဟင်းတွေနဲ့သာ အဲဒီရဟန်းသံဃာတော်တွေကို ဆွမ်းကပ်လို့ မိန့်တော်မူပါတယ်

အဲဒီအခါ

စုန္ဒဟာ မြတ်စွာဘုရားကို

အရှင်ဘုရား ကောင်းပါပြီဘုရား'လို့ ဝန်ခံပြီး

မြတ်စွာဘုရား အမှူးပြုတဲ့ နောက်ပါ ရဟန်းသံဃာတော်မြတ်များအတွက်အထူးစီမံချက်ပြုတ်ထားတဲ့ အင်မတန်နူးညံ့တဲ့ ဝက်သားဟင်းအပါအဝင် တခြား စားစရာ သောက်စရာတွေနဲ့ မြတ်စွာဘုရားကို ဆွမ်းကပ်ပါတယ်

အဲဒီနောက်

မြတ်စွာဘုရားရဲ့ နောက်ပါ ရဟန်း သံဃာတော်တွေကို မြတ်စွာဘုရားမှာထားတဲ့အတိုင်း အထူး စီမံချက်ပြုတ်ထားတဲ့

ဝက်ပျိုသားဟင်းကို ချန်ပြီး တခြားဟင်းတွေ စားစရာ သောက်စရာတွေနဲ့ ဆွမ်းကပ်ပါတယ်

မြတ်စွာဘုရားဟာ

ဆွမ်းစားပြီးတဲ့အခါ

ရွှေပန်းထိမ်ရဲ့သား စုန္ဒကို

စုန္ဒ သင့်မှာ ကြွင်းကျန်နေသေးတဲ့ နူးညံ့တဲ့ ဝက်ပျိုသားဟင်းကို ဘယ်နတ်တွေ မာရ်နတ် ဗြဟ္မာနဲ့တကွသော နတ်လောကက နတ်တွေနဲ့ ဗြဟ္မာလောကကဗြဟ္မာတွေရော လူ့လောကက မင်းတွေနဲ့ ဘယ်လူတွေကိုမှမကျေးနဲ့ အဲဒီဝက်ပျိုသားဟင်းကို ဘယ်လူတွေ နတ်တွေနဲ့ ဗြဟ္မာတွေမှ စားမိယင် အစာမကျေနိုင်ကြဘူး

ငါဘုရားတပါးကလွဲတဲ့

တခြားဘယ်သူမှ အဲဒီ ဝက်ပျိုသားဟင်းကို ကောင်းစွာ အစာ မခြေမချက်နိုင်ကြဘူး အဲဒီ ဝက်သားဟင်းကို စားပြီး အစာခြေချက်နိုင်တဲ့ ပုဂ္ဂိုလ်ကို ငါဘုရား မမြင်မတွေ့ဘူး အဲဒါကြောင့် သင့်ထံမှာ ကျန်နေတဲ့ ဝက်ပျိုသားဟင်းကို မြေတွင်းထဲမှာ စွန့်ပစ်လိုက်ပြီး မြှုပ်လိုက်လို့ မိန့်တော်မူပါတယ်

စုန္ဒဟာ

မြတ်စွာဘုရားရဲ့ မိန့်မှာကြားမှုကို သိနားလည်တဲ့အတွက် ကောင်းပါပြီဘုရားလို့ ဝန်ခံပြီး မြတ်စွာဘုရား မိန့်ကြားတဲ့

(အောင်ဗောဓိစာပေ)

အတိုင်း အင်မတန်နူးညံ့တဲ့ ဝက်ပျိုသားဟင်းကို မြေတွင်းထဲ စွန့်ပစ်မြှုပ်လိုက်ပြီး မြတ်စွာဘုရားထံကို ပြန်လာပါတယ်

အဲဒီနောက်

စုန္ဒဟာ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးလျက် သူ့အနေနဲ့ မနေအပ်တဲ့ အပြစ်လွတ်ရာ နေရာအရပ်မှာ ထိုင်နေပါတယ်

ဒီအခါ

မြတ်စွာဘုရားက စုန္ဒကို

အကျိုးစီးပွား ဖြစ်ထွန်းနိုင်တဲ့ တရားကို သိမြင်စေနိုင်တဲ့ တရားကို ဟောပြပေးပြီး စုန္ဒကို သိလဆောက်တည်စေပါတယ်

အဲဒီနောက်

မြတ်စွာဘုရားက စုန္ဒကို

မှန်ကန်တဲ့တရားကို သိမြင် ပြုကျင့်နိုင်အောင် စိတ်ပါဝင်စားစွာ ပြုကျင့်လာအောင် တိုက်တွန်းပေးပြီး နေရာမှသကာကြွသွားယင်းဖြစ်တဲ့ သရက်ဥယျာဉ်ကို ပြန်ကြွသွားပါတယ်

မြတ်စွာဘုရားဟာ

ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့ဝက်ပျိုသားဟင်းနဲ့ဆွမ်းဘုဉ်းပေးပြီးတဲ့ အချိန်ကစပြီး မူလရောဂါဟောင်း ဖြစ်တဲ့ အင်မတန်ကြမ်းတမ်းတဲ့ အင်မတန်ပြင်းထန်တဲ့ သွေးဝမ်းကျရောဂါ ပြန်လည်ဖြစ်ပေါ်ခံစားရပါတယ်

(အောင်ဗောဓိစာပေ)

အဲဒီတုန်းက

မြတ်စွာဘုရားမှာ ဖြစ်ပေါ်ခံစားရတဲ့ အဲဒီ သွေးဝမ်းကျရောဂါကြောင့် မြတ်စွာဘုရားဟာ ဘယ်လောက်တောင် ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားလိုက်ရသလဲဆိုယင် မြတ်စွာဘုရားဟာ အဲဒီ သွေးဝမ်းကျရောဂါနဲ့ ပရိနိဗ္ဗာန်စံဝင်သွားတဲ့ အထိပါပဲ

## ကိုယ်အပင်ပန်းခံရပုံ

မြတ်စွာဘုရားဟာ သက်တော် (၈၀) ဝါတော်(၄၅)ဝါ မြောက်တဲ့ မဟာသက္ကရာဇ် (၁၄၈)ခု ကဆုန်လပြည့်နေ့မှာ ပါဝါပြည်သား ရွှေပန်းထိမ်သည်ရဲ့သား စုန္ဒရဲ့ ဝက်ပျိုသားဟင်းနဲ့ ဆွမ်းဘုဉ်းပေး သုံးဆောင်တော်မူပြီးတဲ့ အချိန်ကစပြီး မူလ ရောဂါဟောင်းဖြစ်တဲ့ သွေးပမ်းကျရောဂါ ပြန်လည်ဖြစ်ပေါ်ခံစားရပါတယ် မြတ်စွာဘုရားဟာ သက်တော် (၈၀) အရွယ် ရောက်နေပြီဖြစ်တဲ့အတွက် ဒီသွေးဝမ်းရောဂါကြောင့် ပြင်းထန်တဲ့ဝေဒနာ ခံစားလာကြရပါတယ်

မြတ်စွာဘုရားဟာ

ဒီ သွေးဝမ်းကျရောဂါနဲ့ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့

အင်ကြွင်း ဥယျာဉ်ထဲမှာရှိတဲ့ အင်ကြွင်းပင် နှစ်ပင်ရဲ့ အကြား မှာ မြောက်ဘက်ကို ဦးခေါင်းပြုပြီး ကာယိကဒုက္ခဖြစ်တဲ့ ခန္ဓာ ကိုယ်မှာ စွဲကပ်နေတဲ့ရောဂါရဲ့ ဒဏ်ကို သက်သာနိုင်သမျှ သက်သက်သာသာ ခံစားရအောင် သတိနဲ့ သည်းခံပြီး ခံစား တော်မူပါတယ်

ဒါပေမယ့်

အဲဒီအချိန်တုန်းက

မြတ်စွာဘုရားဟာ

သက်တော်(၈၀)အရွယ် ကျရောက်ပြီဖြစ်လို့ အင်အားတွေ လည်း အထိုက်အလျောက် ကုန်ခန်း အားနည်းနေပါတယ် ခရီးကလည်းပန်း ရောဂါကလည်း အင်မတန် ပြင်းထန်လှတဲ့ သွေးဝမ်းကျရောဂါကြောင့် ခံစားရတဲ့ဝေဒနာကို သည်းခံပြီး ခံစားဘော်မူယင်း သီတင်းသုံးနေတော်မူပါတယ်

ဒီ သွေးဝမ်းကျရောဂါဟာ ဘယ်လောက် ပြင်းထန်သလဲ ဆိုယင် မြတ်စွာဘုရား ကိုယ်တော်မြတ်ဟာ အဲဒီ သွေးဝမ်းကျ ရောဂါနဲ့ပင် ပရိနိဗ္ဗာန်စံဝင်တော်မူပါတယ်

အဲဒီအပြင်

မြတ်စွာဘုရားဟာ မကြာခဏ ရီးပန်းတဲ့အခါ ခပ်များများ မှာ ခေါင်းကိုက်တဲ့ ဝေဒနာကိုလည်း ခံစားရတတ်ပါတယ်။

* * *

အောင်သန်း
အောင်ဗောဓိစာပေ
၂၀-၁-၈၆

စာမူခွင့်ပြုအမှတ် (၈၄၅)

**စိတ်ချမ်းသာတာနဲ့**
**စိတ်ငြိမ်းချမ်းတာ မတူပါဘူး**

**စိတ်ချမ်းသာမှုခံစားလိုတဲ့ အစွဲရှိလို့ ဆင်းရဲတတ်တယ်**
**ငြိမ်းချမ်းမှုခံစားလိုတဲ့ အစွဲမရှိလို့ ငြိမ်းအေးတယ်**

အဲဒါကြောင့်

ဆင်းရဲပင်ပန်းခံရတတ်တဲ့
ချမ်းသာမှုကို မခံစားချင်ဘူး

ဆင်းရဲပင်ပန်းမှုကင်းတဲ့
စိတ်ငြိမ်းအေးမှုကိုသာ ခံစားချင်တယ်ဆိုယင်

**ဦးအောင်သန်း**

တင်ပြတဲ့

စိတ်ချမ်းသာချင်သလား

စိတ်ငြိမ်းချမ်းချင်သလား

ထွက်လာတော့မည်